http://www.cherrythitsar.org



http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံတော်ဖွဲ့စည်းပုံ

အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

စာပေ

အမှတ် ၂၅၊ ၁လွှာ၊ ၉၄ လမ်း၊
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့

http://www.cherrythitsar.org

| | |
|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | – ၄၁၅/၂၀၀၂ (၄) |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | – ၄၁၀/၂၀၀၂ (၅) |
| **ပုံနှိပ်ခြင်း** | – ပထမအကြိမ်<br>၂၀၀၂၊ ဇူလိုင်လ |
| **ထုတ်ဝေသူ** | – ဦးညွန့်ဌေး<br>စိန်ပန်းမြိုင်စာပေ |
| **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** | – ဒေါ်ခင်ခင်ဝင်း<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| **မျက်နှာဖုံး** | – မမွေး |
| **အတွင်းသရုပ်ဖော်** | – မမွေး |
| **တန်ဖိုး** | – ၄၀၀ ကျပ် |
| **ဖြန့်ချိရေး** | – ကံ့ကော်ဝတ်ရည်စာပေ<br>၅၁၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်၊ ရန်ကုန်မြို့။ |

ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org

ရွှေမိုးပြည့်စုံစာပေ

စာစဉ် – ၂

# သဏ္ဍာန်မဲ့ထုထည်ဝတ္ထုတိုစု

ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဓာတ်စာ | ၁ |
| ၂။ | ဇာတ်ခုံ | ၁၅ |
| ၃။ | အတုများ | ၂၉ |
| ၄။ | လေများရဲ့ ဝန်းကျင် | ၄၁ |
| ၅။ | သဏ္ဍာန်မဲ့ထုထည် | ၅၉ |
| ၆။ | သက်ရောက်မှုများ၏ ပမာဏ | ၇၁ |
| ၇။ | ဟာမိုနီ | ၉၁ |
| ၈။ | ငှက် | ၁၀၃ |
| ၉။ | အစာများ | ၁၂၉ |
| ၁၀။ | ကွမ်ချက် | ၁၄၅ |
| ၁၁။ | အခွံများ | ၁၅၇ |
| ၁၂။ | အသိုက်ပျက်သူများ | ၁၆၅ |


ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org

## အမှာစကား

သန်းမြင့်အောင်က မဂ္ဂဇင်းတွေထဲမှာ သူရေးခဲ့တဲ့ ဝတ္ထုတိုကလေးတချို့ကို စုစည်းပြီး ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကလေး 'သဏ္ဌာန်မဲ့ထုထည်ဝတ္ထုတိုစု' ဆိုတဲ့ နာမည်နဲ့ ထုတ်ဝေမယ်လို့တဲ့။ အဲဒီစာအုပ်မှာ "အမေ့ရဲ့အမှာစကားလေးတစ်ခုခု ပါချင်ပါတယ်၊ သန်းမြင့်အောင်ဆိုတာလည်း ငါ့သမီးတစ်ယောက်လိုပါပဲလို့ အသိအမှတ်ပြုသောအားဖြင့် ရေးပေးပါ"လို့ စာရေးလာပြီး သူ့ဝတ္ထုတိုပေါင်းချုပ် စာမူကလေးတွေ ကော်ပီယာ(မိတ္တူ)နဲ့ ကူးထားတာကို ပို့ပေးလိုက်တယ်။ သူ့စာနဲ့အတူ ကမာရင်ခွဲဝတ္ထုတိုပေါင်းချုပ်ရေးခဲ့တဲ့ မိချမ်းဝေကလည်း ကူညီတောင်းခံပေးတဲ့ စာတစ်စောင်ပါ ပါသေးတယ်။

သန်းမြင့်အောင်ကို ကျွန်မက စာတော့မရေးဘဲနဲ့ လူမှုရေးကိစ္စပေါင်းစုံနဲ့ အချိန်ကုန်ရသလားလို့ တွေ့တုန်း 'စာရေးဦးနော်၊ စာလည်း ရေးဦးနော်"လို့ သတိပေးနေတာပါ။ ဒီမိန်းကလေးက စာရေးရင်လည်း ကောင်းတယ်။ ဒါပေမဲ့ သူက လူမှုရေးတွေမှာလည်း ဝါသနာလည်းပါ၊ စိတ်ပါလက်ပါလည်း လုပ်တတ်တော့ သူ့လက်က စာထွက်သင့်သလောက် မထွက်ဘူး။ ကျွန်မက အရည်အချင်းရှိတယ်ဆိုရင် ရေးဖြစ်စေချင်တယ်။ စာဆိုတာ ရေးမှ ထွက်တာပါ။

ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org

ကျွန်မတို့နိုင်ငံက ယောက်ျားနဲ့မိန်းမ အဆင့်အတန်းခွဲခြားမှု နည်းပါးပါရဲ့ဆိုပေမဲ့ ရှိသင့်သလောက်တော့ ရှိပါတယ်။ စာပေမှာတောင် 'စီလို့သာကုံးရ စာလုံးတယ်မလှလေဘု မိန်းမလက်ရေး' ဆိုတာ ဟိုခေတ်က ပြယုဂ်မဟုတ်ပါလား။

ခုခေတ်ရောက်တော့ မိန်းကလေးတွေရဲ့ ပညာရေးက တက်လာလေတော့ ကျွန်မတို့မိန်းမတွေကလည်း စာပေနယ်ထဲမှာ ပေါ်သလောက် ပေါ်လာခဲ့ပါတယ်။ အဲဒီလိုပေါ်လာတဲ့အခါ 'ဒါဟာ မိန်းမ ရေးတာမို့'ဆိုပြီး ဖတ်တဲ့လူက မခွဲခြားပါဘူး။ စာကောင်းရင် လက်ခံတာချည်းပါပဲ။ ဒါကြောင့်သာပေါ့ ပဒေသရာဇ်ခေတ်မှာတောင်မှ နန်းတွင်းသူ မယ်ခွေတို့၊ တောင်တွင်း ရှင်ငြိမ်းမယ်၊အင်းဝသူ မိဖြူ၊ မိညို၊ မင်းကြီးကတော် ခင်ဆုံတို့၊ အနောက်နန်းမတော် မမြကလေးတို့၊ လှိုင်ထိပ်ခေါင်တင်တို့ရဲ့ စာတွေ ကဗျာတွေ တို့ တလေးတစားဖတ်ကြ မှတ်ကြရတယ် မဟုတ်လား။

ဒီဘက်ခေတ်မှာလည်း မန္တလေးက သတင်းစာဆရာမကြီး အင်ဒီပင်းဒင့် ဒေါ်စမ်း (ကလောင်နာမည် ဒေါ်ကွာစိ) တို့ဆိုတာ သတင်းစာနယ်မှာ အစောကြီးက ဝင်ဆံ့သူ အမျိုးသမီးကြီးပေါ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဒေါ်စန်းကို ချစ်စနိုးနဲ့ 'ရွယ်တူရင် ဘယ်သူက ကောင်းမယ်လို့ လောင်းချင်လှတယ်'လို့ သူ့လေးချိုးကြီးတစ်ပုဒ်မှာ စခဲ့ပါသေးတယ်။ မန္တလေးက ပညာအုပ် ဒေါ်ထားတို့၊ ဝတ္ထုအရေးအသားမှာလည်း ဒေါ်ဒဂုန်ခင်ခင်လေးတို့၊ ခင်လေးဆွေတို့စာတွေဟာ ကျွန်မတို့အမျိုးသမီးတွေရဲ့ ရှေ့ဆောင်လမ်းပြ

http://www.cherrythitsar.org

တွေပေါ့။ သူတို့လျှောက်သွားတဲ့လမ်းကိုလိုက်ပြီး ခင်မျိုးချစ်တို့။ ဂျာနယ်ကျော် မမလေးတို့၊ ကျွန်မတို့၊ စမ်းစမ်းနွဲ့တို့က သတင်းစာလမ်းကိုပါ လျှောက်ခဲ့ကြတယ်။ ဝတ္ထုလမ်းမှာလည်း ခင်နှင်းယုတို့၊ ခင်ဆွေဦးတို့၊ ကလျာ(ဝိဇ္ဇာသိပ္ပံ)၊ မစန္ဒာတို့၊ မိုးမိုး(အင်းလျား)တို့၊ ရွှေကူမေနှင်းတို့၊ နုနုရည်(အင်းဝ)တို့၊ ဂျူးတို့၊ဝင်းဝင်းလတ်တို့၊မြို့သာမရာထိုတို့၊ ငြိမ်း(ရွှေလီ)တို့၊ မန္တလေးသူတွေဖြစ်တဲ့ မကိုတို့၊ မဝင့်(မြစ်ငယ်)တို့၊ မမောင်တို့၊ မြနှောင်းညိုတို့၊ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)တို့၊ ခင်ခင်ထူး(မန္တလေး)တို့၊ ယဉ်ယဉ်နု(မန္တလေး) စသဖြင့် အပြိုင်းအရိုင်း တက်လာကြတယ်။ ရန်ကုန်ဘက်ကလည်း သန်းမြင့်အောင်တို့၊ ရာသက်ပန်(တောင်ငူဆောင်)တို့၊ ခက်မာ၊ သွန်းနှင်းအိမ်၊ သင်းသင်းသာ၊ မိချမ်းဝေတို့ ရှိကြတယ်။

ကျွန်မက ဒီကလေးမလေးတွေကို ငယ်တုန်းရွယ်တုန်း ရေးအားကောင်းတုန်း စာထွက်အောင်ရေးစေချင်တယ်။ စာဆိုတာ ရေးနေမှ ထွက်တာပါ။ ကလောင်ကို ချထားလိုက်ရင် ပြန်မကိုင်ဖြစ်ဘူး။ ဒါ ကိုယ်တွေ့ပါ။ ဒါကြောင့် သန်းမြင့်အောင်ကိုလည်း သူ့လက်ရာလေးတွေကို ဖတ်ဖူးနေတော့ ‘စာရေးနော်၊ တွေ့ကရာတွေနဲ့ အချိန်ကုန်မနေနဲ့’လို့ ခဏခဏ ပြောမိပါတယ်။ စာရေးတဲ့မိန်းကလေးဆိုရင် ကျွန်မက ကျေနပ်တာချည်းပါ။

အဲ တစ်ခုတော့ ရှိတာပေါ့။ ကိုယ့်ကလောင်နဲ့ ဟိုထိုး ဒီကော်၊ ဟိုဆွ ဒီကလိနဲ့ ပွဲဆူအောင်တော့ မလုပ်နဲ့။ ကိုယ့်ကလောင်နဲ့ ကိုယ်ကျိုး ကိုယ်စီးပွားတော့ မရှာနဲ့၊ ကိုယ့်ကလောင်ဟာ အများ

http://www.cherrythitsar.org

အကျိုးအတွက် ဖြစ်ရမယ်။ ကိုယ်စာရေးတာ စေတနာကောင်းစေတနာမှန် ပါရတယ်။ ဒါဆိုရင် ရေးတတ်တဲ့လူတိုင်း စာရေးစေချင်ပါတယ်။ သန်းမြင့်အောင်က စေတနာကောင်း မကောင်းတော့မေးမနေနဲ့ သူ့မှာ စာမရေးဘဲ အလုပ်တွေ လုပ်လွန်းလို့ ကျွန်မက သူ့ကို ဟန့်နေရသူပါ။

သူ့စာလေးတွေကို ဖတ်ကြည့်ကြပါဦး။

**လူထုဒေါ်အမာ**

http://www.cherrythitsar.org



http://www.cherrythitsar.org



# ဓာတ်စာ

အစာအာဟာရအကြောင်း သိကောင်းစရာ ဆောင်းပါးအတော်များများကို လေ့လာခဲ့ဖူးပေမဲ့ သည်အကျိုးအာနိသင်မျိုးကိုတော့ လက်တွေ့ခံစားနားလည်ဖူးကြသူ ရှားပေလိမ့်မည်။

အမှန်စင်စစ် သူ့အမည်က အရောင်နှစ်မျိုးကို ပေါင်းစပ်မှည့်ခေါ်ထားပေမဲ့ သူ့သိက္ခာနှင့် ကိုယ်ကျင့်တရားကတော့ အဖြူရောင်ပဲ ဖြစ်သည်။

ဆယ့်နှစ်ရာသီ ပြုံးနေတတ်ပြီး သူတကာကို စာနာနားလည်နေတတ်သော သူ၏အသက်မွေးဝမ်းကျောင်းက ဓာတ်ခွဲမှူးအလုပ် ဖြစ်သည်။ ဆေးရုံကြီးမှ နှစ်ပြည့်ပင်စင်ယူပြီး ရွှေဘုံသာလမ်းရှိ အထူးဆေးကုခန်းကြီးတစ်ခုက ဓာတ်ခွဲခန်းတွင် စွဲစွဲမြဲမြဲထိုင် နေပြီဖြစ်သောသူ့မှာ ချစ်ခင်အားကိုးသူတွေ ပေါလှသည်။သူနှင့်ပတ်သက်ရာ ပတ်သက်ကြောင်း လူမှုရေးနယ်ပယ်မှရော အနုပညာအသိုင်းအဝိုင်းမှ သူ့မိတ်ဆွေများ၊ ထိုမိတ်ဆွေများမှတစ်ဆင့် ဆပွား

http://www.cherrythitsar.org



တိုးစနစ်နှင့် ဝင်ရောက်လာသူများပါ သူ့ခတ်ခွဲခန်းကလေးကို ဥဒဟို ဝင်ရောက်ကာ ခရီးတစ်ထောက် နား၊ ထမင်းစား၊ လက်ဖက်ရည်သောက် ရောက်တတ်ရာရာပြောနှင့် သူနှင့်တွေ့လျှင် အမောပြေကြစမြဲ။ ငြိုငြင်ခြင်းအလျဉ်းမရှိ ပကတိအေးချမ်းနေသော သူ့အသွင်ကြောင့် လူချစ်လူခင် များနေခြင်းကတော့ သိပ်ပြီး အဆန်းတကျယ် မဟုတ်လှပေ။

တစ်နေ့မှာ သူ့မိတ်ဆွေနှစ်ယောက် သူ့ထံ အကူအညီတောင်းရန် ရောက်လာကြသည်။

ခတ်ခွဲခန်းထဲက စားပွဲပေါ်တွင် အင်္ဂလိပ်သတင်းစာ တစ်စောင်ကို ကောက်ကိုင်ကာ ဖတ်ဖို့ပြင်နေတုန်းမှာပင် ခတ်ခွဲခန်းအဝမှ ခန်းဆီးစကိုမကာ ဝင်လာသော သူ့မိတ်ဆွေ မခင်ဝေနှင့် ညီမဝမ်းကွဲ လင်းလင်းတို့ကို မြင်လိုက်ရသဖြင့် ထုံးစံအတိုင်း ရင်းနှီးဖော်ရွေသော အပြုံးဖြင့် ပျာပျာသလဲ နှုတ်ဆက်လိုက်သည်။

“ဟာ… လာ… လာ…၊ အတော်ပဲ တစ်ယောက်ထဲ ပျင်းနေတာနဲ့ ဘယ်လိုလဲ၊ ပျောက်လှချည်လားဗျ”

အမှန်တော့ အခုမှစတင်အနားယူဖို့ ပြင်နေသော သူ့အတွက် နှောင့်ယှက်ရန်လာကြသူများ သူ့ကို အားနာသွားမှာ စိုး၍ ပါးစပ်ထဲ တွေ့ကရာ ပြောလိုက်ခြင်း ဖြစ်သည်။

“ဟင်– မနေ့ကပဲ ရောက်သေးတယ်လေ၊ ဘယ်မှာ ပျောက် လို့လဲ”

အူကြောင်ကြောင်ဖြစ်သွားသော သူ့မိတ်ဆွေကို–

“ဟုတ်တယ်လေ၊ မနေ့ကနဲ့ ဒီနေ့ကြား ခင်ဗျား ပျောက်

http://www.cherrythitsar.org



နေတာကို ပြောတာ”

ဟု ပြောကာ ရယ်မောလိုက်ကြရင်းမှ ခင်ဝေ့နောက်နားမှ မျက်နှာညှိုညှိုးတစ်ခုကို သတိပြုမိကာ–

“ဒေါ်လင်းလင်းက ဘာဖြစ်နေတာလဲဗျ၊ မျက်နှာလည်း မကောင်းပါလား၊ ကျုပ် ဘာကူညီပေးရမလဲ ပြောနော်၊ အားမနာနဲ့ တစ်ခုခုတော့ လုပ်ပေးဖို့ လိုနေပြီထင်တယ်၊ ကြည့်ရတာ လူနာရုပ်ပေါက်နေသလိုပဲ”

ဆိုတော့ မခင်ဝေက–

“ဟုတ်တယ်ဆရာရေ့၊ ဆရာ ကူညီမှ ဖြစ်မှာ၊ သူ အရမ်းစိတ်ဓာတ်ကျနေတယ်၊ နေလို့လည်း မကောင်းဘူး၊ ဒါကြောင့် ဆရာ့ဆီ တန်းတန်းမတ်မတ် လာခဲ့တာပဲ”

“ဝမ်းသာပါတယ်ဗျာ”

“ဟင်... ဆရာကလဲ၊ ဘာကိုဝမ်းသာတာလဲ၊ နေမကောင်းလို့ပါဆိုမှ”

“ဟုတ်တယ်လေ၊ ကျုပ်ကို အားကိုးပြီး လာတော့ ကူညီခွင့်ရတာကို ဝမ်းသာတယ်လို့ ပြောတာ၊ မကူညီရရင် စိတ်ဆိုးမှာနော”

သူ့အပြောကြောင့် လူနာအားတက်သွားဟန် ပြုံးယောင်သန်းသွားသည်။

“ကဲ– ဘာဖြစ်သလဲ ပြော”

“လူကတော့ ဖျားလုနာလုတယ် မရှိပါဘူး ဆရာ၊ ဒါပေမဲ့ လက်ညှိုးမှာ အနာတစ်လုံးပေါက်နေတာ တော်တော်နဲ့ မပျောက်ဘူး၊ အဲဒါ ဆရာဝန်က ဆီးချိုစစ်ခိုင်းတယ်”

http://www.cherrythitsar.org



"အဲဒီ အနာကြောင့် စစ်ရမှာလား"

"ဟုတ်တယ် ဆရာ၊ ဆီးချိုရှိတဲ့လူဟာ အနာဖြစ်ရင် ဒါမှ မဟုတ် ထိခိုက်ဒဏ်ရာရသွားရင် မပျောက်တော့ဘူးလို့ ကြားတယ်၊ လိုအပ်ရင် သွေးပါ စစ်ရမယ်တဲ့"

ပြောရင်းမှ သူ့မျက်နှာက သွေးဆုပ်သလို ဖြူဖတ်ဖြူလျော် ဖြစ်သွားသည်။

"ဒီအနာပေါက်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ရှိပြီ ဆရာ၊ ပျောက်တော့မလိုလိုနဲ့ ပြန်ကြီးလာလိုက်၊ ဂျုံအုံပြီး ပေါက်အောင် လုပ်လိုက်လို့ ပေါက်သွားပြီးရင်လည်း တစ်ခါထဲ တန်းပြီး ပျောက်မသွားဘူး၊ တစ်ရက်နှစ်ရက်ကြာရင် ပြည်တွေပြန်တည်လာပြီး ယောင်ကိုင်းလာလိုက်နဲ့ အခုဆို ဒီတစ်နေရာထဲကပဲ သုံးခါလောက် ရှိနေပြီ။ အဲဒါနဲ့ ဆရာဝန်က ဆီးချိုစစ်ခိုင်းလို့ပါ၊ ကျွန်မလေ စစ်မကြည့်ချင်ဘူးဆရာ၊အဖြေကိုမကြားရဲဘူး၊ အဲဒါကြောင့် မမဝေကို အဖော်ခေါ်လာတာ မစစ်လို့လည်း မရဘူးလေ၊ ဆရာဝန်ကို ပြန်ပြရမှာ၊ ကျွန်မ ကြောက်လိုက်တာ ဆရာရယ်"

မစစ်ခင်ထဲက သေချာပေါက် ဖြစ်နေသော ဝေဒနာသည် ရုပ်ပေါက်နေသူကို ကရုဏာမျက်ဝန်းများနှင့် ငေးကြည့်ရင်း သူက–

"အဲဒါ ကြောက်စရာ မဟုတ်ဘူးဗျ၊ ရှက်စရာ"

"ရှင်..."

"ဟုတ်တယ်လေဗျာ၊ ခင်ဗျား အသက်အရွယ်နဲ့ဆိုရင် ကိုယ် ပိုင်ရောဂါတစ်ခုခုတော့ ရှိသင့်နေပြီ"

http://www.cherrythitsar.org



ကျားသားမိုးကြိုး၊ စကားက အဆန်းပါလား။ ဓာတ်ခွဲမှူး၏ စကားကြောင့် နှစ်ယောက်စလုံး နားရောမျက်စိပါ လည်သွားကြသည်။

"အသက်အရွယ်ကလည်း လူလတ်ပိုင်းရောက်နေပြီ၊ စီးပွားဥစ္စာလည်း ပြည့်စုံတယ်၊ မိသားစုအသိုင်းအဝိုင်းလည်း ကောင်းတယ်၊ ရှေ့လျှောက် ဇိမ်ကျကျနေနိုင်ဖို့အတွက် မျက်နှာပြပြီး အနားယူစရာ တင့်တင့်တယ်တယ်ရောဂါတစ်ခုတော့ ရှိဖို့လိုတယ်ဗျ၊ ဒါပေမဲ့ အဲဒီရောဂါဟာ ဆီးချိုဆိုရင်တော့ သိပ်ကို သေးငယ်နေတယ်"

"ရှင်... ရောဂါက သေးနေတယ်"

"ဟုတ်တယ်၊ ရောဂါက သေးလွန်းလို့ ရောဂါသည်လို့ ပြောရမှာတောင် ရှက်စရာကောင်းနေတယ်"

"ဟာ... ဆရာကလဲ"

"တကယ်ပြောတာဗျ၊ ဆီးချိုဆိုတာက ရောဂါတွေ တန်းစီလိုက်ရင် နံပါတ်ခြောက်လောက် ခုနစ်လောက်မှာ ရှိတာဗျ၊ တစ်ဆယ်နားတောင် ကပ်နေပြီ၊ နံပါတ်တစ်က အေအိုင်ဒီအက်စ်ပေါ့ဗျာ၊ နံပါတ်နှစ်ကတော့ ကင်ဆာပေါ့။ သူတို့နောက်မှာ သွေးတိုးတို့၊ နှလုံးတို့ ဘာတို့ညာတို့ ရှိသေးတယ်၊ တစ်နဲ့နှစ်ကတော့ထားပါတော့ဗျာ၊ အတော်ဆိုးဝါးတဲ့ရောဂါတွေမို့၊ အဲဒီနောက်က နှလုံးတို့ သွေးတိုးတို့လို အယုအယခံရတဲ့ ရောဂါတွေလောက် ခင်ဗျားရောဂါက မျက်နှာပန်းမလှဘူးဗျ၊ ကျုပ်ဓာတ်ခွဲခန်းကိုလာတဲ့ လူမှန်သမျှ ရောဂါ ကြီးကြီးမားမားတွေကို ပိုင်ဆိုင်တဲ့ လူတွေချည်းပဲ၊ မနေ့ကပဲ **HIV** ပေါ့စတစ်ဖ်နှစ်ယောက် တွေ့တယ်"

http://www.cherrythitsar.org



"အံမယ်လေး ဆရာရယ်၊ ကြက်သီးတောင် ထပါပြီ"

မခင်ဝေက ကျောတစ်ချက်တွန့်သွားပေမဲ့ လင်းလင်းကတော့ ဓာတ်ခွဲမှူး၏မျက်နှာကိုသာ စိုက်ကြည့်ရင်း စိတ်ဝင်တစားနားထောင်လျက်ရှိသည်။

"ဒါပေမဲ့ အားမငယ်ပါနဲ့၊ ခင်ဗျားမှာ အရင်က ဘာရောဂါမှ မရှိဖူးတဲ့အတွက် အခု ဆီးချိုရောဂါလေးဖြစ်တာကိုပဲ ခင်ဗျားမိသားစုက ခင်ဗျားကို ဧရာမရောဂါပိုင်ရှင်ကြီးလို့ သဘောထားပြီး ဂရုတစိုက် ပြုစုကြပါလိမ့်မယ်၊ အဲဒါ သိပ်ဖိမ်ရှိတာဗျ၊ အထူးသဖြင့် ခင်ဗျားခင်ပွန်းက ခင်ဗျားကို အကြင်နာတွေပိုပြီး အရင်ကထက်ပိုပြီး ချစ်ခင်ယုယလာလိမ့်မယ်၊ အစားအသောက် အနေအထိုင်ကစပြီး ခင်ဗျားကို ဂရုတစိုက်နဲ့ ပြင်ဆင်ပေးကြလိမ့်မယ်၊ ကျွန်တော့်မိတ်ဆွေ ကဗျာဆရာတစ်ယောက်ဆို ဆီးချိုရော သွေးချိုပါ ရှိတာ မိန်းမက ဂရုစိုက်လိုက်တာဗျာ၊ အချိန်ရှိသရွေ့ သူ့ယောက်ျားအနားမှာချည်းပဲ၊ ကိစ္စရှိလို့ မြို့ထဲလာတာတောင် စိတ်မချလို့ လိုက်တွဲပို့တာ၊ သူ့ ယောက်ျားကို မျက်နှာအညိုမခံဘူးဗျ၊ ပါးစပ်ကလည်း မောင်… မောင်… နဲ့ တစ်မောင်ထဲ မောင်နေတာပဲ၊ အတော်အားကျစရာကောင်းတဲ့ လင်မယားဗျ၊ ရောဂါဖြစ်လေ၊ ပိုချစ်လေပဲ"

ဓာတ်ခွဲမှူး၏အပြောကြောင့် လင်းလင်းမျက်စိထဲ အိမ်ကလူ၏မျက်နှာကြီးကို တဖြည်းဖြည်း မြင်ယောင်လာကာ စိတ်ထဲမှာလည်း…

"ဟင်း… ပိုက်ဆံရှာဖို့နဲ့ ချမ်းသာပြီးရင်း ချမ်းသာဖို့ပဲ စိတ်ဝင်စားနေတဲ့လူကြီး၊ အခု သူများမှာ ဆီးချိုရောဂါ ရှိနေပြီတဲ့

http://www.cherrythitsar.org



ရှင့် သိရဲ့လား၊ အဲဒါ အနားမှာနေပြီး ဂရုစိုက်ရင်စိုက်၊ မစိုက်လို့က တော့ ထင်သလိုနေပြီး စားချင်တာတွေ လျှောက်စားပစ်လိုက်မှာ၊ သေသွားလည်း အေးတာပဲ”

လို့ ချက်ချင်း ပြေးပြီး ခွဲလိုက်ချင်စိတ်ပေါက်သွားပြီး ပါးစပ် မှ လွှတ်ခနဲ–

“ဒါဆို၊ ကျွန်မ ပြန်ရတော့မလားဆရာ၊ အိမ်မှာ သွားပြော ပြလိုက်ရတော့မလား”ဆိုတော့–

“ဟာ... ဖြည်းဖြည်းပေါ့ဗျာ၊ စစ်မှ မစစ်ရသေးတဲ့ဟာ၊ စစ်ပြီးမှ အဖြေစာရွက်ကိုပြပြီး ပြောလို့ရမှာပေါ့ဗျာ၊ ပိုပိုလိုလို သွေးပါ စစ်ပေးမယ်၊ သွေးနဲ့ဆီးနဲ့ထားခဲ့ ညနေလာယူ”

“နေ့ချင်းဖြင့် တစ်ခေါက်ပြန်မနေတော့ဘူး ဆရာရယ်၊ မမ ဝေနဲ့ ကျွန်မ တစ်နေရာရာသွားလိုက်မယ်၊ ဈေးဘက်ဖြစ်ဖြစ် အသိ တစ်ယောက်ဆီကိုဖြစ်ဖြစ်ပေါ့၊ ပြီးမှ အဖြေစာရွက်ဝင်ယူပြီး အိမ်ပြန် မယ်”

ဓာတ်ခွဲမှူးရော လူနာပါ ကံစမ်းမဲနှိုက်ထားတုန်း စိတ်ကူး ယဉ်ပြီး အူမြူးနေသည့်ပုံဖြင့် တက်ကြွနေကြသည်။

“ကောင်းတာပေါ့ဗျာ၊ ဒါက ဘာမှ ကြာတာမဟုတ်ဘူး၊ ခင်ဗျားတို့ ဈေးတစ်ပတ်တောင် မပတ်ရသေးခင် ကျွန်တော်က စစ် လို့ ပြီးသွားမှာ၊ ဒီတော့ ခင်ဗျားတို့ လမ်းများများ လျှောက်နိုင်အောင် ချာပါတီတစ်ပွဲစီလောက် ဗိုက်ထဲထည့်ပေးလိုက်မယ်၊ ချာပါတီက ဆီး ချိုသမားစားလို့ရတယ်ဗျ”

ဆေးခန်းနှင့်ကပ်လျက် ချစ်တီးဆိုင်မှာ ဓာတ်ခွဲမှူးက သူတို့

http://www.cherrythitsar.org



နှစ်ယောက်အား ချာပါတီကျွေးရင်း ရောဂါဗေဒအကြောင်းကို စိတ်ဝင်စားဖွယ်ရာ ပြောပြနေသေးသည်။

"အခုအခါမှာ ဆီးချိုရောဂါ၊ သွေးတိုးရောဂါဆိုပြီး ခေါ်သံတွေ လွှမ်းလာတယ်ဗျ၊ ဘာဖြစ်လို့လဲဆိုရင် ဆီးမှာ ဓာတ်ခွဲကြည့်လို့ အချိုဓာတ်မရှိပေမဲ့ သွေးမှာရှိချင်ရှိနေတတ်တယ်။ တကယ်လို့သာ ဆီးနဲ့သွေးဟာ တစ်သဘောတည်းဆောင်နေမယ်ဆိုရင် လူတိုင်းက ဆီးပဲ စစ်ဆေးကြတော့မှာပေါ့ဗျာ၊ အသားအနာခံပြီး ဘယ်သူကမှ သွေးဖောက်စစ်ကြည့်မှာ မဟုတ်ဘူး"

စားသောက်ဆိုင်မှ ထွက်တော့ ဓာတ်ခွဲမှူးက ဓာတ်ခွဲခန်းသို့ ပြန်ဝင်သွားပြီး သူတို့နှစ်ယောက်က သိမ်ကြီးဈေးဘက်သို့ ထွက်လာခဲ့ကြသည်။ ထွက်လာရင်းမှ လင်းလင်းက ဘာစိတ်ကူးပေါက်သွားသည် မသိ။

"ဈေးထဲလျှောက်ပြီး ခြေညောင်းခံနေမယ့်အစား မင်္ဂလာရုံမှာ ရုပ်ရှင် ဝင်ကြည့်ကြရင် မကောင်းဘူးလား၊ အချိန်မီသေးတယ်"

ဆိုတော့ မခင်ဝေက–

"နင်ကလည်းဟယ် အစီအစဉ်လည်း မရှိဘဲနဲ့ ရုပ်ရှင်တစ်ပွဲက အကြာကြီးရယ်"

အင်တင်တင်လုပ်နေသော မခင်ဝေကို လင်းလင်းက–

"မမဝေကလည်း နောက်ဆို လင်းလင်းက ရုံကားတွေ ကြည့်ချင်မှ ကြည့်ရမှာ၊ ကြုံတုန်း ဝင်ကြည့်ရအောင်ပါ"

ဆိုပြီး လက်မှတ်တန်းဝယ်သဖြင့် ကြည့်ဖြစ်သွားကြသည်။

* * *

http://www.cherrythitsar.org



ရပ်ရှင်ပြီး၍ ရုံမှပြန်အထွက်တွင်တော့ ဆေးခန်းဘက်သို့ ဦးတည်ကာ ခပ်သွက်သွက် လှမ်းလာသော ခြေလှမ်းများမှာ အလာ တုန်းကကဲ့သို့ လေးလံဖင့်နွှဲမနေဘဲ ဓာတ်ခွဲခန်းထဲသို့ ဆိုက်ဆိုက် မြိုက်မြိုက် တန်းဝင်သွားကြသည်။

ဖျတ်ခနဲ ခန်းဆီးစကို လှပ်လိုက်သည်နှင့် တစ်မျက်နှာပင် မလှန်ရသေးသော လက်ထဲမှ သတင်းစာကို စားပွဲပေါ်ပြန်ချရင်း ဓာတ်ခွဲမှူးက ပြုံးရွှင်တက်ကြွသော မျက်နှာနှင့်–

"မျှော်လိုက်ရတာဗျာ၊ ခင်ဗျားတို့ကလည်း ကြာလိုက်တာ၊ ဘယ်အထိတောင် သွားနေကြတာတုံး"

ဟု နှုတ်ဆက်သည်။

"ရုပ်ရှင်တစ်ပွဲဝင်ကြည့်နေကြတာ ဆရာရေ"

ဟု သူတို့က ပြောတော့–

"အံမယ်... တယ်ပျော်နေကြပါလား၊ သည့်ထက် ပျော်စရာအဖြေတစ်ခု ထပ်ပေးဦးမယ်၊ ဒေါ်လင်းလင်းရေ ခင်ဗျားတော့ လပ်ကီးပဲဗျို့"

ဓာတ်ခွဲအဖြေစာရွက်ကို လှမ်းပေးရင်း ပြောတော့–

"ဆီးချိုအပြင် အခြားရောဂါတစ်ခုပါ ထပ်တွေ့ထားလို့ လား ဆရာ"

"ဘယ်ကလာ၊ ခင်ဗျားမှာ ဆီးချိုရော၊ သွေးချိုရောဂါ ဘာမှ မရှိဘူးဗျ"

"ဟင်... သေချာရဲ့လား ဆရာရယ်"

လင်းလင်းအသံက စိတ်ဓာတ်ကျသွားသည့်လေသံ သိသိ

http://www.cherrythitsar.org



သာသာ ပေါက်နေသည်။

"ကျုပ်ထက် သေချာတဲ့လူတောင် ကျုပ်လောက် မသေချာနိုင်ဘူးဗျ၊ ဓာတ်ခွဲမှုသက်တမ်းတစ်လျှောက်လုံး ကျုပ် ဘယ်တုန်းကမှ အမှားအယွင်းမရှိခဲ့ဖူးဘူး၊ အခုလည်း သေချာအောင် အထပ်ထပ် စစ်ထားတာ၊ စိတ်သာချနေတော့၊ ခင်ဗျားမှာ ဘာရောဂါမှ မရှိဘူးဗျ၊ ဝမ်းမသာဘူးလား"

လင်းလင်းမျက်နှာပေါ်က တစ်ခုခုကို နှမြောနေဟန်ကို သူက အမိအရဆုပ်ကိုင်မိသွားဟန်ဖြင့်–

"အာရောဂျံ ပရမံ လာဘံ ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား၊ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးဗျ၊ ကျန်းမာခြင်းကို ဘာနဲ့မှ လဲယူလို့ မရဘူး"

"ကျန်းမာခြင်းရဲ့ တန်ဖိုးကို မကျန်းမာလာတော့မှ ရှင်းရှင်းလင်းလင်း သိရတယ်ဆိုတဲ့စကားဟာ သိပ် တိကျတယ်၊ခေတ်လည်း ဘယ်တော့မှ ကုန်မှာ မဟုတ်ဘူး၊ ဆီးချိုရောဂါ တကယ်မရှိဘဲနဲ့တောင် စိုးရိမ်စိတ်နဲ့တင် ခင်ဗျားကျန်းမာခြင်းရဲ့တန်ဖိုးကို သဘောပေါက်ခဲ့ပြီးပြီ မဟုတ်လား၊ ကျန်းမာရေးညံ့ဖျင်းတဲ့ လူတွေဟာဘယ်တော့မှ အလိုဆန္ဒမပြည့်တတ်ကြဘူးဗျ"

"ဆရာပဲ ရောဂါသည်ဆိုပြီး မိသားစုက အရင်ကထက် ပိုဂရုစိုက်ပြုစုမယ်၊ ချစ်ခင်ယုယလာမယ်ဆို"

"အဲဒါက ခဏပဲ ဖြစ်မှာပေါ့ဗျ၊ ခင်ဗျားကို ကျုပ် တစ်သက်လုံးလို့ အာမမခံခဲ့ဘူးလေ၊ ကြာရင် ညည်းငွေ့လာမှာပေါ့ဗျ၊တစ်သက်လုံးတော့ ဘယ်သူက စိတ်ရှည်ပါ့မလဲ"

http://www.cherrythitsar.org



"ဆရာပြောတဲ့ကဗျာဆရာ လင်မယားလေ ရောဂါဖြစ်လေ ပိုချစ်လေဆို"

"ဟား... ဟား... အဲဒါက မိန်းမဗျ မိန်းမ၊ ယောကျ်ား တွေကျတော့ အဲသလို မဟုတ်ဘူး၊ မိန်းမက ရောဂါသည်ဆိုတာနဲ့ လူမမာစော်နံတယ်ဆိုပြီး အနားမကပ်ချင်ကြတော့ဘူး၊ သူတို့မှာ မိန်းမတွေလို သနားကြင်နာတတ်တဲ့ နှလုံးသား မရှိတတ်ကြဘူး၊ပြီး တော့ သူတို့က မိန်းတွေလောက် မိသားစုကို မခင်တွယ်တတ်ကြ ဘူး၊ အဲ... ယောကျ်ားတိုင်းတော့ မဟုတ်ဘူးပေါ့ဗျာ၊ တချို့တလေ ကို ပြောတာပါ၊ အဲဒီ တချို့တလေထဲမှာ ခင်ဗျားယောကျ်ားလည်း ပါချင် ပါသွားနိုင်တယ်"

ဟိုတစ်လောတုန်းက ဆိုက်ထဲက ကောင်မလေး တစ် ယောက်နှင့် အနေအထိုင်မဟုတ်၍ ဆူပူမိခဲ့တာကို ဖျတ်ခနဲ သတိ သွားရလိုက်သည်။

"နောက်ဆုံးတော့ ရောဂါဆိုတာဗျာ တတ်နိုင်ရင် နာစေး ချောင်းဆိုးတောင် မဖြစ်ရင် အကောင်းဆုံးပဲ၊ လူတစ်ယောက်မှာ ရောဂါတစ်ခုခု စွဲကပ်လာပြီဆိုရင် အဲဒီမိသားစုအတွက် အကုသိုလ် ဝင်တာပဲ အနည်းဆုံးတော့ ငွေကုန်မယ်ဗျာ၊ အဲဒီနောက်မှ ဖြစ်လာ မယ့် အကျိုးဆက်တွေကလည်း အများကြီး"

"ဒါ... ဒါဆို ဆရာ အစက ကျွန်မကို ပြောခဲ့တာတွေ က တကယ်မဟုတ်ဘူးပေါ့"

"စောစောက ခင်ဗျား သိပ်ကြောက်နေမှန်းသိလို့ ကျွန် တော်က ရယ်စရာတွေပြောပြီး ခင်ဗျားကို အားပေးနေတာဗျ၊ ခင်ဗျား

http://www.cherrythitsar.org



ရုပ်ကလည်း စိတ်ဓာတ်ကျနေလိုက်တာ တကယ့်ကို လူမမာနဲ့တူနေတာကိုးဗျ၊ ကျုပ်က ခင်ဗျားကို သေချာပေါက် ဝေဒနာသည်လို့တွက်လိုက်မိတာ၊ ဒါကြောင့် အဖြေစာရွက်လာယူရင် ကျေကျေနပ်နပ်လက်ခံနိုင်အောင် ကြိုတင်အားသွင်းပေးလိုက်တာဗျ"

"ဒါဆို ဆရာပြောတာတွေ တစ်ခုမှ မဟုတ်ဘူးပေါ့နော်"

"ဘယ်ဟုတ်ပါ့မလဲဗျ၊ ဆီးချိုဆိုတာ နယ်နယ်ရရရောဂါမှတ်လို့လား၊ အင်မတန်လူဖြစ်ရှုံးတဲ့ရောဂါဗျ၊ ဆီးချိုရှိလို့များကတော့ခင်ဗျား သွားပြီ"

"ဘယ်ကိုသွားမှာလဲ ဆရာ"

"ဘယ်ကိုသွားတာလဲဆိုတော့ အဲ... အဲ... အလိုဆန္ဒမပြည့် တဲ့ကမ္ဘာကိုပေါ့၊ ခင်ဗျားမှာ ဘယ်လောက် စည်းစိမ်ချမ်းသာတွေရှိရှိ အစားကောင်းအသောက်ကောင်းစားလို့ မရတော့ဘူး၊ ကောင်းပေ့ညွှန့်ပေ့ အရသာရှိပေ့ဆိုတဲ့ အစာအာဟာရတွေ ဆီဥထောပတ်တွေ ငွေပုံပေးပြီးဝယ်နိုင်ရင်လည်း ခင်ဗျားစားလို့ မရတော့ဘူး၊ အကောင်း မှန်သ၍ အကုန်ရှောင်ရမယ်၊ ထမင်းတောင်သူများလို ဆန်ကောင်း မစားရဘူး၊ ဆန်ကြမ်းပဲ စားရမယ်၊ ဘယ်လောက် ဝင့်ကြီးတယ်မှတ်သလဲ၊ သူများတွေ မြိန်ရေယှက်ရေ စားသောက်နေတာကို ကြည့်ရင်းက စိတ်ဓာတ်ကျပြီးတောင် သေသွားနိုင်တယ်"

သူကလည်း အစားမက်တာနဲ့တော့ တွေးတောင်မတွေးရဲ။ အထူးသဖြင့် မလိုင်လုံးနှင့် ထောပတ်ကို သူဖြတ်၍ရမည် မထင်။ ဆန်ဆိုလျှင်လည်း နည်းနည်းလေးအကြောမာရင်တောင် သူ့လည်

http://www.cherrythitsar.org



ချောင်းက မျိုမကျချင်။

"ခင်ဗျား လက်အနာက ပြည်မကုန်လို့ ပြန်ပြန်ရင်းနေတာပါ။ အချိန်တန်ရင် ပျောက်သွားမှာပါ၊ လက်ဖဝါးနဲ့ အလုပ်လုပ်ရတာဆိုတော့ အနာက ရင်းပြန်ရော၊ ဆီးချိုများရှိလို့ကတော့ဗျာ ခင်ဗျာ့လက် ဖြတ်ရပြီသာမှတ်၊ ကျုပ်ဆေးရုံမှာ လုပ်တုန်းကဆို ကုလားမကြီးတစ်ယောက် ခလုတ်တိုက်ပြီး ခြေမကွဲသွားရာကနေ ဆီးချိုရှိနေတော့ မပျောက်တော့ဘဲ တဖြည်းဖြည်း လှိုက်စားလာလိုက်တာ ခြေ သလုံးတောင် ရောက်တယ်၊ နောက်ဆုံးတော့သေသွားတာပဲဗျို့"

"ဘုရား... ဘုရား၊ ကြောက်စရာကောင်းလိုက်တာ"

"အဲဒါလို ဂင်ဂရင်း(**Gangrene**)လို့ခေါ်တယ်၊ ဆီးချိုရောဂါမှာ အချိုဓာတ်တွေ သိပ်လွန်ကဲပြီးနေတဲ့အခါမှာ အနာတွေပုတ်လိုက်လာတာပေါ့၊ အင်မတန် ကြောက်စရာကောင်းတဲ့ ရန်သူကြီးတစ်ယောက် ဝင်ပူးကပ်နေသလို အချိန်တိုင်း သတိရှိနေရမယ်၊ နည်းနည်းလေး မေ့မေ့ပျောက်ပျောက်နေမိတာနဲ့ အလစ်ဝင်တွယ်သွားမှာ အသေအချာပဲ၊ ရောဂါဆိုတာ တစ်ခုဝင်လာပြီးရင် နောက်ပိုင်းကို စိတ်မချရတော့ဘူး၊ သူ့ရဲ့အပေါင်းအသင်းရောင်းရင်းတွေက အခါအခွင့်ကို စောင့်နေပြီး အခြေအနေပေးတာနဲ့ တပျော်တပါးကြီး အလုံးအရင်းနဲ့ဝင်လာပြီး အလဲထိုးကြတော့မှာဗျ၊ အခု ခင်ဗျားအဲဒါတွေကို မကြောက်ရတော့တာကိုက ထီပေါက်တာထက် ဝမ်းသာစရာကောင်းတယ်"

တစ်နေ့ထဲနှင့် အချိန်ပိုင်းလေးအတွင်း တစ်ခုပြီးတစ်ခု ပြောင်းလဲနေသော လင်းလင်း၏ မျက်နှာနှင့် ဓာတ်ခွဲမှူး၏ ဟန်ပါ

http://www.cherrythitsar.org



ပါ အပြောအဆိုများကို မခင်ဝေက တအံ့တသြ ငေးမော၍ ကောင်းနေသည်။

"တော်သေးတာပေါ့ ဆရာရယ်၊ မနေ့တုန်းက ဆရာဝန်က ဆီးချိုလို့ သံသယဝင်တဲ့အချိန်ကစပြီး ကျွန်မ အချိုရှောင်ထားတာ၊ အခုဆို အရသာခံနိုင်တဲ့ပါးစပ်ကြီး ရှိပါလျက်နဲ့ စားချင်တာ မစားရတာ တစ်ရက်ရှိပြီ ဆရာ၊ ကျွန်မ မတင်းတိမ်ဘူး၊ အခုတော့ ဆရာ့ကို ကျေးဇူးတင်ပါတယ်"

"မတင်ပါနဲ့ဗျာ ရပါတယ်၊ ခင်ဗျားမှာ တကယ်ရှိနေရင်လည်း ကျုပ် ဘာမှတတ်နိုင်မှာမှ မဟုတ်တာ၊ အခုတော့ ဒီရောဂါဆိုးကြီးကို သယ်ဆောင်မလာတဲ့ခင်ဗျားကို ဂုဏ်ပြုတဲ့အနေနဲ့ ကာဖီချိုချိုလေးတစ်ခွက်နဲ့ ပြန်မိတ်ဆက်ပေးပါရစေ"

သူတို့ ဝမ်းသာတက်ကြွစွာနှင့် ကာဖီဆိုင်သို့ ထွက်လာကြသည်။

ကာဖီသောက်နေရင်းမှ သူ၏လုပ်ငန်းအောင်မြင်မှုအတွက် ဂုဏ်ယူကျေနပ်နေသော ဓာတ်ခွဲမှူးနှင့် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်ရှိသွားပြီဖြစ်သော လင်းလင်းတို့ကို ငေးမောရင်းမှ–

မခင်ဝေ၏ ရင်ထဲတွင် သူတို့ ပြန်သွားပြီးနောက် ဓာတ်ခွဲမှူး သတင်းစာကောက်အကိုင်မှာ ခန်းဆီးစကို မပြီး ဝင်လာမည့် ရောဂါဗေဒအသစ်တစ်ခုနှင့် အဆင်သင့်ဖြစ်နေဦးမည့် ဓာတ်ခွဲမှူး၏ စိတ်အာဟာရများအကြောင်းကို တွေးတော မှန်းဆနေမိသည်။

**ကလျာမဂ္ဂဇင်း။**

http://www.cherrythitsar.org

ဇာတ်ခုံ



http://www.cherrythitsar.org



# ဇာတ်ခုံ

ကိုယ်ရည်ကိုယ်သွေး တေးသီချင်းများကို သီဆိုဖို့ ကျွန်မ လုံးဝ ဝါသနာမပါခဲ့ပါ။ သို့သော် တစ်ခါတစ်ရံမိမိ၏ကိုယ်ပိုင်အရည် အချင်းများကို ထုတ်ဖော်ပြသပြီးမှ ရှေ့ဆက်ပြောပြရမည့် အကြောင်း အရာများအတွက်တော့ မလွှဲမသွေ ကိုယ်ရည်သွေးခြင်းအမှုကို ကျွန်မ ပြုရပေလိမ့်မည်။

* * *

အသားမည်းမည်း၊ ပါးစပ်ပြဲပြဲ၊ နဖူးမောက်မောက်၊ နှာ ခေါင်းပွပွနှင့် ကပ္ပလီမများ နိုင်ငံခြားတွင် မင်းသမီးဖြစ်နေကြပေမဲ့ သူတို့အသားအရောင်လောက်ပင် နက်မှောင်ခြင်း မရှိသော၊ သူတို့ နှုတ်ခမ်းလောက် ထူထဲပြဲလန်မနေသော (သွားကတော့ သူတို့လို ဖြူဖွေးစီတန်းမနေဘဲ အနည်းငယ် ရှေ့ထွက်နေသော်လည်း ပါးစပ် စေ့မရအောင်တော့ လုံခြုံမှုကင်းမဲ့မနေကြပါ) မျက်နှာခွက်သည်မှ လွဲ၍ နဖူးလုံးဝမမောက်သော၊ နှာခေါင်းပြားချပ်ချပ်သေးသေးလေး

http://www.cherrythitsar.org



နှင့် ကျွန်မ မြန်မာနိုင်ငံတွင် မင်းသမီးဖြစ်ရန် အရိပ်အရောင်မျှမမြင်ဖူးခဲ့ပါ။

'ငါတို့ဆီမှာ သရဲကားရိုက်ရင်တော့ မင်းသမီးဖြစ်ကောင်းပါရဲ့'ဟု အားခဲခဲ့ဖူးသော်ငြား သိုက်ကား၊ ဥစ္စာစောင့်ကားများပင် တစ်ပတ်ကြော့မလာတော့သည့်နောက် ဒေါ်မြလေးလက်သစ်လည်း ဖြစ်ချင်၍ မရတော့ပါ။

ငယ်ငယ်တုန်းက တအားအလှမက်ခဲ့သည်။ အလှဟူသည် ပြင်တိုင်းရသည်ဟု ထင်ကာ မြို့တက်ပြီး ဓာတ်ပုံဆရာလုပ်နေသော ဖေဖေ့အား ဂါဝန်လှလှလေးများ၊ လက်သည်းနီ၊ နှုတ်ခမ်းနီ အစုံမှာသည်။ ဖေဖေကလည်း တစ်ဦးတည်းသော သမီးမို့ မှာသမျှ အရောင်အသွေးကို ရအောင် အသေးအမွှားကအစ စိတ်တိုင်းကျအောင် ဝယ်ပို့သည်။ ဂါဝန်လှလှလေးများသည် ကျွန်မကိုယ်ပေါ်ရောက်သည်နှင့် လူနှင့်အင်္ကျီ တခြားစီ ဖြစ်သွားကာ ရယ်စရာကာတွန်းရုပ်ကလေးတစ်ရုပ်လို တွေ့သမျှလူများ ပြုံးစေ့စေ့ဖြစ်ကုန်ကြသည်။ ထိုအခါ အညိုရင့်ရင့်၊ အနက်ဖျော့အသားပေါ်မှာ မျက်နှာချေအဖွေးသားနှင့် နှုတ်ခမ်းကို ရဲနေအောင် ဆိုးထားသော ကျွန်မ မလုံမလဲနှင့် ရှက်ကိုးရှက်ကန်း ဖြစ်ရသည်မှာ အခါခါ၊ ငေးကြည့်ရအောင် လှပချောမွေ့သော အပျိုပေါက်အရွယ် အိမ်နီးချင်းတစ်ယောက်နှင့် ဆွေရိပ်မျိုးရိပ်မကင်းသော အစ်မတစ်ယောက်ကို မြင်တိုင်း မေမေ့ကို–

"သမီးကို ဘာလို့ အဲဒီလို လှအောင်မမွေးတာလဲ"ဟု အပြစ် တင်သည်။ မေမေက ပြုံးပြီး–

"ညည်းအဖေနဲ့အမေက လှမှမလှဘဲ၊ ညည်းလည်း ဘယ်

ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org



လုမှာလဲ”

ဟု ရှီးရှီးလေး ပြန်ပြောသည်ကိုလည်း မကျေနပ်။ ကျွန်မ အပျိုပေါက်ဖြစ်တော့ ထိုအစ်မနှစ်ယောက် တစ်ယောက်က အငြိမ့်မင်းသမီးဖြစ်ပြီး တစ်ယောက်က အလှပြကားများတွင် မပါမဖြစ် ရပ်ရွာ၏ရှေ့ဆောင် ကွမ်းတောင်ကိုင်အနေနှင့် သီချင်းဆိုရ၊ တေးသရုပ်ဖော်ကရနှင့် ကြည့်မဝရှုမဝဖြစ်ကာ အားကျခဲ့သည်။ ဘယ်လိုပုံစံနှင့်မျှသည်တစ်သက်တွင် ကျွန်မ မင်းသမီးမဖြစ်နိုင်။ သူတို့အလှကို အားကျ၍ သူတို့လိမ်းသည့်ပေါင်ဒါ၊ သူတို့ဆိုးသည့်နှုတ်ခမ်းနီ၊ လက်သည်းနီရောင်၊ သူတို့ဝတ်သည့် အဝတ်အစားပုံစံအရောင်အသွေး ရွေး၍ ဝတ်လေ၊ ကိုယ့်မှာ စိတ်ညစ်ရလေ၊ အရုက်အနာတရ ဖြစ်လေ။ ကြာတော့ သည်လောက်ဖြစ်လှတာ ကိုယ့်ရုပ်နဲ့ကိုယ် လူအရယ်တော့မခံနိုင်ဘူးဟု အားလုံးကို စိတ်နာပြီး အလှလည်း မပြင်၊ မှန်လည်း မကြည့် အရှိအတိုင်းနေလိုက်မှ စိတ်ချမ်းသာသွားတော့သည်။

လူပုံက မလှသော်လည်း လူမှုဆက်ဆံရေးမှာ လိုက်လှဲ့နွှေးထွေး၍ လူချစ်လူခင်များသူများကို တွေ့ဆုံဖူးကြပါလိမ့်မည်။

အရွယ်အနည်းငယ်ရပြီးနောက် ကျွန်မ ဈေးဆိုင်ထိုင်သောအခါ ကျွမ်မဆိုင်မှ စားသောက်ဖွယ်ရာကို ဝယ်သလိုသဖြင့် လမ်းညွှန်ခဲ့ဖူးသောသူများ၏စကားကို ပြန်ကြားခဲ့သည့်အတိုင်း ကျွန်မထံပို့လိုက်သော သတင်းတစ်ရပ်ကို မိတ္တူပွားကာ မကြာခဏ ခံစားကြည့်မိသည့်အခါများတွင်တော့ ကျွန်မ ရယ်မောတတ်သည့်အကျင့်ကောင်း တစ်ခုကို ပိုင်ဆိုင်သွားတော့သည်။

http://www.cherrythitsar.org



"မနေ့က ဝယ်ခဲ့တဲ့ သရက်သီးသနပ်မျိုး လိုချင်လို့ ဘယ်ဆိုင်ကဝယ်လဲ"

"ဈေးရုံ(၁)၊ ထဲက ရွှေတောင်ဝင်းလက်ဖက်ဆိုင်ဘေးက"

"သြော်... သိပြီ၊ အရပ်ဆိုးဆိုး၊ မျက်နှာပုတ်ပုတ်နဲ့ အမြဲတမ်း နှုတ်ခမ်းစူထားတဲ့ အမျိုးသမီး မဟုတ်လား"

"အေး... ဟုတ်တယ် ဟုတ်တယ်၊ စကားပြောလည်း ဘုကျတယ်၊ ဈေးရောင်းတာလည်း စိတ်မရှည်ဘူး၊ သူ့လုပ်စာစားနေတဲ့အတိုင်းပဲ"

"ဟုတ်တယ်၊ ကျွန်မလည်း အဲဒီအမျိုးသမီးကို ကြည့်မရလို့ မဝယ်တာကြာပြီ၊ ဟိုးအရင်တုန်းက သူ့အမေကြီးရောင်းတုန်းက အရမ်းသဘောကောင်းတာ ကျွန်မ အမြဲဝယ်တဲ့ဖောက်သည်ပေါ့၊ အခု အမေကြီးမထွက်တဲ့နောက်ပိုင်းထဲက မဝယ်ဖြစ်တော့တာ နှစ်ချီနေပြီ"

"ကိုယ်လည်း တခြားဆိုင်မှာ မရှိမှ သူ့ဆီသွားဝယ်တာ၊ ဈေးသည်တဲ့ကွာ စကားတစ်ခွန်းက နှစ်ခွန်းပြောရရင် စိတ်မရှည်တော့ဘူး၊ ရုပ်ကလည်း အသက်အောင့်ပြီး ကြည့်ရတယ်"

ဤကဲ့သို့ မိဘလက်ထက်က အရမ်းကာရော ကျူးကျော်ထိုးဖောက်တိုးဝင်နေကြသော စီးပွားရေးဈေးကွက်များကို ကျွန်မ ကြုံခွေ့ရရ ကာဆီးဟန့်တားနိုင်ခဲ့သည်။ ထိုသူများကို 'ကျွန်မ၏ အချစ်တော်များ' ဟု ကျွန်မစိတ်တွင် တစ်ယောက်တည်း ကျိတ်ကာ အမည်ပေးထားခဲ့မိသေးသည်။

* * *

http://www.cherrythitsar.org



“ဟော့ မရဘူးနော်၊ နင် ကရမယ်၊ မကရင် ငါတို့လည်း မကဘူး၊ ဒါပဲ”

“ဒါ တစ်ဦးတစ်ယောက်ကောင်း လုပ်တဲ့အလုပ် မဟုတ်ဘူးနော်၊ အသင်းအဖွဲ့နဲ့ လုပ်တာ ငြင်းမယ်တော့ မကြံနဲ့၊ ငါတို့နဲ့ အတူ စင်ပေါ်တက်ကရင်က မကလို့ကတော့ ပြဿနာရှာပြီမှတ်”

“ကထိန်ဆိုတာ တစ်နှစ်မှာ တစ်ကျောင်း၊ တစ်ကျောင်းမှာ တစ်ရက်ထဲ လှူလို့ရတာ၊ တို့ဈေးကထိန်အောင်ပွဲအတွက် တစ်ဈေးလုံးက အလှူငွေနဲ့ လုပ်ရတဲ့ပွဲ၊ တစ်ခုခုတော့ တာဝန်ကျေရမယ်၊ နင့်လို စင်ပေါ်တက်ပြီး ကချင်တဲ့လူတွေ အများကြီး၊ တို့က သင့်ရာသင့်ရာ ရွေးရတာ၊ နင်က စာရေးဆရာမဆိုတော့ အနုပညာနဲ့ နီးစပ်တယ်၊ နင့်ကို ဆင်ရမယ့်အဝတ်အစားဖိုးကပဲ သောင်းချီတယ်၊ ကပါဟယ်”

ဘုရားရေ...၊ အိပ်မက်မဟုတ်... တကယ်... အချော့၊ အခြောက်၊ အမြှောက်လေးတွေနှင့် ခယတောင်းဆိုနေသော ကျွန်မ ချစ်ကြောက်ရိုသေရသူ တချို့ကြောင့် ကျွန်မ မင်းသမီး ဖြစ်ရတော့မည်ဆိုပဲ။ ယုံကြည်စရာတော့ သိပ်မကောင်းလှ။ ငယ်ငယ်တုန်းက ဗီဇလေးက ခေါင်းထောင်လာချင်သလိုလို။

“ဘယ်လိုလဲ ကမယ်မဟုတ်လား”

“အင်း... ကမယ်... ကမယ်၊ အယ်... မကတတ်ဘူး၊ ကျွန်မ တကယ် မကတတ်တာ”

“ဘာမှမပူနဲ့၊ တစ်ဖွဲ့လုံးမှာ တကယ်ကတတ်တာ နှစ်ယောက်ပဲ ရှိတာ၊ အားလုံး သင်ရမှာ၊ သင်ပေးမယ့် ဆရာတွေ ခေါ်

http://www.cherrythitsar.org



ပြီးပြီ”

တော်ပါသေးရဲ့ဟု ကျိတ်ပြီး သက်ပြင်းချရသည်။ မင်းသမီး ဖြစ်ဖို့က သေချာသွားပြီပေါ့။

“ဘာကရမှာလဲ၊ တပင်တိုင်လား၊ ယိုးဒယားလား၊ နှစ်ပါးသွားလား”

“မဟုတ်ဘူး၊ ဘီလူးက”

“ဟင်… ဘာပြောတယ်၊ ဘီလူးက…”

“ဟုတ်တယ်လေ၊ ရာမဇာတ်တော်ကြီးကမှာ၊ နင်က ဒဿဂီရိရဲ့နှမတော် ဂမ္ဘီ လုပ်ရမယ်”

ဟုတ်တာပေါ့လေ။ ရာမဇာတ်မှာ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ သီတာဒေဝီလုပ်ချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲ။ ဖြစ်ချင်းဖြစ် ဂမ္ဘီပဲ ဖြစ်ရမှာပေါ့။ ဂမ္ဘီဖြစ်တော့ကော နည်းသလားဟု ကိုယ့်စိတ်ဓာတ်ကို မြှင့်လိုက်ရသည်။

“နင်ဖိတ်ချင်တဲ့ စာရေးဆရာတွေ အကုန်သာဖိတ်၊ ရှေ့ဆုံးကခုံတွေကို ဧည့်သည်တော်တွေအတွက် နင်ကြိုက်သလောက်ယူ၊ ပိုတဲ့ခုံတွေကိုမှ ဈေးသူဈေးသားတွေ ထိုင်ကြမှာ၊ ပြီးတော့နင့် ဧည့်သည်စာရေးဆရာတွေအတွက် လက်ဖက်သုပ်၊ ဆီပ်သားပတ်ဖ်၊ လက်ဖက်ရည်နဲ့ ဧည့်ခံမယ်၊ စိတ်ချ နင်မျက်နှာ မငယ်စေရဘူး”

နည်းတဲ့အခွင့်အရေးမဟုတ်ပါလား။ ကျွန်မကြောင့်ဖြင့် မဟုတ်ပါ။ စာပေကို ချစ်သော စာရေးဆရာများကို လေးစားသော ကျွန်မတို့ဈေးမှ ဈေးသူဈေးသားများကြောင့် ကျွန်မ မျက်နှာရတော့မည့်ကိန်း ဆိုက်လာခြင်း ဖြစ်သည်။ သည်လောက် အခွင့်အရေးပေး

http://www.cherrythitsar.org



လို့မှ မယူလိုက်က ကျွန်မ ဘီလူးမိုက် ဖြစ်ရော့မည်။

နောက်ရက်ကစ၍ ဇာတ်တိုက်ရတော့သည်။ အဖွဲ့ခေါင်းဆောင် နှစ်ယောက်ဖြစ်သော အုန်းငှက်ပျောဆိုင်မှ ဦးမြတ်ကျော်မှ ပဿျူးရာမနှင့် ဆန်ပွဲရုံမှ အဘ ဦးတင်ညွန့်က ဟာနုမာ ဇာတ်ရုပ်များကို ယူထားရင်းမှ ကျန်ဈေးသူဈေးသားတွေကိုလည်း အကဆရာဆိုဗီယက်ပြန် ဦးလှမိုး၊ ရာမဦးအုန်းမောင်၊ ဒသဂီရိ ဦးမြဟန်တို့နှင့် တွဲ၍ အကသင်ပေးသည်။ ရာမမင်းသားလုပ်မည့် ဦးစိုးသန်းနှင့် လက္ခဏလုပ်မည့် မိဘမေတ္တာ အုန်းငှက်ပျောဆိုင်ပိုင်ရှင် မောင်အောင်ခိုင်တို့က နဂိုထဲက အဆို၊ အကအနုပညာဗီဇ ရှိကြသူများမို့ အရာရာအဆင်ပြေရုံမျှမက သီတာဒေဝီကလေးမ နွယ်နီဝင်းကလည်း ရုပ်ရည်ဟန်ပန် အမူအယာကအစ ပြောစရာမရှိ။

ပြောစရာရှိသည်က ဒသဂီရိလုပ်မည့် ကျွန်မ၏အစ်ကိုတော် ဘိုဘိုနှင့် ဂမ္ဘီနမ ကျွန်တို့နှစ်ယောက်သာ အစိမ်းသက်သက်ခြေမမြောက် လက်မမြောက်တတ်နှင့် ဆရာတွေ ချွေးပြန်အောင်သင်ရသည်။ အဲသည်မှာမှ ဘိုဘိုက ဆရာကောင်းတပည့်ပီသသည်ရိုးသားကြိုးစားသဖြင့် အချိန်တိုတိုနှင့် မှင်မောင်းကောင်းကောင်းဒသဂီရိလောင်းဘဝ ရောက်သွားသည်။ မရိုးမသားနှင့် မကြိုးစားသော ကျွန်မသာ ဂမ္ဘီသခင်မကိုင်မည့် ဒေါင်းတောင်အစား မဲဇလီကိုင်းများနှင့် အက တိုက်ပြီးတိုင်း တစ်နေ့တစ်နေ့ မဲဇလီရွက်တွေခြွေခြွေသုပ်စားပစ်သဖြင့် မကြာခဏ မဲဇလီကိုင်းရှာပေးရသည့် ဇာတ်ဆရာ ဦးမြတ်ကျော် ဇနီး မခင်စန်းနွယ်၏ဒေါသအိုးကို မဲဇလီရိုးနှင့်ထိုးဖွင့်ပြီး တစ်ရပ်ကွက်လုံး မဲဇလီပင် တုံးသွားမှ ကျွန်မ ကကွက်

http://www.cherrythitsar.org



သုံးကွက်လောက်နှင့် စင်ပေါ်ရောက်ခဲ့တော့သည်။

* * *

ထိုညက ကောင်းကင်တွင် ပြည့်စက်လုပသော လမင်းနှင့် အတူ ငွေကြယ်တို့သည် စိန်ပွင့်ကလေးများ ကြဲပက်ထားသည့်အလား ပြိုးပြက်တောက်ပနေကြသည်။

ကထိန်ခင်းသည့် ဆားလင်းကျောင်းတိုက်ရှေ့မှ 'မြန်မာ့နန်းတွင်း ပုံတော်ရာမအဖွဲ့၏ ရာမယဏဇာတ်တော်ကြီး' ဟူသောနဖူးစည်းဆိုင်းဘုတ်အောက်မှ ခမ်းနားကြီးကျယ်သော ဇာတ်စင်ကြီးမှာလည်း ဆလိုက်မီးရောင်များ မြန်မာ့ဆိုင်းဝိုင်းကြီးမှ ဧည့်ခံတီးလုံးများနှင့် ကတ္တီပါကားလိပ်များကအစ ပရိသတ်၏ စိတ်နှလုံးကိုညှို့ယူ ဖမ်းစားထားခဲ့သည်။

ဇာတ်စင်ရှေ့မှာတော့ အလှူ့လက်ဖက်နှင့် မျက်နှာလုပ်ထားသော ကျွန်မ၏ အထူးဧည့်သည်တော် စာရေးဆရာများ။ ဥက္ကဋ္ဌကြီး(ဆရာ လင်းယုန်မောင်မောင်)၊ မမဦး(ဆရာမကြီး ဒေါ်ခင်ဆွေဦး)၊ ဆရာကြည်နိုင်၊ ဆရာ ချစ်ဦးညိုတို့ ဇနီးမောင်နှံ၊ ဆရာဟိန်းလတ်တို့ ဇနီးမောင်နှံ၊ ဆရာမောင်သွေးသစ်တို့ ဇနီးမောင်နှံ၊ ဆရာဆောင်းဝင်းလတ်၊ ဆရာမ ခင်ပန်နှင်း၊ ဆရာမ သွယ့်ပန်းဆန်၊ ဆရာမောင်ညိုပြာ၊ ဆရာ ယဥ်မင်းပိုက်၊ ပန်းချီသန်းမြင့်အောင်၊ ကွန်ပျူတာ မောင်ဝဏ္ဏ၊ ပန်းချီမမွေး၊ ရာသက်ပန်၊ ညိုညိုတင်လှ၊ မြသွေးရည်၊ မြသက်နိုင်နှင့် တခြား ဆရာ ဆရာမများ ရောက်လာပြီးနေရာယူနေကြပြီ။ ဆရာ မောင်ညိုပြာက စရောက်ကတည်းက–

http://www.cherrythitsar.org



"ကျုပ်တို့က ဝေးတယ်၊ ကျုပ်တို့အဖွဲ့ ပွဲပြီးရင် ဘုန်းကြီးကျောင်းမှာပဲ အိပ်ပြီး မနက်မှ ထပြန်မှာ"

ဟု သတင်းပို့ထားသဖြင့် ကလေးတွေက ကျောင်းပေါ်မှာ နေရာတစ်နေရာ အဆင်သင့် ရှင်းထားပေးသည်။ နောက်ထပ် စာသမားတွေ တဖွဲဖွဲ ရောက်လာကြသည်။ စာရေးဆရာတွေက ရာမဇာတ်လည်းဖြစ်၊ ကျွန်မလည်း ကမည်ဆို၍ လာအားပေးသူများပြီး ဈေးသူဈေးသားများက စာရေးဆရာများကို လေးစား၍ ဖိတ်ကြားခြင်းဖြစ်သော်လည်း ကျွန်မက ကြားထဲမှ နှစ်ဖက်စလုံးမှာ မျက်နှာရ၍နေသည်။ ကျေနပ်ဖွယ် ကောင်းလေစွ။ ရာမဇာတ် မထွက်မီ ဈေးသူဈေးသား ကလေးများက သီချင်းပဒေသာနှင့် ဖြေဖျော်ကြစဉ် စာရေးဆရာများ နှစ်သက်အားပေးကာ ဆုချကြသဖြင့် ပို၍ တက်ကြွကုန်ကြကာ တကယ့်သမ္ဘာရင့် မင်းသား မင်းသမီး အဆိုတော် ဂိုဏ်တွေ ဖမ်းကုန်ကြကာ ဇာတ်ရှိန်တက်လာကြသည်။

ထိုနေ့ညကတော့ အမှန်တကယ်ပင် ကျွန်မအလုပ်များနေခဲ့သည်။ ညနေပိုင်း ခံ့ခင်းသည့်အချိန်မှစ၍ ပွဲစတင်၍ ရှေ့ပိုင်းသီချင်းပဒေသာအစီအစဉ်နှင့် ရာမဇာတ် စတင်သည့်အချိန် အစီအစဉ် ကြေညာနေရသည်အထိ ကိုယ့်ကကွက်ကို စိတ်ကူးနှင့်မျှ မြင်ယောင်ကျင့်ဖို့ မတွေးအား။

"သမီး သွားပြင်ချေတော့၊ အဘ နရေးရှင်း ပြောပေးမယ်" ဟု ဆရာ ရာမဦးအုန်းမောင် အနားလာပြောမှ မိုက်ခရိုဖုန်းကို ပေး ပြီး ပြေးဝင်ခဲ့ရသည်။ ဇာတ်စင်နောက်မှ ရွှေရောင်ပြောင်ပြောင် ကလေး ဘယ်ပြေးညာပြေးနှင့် သမင်အက ကျင့်နေသော မျိုးမျိုးကို

http://www.cherrythitsar.org



ခလုပ်တိုက်ပြီး ဒုသနှင့် ခယသားနှစ်ပါးလုပ်မည့် ကိုသန်းညွန့်နှင့် နန်းမုံဝေတို့ ဘီလူးညီနောင်ဘေးမှ ဂမ္ဘီဝတ်စုံကိုယူကာ ဝတ်ရသည်။ မိတ်ကပ်စိုးစိုးက အလွန်ကျွမ်းကျင်၍ ဆယ်မိနစ်မျှလောက်နှင့် မျက်နှာခြယ်သပြီးသွားသည်။ အစ်ကိုတော် ရာဝဏက စိမ်းစိမ်းလက်လက် ပြိုးပြက်နေသော ဒသဂီရိဝတ်စုံနှင့် ခန့်ငြားထွားကြိုင်း၍ နေသည်။ ရင်ကိုဖွင့်ကာ လက်နှစ်ဖက်ကို ပိုက်ထားပြီး ကျွန်မကို ဘီလူးပြုံးပြုံးကာ–

"ဟဲ... ဟဲ... နမတော် ဂမ္ဘီ၊ အိုကေတယ် မဟုတ်လား"ဟု နှုတ်ဆက်ကာ လက်ထဲမှ ကိုင်ထားသောသန်လျက်ကို ဟန်ပါပါ တစ်ချက်ဝင့်ပြသည်။

"ဟို... ကျွန်မ မဲဇလီ... အဲ– ဒေါင်းတောင်ရော" ဟု အပြေးအလွှားရှာမည်ပြင်တော့ လက္ခဏာမောင်အောင်ခိုင်က–

"ရော့၊ ဒီမှာ အစ်မကြီး ဒေါင်းတောင်"

ဟု ယူလာပေးသည်။

ဒေါင်းတောင်နှစ်ခုကို လက်ပြန်ဆုပ်လိုက်သည့်လက်ဖဝါးများ၏ သွေးလှည့်ပတ်နှုန်း ခံစားမှုက ရင်ထဲသည့်တိုင် စီးမျောဝင်ရောက်လာသည်။ ကျွန်မ ဂမ္ဘီ ဖြစ်သွားပြီ။

ထိုညမှာ ကျွန်မ၏ ကကွက်က သုံးခန်းဖြစ်သည်။ မော်ရုံတောမှာ တောမြိုင်များကို လှည့်ပတ်ကြည့်ရှုပြီး သားတော်နှစ်ပါးကို နယ်မြေအပိုင်စားပေးသော ဂမ္ဘီနယ်ပေးခန်း၊ သားတော်ဒုသနှင့် ခယ ရာမမင်းသား၏လေးချက်နှင့် သေပွဲဝင်သွားသော ဦးခေါင်းများကိုဖြတ်၍ မော်ကွန်းကမ္ပည်းထိုးထားခဲ့သည်ကို ရင်ကွဲပက်လက်

http://www.cherrythitsar.org



မြင်ရသော အခန်းနှင့် ရာမမင်းအပေါ် အငြိုးကြီးစွာနှင့် မောင်တော် ဒသဂီရိထံ အခစားဝင်၍ ရာမ၏ ဇနီး သီတာဒေဝီကို သိမ်းပိုက်ရန် ရွှေသမင်ယောင်ဆောင်ပြီး ဖြားယောင်းစေခန်း ဘဲလေးကကွက်တို့ ဖြစ်သည်။ ရာမဦးအုန်းမောင်က နောက်ခံစကားပြောပိုင်သည်။ ဆိုင်းက အပို့အပင့်ကောင်းသည်။ ဇာတ်ခွင်ထဲ သရုပ်ဆောင်တွေက ဇာတ်ကွက်မှာ စီးမျောသည်။ အမှားအယွင်းကင်းစွာ ထိုညက 'က' နိုင်ခဲ့ကြသည်။ ကျွန်မ အခန်းများမှာ ကျွန်မ ထွက်မလာခင် ရာမ ဦးအုန်းမောင်၏ နရေးရှင်းမှာ'ဂမ္ဘီသခင်မ'ဟု ပါလိုက်သည်နှင့် လက်ခုပ်သံများက ထွက်လာသည်။ ဂမ္ဘီလုပ်မည့် ကျွန်မကို ရှေ့မှ စာရေးဆရာများက ကြိုတင်အားပေးသော လက်ခုပ်သံ ဖြစ်သည်။ ထိုလက်ခုပ်သံတွေက စခြုလိုက်သလိုဖြစ်ပြီး ကျွန်မ ထွက်လာသည် နှင့် နောက်မှ ပရိသတ်က ဆက်တီးတော့ လက်ခုပ်သံက တော်တော် နှင့် မရပ်၊ အပေါ်က ကရသည့်သူမှာ အားတက်လိုက်သည့်ဖြစ်ခြင်း။

တစ်ရပ်ကွက်လုံး မဲဇလီပင်တုံးအောင် ဖြိုးလာခဲ့သည့် ကျွန်မ သည်ညကျခါမှ ဒေါင်းတောင်နှစ်လက်နှင့် သွက်လိုက်သည် မှာ ပြောစရာ မရှိ။ ပထမတစ်ခန်းပြီး၍ အထဲဝင်လာကတည်းက ဇာတ်ဆရာ ဦးမြတ်ကျော်က–

"ဂွတ်တယ်ဟေ့၊ နင် အတော်လမိုင်းကပ်တယ်"

ဟူသော မှတ်ချက်နှင့်အတူ ပွဲပြီးသွားသည်နှင့် ခင်မင် ရင်းနှီးသူများအားလုံး ဝိုင်းဝန်းနှုတ်ဆက်ထောပနာ ပြုကြသဖြင့် ကြည်နူးစိတ်တစ်ဝက်နှင့် မယုံမရဲ။

စာရေးဆရာတချို့ နှုတ်ဆက် ပြန်ကြပြီး တချို့က ကျောင်း

http://www.cherrythitsar.org



ပေါ်မှာ အိပ်ကြသည်။ အားလုံးလိုလို...

"နင် ဂမ္ဘီ လုပ်တာ တော်တယ်"

ဟု အားပေးကသည်။ (တကယ် ဟုတ်မဟုတ်တော့ မသိ၊ မကောင်းဘူးပြောရမှာ အားနာလို့လည်း ဖြစ်နိုင်သည်။)

ဆရာတစ်ယောက်က –

'ဂမ္ဘီဆိုတဲ့နာမည်နဲ့ ကလောင်ခွဲပြီး စာရေး'ဟု တိုက်တွန်းသည်။ ဘာပဲပြောပြော ထိုညကတော့ ကြည်နူးကျေနပ်စရာအတိနှင့် ကုန်ဆုံးသည်။

မနက်လင်းတော့ ကျွန်မ ဆိုင်ခင်းရကာ ပုံမှန်ဘဝ ပြန်ရောက်သည်။ အဲသည်မှာ မမျှော်လင့်ဘဲ ကျွန်မ၏ အချစ်တော်များ ကျွန်မဆိုင်ရှေ့သို့ ဘွားခနဲ ရောက်လာကြသည်။ ညဥ့်တုန်းကကြည်နူးမှုလေး မပြယ့်တပြယ်နှင့် ကျွန်မ နှုတ်ခမ်းများစူနေလိမ့်မည်မဟုတ်သလို ထူးခြားစွာနှင့်ပင် ကျွန်မ လိုက်လျောညီထွေ စကားစခင်းပေးလိုက်မိသွားသည်။

"ဘာလိုချင်လို့ပါလဲ၊ သံပုရာသီးသနပ်လား၊ သရက်သီးသနပ်လား"ဆိုတော့ သူတို့က ကျွန်မကို တလေးတစား ကြည့်ပြီး–

"ဝယ်တော့ဝယ်ပါ့မယ်၊ ဒါပေမဲ့ အစ်မနဲ့ စကားပြောချင်လို့ လာတာပါ"

ထူးထွေသည့် အံ့ရာသော်ပဲ၊ ကျွန်မ မျက်နှာကို အသက်အောင့်ကြည့်ခဲ့ဖူးသူတွေက...

"အစ်မ ညက သိပ်ကောင်းတာပဲ၊ ကျွန်မတို့ လာကြည့်တယ်"

http://www.cherrythitsar.org



ကျွန်မမျက်နှာ အစွမ်းကုန် ပြုံးသွားမိမည်ထင်သည်။ ကမန်းကတမ်း ပြန်ဘရိတ်ဖမ်းလိုက်ရသည်။ နောက်တစ်ယောက်က ထပ်ပြောသည်။

"ဟုတ်တယ် အစ်မ သိပ်တော်တာပဲ"

"ကိုယ့်ပုံစံနဲ့ ဘီလူးကကတော့ သူများထက် ပိုသဘာဝကျလို့နေမှာပေါ့"

"မဟုတ်ဘူး၊ အစ်မ ညက အရမ်းလှနေတယ်"

ဘုရားရေ၊ ကျွန်မကို လှတယ် ဆိုပါလား။ အရပ်ကတို့ရေ၊ ဟုတ်မှလည်း လုပ်ကြပါ။

"အစိမ်းရောင် ထိုင်မသိမ်းနဲ့ အဆင်တန်ဆာတွေက အစ်မကို စင်ပေါ်မှာ ထွားထွားကြီး ဖြစ်သွားတယ်။ ခေါင်းကလည်း တင်ခေါင်းဆိုတော့ အရပ်က ပိုမြင့်သွားသလိုပဲ။ ပြီးတော့ အစ်မ ဆံပင်တွေက အရှည်ကြီး၊ ဖားလျားချထားတာ သိပ်ကြည့်လို့ကောင်းတာပဲ"

အင်း... နောက်က ကြည့်လို့နေမှာပေါ့။ ကြည့်ကောင်းရုံတင်ပဲလား၊ စောစောကပြောတော့...

"မော်ရုံတောမှာ သားလေးနှစ်ယောက်နဲ့ လှည့်ပတ်ကတဲ့အခန်းမှာ ဒေါင်းတောင်နဲ့ သားတွေကို ကျောသပ်၊ ရင်သပ် ချစ်မဝတဲ့အခန်းက လှလိုက်တာ အစ်မရယ်၊ ပြီးတော့ တောအုပ်ထဲက အုတ်ခုံပေါ်မှာ သားနှစ်ယောက်ရဲ့ ခေါင်းတွေနဲ့ ကမ္ဗည်းကျောက်စာကို မြင်တော့ အစ်မဖြစ်သွားတဲ့ဟန်က မျက်စိထဲကကို မထွက်တော့ဘူး၊ ကျွန်မဖြင့် မျက်ရည်တောင်လည်တယ်၊တကယ်လှတာပါ အစ်မ

http://www.cherrythitsar.org



ရယ်၊ ဘုရားစူးရစေရဲ့၊ အဲဒါပြောပြချင်လို့ ကျွန်မတို့ အစောကြီး ဈေးလာကြတာပါ”

ကျေးဇူးတင်ပါတယ်လို့ ပြန်မပြောဖြစ်ခင်မှာပဲ သူတို့နှင့် ကျွန်မ နားလည်မှုရသွားသည့်အပြင် အကျည်းတန်သလောက် အလွန်အလှမက်ခဲ့ဖူးလေသော ကျွန်မ၏ဘဝအတွက် သူတို့၏ သတ်မှတ်ချက်တစ်စုံတစ်ရာက ကျွန်မကို ခွန်အားဖြစ်စေခဲ့လေသည်။

သူတို့ပြောသွားသည့် ‘လှတယ်’ဆိုတာ မိခင်မေတ္တာကို ဆိုလျှင်ဖြင့် ကျွန်မ အမြဲလှနေချင်ပါသည်။

Fashion Image

http://www.cherrythitsar.org



http://www.cherrythitsar.org



# အတုများ

သားတို့အိမ်မှာ အလှူလုပ်နေတယ်၊ ဝင်စားသွားကြပါဦး လား၊ မုန့်ဟင်းခါးကျွေးတာပါ၊ အရပ်ထဲက လူတွေအားလုံးလိုလို လာစားကြတယ်၊ ဝိုင်းလုပ်ပေးကြတဲ့အိမ်နီးချင်းတွေလည်း အများ ကြီးပဲ၊ မေမေတစ်ယောက်တည်း ဧည့်ခံနေရတာ သနားပါတယ်။ အခုနေ ဖေဖေပြန်လာရင် သိပ်ကောင်းမှာပဲ။ သားကတော့ ခါတိုင်း နေ့တွေလို ရှပ်အင်္ကျီလက်ရှည်အဖြူကလေးဝတ်ပြီး လွယ်အိတ်တစ် လုံးကိုလွယ်ထားတဲ့ဖေဖေ အိမ်ပြန်လာတဲ့လမ်းကို မျှော်မျှော်ကြည့် နေမိတယ်။

ဒါပေမဲ့ ဖေဖေက ဘယ်ပြန်လာတော့မလဲနော်၊ ခေါင်းရင်း ဘုရားစင်အောက်က စားပွဲပုကလေးပေါ်မှာ မနက်အထိ တင်ထား တဲ့ ဖေဖေ့ဓာတ်ပုံတစ်ပုံနဲ့အတူ ဖေဖေ့ ဝတ်စုံတစ်စုံရယ်၊ စားစရာ ထည့်ထားတဲ့ ပန်းကန်နဲ့ ရေခွက်၊ ဖန်ခွက်ကလေးတွေကိုတောင် ဖယ် ပစ်လိုက်ကြပြီလေ။

http://www.cherrythitsar.org



အခု အိမ်ပေါ်ကို တက်လာကြတာ ဖေဖေ့ အပေါင်းအသင်းတွေပေါ့။ သူတို့က မုန့်ဟင်းခါးပြင်ထားတဲ့ ဝိုင်းကို မဝင်ခင် အိမ်ရှေ့ ကပြင်ပေါ်မှာ စားပွဲခုံတစ်ခုလုံး ဗလာစာအုပ်တစ်အုပ်နဲ့ ပိုက်ဆံတွေ အထပ်လိုက်ထောင်ထည့်ထားတဲ့ ဖန်ခွက်တစ်ခွက်နဲ့ အတူ ထိုင်နေတဲ့ ဦးလေးပိုက်ဆီ အရင်ဝင်ပြီး အိတ်ကပ်ထဲက ပိုက်ဆံတွေ နှိုက်ပေးနေကြတယ်။ ကြည့်ရတာ တစ်မျိုးကြီးပဲ။ မေမေက မနက်တုန်းက အဲသည်လို လုပ်တာကို မကြိုက်လို့တားပါသေးတယ်။ ခေါင်းရင်းအိမ်က ဦးလေးပိုက်နဲ့ အိမ်နီးချင်းတွေက အတင်းလုပ်ကြတာ။ မေမေပြောတဲ့ မျက်နှာပူစရာကြီးဆိုတာကို ဘာမှန်းညာမှန်း သေသေချာချာမသိပေမဲ့ သားလည်း မေမေ မကြိုက်တာကို မလုပ်စေချင်ဘူး။

သားက အစကတည်းက လိမ္မာတာတော့ မဟုတ်ပါဘူး။ ဖေဖေ မကြိုက်တာကို အမြဲလုပ်ခဲ့တာပါ။ အခု ဖေဖေ မရှိတော့ သား လိမ္မာချင်လိုက်တာ၊ မိဘစကားနားမထောင်ရင် ငရဲကြီးတတ်တယ်လို့ မေမေ ပြောဖူးတယ်၊ သားကတော့ ငရဲကြီးမှာ ကြောက်တာထက် ဖေဖေမကြိုက်တာတွေ လုပ်ခဲ့မိလို့ ဖေဖေ သားကို စိတ်ဆိုးနေမှာကို ပိုကြောက်တယ်၊ ပြီးတော့ ဖေဖေ့ကို သား သိပ်သနားတာပဲ၊ ဖေဖေ့ကိုပဲ မြင်ယောင်နေတယ်။ သားရင်ထဲမှာ တစ်မျိုးကြီးပဲ မေ့ပစ်လို့ မရဘူး။ အခု သားမှာ မေမေတစ်ယောက်တည်း ရှိတော့တယ်။ ဖေဖေ့လိုမျိုး မေမေ သားကို ထားခဲ့မှာ သားအရမ်းကြောက်တာပဲ။ အဲဒီလိုသာဆို သား ဘယ်သူနဲ့ နေရတော့မှာလဲနော်။

http://www.cherrythitsar.org



အိမ်မှာ တဖြည်းဖြည်း လူတွေ နည်းသွားပြီ၊ ဖေဖေ့အစ်မ ကြီးကြီးတို့မိသားစုနဲ့ ခေါင်းရင်းအိမ်က ဦးလေးပိုက်တို့လင်မယားပဲ ကျန်တော့တယ်၊ လမ်းထဲက လူသုံးလေးယောက်ကတော့ အိမ် အောက်မှာ မုန့်ဟင်းခါးဟင်းရည်အိုးကြီးကို ဆေးကြောနေကြတယ်။ အဲဒီအချိန်မှာ ဦးလေးပိုက်က ပိုက်ဆံတွေကို ရေတွက်ပြီး စာရင်း စာအုပ်နဲ့ မေမေ့ကို လာပေးရင်း–

"အရပ်က ကူတာကို ယူကောင်းတယ် ငါ့နှမရဲ့၊ ရပ်နဲ့ရွာ နဲ့နေတာ၊ သာရေးနာရေးမှ မဝိုင်းဝန်းကြရင် ဘယ်ဖြစ်မတုံး၊ ညည်း မလဲ ကုန်တာခမ်းတာ နည်းမှတ်လို့ ရှေ့လျှောက် ကလေးတစ် ယောက်နဲ့ လုပ်ကိုင်စားသောက်ရမှာကရှိသေးတယ်"

မေမေက ဦးလေးပိုက်ပြောတာကို နားထောင်ရင်း မျက် ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပါလေရော။

"တို့များကိုလည်း အစ်ကိုရင်း အစ်မရင်းလို သဘောထား ပြီး အစစအရာရာ အားကိုးနိုင်ပါတယ်ကွယ်၊ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးတဲ့၊ ငါတို့မှာ စောင့်ရှောက်ရမယ့် ဝတ္တရား ရှိပါတယ်၊ မောင်ခင်အောင်ရှိတုန်းကလည်း တို့မှာ မောင်တစ်ယောက်လို အား ကိုးခဲ့ရတာ"

ဦးလေးပိုက်မိန်းမက ဖေဖေ့နာမည်ထည့်ပြောလိုက်ကာမှ မေမေက တရှုံ့ရှုံ့နဲ့ ငိုပါလေရော၊ မေမေငိုတော့လည်း လိုက်ငိုမိ တာပေါ့၊ ဒါနဲ့ပဲ ဦးလေးပိုက်က–

"ကဲပါ၊ ငါ့နှမရယ်၊ သေတဲ့လူလည်း သေပြီပဲ၊ ညည်းက ဒီလိုဖြစ်နေတော့ ကလေးက ပိုအားငယ်မှာပေါ့၊ တော်ပါတော့ကွယ်

http://www.cherrythitsar.org



ရှေ့လျှောက် ဘယ်လိုစခန်းသွားမလဲလို့သာ ခေါင်းအေးအေးနဲ့ စဉ်းစား၊ ကဲ ငါ့သားလည်း တိတ်တော့နော်၊ သွား... ကစားချည်”

ဆိုတော့ မေမေကပါ မျက်ရည်သုတ်ပြီး သားကို–

“သားလေး... သား ကစားစရာတွေအားလုံး မေမေ့ အိပ်ခန်းထဲမှာ စုပြီးပုံထားတယ်၊ သွားကစားနော်”လို့ ပြောတယ်။

သားက မကစားချင်ပါဘူး။ ဒါပေမဲ့ မေမေတို့ရှေ့ကနေ ထပြီး အခန်းထဲ ဝင်လာခဲ့တယ်။ အထဲရောက်တော့ အခန်းထောင့်မှာ မေမေစုပုံထားတဲ့ သားရဲ့ ကစားစရာတွေထဲမှာ မျက်နှာဖုံးရုပ်တွေကိုပါ တွေ့ရတယ်။ သားငိုချင်လိုက်တာ။ မျက်နှာဖုံးရုပ်တွေကို ကိုင်ကြည့်ရင်းနဲ့ ဖေဖေ့ကို တအားသတိရလာတယ်။ သည်မျက်နှာဖုံးတွေကို ဖေဖေ မသိအောင် သား ခိုးပြီး ဝယ်ထားတာတွေပေါ့။ အဲဒီအတွက် ဖေဖေ သားကို ခဏခဏ စိတ်ဆိုးဖူးတယ်၊ ဟိုတလော တုန်းကဆို အရိုက်တောင် ခံရတယ်။

မေမေ သားကို တစ်နေ့ ကျောင်းမုန့်ဖိုး ငါးကျပ်ပေးတယ်။ အဲဒီ ငါးကျပ် စပေးတဲ့နေ့က မေမေပြောတာကို သား မှတ်မိနေသေးတယ်။

“မေမေတို့ ငယ်ငယ်တုန်းက သားအရွယ်မှာ ကျောင်းမုန့်ဖိုး တစ်မတ်ရတာပဲ၊ ဒါတောင် မေမေတို့မိဘက ပိုက်ဆံမရှားလို့၊ တချို့ မေမေ့သူငယ်ချင်းတွေဆို ဆယ်ပြားပဲ ရတာ၊ အဲဒီပိုက်ဆံထဲက မေမေ မုန့်ဝယ်စားတယ်၊ စုလည်းစုတယ်၊ သားလည်း ပိုက်ဆံစုတာ အကျင့်လုပ်ဦးနော်”တဲ့။

မေမေ ပိုက်ဆံတစ်မတ်ထဲက ဘာဝယ်စားပြီး ဘယ်

http://www.cherrythitsar.org



လောက်စုသလဲလို့ သားသိချင်လိုက်တာ၊ ပြီးတော့ မေမေက မုန့်ဖိုး ပေးတိုင်း သားကို–

“သားလေး မတည့်တာတွေ ဝယ်မစားနဲ့နော်”

လို့ ပြောသေးတယ်။

“တည့်တာက ငါးကျပ်ဖိုးမှ မရောင်းတာ မေမေရဲ့”

လို့ သားက ပြန်ပြောချင်တာ၊ ဒါပေမဲ့ မပြောပါဘူး။ မေ မေပေးတဲ့ မုန့်ဖိုးကို အသာလေးပဲ ယူခဲ့တယ်။ သားက တည့်တာ လည်း စားမှ မစားချင်တာ။ တရုပ်ကို ဆယ့်ငါးကျပ်နဲ့ရောင်းတဲ့ မျက်နှာဖုံးရုပ်တွေကို မုန့်ဖိုးသုံးရက်စုပြီး ဝယ်လိုက်တယ်။

သားတို့ကျောင်းရှေ့မှာ ကျောင်းမတက်ခင် လာလာရောင်း တဲ့ မျက်နှာဖုံးအရုပ်သည်ကြီးဆီမှာ အမြဲတမ်း ကျောင်းသားတွေ အုံခဲနေတာပဲ။

သူ့ရဲ့ သစ်သားတန်းကလေးတွေနဲ့ လုပ်ထားတဲ့ လက်ကိုင် စင်ကလေးပေါ်မှာ ဝက်ဝံရုပ်၊ ကျားရုပ်၊ မျောက်ရုပ်၊ ကာတွန်းရုပ် နဲ့ တခြားအရုပ်မျိုးစုံရဲ့ မျက်နှာကြီးတွေကို ကပ်ထူနဲ့ လုပ်ပြီး ဆေး ရောင်ခြယ်ထားတဲ့ မျက်နှာဖုံးတွေ ချိတ်ထားတာ သိပ်ပြီး လိုချင်စရာ ကောင်းတာပဲ။ တအားလည်း ရောင်းရတယ်။ သားကတော့ သူများ လို နေ့တိုင်း မဝယ်နိုင်ပါဘူး။ တစ်နေ့မှ မုန့်ဖိုးငါးကျပ်ပဲရတော့သုံး ရက်လုံးလုံး မုန့်အငတ်ခံပြီးစုမှ မျက်နှာဖုံးတစ်ရုပ်ပဲ ရတယ်။ တစ်ခါ တစ်ခါ ပိုက်ဆံမပြည့်သေးလို့ အရုပ်မဝယ်နိုင်တဲ့နေ့မျိုးဆို မေမေ ငယ်ငယ်တုန်းက မုန့်ဖိုးတစ်မတ်ရတဲ့အချိန်မှာ မေမေ့သူငယ်ချင်းတွေ က ဆယ်ပြားပဲ ရတယ်တဲ့။ အခု သားကျတော့ ငါးကျပ်ရတဲ့အချိန်

http://www.cherrythitsar.org



မှာ ဘာဖြစ်လို့ သားသူငယ်ချင်းတွေကျတော့ လေးဆယ် ငါးဆယ် ရတာလဲလို့ မေးကြည့်ချင်စိတ်ပေါက်လာတယ်။ အခုတော့ သူများ တွေ တစ်ရက်ထဲနဲ့ တစ်ခု နှစ်ခု ဝယ်နေတဲ့အချိန်မှာ သားက သုံး ရက်ပေါင်းမှ တစ်ခု ဝယ်ရတယ်။

မျက်နှာဖုံးဝယ်တာကို ဖေဖေသိသွားတော့ သားကို ဆူပါ လေရော၊ မေမေရောပဲပေါ့။

"အဲဒီအရုပ်က ဘယ်လောက်ပေးရလဲ"ဆိုတော့ သားက–

"ဆယ့်ငါးကျပ်"လို့ အမှန်အတိုင်း ပြောလိုက်တာပေါ့။

"မင်းကိုပေးတဲ့ မုန့်ဖိုးက ငါးကျပ်၊ ကျန်တဲ့ တစ်ဆယ်က ဘယ်က ရသလဲ"လို့ ထပ်မေးတော့–

"ပထမနေ့တွေက မုန့်မစားဘဲ စုထားတာ"

လို့ ပြန်ဖြေလိုက်တာပေါ့၊ ဒီတော့ ဖေဖေက–

"မင်းကို မုန့်ဖိုးပေးတာ မုန့်စားဖို့ ပေးတာ၊ အရုပ်ဝယ်ဖို့ ပေးတာမဟုတ်ဘူး၊ နောက်ကို မုန့်မစားဘဲ အဲဒီအရုပ်တွေ ဝယ်လာ ရင် အရိုက်ခံရမယ်၊စက္ကူကိုဆေးသုတ်ပြီး သားရေကွင်းနဲ့ တပ်ထား တာ၊ ခဏလေးနဲ့ စုတ်ပြဲသွားမယ့်ဟာ တန်လည်းမတန်ဘူး၊ နောက် ကို ဝယ်မလာနဲ့"လို့ ပြောတယ်၊ သားက–

"ဖေဖေကလည်း အရုပ်သည်ကြီးဆီမှာ လူတွေကို ဝိုင်းနေ တာပဲ၊ သားတစ်ယောက်တည်း ဝယ်တာမဟုတ်ဘူး၊တစ်ကျောင်းလုံး ဝယ်ကြတာ မတန်ရင် ဘယ်ဝယ်မလဲ"ဆိုတော့–

"ဟေ့ကောင် အဲဒီကလေးတွေက ပိုက်ဆံပေါလို့ ဝယ်တာ ကွ၊ သူတို့မိဘတွေနဲ့ မင်းမိဘတွေက တူတာမဟုတ်ဘူး၊ပြီးတော့အရုပ်

http://www.cherrythitsar.org



သည်တွေက ကလေးတွေဆီက မုန့်ဖိုးကို ညာယူတာကွ၊ မင်းသိရဲ့လား၊ ငါက မဝယ်နဲ့ဆို မဝယ်နဲ့နော်၊ နောက်တစ်ခါ အဲဒီမျက်နှာဖုံးရုပ်တွေ ဝယ်လာလို့ကတော့ မင်းအသေဘဲ"တဲ့။

အဲဒါနဲ့ပဲ သား နောက်ကျတော့ မျက်နှာဖုံးတစ်ရုပ်ဝယ်ပြီးတိုင်း ဖေဖေမတွေ့နိုင်တဲ့နေရာမှာ ဝှက်ဝှက်ထားရတယ်၊ မေမေလည်း မမြင်အောင်လို့ပေါ့။ မေမေ မြင်သွားရင်လည်း ဖေဖေ့ကို ပြန်တိုင်မှာပဲလေ။

မျက်နှာဖုံးအရုပ်လေးတွေ စုံအောင်လို့သားက စုနေတာ၊ မျက်နှာဖုံးအရုပ်လေးတွေ စုံခါနီးလာလေ နောက်ထပ်မျက်နှာအသစ်အသစ်တွေ ထပ်ထပ်ပါလာလေဆိုတော့ တစ်ရုပ်ရပြီးရင် နောက်ထပ်တစ်ရုပ်အတွက် ပိုက်ဆံထပ်စုရပြန်ရော။

အဲဒါနဲ့ တစ်နေ့ကျတော့ ဘယ်သူမှ မမြင်အောင် သားဟာသား တိတ်တိတ်ကလေး ဝှက်ထားတဲ့နေရာက မျက်နှာဖုံးအရုပ်တွေကို ဖေဖေ ဘယ်လိုရှာတွေ့သွားလဲမသိဘူး။ သားကို ဒေါသထွက်ထွက်နဲ့ ကြိမ်လုံးနဲ့ ရိုက်တော့တာပဲ။ မေမေက–

"တော်ပါတော့ကွယ်၊ သားကလည်း ခေါင်းမာတာကိုး"

ဆိုပြီး ဝင်ဆွဲမှ ကြိမ်လုံးကိုချပြီး အိမ်ရှေ့က ပက်လက်ကုလားထိုင်မှာ တစ်ယောက်တည်းသွားထိုင်ပြီး မျက်မှောင်ကြီးကြုပ်နေတယ်၊ အဲဒီတုန်းကလေ သားဖေဖေ့ကို မုန်းလိုက်တာ၊ မခေါ်ချင်တော့ဘူး၊ ကိုယ့်ဟာကိုယ် မုန့်တော်ခံပြီး ဝယ်ထားတဲ့ဟာကိုသူ့ပိုက်ဆံခိုး ဝယ်တာကျနေတာပဲ။ သားလည်းကလေးပဲ သူများလိုပဲ ကစားချင်တာပေါ့။

http://www.cherrythitsar.org



ဖေဖေဟာ တစ်ယောက်တည်း ကုလားထိုင်ပေါ်မှာ ထိုင်နေရာကနေ အတော်လေးကြာတော့ သားဆီကို ထလာတယ်။ သားက ဖေဖေ့ကို မကြည့်ပါဘူး။ မျက်လုံးထောင့်ကနေ မြင်နေရတာ။ ဖေဖေက သားပခုံးကို လာဖက်တယ်။ သားက မော့မကြည့်တော့–

"ဟော့ကောင် မင်းဖေဖေ့ကို စိတ်ကောက်နေတာလား"

တဲ့။ မေမေက ဖေဖေနဲ့သားကို ပြုံးပြီး ကြည့်နေတယ်။ ဖေဖေက တအားရိုက်ပြီးရင် သားကြိုက်တဲ့ မုန့်တစ်ခုခုလည်း ဝယ်ကျွေးတတ်သေးတယ်။

"ကဲပါသားရယ်၊ နောက်ကို မုန့်အငတ်ခံပြီး သား အဲဒီအရုပ်တွေ မဝယ်နဲ့တော့နော်၊ သားကို ဖေဖေ တစ်ပတ်ကို မျက်နှာဖုံးအရုပ်တစ်ခုတစ်ခု ဝယ်လာပေးမယ်"

ဆိုလို့ သား ဝမ်းသာအားရနဲ့ ဖေဖေ့ကို မော့ကြည့်လိုက်တယ်။

"တကယ်လား ဖေဖေ"

"တကယ်ပေါ့၊ သားက အဲဒီမျက်နှာဖုံးတွေကို သိပ်ကြိုက်နေတာ့ ဖေဖေပဲ ဝယ်ပေးတော့မယ်၊ တစ်ပတ်ကို တစ်ရုပ်ပဲ ရမယ်နော် ဒီကြားထဲမှာ သား မဝယ်ရဘူး"

တဲ့။ ဖေဖေ့ကို သားခေါင်းညိတ်ပြလိုက်တယ်။

တကယ်တော့ သားက ဘယ်နေမှာလဲ။ ဖေဖေဝယ်ပေးတဲ့ မျက်နှာဖုံးတွေကိုလည်း ယူပြီး ဖေဖေတို့မြင်အောင် တပ်ပြီး ကစားတယ်။ သားဟာသား ထပ်စုပြီး ဝယ်တဲ့ဟာတွေကိုလည်း ဖေဖေတို့ မမြင်အောင် ဝှက်ပြီး ကစားတယ်။

http://www.cherrythitsar.org



သားပိုက်ဆံနှစ်ရက်စုလို့ တစ်ဆယ်ရထားတဲ့တစ်နေ့မှာပဲ ညနေကျောင်းအပြန်မှာ မနက်ဖြန်ခါ အရုပ်တစ်ရုပ်ဝယ်လို့ရတော့မှာမို့ ပျော်ပြီး ပြန်လာတယ်။ အခုအရုပ်သည်ကြီးဆီမှာ သံခေါင်းစွပ်မင်းသားပုံမျက်နှာဖုံးအသစ်တစ်ခု ထပ်ရောက်နေပြန်ပြီ။ မနက်ဖြန်ခါကျရင် အဲဒီပုံဝယ်လို့ရတော့မယ်ဆိုပြီး စိတ်ကူးထဲမှာ မြင်ယောင်ပြီး ပြန်လာတုန်း အိမ်ရှေ့ရောက်တော့ အိမ်ပေါ်မှာ လူတွေ ဆင်းလိုက်တက်လိုက်နဲ့ ဖြစ်နေပြီး မေမေကလည်း သားကို မြင်တာနဲ့ ဖက်ပြီး ငိုတယ်။ မေမေငိုတာကို အဲဒီနေ့ကမှ သားစပြီး မြင်ဖူးတာ။ သား အရမ်းလန့်သွားတယ်။ အိမ်မှာ ဘာဖြစ်တာလဲ ဖေဖေရော။

ဖေဖေဆုံးလို့တဲ့။ ဖေဖေ ကားတိုက်ခံရလို့ ဆုံးသွားပြီတဲ့။ အခု ရေခဲတိုက်ထဲမှာတဲ့။ ဟင် … ဒုက္ခပါပဲ၊ ဒါဆို သားမှာအဖေ မရှိတော့ဘူးပေါ့၊ ဖေဖေ … ဖေဖေရေ … ။

အိမ်မှာ ဖေဖေဆုံးတော့ သားကျောင်းမတက်ရတော့ဘူး။ ဒီနေ့ ဖေဖေရက်လည်ပြီ။ မနက်ဖြန် သားကျောင်းပြန်တက်ရတော့မယ်။

အခန်းထောင့်က မေမေစုပုံထားတဲ့ သားရဲ့ ကစားစရာတွေထဲမှာ ဖေဖေမရိုက်ခင်တုန်းက သားဝယ်ပြီး စုထားခဲ့တဲ့ မျက်နှာဖုံးရုပ် အဟောင်းတွေကိုပါ ပြန်တွေ့လိုက်ရတယ်။ ဟင် … ဒါဆို ဖေဖေ သားအရုပ်တွေကို ဖျက်ဆီးမပစ်ခဲ့ဘူးပေါ့။

မနက်ဖြန်ခါ သား ကျောင်းပြန်တက်လို့ မေမေမုန့်ဖိုးပေးရင် သံခေါင်းစွပ်မင်းသားမျက်နှာဖုံး ဝယ်လို့ရပြီ။

သားဝယ်ရင် ကောင်းမလား၊ မဝယ်ရင် ကောင်းမလား။

http://www.cherrythitsar.org



ဖေဖေ့စကားလည်း နားထောင်ချင်တယ်၊ သံခေါင်းစွပ်မင်းသား အရုပ်လည်း လိုချင်တယ်၊ သား ဘာလုပ်ရရင် ကောင်းမလဲဟင်။

* * *

မေမေက သားကို ထုံးစံအတိုင်း မုန့်ဖိုးငါးကျပ် ထုတ်ပေးတယ်။ တိုင်မှာ ချိတ်ထားတဲ့လွယ်အိတ်နဲ့ ဦးထုပ်ကိုယူပြီး ကျောင်းကို လာခဲ့ရင်းက လမ်းမှာ ကွန်ပါဘူးထဲက အံကလေးထဲမှာ ထည့်သိမ်းထားတဲ့ ပိုက်ဆံတစ်ဆယ်ကို ထုတ်ယူပြီး လက်ထဲက မေမေပေးလိုက်တဲ့ ငါးကျပ်နဲ့ ပေါင်းကိုင်ရင်းက လျှောက်လာခဲ့တဲ့ သားခြေထောက်တွေက အလျင်လို မမြန်ဘဲ နှေးကွေးနေကြတယ်။

ကျောင်းနားရောက်တော့ သားရင်တွေ တထိပ်ထိပ်နဲ့ ခုန်နေတယ်။

'ဝယ်ရင်ကောင်းမလား၊ မဝယ်ရင်ကောင်းမလား'နဲ့ ရင်ထဲမှာ တစ်ယောက်တည်း မေးနေတယ်။ သားသိပ်ကြိုက်တဲ့သံခေါင်းစွပ်မင်းသားရုပ်ကိုလည်း မျက်စိထဲမှာ မြင်နေတယ် နောက်တော့–

'ဝယ်လိုက်မယ်၊ သံခေါင်းစွပ်မျက်နှာဖုံးရပြီးရင် မနက်ဖြန်ကစပြီး နောက် ဘယ်တော့မှ မဝယ်တော့ဘူး'လို့ စိတ်ကို ဒုံးဒုံးချပြီး သားဖေဖေ့ကို သတိရနေရင်းက မုန့်စားတန်းက အရုပ်သည်ကြီးဆီကို လာနေမိတယ်။ သံခေါင်းစွပ်ရုပ်ကလေးမှ ရှိသေးရဲ့လားလို့ သားစိတ်ပူပြီး လှမ်းအကြည့်မှာ–

"ဟင်... အရုပ်သည်ကြီး မထွက်ပါလား"

သားလိုပဲ မျက်နှာဖုံးဝယ်နေကျ ကောင်တွေကလည်း အဲဒီ

http://www.cherrythitsar.org



နေရာကို ရောက်လာကြပြီး –

"ဟာ... ဒီနေ့လည်း မလာဘူးကွ"

လို့ စိတ်ပျက်လက်ပျက် ပြောနေကြတုန်း အရုပ်သည်အေး က ဆီးသီးလှည်းဆီက–

"ဟေ့ကောင်တွေ မင်းတို့ မျက်နှာဖုံးသည် ဘယ်တော့မှ လာမှာ မဟုတ်တော့ဘူးကွ"ဆိုတဲ့ အသံ ကြားလိုက်ရတယ်။

"ဘာဖြစ်လို့လဲဗျ"

လို့ တစ်ယောက်က လှမ်းမေးလိုက်တော့–

"ဘာဖြစ်ရမလဲကွ၊ မင်းတို့အရုပ်သည်ကြီးက မျက်နှာမှာ မျက်နှာဖုံးကြီးအမြဲအုပ်ထားပြီး ကားလမ်းကူးတော့ ဘေးက ကလေး တစ်ယောက်က ဝင်တိုက်လိုက်တာ မျက်နှာဖုံးရွေ့ပြီး မျက်စိပိတ်သွား တုန်း ကားနဲ့ ဝင်တိုးလို့ ကိစ္စချောသွားပြီ"

ဆိုတော့ အားလုံးဆီက–

"ဟာ... သနားပါတယ်"

ဆိုတဲ့အသံ ထွက်လာတယ်။

ဟုတ်သားပဲ။ အရုပ်သည်ကြီးက အမြဲတမ်းပဲ မျက်နှာဖုံး အကြီးစားကြီး မျက်နှာမှာ တပ်တပ်ပြီး ရောင်းလို့ သားလည်းသူ့ ကို တစ်ခါမှတောင် မမြင်ဖူးလိုက်ဘူး။ သနားစရာကောင်းလိုက် တာ...။

**ကလျာမဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# လေများရဲ့ ဝန်းကျင်

ပါးစပ်တွေ… ပါးစပ်တွေ၊ ဘာဖြစ်လို့များ ဒီလောက် တောင် လှုပ်ခတ်နေကြတယ် မသိဘူး။ အဲဒီပါးစပ်တွေသာ အားလုံး ပိတ်ထားရင် လောကကြီး အတော်အေးချမ်းသွားမှာ…။

* * *

မနက်အရဏ်တက်တာနဲ့ ကျွက်စီကျွက်စီအသံတွေ ကြား ရရင် ဈေးတန်းထဲမှာ မိဂျမ်းတို့ ရောက်ပြီသာမှတ်…။

အဲဒီက မနက်တိုင်း… မနက်တိုင်း… ဘကြီးခက် အတွက် နှိုးစက်မြည်သံ။ ဈေးတန်းကလေးပေါ် မေးတင်ထားတဲ့ ဘကြီးခက်ရဲ့ အိမ်အောက်ထပ်ဟာ မိဂျမ်းတို့ အေးလှတို့လို ငါးစိမ်း ငါးစိုရောင်းတဲ့သူတွေ၊ ဖြူသေးတို့ ထွေးရီတို့လို ကုန်စိမ်းသည်တွေ တင်မက ညွန့်စိန်တို့ စမ်းကြည်တို့လို ငါးခြောက် ငါးခြမ်းရောင်းသူ တွေအတွက်ပါ နေ့ခင်းနေ့လယ် ထမင်းဝင်စားရင်း နားခိုစရာ၊ ဈေး ဗန်းအပ်ရာနေရာ ဖြစ်သည်။

http://www.cherrythitsar.org



မနက်မိုးမလင်းခင် ငါးဒိုင်က ငါး၊ ပုစွန်တိုက်လာသူတွေရဲ့ အော်သံဟစ်သံ၊ အလုပ်သမားတွေ ကုန်တင်ကုန်ချရင်း ဆူသံဆဲသံ။ သီရိမင်္ဂလာဈေးက ဟင်းသီးဟင်းရွက်ကြိုလာကြသည့် ဖြူသေးတို့၏ ဈေးဗန်းခင်းရင်း နယ်နိမိတ်လုသံ၊ မင်္ဂလာဒုံဘက်၊ ဘောက်ထော်ဘက်မှ လာပို့သော ခြံထွက်ပစ္စည်းများကို လုဝယ်ကြသံတွေ ဆူညံလာတာနှင့် ဘကြီးခက် အိပ်ရာထဲမှ လူးလဲထကာ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုရသောအလုပ်က နိစ္စဓူဝကိစ္စ ဖြစ်သည်။

တစ်ခါတစ်ရံ ဘုရားကန်တော့ကာ အမျှအတန်းဝေ၍မျှမပြီးသေးခင် အယုတ္တအနတ္တတွေ အော်ကြီးဟစ်ကျယ် ဖြစ်လာလျှင်တော့ အပြင်ဘက် ခေါင်းပြူပြီး–

"ဟဲ့ ကောင်မတွေ...၊ ဘယ်လိုဖြစ်နေကြတာလဲ၊ စောစောစီးစီး ကျက်သရေမရှိဘူး၊ ပိတ်ကြစမ်း နင်တို့ပါးစပ်တွေ၊ ခုချက်ချင်း ပိတ်၊ ပြောမရရင် ညနေကျ ငါ့အိမ်ထဲ တစ်ယောက်မှဝင်မလာကြနဲ့"

လို့ တစ်ချက်ငေါက်လိုက်တာနဲ့ လေသံတွေ လျော့သွားစမြဲ။ ဘကြီးခက်ကို မလွန်ဆန်နိုင်ပေမဲ့ အချင်းချင်းအလျှော့မပေးချင်တဲ့ မိဂျမ်းတို့လို လူမျိုးကတော့ မကြားတကြားနဲ့–

"အံမလေး ကျုပ်တို့ကလည်း မလွဲသာလို့သာ ဒီနေရာကို လာနေရတာပါတော်၊ အခုထီပေါက်ကြည့် အခုဈေးဗန်းတွေ ချောင်းထဲ ကန်ချပစ်မှာ"

လို့ ပြောဖြစ်အောင် ပြောလိုက်သေးတာ။ ဘယ်သူတွေဘာပဲ ပြောပြော ဘကြီးခက် စိတ်ဆိုးမှာကိုတော့ သူတို့အားလုံး

http://www.cherrythitsar.org



ကြောက်ကြသည်။ ဘကြီးခက်လို တစ်လ ငါးရာနှင့် ဈေးဗန်းအအပ် ခံသည့်အိမ်သည် ဈေးနားလေးမှာ တစ်အိမ်မျှမရှိ။ ကျန်တဲ့အိမ်တွေ က သူတို့ကိုယ်တိုင် ဆန်ဆိုင်၊ ဆီဆိုင်တွေ ကုန်ခြောက်ဆိုင်ကြီးတွေ လက်ကားဒိုင်တွေ ဖွင့်ထားကြသည်။ နားအေးပါးအေးနှင့် ရှင်းရှင်း လင်းလင်း နေတတ်သော ဘကြီးခက်သာ ဈေးနှင့် မနီးမဝေးလမ်းမ ပေါ်တွင် သံဖြူဆိုင်လေးတစ်ဆိုင် ထောင်ထားပြီး အိမ်အောက်ထပ် တွင်တော့ သူ့အိမ်ရှေ့မှ ဈေးသည်တွေကို ပစ္စည်းထားခွင့်ပေးထား သည်။ ဘကြီးခက်အနေနှင့် ဈေးသည်တစ်ယောက် ငါးရာနှင့်ဆယ် ယောက်လောက်ထားလိုက်သည်နှင့် တစ်လ ငါးထောင် ဝင်ငွေရှိ သွားသလို သူတို့အနေနှင့်လည်း ဈေးကောက်ပေးပြီး ပုံကျရောင်း ရသော နေရာမို့ ထင်းရှူးပုံးနှင့် သစ်သားဗန်းကိုသာ ယာယီဆိုင်ခံ လုပ်ပြီး တစ်နေ့တစ်ကြိမ် သွင်းလိုက်ထုတ်လိုက်နှင့် တည်ခင်းရောင်း နေရသူတွေမို့ ဘကြီးခက်သာ တစ်လငါးရာနှင့် ပစ္စည်းအအပ်မခံ လျှင် ဈေးခုံဈေးဗန်းတွေသာမက အလေးချိန်ခွင်၊ ကုန်ပစ္စည်းအကြွင်း အကျန်တွေပါ သူတို့နေကြသော ဒဂုံ၊ ရွှေပြည်သာ၊ သာကေတ၊ ဥက္ကလာအထိ ပြန်သယ်ကြရပေလိမ့်မည်။ ငွေငါးရာဆိုတာ တစ်နေ့ မှ ဆယ့်ငါးကျပ်ကျော်ကျော်ကျသည်။ ဒီတော့ မဖြစ်မနေ ကုန်ရမည့် အဲဒီစရိတ်တွေကို နည်းနည်းပိုရှာ (သို့မဟုတ်) နည်းနည်းချွေတာ လိုက်ရုံနှင့် မနက်မိုးမလင်းခင် သနပ်ခါးအဖွေးသားနှင့် ဈေးသွားကြို နိုင်ပြီး ညနေဆိုင်သိမ်းလျှင်လည်း ခြေလွတ်လက်လွတ် ပေါ့ပေါ့ပါး ပါး အိမ်ပြန်နိုင်ကြသည်။

အဲ– တစ်ခုပဲ သတိထားရတာက ဘကြီးခက်က အလွန်

http://www.cherrythitsar.org



နားငြီးတတ်သည်။ သူတို့ဈေးတန်းကလည်း အသံတိတ်ရောင်း၍မရ၊ သည်တော့ သူတို့က ဆူလိုက်၊ ဘကြီးခက်က ထွက်ဆဲလိုက်။ တော်ကြာ ပြန်အဆင်ပြေသွားလိုက်နှင့် မနက်ကိုးနာရီ ဆယ်နာရီ ဘကြီးခက် သံဖြူဆိုင်မသွားမချင်း လုံးလည်လိုက်နေတတ်သည်။ သူတို့ဈေးသည်တွေအုပ်စုထဲတွင် ကုန်စိမ်းရောင်းသော ဖြူသေးနှင့် ညက်ပုအမြွာညီအစ်မကိုတော့ ဘကြီးခက်က ချစ်သဖြင့် ထိုသေးသေးကွေးကွေးနှစ်ယောက်ကတော့ ကလေးပီပီ တစ်ခါတစ်ရံ ဘကြီးခက်ကိုနှုတ်လုန်ထိုးတတ်ရုံမှအပ ကျန်သူများကတော့ ကြောက်ကြသည်။

* * *

"ည… ည အိပ်မရတာ ဘာကြောင့်လဲ… ည… ည အိပ်မရတာ သူ့ကြောင့်ပေါ့ကွယ်… ကြမ်းပိုး"

ရှေ့က သီချင်းစာသားကို အသံနေအသံထားနှင့် ဆွဲဆွဲငင်ငင်ဆိုပြီးမှ နောက်က 'ကြမ်းပိုး' ကို ကျယ်ကျယ်လောင်လောင်နှင့်ဆောင့်အော်လိုက်သည့်အသံကြောင့် ဘကြီးခက် ရေချိုးပြီးစ မျက်နှာသုတ်ပဝါတန်းလန်းနှင့် လန့်သွားသည်။

"ည… ည အိပ်မရတာ ဘာကြောင့်လဲ… ည… ည အိပ်မရတာ သူ့ကြောင့်ပေါ့ကွယ်… ကြမ်းပိုး၊ ငါးကျပ်… ငါးကျပ်"

"အဲဒါ ဘာဖြစ်တာလဲဟ"

ဘကြီးခက် ပြတင်းပေါက်က ခေါင်းပြူပြီး ဈေးတန်းလေးဘက် ငုံ့ကြည့်ရင်း ပါးစပ်မှ ထွက်သွားသည်။

http://www.cherrythitsar.org



"ကြမ်းပိုးဆေး ရောင်းတာလေ ဘကြီးခက်ရဲ့၊ ဝယ်မလို့လား"

ဖြူသေးက လှမ်းမေးသည်။ ဈေးသည်ကတော့ ဆိုရင်းအော်ရင်းက ဟိုဘက်ထိပ်ရောက်သွားပြီ ဖြစ်သည်။

"ခေါ်လိုက်ရမလား"

ညှက်ပုက မော့ကြည့်ရင်း လှမ်းမေးတော့ ဘကြီးခက်စိတ် တိုသွားသည်။

"မခေါ်ပါဘူး၊ ဘာလုပ်ဖို့ ခေါ်ရမှာလဲ၊ တကတဲ ကြမ်းပိုးဆေးရောင်းတာများ အေးအေး မရောင်းဘူး၊ သီချင်းက ဆိုလိုက်သေးတယ်"

"သူဆိုတာ နားထောင်လို့ ကောင်းတယ် ဘကြီးခက်ရဲ့"

"ဘာကောင်းရမှာလဲ၊ ကြမ်းပိုး... ကြမ်းပိုးနဲ့ ဆောင့်ဆောင့်အော်နေတဲ့ဥစ္စာ"

"အဲဒါက စိတ်ဝင်စားစရာကောင်းတာ၊ ကောင်းရောင်းကောင်းဝယ် လုပ်စားတာပဲ အဘရာ အေးအေးဆေးဆေး ရောင်းချင်ကြတာပေါ့၊ ဒါပေမဲ့ လူတွေက ရိုးရိုးရောင်းရင် မဝယ်ချင်ကြဘူး ဘကြီးခက်ရ"

ဖြူသေးက လူကြီးသူမလို ကြီးကြီးကျယ်ကျယ် ပြန်ပြောတော့ ဘကြီးခက်က–

"အံမယ် ဈေးရောင်းတာများ ရိုးရိုးမရောင်းလို့ ဘယ်လိုရောင်းရမှာလဲ၊ ကပြီးများ ရောင်းချင်သေးလို့လား ညည်းက..."

"ကသင့်ရင် ကရမှာပဲ၊ အကလေးနဲ့ အဆိုလေးနဲ့ဆိုတော့

http://www.cherrythitsar.org



လူတွေက စိတ်ဝင်စားပြီး ဝယ်ကြရော”

“ဘာအကလေးနဲ့ အဆိုလေးရမှာလဲ၊ နားငြီးတယ်…”

“ဟာ… ဘကြီးခက်ကလည်း ရက်စက်လှချည်လား၊ ဘကြီးခက်ကတော့ သူဌေးကိုး ပြောအားရှိတာပေါ့၊ ကျွန်မတို့ဆင်းရဲသားတွေကတော့ ဒီပါးစပ်လေးတစ်ပေါက်နဲ့ လုပ်စားနေရတာ၊ပါးစပ်ကြီးပိတ်ထားလို့ ဘာမှအလုပ်မဖြစ်ဘူး၊ မဝယ်ချင် ဝယ်ချင်အောင် ပြောရတာ၊ သူများတွေကို လျှာက်လိမ်မနေရင် ပြီးတာပဲ၊ သူတို့ပြောတာ ဆိုတာ နားထောင်ရတာ ပျော်တောင် ပျော်သေး၊ ဘကြီးခက်သာ လူ့လောကကြီးထဲမှာ နေပြီး လူတွေနဲ့ ဝေးနေတာ”

“အောင်မယ် သောက်ကောင်မ၊ လူလေးကြည့်တော့ လက်တောက်လောက်ရှိသေးတယ်၊ ငါ့ကိုများ…”

“ဟော… ပြောရင်းဆိုရင်း ဟိုမှာတစ်ယောက် လာနေပြန်ပြီ နားထောင်ကြည့်… နားထောင်ကြည့်… အဟိ”

ဖြူသေးက ပြောလည်းပြော၊ ပါးစပ်ကလည်း ဟိခနဲတစ် ချက်ရယ်လိုက်တုန်းမှာပဲ ဈေးသည်တစ်ယောက် အော်ရင်းဟစ်ရင်း သူတို့ရှေ့မှ ဖြတ်သွားသည်။

“ချစ်ကိုတို့၊ ချစ်ညီတို့၊ ချစ်ယောက်ဖတို့အတွက်… အရောင်းသွက်ပစ္စည်း… ဘီးကလေးနဲ့အတူတွဲပြီးသာဆောင်ထားလိုက်၊ ကောင်မလေးတွေ ဆွဲချစ်တာ ခံရလိမ့်မယ်… လက်သည်းနဲ့…”

“အဲဒါက ဘာတဲ့တုံး”

“ခေါင်းလိမ်းဆီလေ… ဘကြီးခက်ရဲ့၊ ဝယ်လိမ်းမလား”

http://www.cherrythitsar.org



"လိမ်းချင်ပေါင်"

"ဟီး... ဟီး... ဘာဖြစ်လို့လဲ ဆွဲခြစ်မှာ ကြောက်လို့လား"

"တယ်... ဒီကောင်မလေး၊ တိတ်စမ်း၊ ကိုယ့်ဈေး ကိုယ်ရောင်း"

ပြောပြောဆိုဆို ပြတင်းတံခါးကို ချိုင်းခနဲ ဆွဲပိတ်လိုက်သော အဘိုးကြီး၏ စိတ်တိုသွားသော သဏ္ဌာန်ကြောင့် ဖြူသေးဇက်ကလေး ပုဝင်သွားသည်။

* * *

"ကျုပ်က နားပူမှာကြောက်လို့ မိန်းမတောင် ယူခဲ့တဲ့ကောင် မဟုတ်ဘူးခင်ဗျ၊ ခုတော့ဗျာ တစ်နေ့တစ်နေ့ လူတွေအားနေ တယ် အော်ကြတာပဲ၊ ကျုပ်က ဈေးတန်းထဲနေတော့ ပိုဆိုးတယ်၊ ဒါကြောင့် အလုပ်တောင် လွတ်ရာကျွတ်ရာ လာလုပ်တာ"

ဘကြီးခက်ရဲ့ သံဖြူဆိုင်မှာ အလုပ်အပ်သူဖောက်သည် မှန်သမျှ ပိတ်ပြောထားတဲ့စကားကြောင့် ဘယ်သူမှ စကားကြာကြာ မပြောဝံ့၊ အလုပ်ကိစ္စသာ လိုတိုရှင်းပြောကြလေ့ရှိသည်။

ယနေ့မနက်တော့ သံပုံးလာအပ်သည့် မျက်နှာစိမ်းတစ်ယောက်ကိုတော့ ဘကြီးခက် စိတ်ဝင်စားမိသည်။ သို့သော် ထိုသူက ဘကြီးခက်ထက် နှုတ်နည်းပြီး မျက်နှာကြောတင်းနေတော့ဘကြီးခက်လည်း သူ့စံချိန်ကို သူမချနိုင်သဖြင့် သိချင်စိတ်ကို မြိုသိပ်ပြီး သူခိုင်းသည့်အတိုင်း လုပ်ပေးလိုက်သည်။ ဆီအချိန်တစ်ဆယ်ဝင်

http://www.cherrythitsar.org



သည့်လေးထောင့်သံပုံးနှစ်ပုံး၏ လက်မပတ်လည်အဝိုင်းရှိသော အဖုံးကို ဖွင့်ကာ ထိုအဝနှင့် တိုင်းပြီး အထဲက သံပုံးဖင်အထိ ပိုက်လုံးအရှည်တစ်လုံးစီ လုပ်ကာ သံပုံးအတွင်းသို့ တောက်လျှောက် အသေတပ်ပေးရန် အပ်ကာ ထိုင်စောင့်ယူသည်။

စကားမများသော စပ်စုသောအလုပ်ကို မုန်းပေမင့် ထိုသို့ ထူးထူးဆန်းဆန်းစိတ်ကူးရှိသူကိုတော့ 'ဘာထည့်ဖို့လဲ၊ ဘယ်နေရာမှာ သုံးမှာလဲ'လို့ ဘကြီးခက်က မေးကြည့်ချင်စိတ်က ပေါ်လာသည်။ သို့သော် မျက်နှာထားတင်းတင်း၊ မျက်မှောင်ကုပ်ကုပ်နှင့် မျက်နှာသုတ်ပဝါကြီး ခေါင်းပေါင်းကာ ပုဆိုးတိုတိုဝတ်ထားသော တောသားလူဖြောင့်စိတ်တိုကြီး၏ ပုံသဏ္ဌာန်က ဘကြီးခက်၏နှုတ်ကို ရေငုံနှုတ်ပိတ်နေစေသည်။

တစ်နေ့လုံးအခြားအလုပ်တွေ လုပ်နေရပေမင့် သူ့လုပ်သက်တစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမျှ လုပ်မပေးခဲ့ရဘူးသောသံဂဟေဆော်ပေးလိုက်သည့် ဆီပုံးထဲမှ ပိုက်လုံးကလေးကို မြင်ယောင်ပြီး အတွေးနယ် ကျယ်နေမိရာမှ ညနေအိမ်အပြန်တွင်တော့ သူ့အိမ်အောက်ထပ်မှာ ဈေးသိမ်းနေသောသူတွေအကြားက ငါးခြောက်သည် ညွှန့်စိန်နေရာတွင် တွေ့လိုက်ရသော ဆီပုံးနှစ်ပုံးကြောင့် မျက်လုံးပြူးသွားသည်။ သည်တစ်ခါတော့ သူ့နှုတ်က အလိုလိုထွက်သွားသည်။

"ဟဲ့ ဒီသံပုံးနှစ်ပုံက ဘယ်လိုဖြစ်လို့ ငါ့အိမ်ရောက်နေရတာတုံး၊ မှန်း... ဟုတ်ပါတယ်၊ ဒီပုံးပါ မနက်က ငါလုပ်ပေးလိုက်တာ"ဆိုတော့ ညွှန့်စိန်က–

http://www.cherrythitsar.org



“ကုန်ပြီ ဘကြီးခက်ရေ၊ အဲဒီပုံးနှစ်လုံးကြောင့် ကျုပ်တော့ အရင်းပြုတ်ပြီ”

ဟု ပြောရင်း ငိုပါတော့သည်။ ညွန့်စိန် ဘေးမှ စမ်းကြည်တို့၊ ဖြူသေးတို့ မိဂျမ်းတို့က ဘကြီးခက်ကို တအံ့တသြ ငေးကြည့်နေကြရာမှ စမ်းကြည်က–

“ဒီပုံးက ဘကြီးခက် လုပ်ပေးလိုက်တာ၊ ဟုတ်လား”

ဆိုတော့–

“ဟုတ်တယ်၊ အထဲမှာ ပိုက်လုံးသေးသေးလေး ထည့်ထားတာမဟုတ်လား၊ တောသားကြီးတစ်ယောက် လာလုပ်တာလေ၊ ဒါနဲ့ နေပါဦး၊ ဒီပုံးတွေက ညည်းတို့နဲ့ ဘယ်လို ပတ်သက်နေလို့တုံး၊ ငါ မနက်က မေးချင်တာ၊ အဲဒီလူက နှုတ်ဆိတ်နေလို့ ငါ သိချင်တာ မမေးလိုက်ရဘူး”

“အံမလေး နှုတ်မဆိတ်ပါဘူး ဘကြီးခက်ရဲ့၊ ပြောလိုက်တဲ့စကားမှ ရေပက်လို့တောင် မဝင်ပါဘူး စကားတွေဖောင်လောက်အောင် ပြောပြီး အဲဒီဆီနှစ်ပုံးနဲ့ ကျုပ်တို့ကို မျက်လှည့်ပြသွားတာပေါ့တော်”

“ဘယ်လို မျက်လှည့်ပြတာတုံးဟဲ့၊ ပြောစမ်းပါဦး”

“ဈေးထဲမှာလူတွေ ရှုပ်နေတုန်း အဲဒီမျက်နှာသုတ်ပဝါခေါင်းပေါင်းထားတဲ့လူကြီးနဲ့ ကောင်လေးတစ်ယောက် ဟောဒီဆီအချိန်တစ်ဆယ်ဝင်ပုံးနှစ်ပုံးစွဲပြီး ငါးခြောက်လာဝယ်တယ်၊ သီလဝါငါးခြောက်ကောင်းကောင်းလိုချင်တယ်တဲ့၊ တောအလှူမှာ ငါးခြောက်ထောင်းကြော် ကျွေးမလို့ဆိုတော့ ကျွန်မကလည်း အဟုတ်မှတ်ပြီး

http://www.cherrythitsar.org



ကကူရုံခြောက်တွေ ဆယ့်ငါးပိဿာချိန်ပြီး ဈေးလည်းလျှော့ပေးလိုက်တယ်၊ ငွေရှင်းခါနီးလည်းကျရော 'ဟာ– ပိုက်ဆံအိတ်က တဲတဲ့အိမ်မှာကျန်ခဲ့ပြီ'လို့ သူဟာသူ ပြောပြီး ကောင်လေးကို 'ဒီလိုလုပ်၊ ငါ ဒီဆီနှစ်ပုံးနဲ့ ငါးခြောက်ဆိုင်က စောင့်နေမယ်၊ မင်း ပိုက်ဆံပြေးယူလိုက်၊ ရော့၊ ဟောဒီအထုပ်ပါ ထမ်းသွား'ဆိုပြီး ငါးခြောက်ထုပ်ကို ကောင်လေးကျောပေါ် တင်ပေးလိုက်တာ၊ ကျွန်မတို့တောင် ဘာလုပ်ရမှန်းမသိခင် ကောင်လေးလည်း သုတ်သုတ်နဲ့ ပျောက်သွားတော့တာ၊ ကျွန်မတို့ သတိရလို့ "ဘယ်အထိ သွားယူရမှာလဲဦးလေးရဲ့၊ ဖြစ်ပါ့မလား'ပြောတော့ 'ဟော့ဒီ ညောင်တန်းတင်ပါ တူမကြီးရယ် စိတ်ချပါ၊ ဒီဆီနှစ်ပုံးနဲ့ဘကြီး ဘယ်မှ မပြေးပါဘူး၊ သယ်လို့လည်း မနိုင်ပါဘူး၊ သူပြန်လာမှ တစ်ယောက်တစ်ပုံး သယ်ပြန်ရမှာပါ'ဆိုတော့ ကျွန်မလည်း စိတ်ချသွားတာပေါ့"

သည်နေရာရောက်ကတည်းက ဘကြီးခက် ဇာတ်လမ်းကို တွေးမိပြီ ဖြစ်သည်။ သို့သော် ရှေ့ဆက် ဘယ်လိုစခန်းသွားမလဲဆိုတာ သိချင်၍ ဆက်နားထောင်နေလိုက်သည်။

"သူက ကျွန်မတို့ သူ့ကို မသင်္ကာဖြစ်ချိန်မရအောင် စကား တွေ အမျိုးမျိုးပြောရင်းက ဆီပုံးတွေကို ဖွင့်ပြပြီး နှီးတံအရှည်လေးကို တစ်ဆုံးထိုးသွင်းပြီး ပါလာတဲ့ဆီတွေကို ပဲဆီစစ် မစစ် ကြည့်ခိုင်းတယ်၊ ကျွန်မတို့ကလည်း သူ့ဆီက ကောင်းလွန်းလို့ ဈေးမေးကြည့်တဲ့လူက မေးနဲ့ဆိုတော့ သူက 'ဆီနှစ်ပုံးရဲ့တန်ဖိုးက အချိန်နှစ်ဆယ်ဆိုတော့ တစ်သောင်းနှစ်ထောင်ကျတယ်၊ ဒါတောင် ပုံးဖိုးမပါသေးဘူး၊ ပုံးတွေက ဒီကျမှ ဝယ်တဲ့အသစ်တွေ၊ ရွာက ငွေထုပ်ပဲ ပါလာတာ၊ ဒီက

http://www.cherrythitsar.org



ပြန်ရင် ညောင်ပင်လေးဈေးမှာ ကြက်သွန်၊ အာလူးအိတ်လိုက် သွားဝယ်ရဦးမယ်’ ဘာညာနဲ့ ပြောနေတာ အတော်ကြာတဲ့အထိ ကောင်လေး ပြန်မလာသေးတော့ သူကပဲ ‘ဒီကောင် ဘာလို့ကြာနေပါလိမ့်၊ ပိုက်ဆံအိတ်ပဲ ရှာမတွေ့လို့လား မသိဘူး’ဆိုပြီး ကျွန်မတို့ကို ‘တူမကြီးရယ် အဘလိုက်သွားလိုက်ဦးမယ်၊ ဒီဆီပုံးတွေလည်း ညည်းဆီမှာပဲ အပ်ထားခဲ့မယ်၊ ဒါမှ ညည်းလည်း ငါ့ကို စိတ်ချမှာ၊ ကျုပ်ဆီပုံးတွေက ညည်းငါးခြောက်ထက် ပိုတန်သကွဲ့’လို့တောင် ပြောသွားလိုက်သေးတယ်၊ ကျွန်မက အဟုတ်မှတ်လို့ ခပ်လှမ်းလှမ်းရောက်မှ သူက လှည့်ပြီး ‘တကယ်လို့ ငါပြန်မလိုက်နိုင်တော့ရင်လည်း ဆိုက်ကားနဲ့ သူ့ကိုလွှတ်လိုက်မယ်၊ ညည်းငါးခြောက်ဖိုးယူပြီး ဆီးပုံးတွေသူ့ ပြန်တင်ပေးလိုက်’ဆိုလို့ ‘ဟုတ်ကဲ့ အဘရေ၊ စိတ်ချ’လို့တောင် ပြောလိုက်သေးတယ်၊ ဘယ်သိမလဲတော့၊ ကိုယ်မှ သူများကို လိမ်မစားဘူးတာ၊ သူများက ကိုယ့်ကိုလာလိမ်မယ်လို့လည်း ဘယ်ထင်ပါ့မလဲ၊ ညနေဈေးသိမ်းတဲ့အထိ ဆီပုံးတွေ လာယူနိုး လာယူနိုးနဲ့မျှော်နေတာ မလာတဲ့အဆုံးကျမှ ဟိုဘက်က မိဂျမ်းတို့က ‘ညွှန့်စိန်ရေ ညည်းလူကြီးက ဟုတ်မှဟုတ်ရဲ့လား’ဆိုတော့ မဟုတ်လည်းဘာအရေးလဲ၊ ငါ့ ငါးခြောက်က ကိုးထောင်ဖိုးပဲရှိတာ၊ သူ့ဆီပုံး ငါသိမ်းလိုက်ရုံပေါ့’လို့ပြောပြီး ဆီပုံးကို ဆွဲမလိုက်တာ မြောက်ခနဲပါလာတော့ လန့်သွားတာ၊ ဆီပုံးက ပေါ့ပေါ့လေး ဘကြီးခက်ရဲ့၊ အထဲမှာ ပိုက်လုံးကျဉ်းကျဉ်းလေးထဲမှာ အပြည့်ထည့်ထားတဲ့ဆီက တစ်ပုံးကို နှစ်ဆယ်သားလောက်လေး ပါတာ၊ တမင် ကျွန်မတို့ယုံအောင် အပြည့်ပါသလိုလိုနဲ့ နှီးနဲ့ထိုးပြသွားမှန်း နောက်မှ သိတယ်၊ ဟင်း…

http://www.cherrythitsar.org



ရိုးပုံပန်းနဲ့ အလကားလူလိမ်ကြီး...”

ညွန့်စိန်က နပ်ကို ရွတ်ခနဲ ညစ်ရင်း ထဘီနှင့် သုတ်ကာ မျက်ရည်တောက်တောက်ကျနေသည်။

“လက်စသတ်တော့ အဲဒီဆီပုံးကြီးက ဘကြီးခက် လက်ဖြစ်ကိုး၊ ဘကြီးခက်က အဲဒီဆီပုံး လာအပ်တုန်းက ဘာလုပ်ဖို့လဲလို့ မေးမကြည့်ဘူးလား၊ မေးမှာမဟုတ်ပါဘူးလေ၊ ဘကြီးခက် အကြောင်း သိပါတယ်”

ဖြူသေးတစ်ယောက် သူ့ဟာသူ မေးပြီး သူ့ဟာသူ ဖြေနေသည်ကို ဘကြီးခက်ကြောင်ကြည့်နေရင်းက စိတ်ထဲမှ–

‘ငါ့ကိုကလည်း မကောင်းပါဘူးလေ၊ ဒီလူ ထူးထူးဆန်းဆန်း လုပ်ပေးလိုက်ရတာကို မေးစမ်းကြည့်မိလို့ မသင်္ကာစရာ သဲလွန်စ ရရင် ဒီအလုပ်ကို ငါလက်ခံချင်မှ လက်ခံဖြစ်မှာ၊ ငါလက်မခံလို့ အခြားလည်း အပ်စရာမရှိရင် ဒီကောင်မလေး ဒီလိုဖြစ်ချင်မှ ဖြစ်မှာ’

လို့ မတွေးစဖူး တွေးနေမိသည်။

* * *

“အားလုံး ကြားကြားသမျှ အမျှ... အမျှ... အမျှ ယူတော်မူကြပါကုန်သော်...”

“ယူမယ်... ယူမယ်၊ အကုန်ယူမယ်”

“တစ်ယောက်ထဲ အကုန်ယူလို့ရမလား၊ ခါတိုင်းလည်း မျှယူနေကြပဲ၊ ကျုပ်တို့လည်း ယူမှာနော်၊ ဒါပဲ ဒီနေ့မရရင် နောက်နေ့

http://www.cherrythitsar.org



လည်း မယူတော့ဘူး”

ဘကြီးခက် အမျှဝေရင်းတန်းလန်းမှ ခေတ္တရပ်တန့်သွားပြီး အိမ်အောက်ရောက်သွားသောစိတ်ကို အမြန်ပြန်ရုပ်ကာ ကမန်းကတန်း–

“သာဓု... သာဓု... သာဓု...”

ဟု သာဓုသုံးကြိမ်ခေါ်ပြီး အိမ်ရှေ့ဝရန်တာသို့ ထွက်ရပ်ကာ လမ်းပေါ်ငုံ့ကြည့်တော့ စောစောစီးစီး ကြက်သွန်မြိတ်လာပို့သော ခြံသမားဆီမှာ အလုအယက်ဝယ်နေသော ကုန်စိမ်းသည်ကောင်မလေးတစ်ယောက်နှင့် ဖြူသေးညိုမ ညှပ်စိကို တွေ့ရသည်။ ဘကြီးခက် ခေါင်းယမ်းပြီး အိမ်ထဲ ပြန်ဝင်လာခဲ့သည်။ သည်နေ့ဥပုသ်နေ့ သံဖြူဆိုင်ပိတ်သည်။ သူ့အိမ်ရှေ့က ပုံကျစျေးကလေးကသည်နေ့ လူပိုစည်ပြီး ပိုဆူညံပေတော့မည်။ သည်တော့ သူ ဘုရားတစ်ဆူဆူသွားပြီး နားအေးပါးအေး ပုတီးစိတ်နေဖို့ ဆုံးဖြတ်လိုက်သည်။

အိမ်က ဘုရားမှာ ရှစ်ပါးသီလယူကာ နံနက်စာ စားသောက်ပြီး ပုဇွန်တောင်ဘူတာဘက် ထွက်လာကာ မရောက်တာကြာပြီဖြစ်သော မယ်လမုဘုရားသို့ မြို့ပတ်ရထားစီးကာ အေးအေးချမ်းချမ်း လိုက်ပါလာခဲ့သည်။

“ခရီးသွား လုပ်သားပြည်သူများခင်ဗျား... ကျန်းမာတော်မူကြပါစေ...”

“ဟာ... ဒုက္ခပါပဲ’ဟု စိတ်ထဲက ညည်းညူရင်း အသံလာရာသို့ လှည့်ကြည့်လိုက်တော့ စာရွက်တစ်ထပ်ကြီးကို ကိုင်ထား

http://www.cherrythitsar.org



သော လူတစ်ယောက်... ထိုလူဆီကို အာရုံရောက်နေဆဲမှာပဲ ရုပ်အင်္ကျီအဖြူ၊ ပုဆိုးအပြာကွက်နှင့် သားရေအိတ်အသေးတစ်လုံး လွယ်ထားသော မွန်မွန်ရည်ရည် လူရွယ်တစ်ယောက် ဘကြီးခက် ရှေ့မှထိုင်ခုံတွင် ဝင်ထိုင်ရင်း ဘကြီးခက်ကို နှစ်လိုဖွယ်ရာအပြုံးဖြင့် ပြုံးပြနှုတ်ဆက်သည်။ ထိုလူရွယ်၏ ခင်မင်ချစ်စဖွယ် အနေအထား ကြောင့် ဘကြီးခက် ပြန်ပြုံးဖြစ်သွားသည်။ ပြီးတော့ စိတ်က စော စောက အသံဆီ ပြန်ရောက်သွားပြန်သည်။

"ခရီးသွားလုပ်သားပြည်သူများ... ကျန်းမာတော်မူကြ ပါစေခင်ဗျာ၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါးမို့ လူသားအားလုံး ကျန်းမာတော်မူကြစေဖို့အတွက် အန္တရာယ်ရှိသော အစားအစာများ ကို တွဲဖက်မစားမိကြစေဖို့ သတိပေးစာများကို ဖြန့်ဝေ ရောင်းချပေး ပါရစေခင်ဗျာ"

'ကြောင်လျှာသီးနှင့် ငါးသေတ္တာကို တွဲပြီး စားတော်မမူ ကြပါနဲ့ခင်ဗျား... စားတော်မူရင်ဖြင့် သေတော်မူတတ်ပါတယ် ခင်ဗျာ"

"မင်းဂွတ်သီးနှင့် သကြား စားတော်မမူကြပါနဲ့ ခင်ဗျား စားတော်မူရင် သေတော်မူတတ်ပါတယ် ခင်ဗျာ"

ရထားတွဲထဲမှ လူများက သူ့အပြောကြောင့် ပြုံးစိစိ ဖြစ် ကုန်ကြသည်။ ဘကြီးခက်ကတော့ သူ့အပြောကို ပျက်ချော်ချော်နိုင် တယ်ထင်၍ မျက်မှောင်ကြုပ်နေမိသည်။

"ကိုင်းဥနှင့် ပုစွန်ချဉ် တွဲစားတော်မမူကြပါနဲ့ ခင်ဗျား၊စား တော်မူရင်ဖြင့် သေတော်မူတတ်ပါတယ် ခင်ဗျာ"

http://www.cherrythitsar.org



"ဝက်သားနှင့် ထန်းရေချို တွဲသောက်တော် မမူကြပါနဲ့ ခင်ဗျား၊ သောက်တော်မူရင်ဖြင့် သေတော်မူတတ်ပါတယ်ခင်ဗျာ"

ထိုလူက မတည့်သော အစားအစာဆယ်မျိုးခန့်ကို ရွတ်ပြပြီး ရှေ့ဆက် မရွတ်တော့သဖြင့် ထပ်မံသိလိုသူများက စာရွက်ဝယ် ဖတ်ကြသည်။ မေတ္တာညွှန့်ဘူတာရောက်တော့ ထိုသူ တစ်ဖက်တွဲ ကူးသွားသည်။ သွားခါနီး ဘကြီးခက်ရှေ့မှလူကို လက်ပြ၊ နှုတ်ဆက်သွားတာကိုတော့ ဘကြီးခက် နည်းနည်းစိတ်ဝင်စားသွားသည်။ ပိုပြီး စိတ်ဝင်စားစရာကောင်းတာက ထိုလူရွယ်က ထိုင်ရာမှ ထပြီး စောစောကလူရပ်သွားသည့်နေရာသို့သွားရပ်ကာ သားရေအိတ်ထဲက အထုတ်ကလေးတွေကို နှိုက်ယူပြလိုက်ခြင်းကို ဖြစ်၏။ တစ်ဆက်တည်းမှာပဲ သူ့နှုတ်က အောင်မြင်ခန့်ညားတဲ့အသံနဲ့–

"ရာဇဝင်လေးတစ်ခုကို ပြောပြပါရစေခင်ဗျာ…၊ ကျွန်တော်ရောင်းမယ့်ပစ္စည်းကို ခုချက်ချင်း ဝယ်မစားကြပါနဲ့ဦး၊ သူတို့ရဲ့ အဖြစ်သနစ်ကလေးကို ကျွန်တော် အရင်တင်ပြပါရစေ…"

ဘကြီးခက် မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

"တစ်နေ့သောအခါမှာ… လေပြင်းမုန်တိုင်း ကျပြီး မှော်ဘီက သံပုရာသီးကလေးဟာ ပဲခူးကဆားနဲ့တွေ့ပြီး မော်လမြိုင်က စဥ့်အိုးကြီးတစ်လုံးမှာ ပေါင်းဖက်မိကြရင်းက ဟောသည် မြို့ပတ်ရထားကြီးပေါ်မှာ ရောက်သီးဆေးပြားကလေးတွေ မွေးဖွားလို့ ခရီးသွားလုပ်သားပြည်သူများကို စားစေချင်တာနဲ့ တစ်ထုပ် ငါးကျပ်နဲ့ ဝေငှပေးပါရစေခင်ဗျာ၊ မစားရက်လို့ သိမ်းထားပြီး အိမ်ကျမှ ဇနီးမယားနဲ့ သမီးသားတွေကို ကျွေးလို့လည်း ရပါတယ်ခင်ဗျာ"

http://www.cherrythitsar.org



'သြော်... လူတွေ... လူတွေ... အတော်လည်း ပြောတတ်ကြပေတာပဲ'လို့ ဘကြီးခက် တွေးရင်းက ရထားတွဲထဲက ဈေးသည်တွေရဲ့ အပြောကို သဘောကျပြီး ဝယ်နေကြသည့် ခရီးသည်တွေကို ကြည့်ရင်းက ဖြူသေးပြောသည့် 'ပါးစပ်တစ်ပေါက်နဲ့ လုပ်စားနေရတာ'ဆိုသည့်စကားကို ဆင့်ပွားပြီး အတွေးနယ်ချဲ့နေမိသည်။ အချိန်အတော်ကြာမှ အဝေးမြင်ကွင်းထဲ မယ်လမုဘုရား၏ ပုံရိပ်တွေ ထင်လာမှ တံတားလေးဘူတာရောက်တော့မည်ကို သတိရကာ တံခါးပေါက်ဘက် အသင့်ထွက်ရပ်ထားဖို့ ပြင်တုန်း၊ လွယ်အိတ်တစ်လုံးနှင့်လူတစ်ယောက် ပေါ်လာပြန်သည်။ လက်ထဲမှာလည်း ရှည်မျောမျောဘူးကလေးတွေ ကိုင်မြှောက်လို့-

"လာပြန်ပြီ... တစ်ယောက်"

"ဒီတစ်ယောက်ကတော့ နောက်ဆုံးပါပဲ၊ နောက်လာမည့် လူတွေနှင့် တွေ့စရာမလိုတော့၊ မင်းကရော ဘာတွေ ဘယ်လိုပြောပြီး ဘယ်ပစ္စည်းရောင်းဦးမတုံး...၊ မဆင်းခင် နားထောင်ရသေးတာပေါ့ကွာ'ဟု ဘကြီးခက်စိတ်က ကြိတ်ပြောရင်း စိတ်လိုလက်ရ ငေးပြီး နားထောင်ပေးလိုက်တော့သည်။

"လူကြီးမင်းများအားလုံး အသိဖြစ်ပါတယ်"

ဘာမှတောင် မပြောရသေးဘူး။ ဘာကို သိရမှာလဲ။

"ဒီနေ့ လကွယ် ဥပုသ်နေ့ပါ ခင်ဗျ"

သြော်... ဒါကို ပြောတာကိုး၊ ဥပုသ်နေ့ဆိုတော့ ဘာဖြစ်လဲ၊ ဥပုသ်စောင့်ကြပေါ့။

"ဒီနေ့ လကွယ်နေ့ဆိုတော့ ဈေးကြီးတွေ ပိတ်ပါတယ်

http://www.cherrythitsar.org



ခင်ဗျာ"

"တနင်္ဂနွေလည်းဖြစ်လို့ ကျောင်းလည်း ပိတ်ပါတယ် ခင်ဗျာ"

"ရုံးတွေလည်း ပိတ်ပါတယ်ခင်ဗျာ"

သူ ဘာဆက်ပြောမလဲလို့ ဘကြီးခက် နည်းနည်းစိတ်ဝင်စားလာသည်။

"ဈေး… ပိတ်တယ်"

"ကျောင်း… ပိတ်တယ်"

"ရုံး… ပိတ်တယ်"

"ပါးစပ်… ပိတ်လို့မရဘူးခင်ဗျ"

"အဲဒီ ပိတ်မရတဲ့ပါးစပ်တွေ သန့်ရှင်းစင်ကြယ်နေဖို့အတွက် သွားတိုက်ဆေးဘူးကလေးပါခင်ဗျား…"

နောက်ထပ် ဆက်ပြောတာတွေ ဘကြီးခက် မကြားတော့…

**မြန်မာ့ခနမဂ္ဂဇင်း**

http://www.cherrythitsar.org



http://www.cherrythitsar.org



# သဏ္ဍာန်မဲ့ ထုထည်များ

ဦးကျော်ဘုန်းခေါင်၏ လက်စွပ်အတွင်းမှ အဖိုးတန် 'စိန်' တစ်ပွင့် ကျပျောက်ခြင်းကိစ္စကို စိတ်ဝင်စားနေကြသူတွေထဲမှာ ထွန်းကျော်လည်း အပါအဝင်ဖြစ်သည်။

ဦးကျော်ဘုန်းခေါင်၏ ကိုယ်ပိုင်ကုမ္ပဏီဖြစ်သော ဤစက်ရုံဝင်းအတွင်းမှ ဝန်ထမ်းအများစု၏ စိတ်ပါဝင်စားမှုက စိန်တစ်ပွင့်၏ တန်ဖိုးကိုဖြစ်ပြီး ထွန်းကျော်၏ စိတ်ပါဝင်စားမှုကတော့–

"ရိုးသားတဲ့သူတစ်ဦးဦးက ကောက်ရလို့များ ပြန်ပေးခဲ့ရင် ငါ သူ့ကျေးဇူးကို မမေ့ပါဘူးကွာ"

ဟူသော ဦးကျော်ဘုန်းခေါင်၏ နှုတ်ထွက်စကားကို ဖြစ်သည်။ သူက ရိုးသားချင်သူမို့ ဒီကုမ္ပဏီထဲမှာ ကျပျောက်သွားသော စိန်တစ်ပွင့်ကိုရခြင်းရ သူသာကောက်ရလိုက်ချင်သည်။

အကယ်လို့သာ မရိုးသားတော့ဘူးလို့ ဆုံးဖြတ်လိုက်ရင်တော့ သည်စိန်တစ်ပွင့်နဲ့ပတ်သက်ပြီး သူ့မှာ စိတ်ကူးယဉ်စရာတွေ

http://www.cherrythitsar.org



အများကြီး ရှိလာနိုင်သည်။ သူ ဒီလိုတော့လည်း စိတ်ကူးမယဉ်ချင်ပါ။

'ရိုးသားမှု'ဆိုတာက လွယ်လွယ်ကူကူနဲ့ ရလာနိုင်သည့် နာမည်ကောင်းလက်မှတ်တစ်ခု မဟုတ်။

* * *

"စိတ်လည်းညစ်မသွားနဲ့နော်၊ ကြိုတင်ပြင်ဆင်ရအောင် ပြောတာပါ။ ရှေ့လကုန်ကျရင် ကျွန်မတို့အိမ် နှစ်ချုပ်စေ့ပြီ၊ ရှင်မေ့နေမှာစိုးလို့ပါ"

ထမင်းစားပြီးစ အိမ်ရှေ့ပက်လက်ကုလားထိုင်မှာ ငြိမ်ချက်သားကောင်းနေသော ထွန်းကျော်ကို ဇနီးသည် အေးအေးနုက အနားလာထိုင်ရင်း မျက်နှာရိပ်မျက်နှာကဲကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"မမေ့ပါဘူးကွာ၊ သတိရပါတယ်၊ ဘယ်ပြောင်းရင် ကောင်း မလဲလို့ စဉ်းစားနေတာ"

"အေးတို့အိမ်ပဲ ပြန်ပြောင်းကြမယ်လေ၊ မေမေတို့ကိုလည်း ပြောပြီးသားပဲဟာ၊ ရှင်တို့အိမ်ဆိုရင် မောင်နှမတွေက အများကြီးနဲ့ အားနာစရာ၊ သူတို့လည်း အနေကျပ်၊ ကိုယ်လည်း မလွတ်လပ်နဲ့ မေမေတို့အိမ်က ဝေးတာကလွဲရင် ဖေဖေရယ် မေမေရယ် နှစ်ယောက်တည်း၊ သူတို့အတွက် အဖော်တောင်ရသေးတယ်"

"ဆရာ ဦးကျော်ဘုန်းခေါင်လက်စွပ်ထဲက စိန်တစ်ပွင့် ပျောက်သွားတယ်ကွ"

http://www.cherrythitsar.org



သူက အဆက်အစပ်မရှိ ကြားဖြတ်ပြောလိုက်တော့ အေးအေးနု မျက်လုံးပြူးသွားသည်။

"ဟင်… ဟုတ်လား၊ အဲဒါ ရှင်နဲ့ ဘယ်လို ပတ်သက်နေလို့လဲ၊ အဲဒီလက်စွပ်ကို ရှင်ကိုင်မိလို့လား"

"ဟာ… သူ့လက်ထဲက လက်စွပ်ကို ငါက ဘယ်လိုလုပ်ကိုင်မိရမှာလဲ၊ သူ့ဟာသူ ကျပျောက်သွားတာပါကွ"

"တော်ပါသေးရဲ့"

"ဘာဖြစ်လဲကွ မင်းက"

"မသိဘူးလေ၊ ရှင့်မျက်နှာက တစ်မျိုးဖြစ်နေတော့ ရှင့်ကြောင့်များလားလို့ ကျွန်မ လန့်သွားတာပေါ့"

"ဆရာကျော်က သူ့စိန်တစ်ပွင့်ကိုတွေ့လို့ ပြန်ပေးရင် ကျေး ဇူးမမေ့ဘူးတဲ့ကွ"

သူ့ကို မျက်ခုံးပင့်ကြည့်လိုက်သောအေးအေးနု၏ အကြည့်ကို သူသရုပ်ခွဲမနေအားတော့ဘဲ လက်ထဲက ဆေးလိပ်ကိုသာ မီးသေမသွားအောင် မဲပြီးဖွာနေမိတော့သည်။

* * *

ဆိုင်ကလေးထဲမှာ လူရှင်းစပြုနေပြီ ဖြစ်သည်။ မိုးချုပ်လေလူစည်ကားလေ ဆူညံလေဖြစ်လေ့ရှိသော သည်လိုအစားအသောက်ကို ဗန်းပြ၍ အရက်များများရောင်းလေ့ရှိသော ဆိုင်အမျိုးအစားများထဲတွင်တော့ သည်ဆိုင်ကလေးက တစ်မူထူးနေသည်။ ခြံဝန်းကျယ်ကြီးတွေသာ အများဆုံးရှိပြီး ကုမ္ပဏီတွေ လာဖွင့်ထား

http://www.cherrythitsar.org



တတ်ကြသောနေရာအနီးမှာမို့ သည်ဆိုင်ကလေးက ညနေစောင်းမှ စပြီး မိုးချုပ်လေ တိတ်ဆိတ်အေးချမ်းလေမို့ **'**အတွေးအိမ်**'** ဟူသော ဆိုင်နာမည်နှင့်လိုက်အောင် မှိန်ပြပြမီးရောင်အောက်တွင် တစ်စ တစ်စ လူနေကျဲပါးကာ တိတ်ဆိတ်အေးချမ်းလျက်ရှိသည်။

ကိုကံတင်နှင့် ထင်လင်းစိုးတို့နှစ်ယောက်သာ **'**အတွေးအိမ်**'** ၏ ထောင့်တစ်ထောင့်တွင် ဦးကျော်ဘုန်းခေါင်၏ စိန်တစ်ပွင့်အ ကြောင်းကို အမြည်းလုပ်ရင်း ဘီယာစုပ်နေကြဆဲဖြစ်သည်။

**"**အဘိုးကြီးရဲ့ပုံစံက သိပ်တော့ နှမြောနေတဲ့ပုံ မပေါ်ပါ ဘူးကွာ၊ ပြန်ရလည်းရ၊ မရလည်းနေ ဆိုတဲ့ပုံစံပါ၊ တို့လို လက်လုပ် လက်စားတစ်ယောက်ယောက်က ကောက်ရလို့ကတော့ အပွပဲ မောင်၊ အဲဒီ စိန်တစ်ပွင့်က သိန်းချီတန်တာကွ**"**

**"**ပွတာတော့ ဟုတ်တာပေါ့ အစ်ကိုရ၊ အဲဒီစိန်က ဘယ် နားကျခဲ့မှန်းမှ မသိတာ၊ ဆရာကျော်က တစ်နေကုန် ဝင်လိုက်ထွက် လိုက် ကားတစ်စီးနဲ့ လျှောက်သွားနေတာ စက်ရုံထဲမှာကျတာဟုတ် ချင်မှ ဟုတ်မှာပေါ့**"**

**"**ဘာပဲပြောပြော စိန်တစ်ပွင့်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ် နေကြတာတော့ ကုမ္ပဏီတစ်ခုလုံးပဲကွ**"**

**"**အဲဒါကတော့ အမှန်အကန်ပဲ အစ်ကိုရေ၊ လူတိုင်းဟာ အားလုံးမျက်စိတွေ နားတွေ ဖွင့်ထားကြတယ်၊ အလုပ်ကိုလည်း အစောကြီးရောက်လာကြတဲ့ ဝီရိယကြီးသူတွေ အခုမှ တော်တော် များလာတယ်ဗျ**"**

**"**အဲဒီထဲမှာ မင်းလည်း ပါတယ်မဟုတ်လား**"**

http://www.cherrythitsar.org



"အသေအချာပေါ့ အစ်ကိုရဲ့၊ အဲဒီစိန်တစ်ပွင့်ဟာ ဦးကျော်ဘုန်းခေါင်အတွက် ဖိတ်စင်မှုအသေးအဖွဲလေးတစ်ခု ဖြစ်ပေမဲ့ ကျွန်တော့်လိုကောင်မျိုးအတွက်တော့ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားနိုင်တယ်၊ ကျွန်တော် မိန်းမလိုချင်နေပြီ အစ်ကိုရ"

* * *

ညနေ စက်ရုံပိတ်ချိန်အထိ ပုဆိုးတိုတို အနန်းလက်တံမြက်စည်းရှည်တစ်ချောင်းနှင့် အလုပ်ကောင်းနေဆဲဖြစ်သော ဦးဘိုးထူးကို စက်ရုံဂိတ်ပေါက်နားတွင် တွေ့လိုက်ရတော့ ထွန်းကျော် အံ့သြသွားသည်။

"ဗျို့ အဘထူး၊ အဘဂျူတီ ပြီးပြီမဟုတ်လား၊ မပြန်သေးဘဲ ဘာလုပ်နေတာတုံး"

ဆိုတော့ အဘထူးက ဘာမှမပြောရသေးခင် သူတို့နားရောက်လာသည့် စက်ရုံလုပ်သားမြင့်အောင်က–

"အဘထူး စိန်တူးနေတာနေမှာပေါ့၊ ကိုထွန်းကျော်ရ…"

ဟု ပြောရင်း တဟားဟား ရယ်နေတော့ အဘိုးကြီး ရှက် ရှက်နဲ့ –

"ဟာကွာ… မင်းတို့ကလဲ"

"ရှက်မနေပါနဲ့ အဘထူးရ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ အဘထူးက စက်ရုံမှာ သန့်ရှင်းရေးရော လုံခြုံရေးရောတွဲယူထားတဲ့လူဆိုတော့ အခွင့်အရေးအများကြီးရှိပါတယ်၊ ဆက်သာရှာ အဘရေ၊ ဆက်သာရှာ၊ ကံကောင်းရင် တွေ့မှာပေါ့"

http://www.cherrythitsar.org



"ငါလည်း အဲဒီကံကိုပဲ အားကိုးပြီး ရှာနေတာပဲကွ၊ ငါက ငယ်ငယ်လေးကတည်းက ကံထူးတတ်တယ်၊ ဒါကြောင့် အမေက ငါ့ကို နာမည်တောင် သူများထက်ထူးလို့ 'ဘိုးထူး'လို့ မှည့်ထားတာ တဲ့၊ တကယ်ပဲ ငါက သူများထက် ထူးတာကွ၊ ဘယ်တော့မဆို ကံ စမ်းမဲနှိုက်ရင် ငါချည်းပေါက်တာ၊ ဒါကြောင့် အခုကိစ္စမှာလည်း ငါ့ ကိုယ်ငါ ယုံကြည်နေလို့ကွ"

"ယုံကြည်နေတာ ကောင်းတာပေါ့ အဘရာ၊ ဒါပေမဲ့ ကံ စမ်းမဲတိုင်းကတော့ မကောင်းဘူးနော၊ တော်ကြာ ဦးရှင်ကြီးလိုကံ စမ်းမဲမျိုးပေါက်ရင် ဘယ့်နှယ်လုပ်မလဲ ဟား... ဟား... ဟား"

"ငါ့လခွီးတဲ့မှပဲ၊ ဘာတွေလျှောက်ပြောနေတာလဲကွ၊ ဒီ မဲမျိုး မင်းပဲပေါက်မှာ"

"အလကားစတာပါ ဘကြီးထူးရာ၊ စိတ်မဆိုးပါနဲ့"

"အေးပါ၊ ငါလည်း အသက်ကြီးပြီကွ၊ အလုပ်ကထွက်ပြီး နားနားနေနေ နေချင်ပြီ၊ ဒါကြောင့် ကြိုးစားနေရတာကွ"

အဘထူးနှင့် မြင့်အောင်တို့ စကားဆက်ပြောရင်း ကျန်ရစ် ခဲ့ကြသည်။ ထွန်းကျော်သာ သူတို့နားမှ ထွက်လာရင်းက–

'လူတွေဟာ ရိုးသားဖို့များ ဘာကြောင့်မစဉ်းစားကြပါလိမ့်'

ဟု တွေးပြီး ရင်မောလာခဲ့သည်။

* * *

ဒီကနေ့တော့ထွန်းကျော် ဦးကျော်ဘုန်းခေါင်နှင့် တစ်နေ ကုန် အလုပ်ရှုပ်နေခဲ့သည်။ တစ်လတွင် အနည်းဆုံး နှစ်ကြိမ် သုံး

http://www.cherrythitsar.org



ကြိမ်လောက်တော့ ထွန်းကျော် ဦးကျော်ဘုန်းခေါင်၏ကိုယ်ပိုင်ကားကို မောင်းကာ သူသွားလိုသမျှကို လျှောက်မောင်းပို့ပေးရတတ်သည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ဥပဓိရုပ်ကောင်းကောင်းနှင့် ဦးကျော်ဘုန်းခေါင်က အပြင်ပန်းကြည့်လျှင်တော့ ကျန်းမာသန်စွမ်းသော လူကြီးလူကောင်းတစ်ဦးပုံပေါက်ပေမင့် တစ်ခါတစ်ရံ သွေးတိုးသည်။ ကုမ္ပဏီကိစ္စတွေ အလွန်များပြားရှုပ်ထွေးသောရက်တွေဆိုလျှင်တော့ သူကိုယ်တိုင် ကားမမောင်းတော့ဘဲ ထွန်းကျော်ကို တစ်နေကုန် ချောဆွဲထားလေ့ရှိသည်။

မနက် ကုမ္ပဏီက စထွက်ကတည်းက လေယာဉ်ရုံးသွား၊ လေယာဉ်ရုံးကပြန်တော့ ဘဏ်မှာ ငွေဝင်ထုတ်၊ ငွေထုတ်ပြီး ကုမ္ပဏီ တစ်ခေါက်ပြန်၊ ထမင်းစားပြီး ချက်ချင်းပြန်ထွက်၊ ဆိပ်ကမ်းမှာကွန်တိန်နာတင်ဖို့သွား၊ ဆိပ်ကမ်းမှာတင် တစ်နေကုန်ပြီး ကွန်တိန်နာလည်း မတင်ဖြစ်ဘဲ ကုမ္ပဏီကို ပြန်လာတော့ ဦးကျော်ဘုန်းခေါင် အတော်ပင်ပန်းနေပြီ ဖြစ်သည်။

"ထွန်းကျော်ရေ"

"ခင်ဗျာ"

"ကုမ္ပဏီပြန်ရောက်ရင် မင်းကားပေါ်မှာပဲ ခဏစောင့်နေကွာ၊ ငါမန်နေဂျာကို မှာစရာရှိတာမှာပြီး အိမ်ပြန်နားချင်ပြီ၊ မင်း ငါ့ကို အိမ်ပြန်ပို့ပေးဦး"

"ဟုတ်ကဲ့ပါ ဆရာ"

ဦးကျော်ဘုန်းခေါင်ကိုကြည့်ရသည်မှာ ကားမောင်းချင်စိတ်မရှိလောက်အောင် ပင်ပန်းနေပြီထင်သည်။ ကုမ္ပဏီဝင်းထဲ ကားဝင်

http://www.cherrythitsar.org



တော့ အဘထူးက ခြံတံခါး ပြေးဖွင့်သည်။

"နောက်မှာ ကွန်တိန်နာပါသလား"

ခြံတံခါးမပိတ်ခင် ထွန်းကျော်ကို လှမ်းမေးပြီး–

"မပါဘူး၊ ကွန်တိန်နာ ဒီနေ့ မဝင်ဘူး"

ဟု ထွန်းကျော်က လက်ခါပြရင်းပြောတော့ ခြံတံခါး ပြန် ပိတ်လိုက်သည်။

ကုမ္ပဏီရုံးခန်း၏အပြင်ဘက်တွင် ကားရပ်ပြီး ဦးကျော်ဘုန်း ခေါင် ဆင်းသွားတော့၊ ထွန်းကျော် ကားပေါ်မှာ ထိုင်စောင့် ကျန်နေ ရင်းက စက်ရုံအဝင်တံခါးဝက စာတန်းကို ငေးနေမိသည်။

**'ဖြောင့်မတ်သော ကိုယ်ကျင့်တရား၏ ကိုယ်စားလှယ် တစ်ဦးဖြစ်သော ရိုးသားမှုကို သင်တို့အားလုံး ပိုင်ဆိုင်ထားသင့်သည်'**

ဆိုသော စာတန်းကိုတော့ အဘထူး သန့်ရှင်းရေးလုပ်ရန် မေ့နေပုံရသည်။ စာတန်းပေါ်တွင် ဖုန်အလိမ်းလိမ်းတက်ကာ ညစ် ထပ်နေပြီ ဖြစ်သည်။

"ထွန်းကျော်ရေ ငါ့အိမ်ကို တန်းမောင်းတော့ကွာ"

သူ စဉ်းစားနေတုန်းမှာပဲ ရုံးခန်းထဲမှ ဦးကျော်ဘုန်းခေါင် ထွက်လာပြီး ကားနောက်ခန်းထဲ ဝင်ထိုင်သည်။

အဘထူးပြန်ဖွင့်ပေးသော ခြံတံခါးဝမှ ကားအထွက်မှာ–

"နေပါဦး မင်းအိမ်ပြောင်းဖို့ ကုမ္ပဏီက ကားအကြီးတစ် စီး တောင်းထားတယ်ဆို"

"ဟုတ်ပါတယ် ဆရာ၊ အခု လောလောဆယ် မဟုတ်ပါ ဘူး၊ နောက်လကျမှပါ"

http://www.cherrythitsar.org



"မင်းက ဘယ်မှာနေလို့ ဘယ်ပြောင်းမှာလဲကွ၊ မိသားစုက ဘယ်နှစ်ယောက်လဲ"

"ကျွန်တော်တို့ လင်မယားနှစ်ယောက်တည်းပါ ဆရာ၊ ကမာရွတ်ကနေ အင်းစိန်ကို ပြောင်းမလို့ပါ"

"အင်းစိန်ဆိုတော့ ပိုဝေးသွားတာပေါ့ကွ၊ မင်းက ဘာလို့ အဝေးကြီး ပြောင်းမှာတုံး"

"အခု ကျွန်တော်တို့ငှားနေတဲ့ ကမာရွတ်အိမ်က ဆက်မငှားတော့ဘူးဆိုလို့ပါ၊ တခြား ငှားမယ့်အိမ်တွေကလည်း ငွေမမီလို့ အင်းစိန်က ယောက္ခမအိမ်ကို ခဏပြောင်းနေမလို့ပါ"

"အင်း... မင်း ကားလိုချင်ရင်တော့ ပစ္စည်းအတင်အချမရှိတဲ့ရက်ကို ရွေးပြီး ပြောင်းပေါ့ကွာ၊ အဲဒါဆို မင်းတစ်နေကုန် စိတ်ချလက်ချသုံးလို့ရတာပေါ့"

"ဟုတ်ကဲ့ဆရာ၊ ကျေးဇူးပါပဲ"

မကြာခင် သူတို့ကားက ဦးကျော်ဘုန်းခေါင်၏ အိမ်ဝင်းထဲ ရောက်လာသည်။

"လက်စနဲ့ ကားကို ဂိုထောင်ထဲ တစ်ခါတည်းပို့ခဲ့ကွာ၊ပြီးရင် မင်းလည်း အိမ်ပြန်နားတော့၊ ကုမ္ပဏီပြန်ဝင်မနေနဲ့တော့"

ဦးကျော်ဘုန်းခေါင် ကားထဲကဆင်းရင်း ပြောသွားတော့ သူ စောစောစီးစီး ပြန်ရတော့မည်မို့ ဝမ်းသာသွားသည်။

"ဟုတ်ကဲ့ဆရာ"

သူ့ဆရာ အိမ်ထဲဝင်သွားတော့ ထွန်းကျော်အိမ်ဘေးက ဂိုထောင်ထဲ ကားကို မောင်းသွင်းလာခဲ့သည်။ဂိုထောင်ထဲမှာနေသားတ

http://www.cherrythitsar.org



ကျဖြစ်တော့ သူက တံခါးကိုဖွင့်ပြီး ဆင်းဟန်ပြင်ဆဲမှာပဲ သူ့မျက်လုံး အစုံက ကားရှေ့ခန်း ခြေနင်းခုံဆီ အရောက်မှာ လက်ခနဲ ဖြစ်သွား သောမြင်ကွင်းတစ်ခုကို ရင်ဆိုင်လိုက်ရသည်။ သူ့ရင်ထဲ ဒိတ်ခနဲဖြစ် သွားကာ ပိတ်ညှပ်စကလေးဖြင့် ကပ်ချုပ်ထားသော မွေးပွခြေနင်းခုံ ကို သူ့လက်ချောင်းများဖြင့် ပွတ်သပ်ကြည့်လိုက်မိသည်တွင်တော့ သူ့ရင်တွေ အဆက်မပြတ် အခုန်မြန်လာသည်။

"ဟာ..."

ဦးကျော်ဘုန်းခေါင်၏ လက်စွပ်အတွင်းမှ စိန်တစ်ပွင့်က သည်ကားထဲက မွေးပွခြေသုတ်ဖုံကြားမှာကျပြီး မြုပ်နေခဲ့တာပဲ။

တဆတ်ဆတ်တုန်နေသော ရင်အစုံဖြင့် စိန်ပွင့်ကို ကောက် ယူကာ ကားတံခါးကို အသေအချာပြန်ပိတ်ပြီး သူ ဦးကျော်ဘုန်း ခေါင်၏ အိမ်တံခါးဝကိုသွားရပ်ကာ လူခေါ်ခေါင်းလောင်းကို တုန် ယင်သောလက်များဖြင့် အဆက်မပြတ် နှိပ်နေလိုက်မိသည်။

* * *

သူမ ဖွင့်ပေးလိုက်သော တံခါးရွက်ကြားမှ မျက်စိပျက် မျက်နှာပျက်နှင့် ဝင်လာသော ထွန်းကျော်ကိုမြင်တော့ အေးအေးနု ရင်ထိတ်သွားသည်။

"ဘာဖြစ်လို့လဲ ကိုထွန်းကျော်၊ နေမကောင်းဘူးလား၊ ဒါမှ မဟုတ် ဘယ်သူနဲ့ ဘာဖြစ်လာလို့လဲ"

အမောတကော မေးလိုက်သောဇနီးသည်ကို မဖြေခင် ပထမဦးဆုံးအကြိမ် ကုလားထိုင်အဟောင်းတစ်လုံးပေါ်ကို အရုပ်ကြိုး

http://www.cherrythitsar.org



ပြတ် ထိုင်ချလိုက်သည်။ ပြီးမှ…

"ငါ ကားထဲက ဆရာကျော့်စိန်တစ်ပွင့် ကောက်ရတယ်"

"ဟာ… ဟုတ်လား၊ ဝမ်းသာလိုက်တာ"

ထွန်းကျော်က အေးအေးနမျက်နှာကို ဆတ်ခနဲ မော့ကြည့်ရင်း… "ဝမ်းသာမနေနဲ့၊ ရော့… ဟောဒီမှာ ငွေတစ်ထောင်"

စိတ်ပျက်လက်ပျက်ပြောရင်းက အိတ်ထဲမှ စိမ်းဖန့်ဖန့် ငွေ စက္ကူတစ်ရွက်ကို စားပွဲခုံပေါ် လက်ဖဝါးနှင့် ဘုတ်ခနဲနေအောင် မကျေမနပ် တင်ပေးလိုက်တော့–

"ဘာလုပ်တာလဲ၊ ဒီငွေတစ်ထောင်က"

"သိန်းကျော်တန် စိတ်တစ်ပွင့် ပြန်ပေးလိုက်လို့ ရလာတဲ့ မုန့်ဖိုးဟေ့၊ တစ်သက်စားမကုန်တော့ဘူး၊ တောက် ဒီလိုမှန်းသိရင် ပြန်မပေးပါဘူးကွာ"

ကျိတ်မနိုင်ခဲမရ ပြောရင်း စောစောက အဖြစ်အပျက်ကို ပြန်မြင်ယောင်လာသည်။

အဆက်မပြတ်ကြားရသော လူခေါ်ခေါင်းလောင်းသံကြောင့် ထွက်လာသော ဦးကျော်ဘုန်းခေါင်က တံခါးဝမှာ သူ့ကို ပြန်တွေ့တော့ တအံ့တသြနှင့်–

"ဟေ့ကောင် ထွန်းကျော်၊ မင်း မပြန်သေးဘူးလားကွ၊ ဘာကိစ္စရှိသေးလို့တုံး"

ဆိုတော့ သူက–

"ဆရာ… ဒီမှာ ကျွန်တော် ဆရာ့ကားထဲက တွေ့လာတာ"

http://www.cherrythitsar.org



ဆိုပြီး စိန်ပွင့်ကလေးကို လှမ်းပေးတော့ ဦးကျော်ဘုန်း ခေါင်း ဆတ်ခနဲ လှမ်းယူပြီး ဝမ်းသာအားရဖြစ်သွားပုံက မျက်စိထဲ က မထွက်...။

စိန်ပွင့်ကို လက်ဖဝါးပေါ်တင်ကာ အသေအချာပွတ်ကြည့် ပြီးမှ–

"ဟုတ်တယ်ကွ၊ အဲဒါ ငါကျပျောက်သွားတဲ့ စိန်အစစ်ပဲ၊ တော်သေးတာပေါ့ကွာ မင်းတွေ့လို့၊ သည့်ပြင်ကောင်တွေသာဆို ဘယ်လွယ်မလဲ၊ ကျေးဇူးပဲကွာ ငါ့တပည့် တကယ်ရိုးသားတယ်၊ မင်း ကျေးဇူးကို ငါတစ်သက်မမေ့ပါဘူး ရော့ မင်းသုံးဖို့"

ဆိုပြီး အိတ်ကပ်ထဲက ငွေတစ်ထောင်တန်တစ်ရွက် ထုတ် ပေးတော့ သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားခဲ့သည်။

"တောက်၊ ဒီလိုမှန်းသိရင် ပြန်မပေးပါဘူးကွာ"

လို့ သူ့နှုတ်က ဒုတိယအကြိမ်ထပ်ထွက်သွားတော့ သူ့ဇနီး အေးအေးနုက သူ့မျက်နှာကို တအံ့တသြကြည့်ရင်း ပြောလိုက်တဲ့ စကားတစ်ခွန်းကိုတော့ သူအတော်အခံရခက်သွားသည်။

"ဒီမှာ ကိုထွန်းကျော်... ရှင့်ဟာက ဘာသဘောလဲ ရိုးသားမယ်လို့စိတ်ကူးရင်လည်း စင်စင်ကြယ်ကြယ်နဲ့ အပြီးအပိုင် ရိုးသားလိုက်စမ်းပါ၊ ရိုးသားမှုရဲ့နောက်ကွယ်မှာ မျှော်လင့်ချက်တွေ ထားနေရင်တော့ ရှင်တကယ် မရိုးသားလို့ပဲ"

ဟုတ်တယ်...၊ အဲဒီစကားက စောစောက ငွေတစ် ထောင်အပေးခံရတာထက် ပိုနာသွားတာ သေချာတယ်။

**အထက–၁ ပုဇွန်တောင် ရွှေရတုမဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# သက်ရောက်မှုများ၏ ပမာဏ

'နာမည်ပျက်တယ်' ဆိုတာ လွယ်မှတ်လို့လား။

နာမည်ဆိုတာ ဘယ်တော့မှ သူ့အလိုလိုနေရင်း မပျက်ဘူး။ ကိုယ့်အပေါ် ဂရုတစိုက်နဲ့ သေသေချာချာ လိုက်ဖျက်ပေးမယ့် လူ ရှိမှ ပျက်လို့ရတာ။

ဘာမှ မလုပ်လို့ ဘာမှမဖြစ်ဘဲ ဘယ်သူကမှ ဂရုမစိုက်တဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ နာမည်မပျက်ဘူးဆိုတာတော့ ရှင်တို့လည်း သိကြမှာပါနော်။

အခု ကျွန်မ နာမည် ပျက်နေပြီ။

* * *

ဒါပေမဲ့ အဲဒီကိစ္စဟာ သိပ်တော့ မစားသာလှဘူး။ ခဏခဏ မျက်ရည်ကျရတယ်။ ဘာရယ် ငိုတယ်ဆိုတာ ပျော့ညံ့လို့၊ သတ္တိမရှိလို့ အရှုံးပေးတာ ဟုတ်လား။ အဲဒီလို သတ္တိမရှိရင် ပျော့ညံ့ရင်

http://www.cherrythitsar.org



အရှုံးပေးရင် ငိုကြရောလား။ ကျွန်မကတော့ အဲဒီလိုချည်း မဟုတ်ပါဘူး။ ရင်ထဲမှာ နာကျင်လာတဲ့အခါ၊ မခံချင်စိတ်တွေ ပြင်းထန်လာတဲ့အခါ၊ ဒေါသတွေ၊ မာန်မာနတွေ ချိုးမရနှိမ်မရ ခေါင်းထောင်ထလာတဲ့အခါ အဲဒါတွေကို ကိုယ့်နှလုံးသားထဲမှာတင် စိစိညက်ညက်ကြေအောင် ကြိတ်ချေပြီး အရည်စစ်ထုတ်ပစ်လိုက်တဲ့ သဘောပါ။ အဲဒါကို ငိုတယ်ဆိုရင်တော့ ကျွန်မ ငိုတယ်ပေါ့။ မကြာခဏကိုငိုနေရတယ်ပေါ့။ တကယ်တော့ ငိုလို့သာ ငိုနေရတယ်။ ရယ်စရာတော့ အကောင်းသား။

ရှင်၊ ဘယ်လို ဘယ်လို၊ နားတွေရှုပ်ကုန်ပြီ၊ ဟုတ်လား။

ဟုတ်တာပေါ့၊ ကျွန်မပြောတာကလည်း မရှင်းမရှင်းကြီးကိုး။

ဒီလိုပါ၊ ရယ်စရာကောင်းတယ်ဆိုတာက ကျွန်မရဲ့ ငိုပုံငိုနည်းကို ပြောတာပါ။ ငိုကလည်းငိုချင်၊ အကြီးအကဲတစ်ယောက်ဖြစ်တဲ့ကိုယ် ငိုတာကိုလည်း စက်ရုံထဲက အလုပ်သမားတွေ သိမှာစိုးတော့ ဟောဒီ ကိုယ်ပိုင်စတိုခန်းကလေးထဲ ပြေးပြေးပြီး ပုန်းငိုရတဲ့အဖြစ်ကို ပြောတာပါ။

ခုလည်း ကျွန်မ ငိုပြီးကာစရှိသေးတယ်။ ဟောဒီ စတိုခန်းကလေးထဲ ရှင်တို့ လှည့်ပတ်ကြည့်လိုက်စမ်းပါ။ ဟိုး... နောက်ဘက်ထောင့်ထဲမှာ လောလောဆယ်ချုပ်ဖို့မလိုသေးတဲ့ အထည်အလိတ်တွေ ရှိတယ်။ စက်ပစ္စည်းတွေ ချို့ယွင်းရင် တပ်ဆင်ဖို့ အပိုပစ္စည်းတွေ ရှိတယ်။ လျှပ်စစ်ဆိုင်ရာ အဖိုးတန်ပစ္စည်းတွေ ရှိတယ်။ နိုင်ငံတကာအဆင့်မီ နမူနာပုံစံထည်တွေရှိတယ်။ ပြီးတော့ ပက်ကင်

http://www.cherrythitsar.org



မဖွင့်ရသေးတဲ့ နိုင်ငံခြားအပ်ချုပ်စက်ခေါင်းအသစ်စက်စက်တွေ ရှိတယ်။ ပြီးတော့ ကျွန်မရဲ့ ပေါင်ဒါဘူးနဲ့မှန် ရှိတယ်။

ကျွန်မက ကျော်ဇေယျကိုယုံပြီး ဒီစက်ရုံကို ရောက်လာတာပေါ့။ သူက ကျွန်မရဲ့ ငယ်သူငယ်ချင်း၊ တအားရိုးသားပြီး သစ္စာရှိတဲ့ ကောင်ပေါ့။ ကျွန်မတို့အုပ်စုထဲမှာ အချို့တဲ့ဆုံးသူငယ်ချင်းမို့ ကျွန်မတို့က ကျောင်းစရိတ်ကအစ ထောက်ပံ့ကူညီပြီး တွဲခေါ်လာတဲ့သူငယ်ချင်းပေါ့။

အခု အသက်အရွယ်ရလာလို့ စီးပွားရေးနယ်ပယ်ထဲဝင်တော့ သူက တံခါးဖွင့်စီးပွားရေးစနစ်မှာ နိုင်ငံခြားက စီးပွားရေးလုပ်ငန်းရှင် လူမျိုးခြားတစ်ယောက်နဲ့ ဆက်သွယ်မိပြီး အဲဒီလုပ်ငန်းရှင်ရဲ့ မြန်မာနိုင်ငံက တစ်ဦးတည်းသော ကိုယ်စားလှယ်မန်နေဂျာဖြစ်သွားတယ်။ နိုင်ငံခြားက လူမျိုးခြားသူဌေးက တစ်လမှတစ်ခေါက်လောက်တောင် မရောက်ဖြစ်ဘဲ ဖုန်းနဲ့ပဲ ဆက်သွယ်ညွှန်ကြားပြီး အလုပ်လုပ်တယ်။ ကျော်ဇေယျက သူ့အတွက် လုံးဝစိတ်ချနေရတာကိုး။

အဲဒီမှာ ကျော်ဇေယျကလည်း စက်ရုံကြီးတစ်ရုံလုံးက လူတွေ၊ ပစ္စည်းတွေနဲ့လုပ်ငန်းကိုကြည့်ပြီး ဘဝင်မကျစရာ ဖြစ်လာတယ်နဲ့ တူပါရဲ့။ အပြင်မှာရှိနေတဲ့ သူငယ်ချင်းတွေထဲက ကျွန်မကိုသူ့ရဲ့လက်အောက်က အုပ်ချုပ်ရေးမှူးရာထူးပေးပြီး ခေါ်ရာကနေ ကျွန်မစက်ရုံထဲ ရောက်လာရတော့တာပဲ။

ကျွန်မရဲ့ တာဝန်က စက်ရုံတစ်ရုံလုံးကို အုပ်ချုပ်ဖို့နဲ့ စတိုခန်းပစ္စည်းတွေ ထိန်းသိမ်းပေးဖို့။ စတိုခန်းကို ကျွန်မတစ်ယောက်က

http://www.cherrythitsar.org



လွဲပြီး ကျန်တဲ့သူတွေ ဝင်ခွင့်မရှိဘူး။ စက်ရုံအလုပ်သမားတွေအတွက် တော့ ယခင်ကတည်းက ရှိနေတဲ့ ကြီးကြပ်ရေးမှူးနှစ်ယောက်နဲ့ လက် ထောက်ကြီးကြပ်ရေးမှူး ဆယ်ယောက်ရှိတယ်။ သူတို့ရဲ့ အုပ်ချုပ်မှု အောက်မှာ စက်သမား(**Operator**)သုံးရာနဲ့ အထွေထွေအလုပ် သမား(**Helper**) သုံးရာကျော် ရှိတယ်။

ကျွန်မတို့ စက်ရုံရဲ့တာဝန်က နိုင်ငံခြားက လုပ်ငန်းရှင် မစ္စတာချန်း တင်ပို့လိုက်တဲ့ အထည်အလိပ်တွေကို ဒီမှာညှပ်၊ ချုပ် ပြီး ပက်ကင်ပုံးတွေထဲ ပိတ်ပြီး နိုင်ငံခြားကို ပြန်ပို့ပေးရတဲ့ တာဝန် ဖြစ်တယ်။ အဲဒီစက်ရုံတွင်းက ကိစ္စတွေအတွက် မန်နေဂျာရုံးခန်းမှာ သီးသန့်ထိုင်တဲ့ မန်နေဂျာနဲ့ ဆက်သွယ်ဆောင်ရွက်ရတဲ့ တစ်ဦးတည်း သော ပြောရေးဆိုခွင့်ရတဲ့ပုဂ္ဂိုလ်ကတော့ မန်နေဂျာရဲ့ အုပ်ချုပ်ရေး မှူးဖြစ်တဲ့ ကျွန်မတစ်ယောက်တည်းပေါ့။

စက်ရုံမရောက်ခင်ကတော့ အဲဒီတာဝန်တွေရယ်၊ ကိုယ်ရ တဲ့ နေရာအနေအထားရယ်က ကျေနပ်စရာပေါ့။ ပြီးတော့ ကိုယ် တွဲရမယ့်မန်နေဂျာက ကိုယ့်သူငယ်ချင်း။

ဒါပေမဲ့ စက်ရုံထဲရောက်ပြီး မကြာခင် ကျွန်မ ငိုရတော့တာ ပဲ။ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး အရောင်ပြောင်းလဲတတ် တဲ့ ကိစ္စဟာ ကျွန်မတို့ရဲ့ ဓာတ်သိသူငယ်ချင်းတွေအတွက် မဟုတ် ဘူးလို့ ယုံကြည်ထားတဲ့ ကျွန်မအတွက် သင်ခန်းစာသစ်တွေ ကျက် မှတ်ဖြစ်တော့တယ်။

တစ်နေ့မှာ ရုံးအကူကောင်လေးက ကျွန်မကို လာခေါ်တာ နဲ့ ကျွန်မ မန်နေဂျာရုံးခန်းကို ရောက်သွားတယ်။ ရုံးခန်းရောက်တော့

http://www.cherrythitsar.org



မန်နေဂျာစားပွဲရှေ့မှာ ကျွန်မရပ်ပြီး–

“ကျွန်မကို ခေါ်တယ်ဆို”လို့ အသံပြုလိုက်မှ သူ့ရှေ့မှာ လူတစ်ယောက်ရှိနေပါလားလို့ သိသွားပုံပေါ်တဲ့ မန်နေဂျာက–

“ထိုင်၊ ကျွန်တော် နည်းနည်းဆွေးနွေးစရာရှိလို့ ခေါ်ခိုင်းလိုက်တာ”

အဲသလိုပြောပြီး ဆယ့်ငါးမိနစ်လောက်ကြာအောင် ဟိုစာအုပ်လှန်၊ ဒီစာအုပ်လှန်၊ စားပွဲအံဆွဲကိုဖွင့်၊ အထဲမှာဖွ၊ ပြန်ပိတ်၊ အံဆွဲအောက်က ဗီရိုတံခါးလေးကို သော့နဲ့ဖွင့်၊ တံခါးကို ဟကြည့်ပြီးတော့ ပြန်ပိတ်။ ကျွန်မကို ခေါ်တဲ့ကိစ္စဟာ အဲဒီအဖွင့်အပိတ်တွေနဲ့ ဘယ်လိုပတ်သက်နေသလဲတော့ မသိဘူး။ ကျွန်မက သူ့မျက်နှာရိပ် မျက်နှာကဲကို လိုက်ကြည့်၊ သူ ဘာပြောမလဲ နားစွင့်။ သူနဲ့ ကျွန်မရဲ့အနေအထားဟာ လွဲချော်နေတာတော့ အမှန်ပဲ။ ကျွန်မဟာ သူ့ရှေ့ရောက်ရင် အလိုလို သိမ်ငယ်သွားပြီး အထက်အရာရှိရဲ့ ရှေ့မှောက်က လက်အောက်ငယ်သားလေးရဲ့ ကျိုးနွံမှုမျိုး အလိုလိုဖြစ်သွားတယ်။ ဒါဟာ ကျွန်မဘက်က လှုပ်ရှားမှု မှန်ကန်ပါတယ်။

သူကသာ လိုအပ်တဲ့ ရင်းနှီးလိုက်လျောမှုပြဖို့ တာဝန်ရှိတယ်လို့ ကျွန်မ ယူဆတယ်။

အတော်လေးကြာမှ သူက ငါးသုံးလုံးတစ်လိပ်ကို မီးညှိရင်းနဲ့–

“ကျွန်တော်လည်း ဆိပ်ကမ်းမှာ ကွန်တိန်နာကိစ္စတွေ လိုက်နေရတာ တစ်ပတ်လောက်ရှိတယ်၊ အော်ပရေတာ ငါးယောက် အထွက်စာရင်းတွေ့တယ်၊ ဘာဖြစ်လို့လဲ အဲဒီနေရာမှာ အစားဝင်

http://www.cherrythitsar.org



ချုပ်ဖို့ ဘယ်က အော်ပရေတာအသစ် ရှာလို့ရမလဲ၊ စက်ရုံတွေက သူ့ထက်ငါ အပြိုင်ဖြစ်နေတော့ အော်ပရေတာက ရှားတယ်ဗျ"

"ကျွန်မ အဲဒီစက်အလွတ်တွေမှာ ချုပ်ဖို့ **Helper** ထဲက နည်းနည်းတော်မယ်ထင်ရတဲ့ ကလေးငါးယောက်ကို သင်ပေးဖို့ ဆူပါ(ကြီးကြပ်ရေးမှူး)တစ်ယောက်ကို တာဝန်ပေးထားပါတယ်။"

"ဖြစ်ပါ့မလားဗျ၊ တော်တော်နဲ့ တတ်ပါ့မလား"

"နှစ်ပတ်လောက်ဆို ကောင်းကောင်းတတ်သွားမှာပါ၊ သူတို့လည်း မျက်စိရည် နားရည် ဝပြီးသားပဲ၊ အပြင်ကလာလျှောက်မယ့် အော်ပရေတာကို ရက်အကန့်အသတ်မရှိ၊ မသေချာနဲ့ မျှော်လင့်ချက်မျိုးနဲ့ စောင့်နေရမှာထက်စာရင် ကိုယ့်စက်ရုံတွင်းက အတတ်ပညာရှင်အသစ်တွေနဲ့ ထပ်ပြီး မွေးထုတ်လိုက်တာဟာ ကျွန်မတို့စက်ရုံအတွက်ရော ကလေးတွေအတွက်ပါ အကျိုးရှိပါတယ်၊ လိုအပ်ရင် ကျွန်မကိုယ်တိုင် ဝင်ပြီး သင်ပေးပါ့မယ်"

"အင်းလေ၊ ခင်ဗျားနိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်ရင် ပြီးတာပဲ၊ စက်ရုံနဲ့ပတ်သက်ပြီး ဘာပြောစရာ ရှိသေးလဲ"

"ကျွန်မ တစ်ခုလောက် တင်ပြချင်တယ်၊ အဲဒါလည်း ဦးကျော်ဖေယျတတ်နိုင်တဲ့ ကိစ္စပါ"

"ပြောပါ"

"အလုပ်သမားတွေကို လစာတိုးပေးစေချင်ပါတယ်၊ အခုအချိန်မှာ ကလေးတွေ စားဝတ်နေရေးနဲ့ စရိတ်စကအတွက် အချို့ဆို မလောက်မင ဖြစ်နေကြပါတယ်၊ အလုပ်ထွက်သွားတဲ့ကလေးတွေကို ကျွန်မ လေ့လာကြည့်တော့လည်း အဲဒါမျိုးတွေ တွေ့ရတယ်၊

http://www.cherrythitsar.org



ကားခတွေက ဈေးတက်လာတော့ ရပ်ဝေးကလာရတဲ့ကလေးတွေ အတွက် သူတို့လမ်းစရိတ်ကပဲ တစ်နေ့တစ်နေ့ မနည်းတော့ လာ လုပ်ရတာ မကိုက်ဘူး ဖြစ်နေတယ်"

"လစာတိုးတာက ပြောတော့ လွယ်တယ်ဗျ၊ တစ်ရုံလုံး အတွက်ဆို တစ်လတစ်လ သိန်းချီပြီး ကုန်မှာ၊ ဒီကိစ္စက ကျုပ်နဲ့ မပြီးဘူး၊ မစ္စတာချန်းကို ပြောကြည့်ရမှာပဲ၊ သိပ်တော့ မလွယ်ဘူး ထင်တယ်၊ မစ္စတာချန်းကလည်း သူများစက်ရုံတွေနှုန်းကို သိထား တော့ ပိုပေးချင်မယ် မထင်ဘူး"

"သူများစက်ရုံနဲ့ ကျွန်မတို့စက်ရုံနဲ့ လုပ်ငန်းလည်ပတ်ပုံချင်း မတူတာကို ဦးကျော်ဇေယျရော မစ္စတာချန်းပါ သိပါတယ်၊ အခြား စက်ရုံတွေ၊ ကုမ္ပဏီတွေက သွင်းကုန်ထုတ်ကုန်ကိစ္စတွေမှာ အကျိုး အမြတ်ခံစားခွင့်က ကျွန်မတို့နဲ့ ကွာပါတယ်၊ ဥပမာ သူတို့နိုင်ငံက ပစ္စည်းကို ကျွန်မတို့နိုင်ငံကို တင်သွင်းရောင်းချတာမျိုး၊ ကျွန်မတို့ နိုင်ငံက ကုန်ကြမ်းတွေနဲ့ ချုပ်လုပ်ပြီး သူတို့နိုင်ငံတွေကို တင်ပို့ ရောင်းချတာမျိုးဆိုရင် နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ကျွန်မ တို့နိုင်ငံနဲ့ လူမျိုးအတွက် တစ်စုံတစ်ခုသော အကျိုးအမြတ်နဲ့တင် ကျေနပ်ရောင့်ရဲစရာကောင်းပါတယ်၊ အခု ကျွန်မတို့စက်ရုံရဲ့ ကုန် ထုတ်လုပ်မှုက သူတို့ဆီက ပို့လိုက်တဲ့ အထည်လိပ်ကို လက်ခစား ညှပ်ပြီးချုပ်ပြီး ကိုယ်ပိုင်ရောင်းဝယ် ဝတ်ဆင်ခွင့်မရှိဘဲ အသင့်ထွက် လာတဲ့ ကုန်ချောကို ပြန်ပို့ရတာဆိုတော့ လုပ်အားခ ဈေးသက်သက် သာသာရှိနေလို့ဆိုတာ ထင်ရှားပါတယ်။

"ဒါကြောင့် ကျွန်မ ဒီကိစ္စကို အကြံပြုတာပါ၊ ပြီးတော့

http://www.cherrythitsar.org



ကျွန်မ အော်ပရေတာသစ်တွေ မွေးထုတ်ချင်တာကလည်း သူတို့နိုင်ငံက ကျွန်မတို့လူမျိုးရဲ့လုပ်အားခကို လာပြီး ရယူသလို ကျွန်မတို့ကလည်း သူတို့ရဲ့အတတ်ပညာကို ပြန်လည်ရယူပြီး ကိုယ့်လူမျိုးတွေကို အတတ်ပညာရှင်ဖြစ်အောင် ဖန်တီးပေးချင်တာပါ"

"ကောင်းပြီလေ၊ ခင်ဗျားသဘောထားကို ကျွန်တော်လက်ခံပါတယ်၊ ဒီည မစ္စတာချန်းဆီက ဖုန်းဝင်လာရင် အဲဒီကိစ္စကို ကျွန်တော် တင်ပြလိုက်ပါမယ်"

**Helper** (အထွေထွေအလုပ်သမား) တစ်ယောက်ကို လစာနှစ်ထောင်ကနေ သုံးထောင်၊ **Operator** (စက်သမား)တစ်ယောက်ကို သူ့ဘာသာရပ်အလိုက် လုပ်အားခနှစ်ဆတက်ပြီး သတ်မှတ်ကြောင်းကို မန်နေဂျာကိုယ်တိုင် စာထုတ်ပြီး စက်ရုံထဲ လာကြော်ငြာလိုက်တဲ့အချိန် စက်ရုံတစ်ရုံလုံး ဝမ်းသာဆူညံသွားကြပေမဲ့ အဲဒီကဏ္ဍမှာ ကျွန်မ ပါဝင်ကြောင်း ဘယ်သူမှ မသိလိုက်ကြပါဘူး။

စက်ရုံထဲမှာ အထည်ညှပ်ဌာန၊ အထည်ချုပ်ဌာနနဲ့ အထည်ထုပ်ပိုးဌာနဆိုတဲ့ ပင်မဌာနသုံးခုကို သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးတွေက အုပ်ချုပ်ရပြီး သူတို့ကိုင်တဲ့ စာရင်းဇယားတွေကိုကျွန်မက တစ်လတစ်ခါ စစ်ဆေးပြီး မန်နေဂျာဆီ တင်ပေးရတယ်။

အဲဒီ စာရင်းတွေနဲ့ပတ်သက်ပြီး လစာထိုးပြီးတဲ့လမှာပဲ ကျွန်မ ပြဿနာ စတက်တော့တာပဲ။ ကျွန်မ တင်ပေးလိုက်တဲ့ လချုပ်စာရင်းတွေကို စစ်နေရင်း မန်နေဂျာက ကျွန်မကို ခေါ်ခိုင်းတယ်။ ခါတိုင်းလိုပဲ စကားအေးအေးသက်သာပြောလိမ့်မယ်လို့ ထင်ခဲ့တဲ့ ကျွန်မဟာ သူ့အမူအရာကြောင့် တအံ့တသြနဲ့ ခံပြင်းသွားတယ်။

http://www.cherrythitsar.org



ကျွန်မရောက်သွားတာနဲ့ သူက အထည်ထွက်နှုန်းစာရင်း စာအုပ်ကို စိတ်ဆိုးမာန်ဆိုးနဲ့ကိုင်ပြီး အားကုန်လွှဲပေါက်လိုက်တယ်။ အဲဒီစာအုပ်ဟာ ပွင့်လျက်သားနဲ့ ရုံးခန်းထောင့်မှာ ဖရိုဖရဲ လွင့်စင် ကျသွားတယ်။

ကျွန်မက ရင်ထဲက ဒေါသကို ချိုးနှိမ်ပြီး စားပွဲပေါ် သွား ကောက်ပြီး တင်ပေးဖြစ်အောင် ကြိုးစားနိုင်လိုက်တယ်။ သူက ကျွန်မ တင်ပေးလိုက်တဲ့ စာအုပ်ကို လက်ဖဝါးနဲ့ တဘုန်းဘုန်းပုတ်ရင်းက ကျွန်မ မမျှော်လင့်တဲ့ စကားလုံးတွေ ကို ဒေါသတကြီးနဲ့ ပြောချ လိုက်တယ်။

"ခင်ဗျား ကျုပ်တို့စက်ရုံ စီးပွားရေးဈေးကွက်ကို ရိုက်ချိုး နေတာလား"

"ရှင်..."

"ခင်ဗျား ပုံကောင်းကောင်းပြောပြီး ကျုပ်ကို ချောက်ထဲ တွန်းချနေမှန်း ကျုပ်အစက မသိဘူး"

"ဦးကျော်ဇေယျပြောတာတွေ ကျွန်မ ဘာမှနားမလည်ဘူး၊ ကျွန်မကို ရှင်းရှင်းလင်းလင်းပြောပါ"

"ခင်ဗျား လချုပ်စာရင်းတွေကို ခင်ဗျား ပြန်ကြည့်ပြီးပြီလား၊ အထည်ထွက်နှုန်းတွေ တအားလျော့နေတယ်၊ ခါတိုင်း တစ်နေ့ဒါ ဇင် ၁၀၀၀ထွက်နှုန်းကနေ ၇၀၀အထိ လျော့ကျသွားတယ်၊ တစ်လ လုံးဆို ဘယ်လောက်တောင် လျော့သွားပြီလဲ တွက်ကြည့်စမ်းပါ၊ ခင်ဗျား တစ်လလုံး စက်ရုံထဲမှာ ဘာလုပ်နေလဲ၊ ဒီလောက် အထည် တွေ လျော့တာ ခင်ဗျား မသိဘူးလား"

http://www.cherrythitsar.org



အဲဒါ ဆူပါတွေရဲ့အလုပ်ပဲ၊ သူတို့ကိုယ်တိုင်ကြီးကြပ်နေတဲ့စက်တန်းထဲက အထည်ထွက်နှုန်းကို ကျွန်မက ကျော်ပြီး မသိနိုင်ပါဘူးလို့ ပြောလိုက်ရင် ဆူပါ ခုနစ်ယောက်ပါ အဆစ်ပါလာဦးမှာမို့ ကျွန်မ ပြောမပြဖြစ်တော့ဘူး။

"ခင်ဗျား ပုံပြောကောင်းတာနဲ့ ကျုပ်က သွေးကြွပြီး မစ္စတာချန်းကို လစာတိုးပေးဖို့ ဘယ်လောက်အတိုက်အခံ ပြောခဲ့ရတယ်မှတ်လဲ၊ နောက်ဆုံး သူက ကျုပ်ဘက်က အထည်ထွက်နှုန်း သည့်ထက်တိုးအောင် ဆောင်ရွက်ပေးရမယ်တဲ့၊ အထည်များများထွက်မှ သူလည်း အကျိုးအမြတ်များများရမှာ နှစ်ဦးနှစ်ဖက် အဆင်ပြေမှာပေါ့၊ သူပြောတာ မှုတပါတယ်၊ အဲဒီလိုနဲ့ ခင်ဗျားပြောတဲ့ပုံစံဖြစ်အောင် ကျုပ်လုပ်ယူခဲ့ရတာ"

အစက ရှင်အဲဒါတွေ ကြိုပြောထားပါလားလို့ ကျွန်မ စိတ် ထဲကနေ ခံပက်လိုက်သည်။

"အခုတော့ ကျုပ် ခွေးလုံးလုံးဖြစ်ပြီ၊ အဲဒါ ခင်ဗျားကြောင့်ကျုပ် ဒီအပတ် ကွန်တိန်နာ ဘယ်လိုတင်ရမလဲ၊ ခင်ဗျားပြောတော့ အလုပ်သမားတွေ ငွေပိုထွက်အောင်ဆို၊ အလုပ်သမားတွေက ပိုက်ဆံ မလိုဘူးဗျ၊ ခါတိုင်းပိုက်ဆံလောက်ရရင်ပြီးရောဆိုပြီး လုပ်အားကို လျှော့ပစ်တယ်၊ လုပ်အားတွေ လျော့သွားတော့ ကျုပ်တို့စက်ရုံနစ်နာတယ်၊ ကဲ- ပြောဦးလေ၊ ခင်ဗျား ဘာပြောမလဲ"

အဲဒါတွေဟာ ဘယ်သူ့ပယောဂဆိုတာ ကျွန်မ အလိုလို သိလိုက်တယ်။

"အလုပ်သမားတိုင်း မဟုတ်ပါဘူး၊ အထည်မထွက်တာက

http://www.cherrythitsar.org



အခိကကျတဲ့ ကျွမ်းကျင်အော်ပရေတာတွေ လျှော့ချုပ်မိလို့ဖြစ်မှာပါ၊ သူတို့ဆီက အထည်မကျတော့ ကျန်တဲ့အဆင့်ဆင့်ပါ နှောင့်နှေးကုန်မှာပေါ့၊ လူအများစုက ကြိုးစားကြပါတယ်၊ ကျွန်မ အဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်"

"ခင်ဗျားက အဲဒီလို လျှော့ချလိုက်ရင် ပြီးသွားတာပေါ့၊ ကျုပ်က အဲဒီပြဿနာကြီးကို ရှင်းရဦးမယ်၊ အော်ပရေတာတွေ အလုပ်မလုပ်တော့ ဟက်လ်ပါတွေကလည်း အလုပ်ပြတ်တာပေါ့၊ ကျုပ်က သူတို့တွေကိုပါ လစာအကုန်တိုးထားရတာဗျ၊ ဒီကြားထဲ ခင်ဗျားက အဲဒီလူတွေကို စက်ပေါ်တင်ပြီး သင်ပေးလိုက်သေးတယ်၊ မတတ်တဲ့လူကို သင်ရတာ စက်ဘယ်လောက်နာတယ်မှတ်သလဲ၊ လေးတစ်ချောင်းကျိုးရင် တန်ဖိုးက သောင်းကျော်တယ်၊ ဘယ်သူ လျော်နိုင်လဲ၊ အဲဒီကိစ္စမျိုးကို မစ္စတာချန်းက သဘောတူနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ဘာသာ ခင်ဗျားကို လူမှုရေးအရ ခွင့်ပြုထားတာ"

တကယ်တော့ အဲဒီကိစ္စတွေ သူထည့်ပြောနေဖို့ မလိုအပ်ဘူးလို့ ကျွန်မ ထင်တယ်။ ရှင်က ဘယ်သူ့ဘက်က နာနေတာလဲလို့ ကျွန်မမေးရင် သူဘာပြောမလဲ သိချင်လိုက်တာ။

"ခင်ဗျားကို စက်ရုံထဲ ခေါ်မိတာ ကျုပ်သိပ်မှားသွားတယ်၊ ကျုပ်သေတွင်း ကျုပ်တူးမိတာပဲ"

ကျွန်မ ဆတ်ခနဲ သူ့ကို မော့ကြည့်ပစ်လိုက်တယ်။

"ကျွန်မ အခု အလုပ်ထွက်မယ်"

သူက ဒေါသတကြီးနဲ့ စားပွဲကို တဖြန်းဖြန်းပုတ်လိုက်ပြီး–

"ခုချိန်မှာ ထွက်လို့ဖြစ်မလားဗျ၊ ခင်ဗျား သိပ်တစ်ကိုယ်

http://www.cherrythitsar.org



ကောင်းဆန်တဲ့ မိန်းမပဲ၊ ခင်ဗျား ပြဿနာတွေ ခင်ဗျားအကုန်ပြန် ရှင်းသွား"

"ဒါဆို ရှင်ဘာဖြစ်စေချင်သလဲ ပြောပါ၊ ကျွန်မကို ဒီ လောက်နိုပ်ကွပ်စရာ မလိုဘူးလို့ ကျွန်မ ထင်တယ်"

"ကောင်းပြီ၊ ခင်ဗျားကို ကျုပ် မန်နေဂျာတစ်ယောက် အနေနဲ့ တာဝန်ပေးတယ်၊ တစ်နေ့ကို အထည်ထွက်နှုန်း ဒါဇင် တစ်ထောင့်နှစ်ရာ လိုချင်တယ်၊ ရအောင်လုပ်ပါ"

"ကျွန်မ ကြိုးစားမယ်"

"ကြိုးစားမယ် မပြောပါနဲ့၊ အတိအကျဖြစ်အောင် လုပ်ပါ၊ ကျုပ် မစ္စတာချန်းနဲ့ပြဿနာ ထပ်မဖြစ်ချင်ဘူး၊ ခင်ဗျားကိုယ်တိုင် စက်ခန်းထဲဝင်ပြီး စက်ရုံအခြေအနေကို ချက်ချင်းပြန်ထိန်းပါ၊ အဲဒါ ခင်ဗျားကို ကျုပ် အမိန့်ပေးတာပဲ၊ ခင်ဗျား သွားနိုင်ပြီ"

ကျွန်မ သူ့ရှေ့က ချာခနဲ လှည့်ထွက်လာခဲ့ပြီး စတိုခန်းထဲ ကို တန်းဝင်ခဲ့တယ်။ စတိုခန်းရဲ့အတွင်းဘက်က ချက်ချပြီးတာနဲ့ ကျွန်မပါးပြင်ပေါ်က မျက်ရည်ပေါက်တွေ တလိမ့်လိမ့်ကျလာတယ်၊ ကျော်ဇေယျဟာ ကျွန်မ တစ်ခါမှ မသိကျွမ်းဖူးတဲ့လူစိမ်းတစ်ယောက် သာဆိုရင်တော့ ကျွန်မ ဒီလောက်ခံစားရမယ်မထင်ဘူး။ အတန်ကြာ လို့ စိတ်တွေတည်ငြိမ်သွားမှ မှန်ထဲမှာ မြင်နေရတဲ့ ကိုယ့်မျက်နှာ ကိုယ် ပြန်လည်မွမ်းမံပြီး ကျွန်မ စက်ရုံထဲကို ဝင်ခဲ့တဲ့အချိန်မှာတော့ ကျွန်မရဲ့မျက်နှာထားဟာ တင်းမာနေလိမ့်မယ် ထင်တယ်။

စက်ရုံထဲမှာ တဝေါဝေါ ဆူညံနေတဲ့မော်တာသံတွေကြား မှာ ရယ်မောစကားပြောနေသူတွေနဲ့ ဟိုနားသည်နား လမ်းသလား

http://www.cherrythitsar.org



နေကြတဲ့မိန်းကလေးအချို့ကို ခဏရပ်ကြည့်နေပြီးတော့မှ ကျွန်မ မော်တာမိန်းခလုပ်ကြီးကို ပိတ်ချလိုက်တယ်။

စက်အသီးသီးက မော်တာတွေ ချက်ချင်းရပ်သွားပြီး ရုတ်တရက် တိတ်ဆိတ်သွားချိန်မှာပဲ စက်ရုံထဲက မျက်လုံးပေါင်းများစွာဟာ ကျွန်မရှိရာကို ရောက်လာကြတယ်။

"စကား နည်းနည်းပြောမယ်၊ နားထောင်ကြပါ"

"အထူးသဖြင့် အော်ပရေတာတွေကို ပြောချင်တယ်၊ မင်းတို့ကို မန်နေဂျာက လစာနှစ်ဆတိုးပေးလိုက်တာဟာ မင်းတို့ အားတက်ပြီး အလုပ်ပိုကြိုးစားလုပ်ကြဖို့ပဲ၊ နဂိုစံနှုန်းအတိုင်း အထည်ကျရင်တောင် မင်းတို့အတွက် ဝင်ငွေဟာ နှစ်ဆဖြစ်လာမယ်၊ ပိုကြိုးစားချုပ်ရင် သုံးလေးဆ ဖြစ်လာဖို့ပဲရှိတယ်၊ မင်းတို့ ဝင်ငွေတိုးရင် မိသားစုစားဝတ်နေရေး ပိုပြီး အဆင်ပြေမယ်၊ လူနေမှုအဆင့် ပိုမြင့်လာမယ်၊ မင်းတို့ဘဝ တိုးတက်အောင် စက်ရုံက စေတနာထားပြီး လုပ်ပေးလိုက်တာ ဖြစ်တယ်၊ အခု မင်းတို့က အဲဒီပုံစံထဲ မဝင်ဘူး၊ ငွေပိုတိုးပေးမှ လုပ်အားကို လျှော့ပစ်တယ်၊ ငွေကို အသေထားပြီး အရင်က ငါးထောင်ထုတ်ဖို့ တစ်နေကုန်ချုပ်ရင် လုပ်ခ တိုးလာတဲ့အတွက် လုပ်အားကို နေ့တစ်ရက်ပဲသုံးပြီး ငွေငါးထောင်ပဲ ယူတယ်၊ အော်ပရေတာတိုင်းတော့ မဟုတ်ပါဘူး၊ အထည်ထွက်နှုန်း အဓိကကျတဲ့ အော်ပရေတာတချို့ပါ။ ဘယ်သူတွေလဲဆိုတာ ကိုယ့်ကိုယ်ကို သိပါတယ်၊ ဒီလိုမလုပ်ပါနဲ့၊ ကိုယ်က ငွေကြေးအဆင်ပြေလို့ ဖိဖိစီးစီးရှာဖို့မလိုဘူးဆိုရင်လည်း နေရာပြောင်း စက်ပြောင်းပြီး ချုပ်ပါ၊ အခုမင်းတို့ဆီက အထည်ကျမှ အဆင့်ဆင့်ချုပ်ရမယ့်စက်တွေပေါ်

http://www.cherrythitsar.org



အထည် မရောက်နိုင်တော့ အဲဒီစက်သမားတွေလည်း နစ်နာတယ်၊ စက်ရုံလည်း နစ်နာတယ်၊ အချိန်တွေအလဟဿကုန်ပြီး ကုန်စည် စီးဆင်းမှုမှာ အနှောင့်အယှက်ဖြစ်တယ်၊ အဲဒီလို စိတ်ထားမျိုးရှိတဲ့ လူဟာ ဘယ်တော့မှ ကြီးပွားတိုးတက်မှာ မဟုတ်ဘူး၊ ကိုယ့်ကြောင့် သူတစ်ပါး မထိခိုက်ပါစေနဲ့၊ မနက်ဖြန်ကစပြီး စံချိန်စံညွှန်းထက်သာ တဲ့ အထည်ထွက်နှုန်း လိုချင်တယ်၊ တစ်နေ့ကို အထည်ဒါဇင်တစ် ထောင့်နှစ်ရာထွက်အောင်ချုပ်ပါ၊ အော်ပရေတာအားလုံး မူလထွက် နှုန်းစာရင်းနဲ့စိစစ်ပြီး လက်ခံမယ်၊ မူလထက် တစ်ယောက်ကိုအနည်း ဆုံး ဆယ်ဒါဇင်ကနေ ဒါဇင်ငါးဆယ် ပိုထွက်အောင် ချုပ်ပေးပါ၊ သေသေချာချာချုပ်ရင် ထွက်ပါတယ်၊ မထွက်ရင် အချိန်ပို ချုပ်ပေး ရလိမ့်မယ်၊ ကျွမ်းကျင်အော်ပရေတာတွေ ပညာပြရင် စက်ပြောင်း ပစ်မယ်၊ ဒါပဲ”

နောက်တစ်နေ့ကစပြီး ကျွန်မ စက်တန်းထဲ တစ်နေ့ တစ် ကြိမ်လှည့်ဖြစ်တယ်။ ကျွန်မကိုယ်တိုင် စက်ခန်းထဲဆင်းတော့ ကြီး ကြပ်ရေးမှူးအချို့က သိပ်မကြည်ချင်ဘူး၊ သူတို့စကားဝိုင်း၊ လက်ဖက် ဝိုင်းပျက်လို့ ထင်ပါရဲ့၊ အစထောင်ပြီး ပညာပြလိုက်တဲ့ လေးငါး ယောက်လည်း မချုပ်ချင်လို့ မရတော့ဘူး၊ သိပ်တော့ ကျေကျေနပ် နပ်ရှိကြပုံ မတူဘူး။ ကျွန်မ ဖြတ်သွားတော့ နောက်ကနေ မကြား တကြား တစ်ယောက်က–

‘အဟမ်း… အဟမ်း…’နဲ့ ချောင်းဟန့်တယ်၊ တစ် ယောက်က–

‘ဘာလဲ၊ အော်ချက်ထုတ်မလို့လား၊ ထုတ်ရင် မြန်မြန်

http://www.cherrythitsar.org



ထုတ်၊ တို့အလုပ်ပျက်တယ်’တဲ့။

နောက်တစ်ယောက်က–

‘ကြီးပွားရေးလမ်းညွှန်တွေရမယ်၊ ကြီးပွားရေးလမ်းညွှန်တွေ’ စတာတွေကို မကြားတကြား ပြောပြီး ဘာလုပ်ပြလိုက်တယ် မသိဘူး၊ ခပ်အုပ်အုပ်ရယ်သံတွေ ထွက်လာတယ်။ စက်တန်းထဲမှာ လက်ချိုးရေလို့ရတဲ့အဲဒီအုပ်စုဟာ ရာဇဝင်နဲ့နေတာ။ အလုပ်ကျွမ်းကျင်သလောက် စိတ်ဓာတ်တွေ ညံ့ဖျင်းတယ်။ အခြားအလုပ်သမားတွေနဲ့လည်း မတည့်တဲ့အပြင် သူတို့အချင်းချင်းလည်း တစ်ခါတစ်ခါ ရန်ထထဖြစ်တတ်လို့ ဆူပါတွေတောင် လက်လျှော့ထားရတဲ့အဖြစ်။ စက်ရုံထဲမှာ ကျွန်မ အော်ပရေတာအသစ်တွေ မွေးထုတ်ပေးနေတာကို မကျေနပ်တဲ့လူတွေထဲမှာ သူတို့က ရှေ့ဆုံးကပေါ့။ ဒါကြောင့် ဂျစ်တိုက်နေကြတာ။

“ဒီအင်္ကျီတွေကို သေသေချာချာတိုင်းကြည့်စမ်း၊ အချိုးအစားတွေ အရမ်းကွာနေတယ်၊ အဲဒါကို မင်းတို့မသိကြဘူးလား၊ မီဒီယာဆိုဒ်ရဲ့ ကိုယ်ထည်နဲ့လာ့ချ်ဆိုဒ် လက်ကိုတပ်ထားတယ်၊ လာ့ချ်ဆိုဒ်ရဲ့ ကိုယ်ထည်နဲ့ စမောလ်လက်ကို တပ်ထားတယ်၊ ဆိုဒ်ကြီး(**XL**)တွေကို အထည်ချုပ်ပြီးမှ ကင်းကိုပတ်မလိုက်ဘဲ ကင်းလိုက်ပြီးမှ အထည်ချုပ်ထားတယ်၊ အားလုံး ဖောက်တိဖောက်ထိုးတွေချည်းပဲ၊ အဲဒီလောက် အထည်တွေမှာပြီးချုပ်နေကြတာ ဘယ်လိုဖြစ်လို့လဲ၊ မင်းတို့မှာ ကိုယ်ပိုင်ကြီးကြပ်ရမယ့် စက်လိုင်းတွေရှိနေတာပဲ၊ အော်ပရေတာတွေက မတော်တဆမှားတာပဲထားဦး၊ ဘေးက အထည်စစ်သမားတွေက မြင်ရမယ်၊ အဲဒီကနေ တစ်ခါထပ်ပြီး

http://www.cherrythitsar.org



မှားထွက်လာတယ်ပဲထားဦး၊ မင်းတို့က ပေကြိုးတစ်ချောင်းလည်ပင်း ဆွဲပြီး စက်တန်းထဲလျှောက်နေတာ ဘာလုပ်ဖို့လဲ။

"ဒီအထည်တွေပေါ်မှာ အာရုံထားရင် ယူတိုင်းကြည့်လို့ ရတာပဲ၊ ခုတော့ ပက်ကင်ဌာနရောက်မှ ပက်ကင်က ဆူပါဗိုက်ဇာဆီ ပြန်ပို့လိုက်တာ၊ တော်သေးတာပေါ့ နိုင်ငံခြားရောက်မသွားတာ၊ ရောက်သွားပြီးမှ ပြန်တင်ပို့လိုက်ရင် စက်ရုံတစ်ရုံလုံး အလုပ်ပြုတ်ကုန်လိမ့်မယ်၊ အခုတောင် ပြင်ထည်တွေ သည်လောက်အများကြီး ထွက်လာတာ မန်နေဂျာသိရင် ပြဿနာရှာတော့မယ်၊ အဲဒီ ပြဿနာကို ဘယ်သူရှင်းမလဲ၊ ကိုယ်ပဲ ရှင်းရမှာ၊ မင်းတို့ကို ကြည့်လိုက်ရင် အော်ပရေတာတွေနဲ့ တဝါးဝါးအဖွဲ့ကျနေတာ မင်းတို့အချင်းချင်း လက်ဖက်စားပြီး စကားပြောနေတာ ကိုယ်ခဏခဏတွေ့တယ်၊မင်းတို့ကို စက်ရုံထဲမှာ အလုပ်သမားတွေကို ကြီးကြပ်ဖို့ တရားသဖြင့် အုပ်ချုပ်ဖို့ ချုပ်ထည်အရည်အသွေးကောင်းဖို့ ကုန်ထုတ်လုပ်မှု တိုးတက်ဖို့ တာဝန်ချထားတာ၊ မင်းတို့ ဒါတွေကို စိတ်မဝင်စားဘူးလား၊ ဒီအထည်ပုံကြီးကို ဘယ်လိုလုပ်မလဲ၊ မင်းတို့တစ်ထည်ချင်း ယူပြီး တိုင်းကြည့်စမ်း"

ကြီးကြပ်ရေးမှူး (ဆူပါဗိုက်ဇာ)တွေ အားလုံး အထည်ပုံကြီးထဲက တစ်ထည်ချင်းယူပြီး ပေကြိုးတွေနဲ့တိုင်းတာမှတ်သားနေကြတဲ့အထဲမှာ မျက်နှာကြောတင်းတင်းနဲ့ နှစ်ယောက်လောက်ကို ကျွန်မ သတိထားမိလိုက်တယ်။

"အဲဒါတွေကို စာရင်းထဲမှာကြည့်ပြီး သူ့စက်နံပါတ်အတိုင်း အော်ပရေတာတွေကို ပြင်ထည်ပြန်ချပေးလိုက်၊ နောက်ကိုလည်း

http://www.cherrythitsar.org



အဲဒီလိုပဲ မှားချုပ်ရင် ပြန်ပြင်ပေးရမယ်၊ ပြင်ထည်တွေက သိပ်များ သွားရင် ဘောနက်(ဆုကြေး)ဖြတ်မယ်လို့ ပြင်းပြင်းထန်ထန် သတိ ပေးလိုက်၊ ပြင်ထည်တွေယူပြီး ခုချက်ချင်းသွားပြော"

"ကျွန်မတို့ မပြောချင်ဘူး"

"ဘာ"

"ကျွန်မတို့ မပြောချင်ဘူး၊ မမပဲ ပြောပါ၊ အော်ပရေတာ တွေက ကျွန်မတို့ကို လုံးဝကြောက်တာမဟုတ်ဘူး၊ မမကိုပဲ ကြောက် တာ အခုဆို စက်ရုံမှာ မမတစ်ယောက်ပဲ အာဏာရှိသလို ဖြစ်နေ တာ၊ မန်နေဂျာကလည်း အစကမှ စက်ရုံထဲ ဝင်သေးတယ်၊ကျွန်မ တို့နဲ့ စကားတွေဘာတွေ ပြောသေးတယ်၊ မမ ရောက်တဲ့နေ့ကစ ပြီး အကြောင်းမရှိရင် စက်ရုံထဲ မဝင်တော့ဘူး၊ မမတစ်ယောက်က လွဲပြီး ဘယ်သူ့ကိုမှ မျက်နှာသာပေးတာမဟုတ်ဘူး၊ အဲဒီတော့ အလုပ်သမားတွေကလည်း မမကိုမှ အသက်ရှိတယ်ထင်တာ၊ ကျွန်မ တို့ မပြောရဲဘူး၊ မမပဲ ပြောပါ။

"ကျွန်မတို့ပြောရင် ကျွန်မတို့ကို မုန်းရုံပဲရှိမှာ၊ နားထောင် မှာလည်း မဟုတ်ဘူး"

"မပြောချင်လို့မရဘူး၊ ပြောရမယ်၊ ပြောဖို့က မင်းတို့ တာဝန်၊ နားထောင်တာ မထောင်တာ သူတို့အပိုင်း၊ မင်းတို့နဲ့ မဆိုင် တဲ့ကိစ္စကို ကိုယ်ခိုင်းတာ မဟုတ်ဘူး၊ ကိုယ်က မတရားခိုင်းတယ် ထင်ရင် မင်းတို့ မန်နေဂျာကို တက်တိုင်နိုင်တယ်"

"မတိုင်ရဲပါဘူး၊ မမအလုပ်ဝင်ကတည်းက မန်နေဂျာက ကျွန်မတို့ကို ဘာအကြောင်းရှိရှိ မမကပဲ တစ်ဆင့်ပြောရမယ်၊ ဘယ်

http://www.cherrythitsar.org



သူမှ သူ့ဆီ တိုက်ရိုက်မလာရဘူးလို့ မှာထားတယ်"

"ဒါဆိုရင် မင်းတို့ ကိုယ့်အပေါ်မကျေလည်တာတွေ ဘာတွေရှိနေရင် ကိုယ်ခေါ်ပေးမယ်၊ ဘယ့်နှယ်လဲ"

"နေပါစေ၊ သူကလည်း ကျွန်မတို့နဲ့ စကားပြောချင်မှာ မဟုတ်ပါဘူး"

"မင်းစကားက ဘာစကားလဲကွ"

အဲဒီအချိန်မှာ သူတို့ထဲက တစ်ယောက်က–

"မမရယ်၊ ဘယ်လိုမှ သဘောမထားပါနဲ့၊ သူက ဒီလိုပဲ၊ စကားပြော မတတ်လို့ပါ"

လို့ ဝင်ပြီး လေပြေထိုးတယ်။ ကျွန်မ ဒေါ်သကို ချုပ်တီးလိုက်ပြီး–

"ကဲ... ကဲ... သွားကြတော့၊ စက်တန်းထဲမှာ သေသေချာချာကြီးကြပ်၊ အခက်အခဲရှိရင် ကိုယ့်ကိုပြော"

ဆူပါ ခုနစ်ယောက်လုံး ကျွန်မရှေ့မှ ထသွားကြတာချင်း အတူတူ စောစောက ခွန်းတုံ့ပြန်တဲ့အမျိုးသမီးက ပေစောင်းစောင်းနဲ့ ကြည့်သွားရုံတင်မကဘူး ထမင်းစားချိန်လွတ်ချိန်မှာ ကျွန်မအနီး တဝိုက်ကနေ ကြားလောက်တဲ့အသံနဲ့ အော်ပရေတာ သုံးလေးယောက်နဲ့ဝိုင်းပြီး လက္ခဏာကြည့်နေကြသံကို ကြားတယ်။ အဲဒီနေ့ကလည်း ကျွန်မရဲ့ဒေါသတွေကို စတိုခန်းထဲမှာ သွားဆေးကြောပစ်လိုက်ရသေးတယ်။

"ဟောဒီလက္ခဏာပိုင်ရှင်ဟာ လုယက်မှုတွေ ကျူးလွန်တတ်တယ်၊ ဥပမာ ရည်းစားလုတာ၊ နေရာလုတာ၊ အာဏာလုတာ

http://www.cherrythitsar.org



မျိုးပေါ့။

"ပြီးတော့ အိမ်ထောင်ကျကိန်းလည်း တွေ့နေရတယ်၊ ယောကျ်ားတစ်ယောက်တည်းရှိတဲ့နေရာကို ခဏခဏ မသွားနဲ့"

ကျွန်မ ဒီစက်ရုံမှာ ကြာရှည်နေလို့ မဖြစ်တော့ဘူး ထင်တယ်။ ညနေစက်ရုံကအပြန် ကားပေါ်မှာ အလုပ်သမားတစ်စု ကျွန်မကို မမြင်ကြဘဲ စကားတွေဖောင်အောင်ပြောပြီး ပွဲကျနေကြတာကို ကြားတော့ ကျွန်မ ကြက်သီးတောင် ထမိတယ်။ အဲဒီမှာ ကျွန်မကို ဂရုတစိုက်နဲ့ လိုက်ကြည့်ပြီး နာမည်ကြီးအောင်လုပ်နေတဲ့ သူတော့ ရှိနေပြီဆိုတာ အတတ်သိလိုက်တယ်။ ကျွန်မဟာ အလုပ်သမားတွေ ကျွန်မကို မမြင်အောင် ဘေးနားပေါက်ဘက် တိုးသွားပြီး ထောင့်ထဲမှာ ကပ်နေလိုက်တယ်။ လူကြပ်ကြပ်မှာ တစ်ယောက်နဲ့တစ်ယောက် မမြင်သာတော့ပေမဲ့ ရယ်မောပြောဆိုနေတဲ့ သူတို့အသံကိုတော့ ကြားနေရတယ်။

"... က သူ့ကို ရေရေလည်လည် တင်းနေတာဟ၊ တကယ်တမ်း အုပ်ချုပ်ရေးမှူးအသစ်ခန့်မယ်ဆို သူတို့ဆူပါခုနစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရာထူးတက်ပေးလိုက်ဖို့ပဲ ရှိတာ၊အခုတော့ချက်ချင်း ဝင်သွားတဲ့လူက ရသွားတော့ မကြည်ဘူးပေါ့"

"ရမှာပေါ့၊ သူက မန်နေဂျာရဲ့ အငှာဆို..."

"နင့် ဘယ်သူပြောလဲ"

"... ပြောတာပေါ့၊ မန်နေဂျာအခန်းထဲက ထွက်လာရင် စတိုခန်းထဲဝင်ပြီး ပေါင်ဒါတွေပြန်ပြန်ရိုက်ပြီးမှ ထွက်လာတယ်တဲ့ ဟ"

http://www.cherrythitsar.org



“ဘာဖြစ်လို့လဲ”

“သနပ်ခါးတွေ ပျက်လာလို့ပေါ့ဟ၊ ဟား…ဟား… ငါတို့လည်း မသိပါဘူး၊ …ပဲ သေသေချာချာကြည့်တတ်တယ်”

“ကဲ… မဆန်းဘူးလား”

နာမည်ဆိုတာ သူ့အလိုလိုမပျက်ဘူး၊ ကိုယ့်အပေါ် ဂရုတစိုက်နဲ့ သေသေချာချာလိုက်ဖျက်ပေးမယ့်လူရှိမှ ပျက်လို့ရတာ၊ ကျွန်မ ဒီစက်ရုံထဲမှာ ဘယ်လိုပုံစံနဲ့ စခန်းဆက်သွားရမလဲ၊ တစ်စုံတစ်ရာတော့ ပြုပြင်ပြောင်းလဲဖို့ လိုနေပြီ။

ရှင်တို့ရော ဘယ်လိုအကြံဉာဏ်များ ပေးနိုင်ကြမလဲဟင်။

**မြရိပ်ညိုမဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# ဟာမိုနီ

သည်ကနေ့များ မိုးလင်းကတည်းက အဆင်ပြေနေပါလား။ မျက်စိနှစ်လုံးဖွင့်လိုက်တာနဲ့ လျှပ်စစ်မီးတွေက ထိန်လင်းလို့။ မနက်စောစော မီးမလာတာကြာပြီ။ ဒီမနက်တော့ ဖယောင်းတိုင်ထွန်းပြီး သနပ်ခါးလိမ်းစရာမလို။ လက်နှိပ်ဓာတ်မီးထိုးပြီး အင်္ကျီရှာစရာ မလိုတော့။

ရေမိုးချိုး အဝတ်အစားလဲပြီး ပေါ့ပါးသွက်လက်စွာနှင့် ကိုယ့်နေအိမ်ခြောက်ထပ်ပေါ်က မြေကြီးဆီ ဘယ်လိုရောက်လာမှန်းပင် မသိလိုက်။

ကားမှတ်တိုင်ရှေ့က ကြက်လျှာစွန်းကလေးမှာ ခိုတွေ အုပ်စုဖွဲ့ပြီး အစာစားနေတာကို မြင်ရတာလည်း ကြည်နူးစရာတစ်မျိုးပဲ။ ရေစိမ်ထားတဲ့ ကုလားပဲတွေကို ဒန်ပန်းကန်ပြားတွေနဲ့ ပြင်ထားပြီး ဝယ်သူကို မျှော်နေတဲ့ ကောင်ကလေးကို တွေ့ရတာတော့ ကရုဏာသက်စရာကောင်းပါတယ်။ သနားပါတယ်။ ဈေးဦးမှ ပေါက်သေးရဲ့

http://www.cherrythitsar.org



လား မသိဘူး။ ခိုကလေးတွေ အစေးကို ပျံထွက်သွားမှာ စိုးလို့ထင် ပါရဲ့။ သူ့တောင်းထဲက ပဲကလေးတွေကို နှိုက်နှိုက်ပြီး ချွေချွေတာတာ ကျဲချပြီး ကျွေးနေတယ်။ သူ့မျက်လုံးတွေကလည်း ဝယ်သူ တစ်စုံ တစ်ယောက်များ တစ်နေရာရာက ပေါ်လာနိုးနဲ့ မျှော်နေတဲ့ပုံပဲ။ ခို ကလေးတွေကို စုထားရင်း၊ စုထားရင်းကနေ သူ့ရဲ့ ရေစိမ်ပဲတောင်း ကလေး မရောင်းလိုက်ရဘဲ ကုန်သွားမှဖြင့် အရင်းပြုတ်တော့မှာပဲ။ လက်ကနာရီအဟောင်းလေးကို မြှောက်ကြည့်လိုက်တော့ ဆယ်မိနစ် လောက် အချိန်ရသေးသားပဲ။ ကိုယ့်ခြေထောက်တွေက အလိုလိုနေ ရင်း အဲသည်ဘက်ကို ရောက်သွားတယ်။

"တစ်ပွဲ ဘယ်လောက်လဲ"

မျက်စိလျင်တဲ့ကောင်လေးက ခပ်ဝေးဝေးကတည်းက ကိုယ့်အတွက် ဒန်ပန်းကန်ပြားလေးနဲ့ ဖြန့်ထည့်ထားတဲ့ ရေစိမ် ကုလားပဲတွေကို သုံးပွဲထပ် ကိုင်ထားပြီး ကမ်းပေးတယ်။

"တစ်ပွဲတစ်ဆယ်၊ သုံးပွဲကို အစိတ်ပဲပေးပါ"

ကိုယ် ပန်းကန်ပြားသုံးချပ်ထဲက ပဲတွေကို တစ်ချပ်တည်း ပေါင်းပြီး ခိုတွေကို ကြဲပက်ကျွေးလိုက်တယ်။ ခိုကလေးတွေ အစာလု ပြီး ဟိုဝဲသည်ဝဲနဲ့ အလုအယက် စားနေတာကိုကြည့်ပြီး ကောင်လေး ကို ငွေအစိတ်ထုတ်ပေးလိုက်တယ်။ ကောင်လေးက လက်ထဲမှာ နောက်ထပ်ကိုင်ထားတဲ့ ပန်းကန်သုံးချပ်ကို ထပ်ထိုးပေးနေတော့ ကိုယ် လက်ကာပြလိုက်တယ်။

"တစ်ပွဲ ငါးကျပ်ပဲပေးတော့ အစ်မရာ၊ သုံးပွဲ ဆယ့်ငါးကျပ် ပဲပေး"

http://www.cherrythitsar.org



"တော်ပါပြီကွယ်"

ကိုယ့်မှာ ဒီမနက် ပိုက်ဆံမရှိလို့ အမေ့ဆီက ငါးဆယ်ချေး လာခဲ့ရတာ ကောင်လေးရဲ့ဟုလို့တော့ ရင်ထဲက ပြောလိုက်မိတယ်။ တကယ်တော့ ကိုယ်မှာရှိတဲ့ ပိုက်ဆံထဲက မင်းကို တစ်ဝက်မျှလိုက် တာပဲ။ သည့်ထက်လည်း ကိုယ်ပိုပြီး မတတ်နိုင်တော့ဘူးလေ။

တကယ်တမ်း ဖြစ်သင့်တာက အခုလို မနက်စောစောစီးစီး မှာ သတ္တဝါတွေ အစာရေစာ ပြည့်ဝစေချင်တဲ့စေတနာနဲ့ ကုသိုလ် ကောင်းမှုလုပ်တဲ့ စိတ်ကလေးနှလုံးသွင်းထားရင် ပိုမကောင်းပေဘူး လား။ ယတြာချေတာ မဟုတ်ပေမဲ့ 'သင်တို့ အာဟာရပြည့်သလို ကျွန်ုပ်နှင့်တကွ မိသားစုအားလုံးလည်း အစာအာဟာရ ပြည့်ဝရပါ လို၏'လို့ ဆုမတောင်းသင့်ဘူးလား။

ဘာကြောင့်များ ကိုယ်ဟာ မစဉ်းမစားနဲ့ အလောသုံးဆယ် တွေ လုပ်လုပ်မိမှန်း မသိပါဘူး။ ဘာပဲပြောပြော မနက်ခင်းကလေး ကတော့ မင်္ဂလာရှိနေတာအမှန်ပဲ။

အလို... မွေးလိုက်တာ၊ ဘယ်ကများပါလိမ့်...

ဩ... ကိုယ့်နောက်နားမှာ လာရပ်တဲ့ ကလေးမလေး နှစ်ယောက်ဆီကကိုး။ ရေမွှေးနံ့အတော်များများကို ကိုယ် အမျိုး အစား ခွဲတတ်ခဲ့ပေမဲ့ ဒီလောက်နှစ်လိုဖွယ်ရာကောင်းတဲ့အမျိုးကို တော့ ကိုယ်တစ်ခါမှ မရှူရှိုက်ရခဲ့ဖူးဘူး။ အတော်ကြီးကို အဖိုးတန် မယ့် အမျိုးပေပဲ။ ကလေးမလေးရဲ့ ကိုယ်ပေါ်က အင်္ကျီနဲ့ စကပ်ရှည် ရှည်တွေကလည်း တကယ့်အဖိုးတန်တွေပဲ။ လေးလက်မလောက်မြင့် တဲ့ နိုင်ငံခြားဖိနပ်ကြီးရဲ့ တန်ဖိုးကလည်း သေးမှမသေးဘဲ။ ဒါနဲ့မင်း

http://www.cherrythitsar.org



တို့က ဘာကြောင့် ဘတ်စ်ကား စောင့်နေကြရတာတုံး။ ဒီလို ပုံသဏ္ဌာန် သည်လိုအနေအထားနဲ့ လိုင်းကားနဲ့ကတော့ မအပ်စပ်လှဘူးကွယ်။ ပုံသဏ္ဌာန်ကတော့ မိကောင်းဖခင် သားသမီး၊ အခြေကြီးကြီးလေးတွေထဲက ပုံမျိုးပါ။ မိဘက ရှိမှန်းမသိ မရှိမှန်းမသိ။ လှချင်ပချင် မော်ချင်ကြွားချင်စိတ်နဲ့ အပြိုင်အဆိုင်များ ဝတ်နေကြရော့လား ကလေးတို့ရယ်။

ဒါဆိုရင်တော့ သားသမီးကို သိပ်ချစ်ပြီး အလိုလိုက်နေကြရရှာတဲ့ မင်းတို့မိဘတွေခမျာ သနားစရာပဲ။ ဘာပဲဖြစ်ဖြစ် လောလောဆယ်အားဖြင့်တော့ မင်းတို့ကျေးဇူးကြောင့် ပတ်ဝန်းကျင်လေထုကလေး သင်းပျံ့မွှေးနေတာကတော့ ကိုယ့် စိတ်တွေကို ပိုပြီးကြည်လင်လန်းဆန်းစေတာ အမှန်ပဲ။

ဟော... ဘတ်စ်ကားတစ်စီး လာနေပါလား။

မှန်း... နံပါတ်ဘယ်လောက်ပါလိမ့်။ ဒါ ကိုယ် စီးရမယ့် သုံးဆယ့်ကိုးကားပဲ။ ဘယ်လောက်များ ငါးပိငါးချဉ်သိပ်လာမှာပါလိမ့်။ ဒီအချိန်ဟာ ကျောင်းချိန်။ အလုပ်ချိန်။

အလို... ထူးထူးခြားခြား ကားက ချောင်လို့ပါလား။

စပယ်ယာကလေးက တွယ်ထားတဲ့ သံတန်းကို လက်လွှတ်ပြီး ပလက်ဖောင်းပေါ် ခုန်ဆင်းလိုက်ရင်း–

မင်္ဂလာဈေး... လမ်းကျယ်... စာတိုက်... သိမ်ဖြူ... မော်တင်... ခရီးစဉ်တွေကို ရွတ်ပြီး လှူခေါ်နေတယ်။ ကားပေါ်က ခရီးသည်တွေက အောက်က တက်လာမှာစိုးလို့ အလုအယက် တိုးဆင်းတော့ စပယ်ယာလေးက အဝကိုသွားပြီး–

http://www.cherrythitsar.org



"ဖြည်းဖြည်းဆင်းပါ ခင်ဗျာ၊ ကား အကြာကြီး ရပ်ထားမှာပါ၊ ဟာ... အဘွား ဖြည်းဖြည်းဆင်း၊ ဖြည်းဖြည်းဆင်း၊ သားကိုကိုင်ထား၊ နောက်က ညီလေး လာ–လာ၊ အစ်ကိုလေးဆီ လာ"

ဆိုပြီး တစ်ယောက်ပြီးတစ်ယောက် ညင်ညင်သာသာ တွဲချနေတယ်။ လူတွေ ကုန်တော့ ကိုယ်က ကားပေါ် အရင်ဦးဆုံး တက်လိုက်တယ်၊ ကိုယ်နောက်ကလည်း တစ်ယောက်နှစ်ယောက် လိုက်တက်တယ် ထင်ပါရဲ့။

"မမကြီး၊ ရှေ့နည်းနည်းတိုးပေးပါ ခင်ဗျ၊ ကျေးဇူးပါပဲခင်ဗျာ၊ ဟော ကြီးကြီးမေ ကိုင်ထားဦး၊ ကိုင်ထားဦး၊ ပိုက်ဆံနောက်မှပေး၊ လိမ့်ကျမယ်၊ အစ်ကိုလေးက ဘယ်နှစ်ယောက်လဲ ခင်ဗျာ၊ ဟို ဦးဦး ရှေ့မှတ်တိုင် မင်္ဂလာဈေးခင်ဗျာ၊ ဒီမှာ ဆင်းရပါတယ်၊ ဆင်းမယ်ဆိုရင် ရှေ့နည်းနည်းကြိုထွက်ထားပေးပါခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

'ကောင်လေးက ယဉ်ကျေးလိုက်တာ၊ စပယ်ယာမလုပ်ဘဲဟိုတယ်မှာ ဧည့်ကြိုလုပ်ဖို့ကောင်းတယ်'ဆိုသော အသံတစ်သံ ကိုယ့်နောက်နားက ထွက်လာတယ်။

အင်း... ဒီလိုတော့လည်း လောကကြီးဟာ သာယာလှပလို့ပါလား။

* * *

ဟူး... မောလိုက်တာ။

လူလည်းနွမ်းဖတ်နေတာပဲ၊ အပုပ်ချိန်မို့လို့ပဲ ထင်ပါရဲ့။

http://www.cherrythitsar.org



ကားထဲမှာ ချွေးနံ့၊ အရက်နံ့၊ ချဉ်နံ့၊ အနံ့ပေါင်းစုံနဲ့ လှိုင်ပြီး မွန်းကျပ်နေတာပဲ။ မှတ်တိုင်မရောက်ခင်ကတည်းက ဆင်းလို့မှ ရပါ့မလားလို့ ပူလိုက်ရတာ၊ လူက တခြား၊ ခြင်းက တခြား၊ အိတ်က တခြား ပိပြားနေတဲ့ထဲက အတင်းဆွဲထုတ်ရတာ၊ ကားမှတ်တိုင်ရောက်ရော့ အတင်းတိုးထွက်နေတဲ့ကြားက စပယ်ယာက တွန်းချလိုက်သေးတယ်။

အိမ်ရှေ့ရောက်တော့ ခြေစုံရပ်ပြီး အပေါ်ခြောက်လွှာကို တက်ဖို့ တွေးကြည့်ပြီး ရင်မောသွားတယ်။ လှေကားထစ်တွေကို တက်ရမှာ ကြောက်နေတယ်။ ဒူးတွေက ချောင်ချင်သလိုလို။

ရင်တွေက တုန်နေသလိုလို၊ မနက်တုန်းကလည်း ဒီအိမ်ပေါ်က ဆင်းလာခဲ့တာပဲ။ အခုလည်း ကိုယ့်အိမ်ရောက်အောင်တော့ ကိုယ် ပြန်တက်ရမှာပေါ့။ မတက်ချင်ရင် လမ်းမပေါ် ထိုင်နေရုံပေါ့။ အံမလေး… တွေးကြည့်တာနဲ့တင် ကျောချမ်းလိုက်တာ။ မနက်စောစောက အပျော်လေးတွေတောင် ဘယ်နားရောက်ကုန်ပြီ မသိတော့။

လှေကား အထစ်ပေါင်း ခြောက်ဆယ်ကို ယိုင်နဲ့နဲ့ တုံ့ဆိုင်းဆိုင်း ခြေလှမ်းနဲ့ တစ်လှမ်းချင်း တက်လာလိုက်တာ ငါးထပ်ကိုလည်း ရောက်ရော လူက ဆက်တက်ချင်စိတ် မရှိတော့အောင် မောဟိုက်သွားပြီ။ ကျန်တဲ့လှေကား ဆယ့်နှစ်ထစ်ကိုနင်းပြီးရင်တော့ ကိုယ့်အိမ်ရောက်ပြီပေါ့။ ရောက်ခါနီးပြီဆိုတာ သေချာနေကာမှ လူက ပိုပြီး အားပြတ်လာတယ်။ လှေကားလက်ရမ်းတွေကို တွဲခိုပြီး လေးလေးကန်ကန် လှမ်းလာရင်းက အပေါ်ဆုံးလှေကားထစ်ကို နင်းနေ

http://www.cherrythitsar.org



ဆဲမှာ အထဲက မေမေ့စကားပြောသံက ပိတ်ထားတဲ့တံခါးချပ်ကို ဖောက်ပြီး ကိုယ့်ဆီ ရောက်လာတယ်။

"မိန်းကလေးပဲအေး၊ အချိန်တန် အလုပ်ပြီးရင် အိမ်ပြန်ပေါ့၊ ခုတော့ ဟိုစပ်စပ် ဒီစပ်စပ် နေရာတကာပါတယ်၊ တစ်နေ့တစ်နေ့ နေဝင်မိုးချုပ် သွားချင်ရာသွား၊ ပြန်ချင်တဲ့အချိန်မှ ပြန်၊ ဒါမိန်းမလေး အိမ်ပြန်ချိန်လားအေ"

ကိုယ့်ကျောပြင် တွန့်ခနဲ ဖြစ်သွားတယ်။ ကိုယ့်ကို နှိပ်ကွပ်နေတဲ့အသံပါလား။ မေမေ ဘယ်သူနဲ့ စကားပြောနေပါလိမ့်။ ဧည့်သည်ရှိနေတာတော့ သေချာနေပြီ။ ကိုယ်တို့တစ်အိမ်လုံး ဘယ်သူမှ စကားတိုးတိုး မပြောတတ်။ မေမေ့ထက် ဖေဖေတို့ ကိုယ်တို့က ပိုဆိုးသည်။ မေမေက အခုမှ စိတ်လွတ်ကိုယ်လွတ် ပြောနေလို့ သူကိုယ်တိုင် အသံကျယ်နေတာ။ အခါတိုင်း ကိုယ်တို့သားအဖတွေ စကားပြောရင်–

"သူများအိမ်တွေများ ဘာဖြစ်ဖြစ် ဖြစ်မှန်းမသိရဘူး၊ ကျုပ်တို့အိမ်များဖြင့် အတွင်းရေးရော၊ အပြင်ရေးရော မသိသူမရှိဘူး၊ ဘယ်သူ့မှတောင် ရိုက်စစ်ဖို့ မလိုဘူး၊ ညည်းတို့သားအဖတွေ မွေးကတည်းကများ လည်ချောင်းထဲ စပီကာပါလာသလား မှတ်ရတယ်"

လို့ ပြောသေးတာ။

"ကျုပ်မှာ ဒီအသက်အရွယ်အထိ မီးဖိုထဲက မထွက်ရသေးဘူး၊ ပိုက်ဆံလည်း ပြေးရှာလိုက်ရသေးတယ်၊ သူတို့ပြောလိုက်ရင် 'မချက်နဲ့ပေါ့၊ ရှိတာစားလည်း ရတာပဲ၊ မေမေက အပင်ပန်းခံတာကိုး၊ ဘာညာနဲ့ ငါမချက်တော့ သူတို့က ချက်လို့လား၊ ဘဲဥကြော်

http://www.cherrythitsar.org



လိုက်၊ ကြက်ဥကြော်လိုက်၊ မုန့်ဟင်းခါး ဆင်းဝယ်လိုက်နဲ့ ကန်စွန်းရွက်တောင် အချိုးပြေအောင် ဆိတ်ဆွပြီး မကြော်တတ်တဲ့ဟာတွေ၊ သူတို့စားနိုင်ပေမဲ့ ကျုပ် မစားနိုင်ဘူးတော့၊ သူ့အဖေက ပိုတောင်အကောင်းကြိုက်သေးတယ်၊ မိန်းကလေးရယ်လို့ အိမ်မှုကိစ္စများအားကိုးရမလား မှတ်တယ်၊ ဘာသောက်သုံးကျတာရှိလဲ၊ အလကားသောက်ပျင်း"

အဟင်း... ဟင်း... မေမေ့နှယ်၊ ကိုယ့်သမီးလေး တစ်ယောက်ရှိတာ ချီးမွမ်းနေလိုက်တာ ကြည့်ပါဦး...။

"သူများနဲ့ကျတော့ ကောင်းတယ်တော့၊ သူက ဆရာမကြီးလေ၊ ဘယ်သူ့ကိစ္စကို ဘယ်လိုစီစဉ်ပေးရမလဲ၊ သူ မပါရင် မပြီးဘူး၊ သူရှိမှ ပွဲစည်တယ်ဆိုပဲ၊ ဘယ်နေရာတွေ တော်နေတယ်တော့ မပြောတတ်ဘူး၊ အိမ်မှာတော့ ဘာလုပ်လုပ် အပေါက်အလမ်း မတည့်ဘူး၊ မအေသင်ပြရင်လည်း ဘယ်တော့မှ ဆုံးအောင် နားမထောင်ဘူး၊ သိပြီ၊ သိပြီဆိုပြီး ပြေးတာပဲ"

"ဒီလိုပဲ အချိုးမပြေလို့ ငါ့ဒေါသကို မထိန်းနိုင်ဘဲ ဆူမိရင်လည်း တစ်ဝက်တစ်ပြက်နဲ့ ဟိုလှည့်မဲ၊ ဒီလှည့်မဲနဲ့ ငါ့မှာ ဘယ်တော့မှ အဆုံးသတ်အောင် အားရပါးရ ပြောရတယ်၊ ဆူရတယ် မရှိဘူး၊ ငါက စိတ်ကိုထိန်းထားနိုင်လွန်းလို့၊ အရင်စိတ်မျိုးဆို ဒီကောင်မ မလွယ်ဘူး"

ကဲ အခုပြောတော့ မေမေရေ၊ ထိန်းမထားနဲ့ ပြောစရာရှိတာတွေ အကုန်သာ ပြောတော့။ သမီးလည်း မောမောနဲ့ ငုတ်တုတ်ထိုင်ပြီးတော့ကို စောင့်နားထောင်လိုက်ဦးမယ်၊ မေမေ့ကို ရင်ထဲက

http://www.cherrythitsar.org



ကျိတ်ပြောပြီး တံခါးကို ကျောမှီရပ်နေရာကနေ ခြေဆင်းထိုင်ပြီး ခြေပစ်လက်ပစ် မှိန်းပြီး နားထောင်နေလိုက်တယ်။

"ဘယ်လောက်အထိ သောက်သုံးမကျသလဲဆိုရင် ကိုယ်စားပြီးတဲ့ ထမင်းပန်းကန်တောင် ကိုယ်မဆေးဘူး၊ ကိုယ့်ထမီ ကိုယ်မလျှော်ဘူး၊ ကိုယ့်အိပ်ယာ ကိုယ်မသိမ်းဘူး၊ မနက်မိုးလင်းရင် ဖုတ်ဖက်ခါ ထသွားတာပဲ၊ အဲဒါ မိန်းမလားဟဲ့၊ ငါ မပြောလိုက်ချင်ဘူး၊ ငါကဖြင့် ကျွန်မကြီးကျနေတာပဲ၊ သူ ဖွသွားသမျှ အကုန်လိုက်သိမ်းရတယ်၊ ဘယ်သူ့မှ မညှာဘူးအေ့၊ တစ်ကိုယ်ကောင်းသမား"

ဟင်– ကလေးတွေမသိမ်းဘူးလား မေမေရဲ့၊ ကလေးတွေသိမ်းတယ်မှတ်လို့ ထားခဲ့တာပေါ့၊ ဒုက္ခပါပဲ။

"ကလေးတွေကလည်း ကျောင်းက တစ်ဖက်၊ အလုပ်က တစ်ဖက် မနက်စောစော ဘာလေးညာလေး လိုချင်ရင် ဈေးတန်းထဲပြေးဝယ်ခိုင်းရသေးတယ်၊ ငါက ဒီခြောက်ထပ်ကို ပြေးဆင်းဟယ် ပြေးတက်ဟယ် မလုပ်နိုင်ဘူးအေ့၊ အလုပ်သွားခါနီး ရေချိုးရင်း သူချွတ်ခဲ့တဲ့အဝတ်တွေ လျှော်ပေးသွားရသေးတာ၊ တစ်ခါတစ်ခါများ အပျိုလေးတဲ့ အလုပ်သွားတာ သနပ်ခါးတောင် မပါရှာဘူး၊ မျက်နှာပြောင်နဲ့ သွားရတာ၊သူက အိမ်အလုပ်မှန်သမျှ သူ့သမီးတွေ လုပ်တယ်လို့ချည်း ထင်နေတာ၊သူ့သမီးတွေကလည်း လက်နှစ်ဖက်တည်းရှိတာဟဲ့၊ အဲဒီဘုရင်မက သူ့ကိုယ်သူ လိုတရနေတယ် မှတ်တာ"

"သြော်... ဒေါ်ဒေါ်က ငယ်ငယ်တုန်းက ခိုင်းမှ မခိုင်းတာ၊ သူက ဘာလုပ်တတ်ပါ့မလဲ ဒေါ်ဒေါ်ရ"

ဟာ... မမစော အသံပဲ၊ မမစောရောက်နေတယ်တော့၊

http://www.cherrythitsar.org



ပျော်လိုက်တာ။

"ဟဲ့ ဘယ်အချိန်သွားခိုင်းမလဲဟဲ့၊ ငယ်ငယ်တုန်းကတော့ ကလေးမို့လို့၊ နောက်ကျောင်းထားတော့ ကျောင်းသူမို့လို့၊ မိဘကတော့ ပညာထူးချွန်ပါစေရယ်လို့ သူဝတ်တဲ့ထမီတောင် ငါက လိုက်လျှော်ပေးခဲ့တာ၊ ဈေးလယ်ခေါင်မှာ ငါးမူးဖိုး၊ တစ်ကျပ်ဖိုး ရောင်းပြီး ရသမျှ အမြတ်ကလေးနဲ့ ခြစ်ခြုပ်ပြီး သူကျောင်းမှာ ဆုယူဖို့ ဝတ်ကောင်းစားလှကလေးတွေ ဝယ်ဝယ်ဆင်ရတာ၊ မယ်မင်းကြီးမက ဆယ်တန်းတောင် မဖြေရသေးဘူး၊ လင်ရသွားပါရောလား၊ ကလေးနှစ်ယောက်မွေးပြီး လင်သေမှ ငါ့ဆီပြန်ရောက်လာတဲ့ဟာကို အဲဒီသူ့လင်ကိုကျတော့ သူ ထမင်းချက် မကျွေးရဘူးလား၊ ဘာနဲ့စားနေကြတုံး၊ ယူလိုက်တဲ့လင်ကလည်း ဟင်း... မပြောလိုက်ချင်ဘူး"

ဟာ... ပြဿနာပဲ၊ မေမေတစ်ယောက်ကတော့ အတ္တကို ရေနူးနေပြန်ပါပြီ၊ ခုနေခါ ဆတ်ခနဲထ၊ တံခါးခေါက်ပြီး အိမ်ထဲဝင်လိုက်ရင် ဘယ်လိုနေမလဲ။ မေမေ့အသံ တိတ်ပဲသွားမလား၊ ဒေါသဖြစ်ဖြစ်နဲ့ အရှိန်မသေဘဲ နားရင်းပဲ ဆက်အုပ်လေမလား၊ အသာလေး ငြိမ်နေလိုက်တာ အကောင်းဆုံးပါပဲလေ။

"မိန်းကလေးကလည်း တစ်ယောက်တည်းပါ၊ အကြီးဆုံးကလည်း ဖြစ်၊ အဖေ့ အသည်းနှလုံးလေ၊ ပုံပြင်ထဲက လင်မယားလိုပေါ့၊ ကျုပ်တို့မှာ 'ငါးတစ်ကောင်ရလိုက်ရင်း ငါ့သမီးရှင်ထွေးဈေးတင်ဖို့လေး၊ နောက် ငါးတစ်ကောင်ရလည်း ငါ့သမီးရှင်ထွေးဈေးတင်ဖို့လေး' ဆိုသလို သူ့ဖို့ချည်းပဲ၊ အငယ်ကောင်တွေက ယောကျ်ားလေးတန်မဲ့ လျှော်လိုက်ရ၊ ဖွတ်လိုက်ရ၊ မအေ့ဈေးဗန်း လိုက်ခင်းရ၊လိုက်

http://www.cherrythitsar.org



ရောင်းရ၊ ထမင်းချက်ရနဲ့ ဒင်းကိုတော့ ပညာတတ်ကြီး ဖြစ်စေချင်လွန်းလို့ တစ်အိမ်လုံးက ဝိုင်းမလိုက်ရတာ၊ ဟင်း… အရွယ်တောင်မရောက်သေးဘူး၊ ယောင်းမ မြင်းစီးထွက်တော့တာပဲ”

မဟုတ်ပါဘူး မေမေရဲ့၊ အဲဒါ အကြောင်းရှိတယ်၊ ရှေးဘဝက ရေစက်လေ၊ မေမေရဲ့… ရေစက်… ရေစက်။

“သောက်မြင်ကပ်ကပ်နဲ့ ပစ်ကိုထားလိုက်တော့ ကြားတယ်မဟုတ်လား၊ ဘာတွေဖြစ်ကုန်တယ် ဆိုတာကို၊ ဘယ်လောက် စုတ်ပြတ်သတ်သွားတယ် မှတ်သလဲ၊ ကျုပ် ပြန်ခေါ်လို့ အိမ်ပေါ်ရောက်တော့ ထမီနှစ်ထည်ပဲ ပါတော့တာ၊ နည်းနည်းလေးသာနောက်ကျရင် တွေးဝံ့စရာတောင် မရှိဘူး”

ဟာ… မေမေကလည်း ဘာတွေ လျှောက်ပြောနေမှန်းမသိဘူး၊ ရှက်လိုက်တာ။

“ထွက်သွားတုန်းက တစ်ယောက်၊ ပြန်လာတော့ သုံးယောက်၊ ကျုပ်တို့ ကုသိုလ်ကံပေါ့အေ၊ သူကတော့ အရင်းအတိုင်းပါပဲ၊ နည်းနည်းပြောင်းလာတာက ‘လေ’ပဲ ရှိတယ်၊ အပြင်လောကမှာ လူပေါင်းသူပေါင်းဆန့်ခဲ့တယ်ပေါ့အေ၊ ဘယ်နေရာမဆို သူ အကုန်သိ၊ အကုန်တတ်၊ အကုန်နားလည်၊ ကျုပ်တို့အိမ်ကို သူက လေတွေတစ်ထောကြီးနဲ့ ပြန်လာတာအေ့၊ ဖအေကလည်း သူ့သမီးကို ဘဝက သင်ပေးလိုက်သတဲ့၊ သူ့သမီး အမြင်တွေ ကျယ်လာသတဲ့၊ဗဟုသုတတွေ တိုးလာသတဲ့၊ ကျုပ်ကတော့ ဘာမှ မလိုချင်ဘူး၊ ပိုက်ဆံပဲ လိုချင်တယ်၊ ကျုပ်မှာ တစ်နေ့တစ်နေ့ အိမ်ခေါင်းထဲမှာ တစ်ပြားကို နှစ်ပြား ပွတ်ပြီး တိုးလာတဲ့ လူဦးရေနဲ့ လောက်ငအောင် ချက်

http://www.cherrythitsar.org



နေရတာ ဘယ်လောက် စိတ်ဆင်းရဲတယ် မှတ်သလဲ၊ ပြီးတော့ သူ့ကလေးတွေကို အဖေတွေ၊ မောင်တွေက ထိန်းရတာ၊ ကျောင်းပို့ကျောင်းကြိုရသေးတာ၊ အဲဒါတွေ မြင်လို့လည်း ကူရကောင်းမှန်းမသိဘူး၊ ကျုပ်မှာလည်း ဈေးနဲ့ မီးဖိုချောင်နဲ့ လွန်းထိုးနေတာ”

အင်း… ဟုတ်တော့လည်း ဟုတ်ပါရဲ့၊ ကလေးတွေငယ်ငယ်ကအကြောင်း စဉ်းစားလိုက်ရင် မေမေ၊ ဖေဖေနဲ့ မောင်လေးတွေရဲ့ လှုပ်ရှားမှုကို ပြန်မြင်လာတယ်။

“အခု ငါအသက်ကြီးတော့ သူ့ကို ဈေးဆိုင်ထိုင်ခိုင်းပါတယ်၊ ပြုတ်လိုက်တဲ့ အရင်း၊ ခဏခဏ ထည့်လို့ကိုပဲ မလောက်နိုင်တော့ဘူး”

မလောက်လည်း သမီးပဲ ရောင်းရတာပဲ မဟုတ်လား မေမေရဲ့။ ရတဲ့အခါလည်း ရပါတယ်။ ဟိုတစ်လောတုန်းကဆို ဘယ်လောက် ရောင်းကောင်းထားသလဲ။ နတ်သမားတွေ တောင်ပြုံးသွားတဲ့ ရက်ကလေ၊ ဆိုင်မှာ ရောင်းလိုက်ရတာ လက်တောင် မလည်ဘူး။

“လက်ကလည်း ဖွာသလား မမေးနဲ့၊ အပူအပင်ကလည်းမရှိတတ်ဘဲကိုးဟဲ့၊ ကျုပ်တို့ကတော့ နေ့စာ၊ ညစာ၊ တုံးလုံးစာ၊မတ်တပ်စာ၊ ဖျားရေးနာရေး တွေးနေရတာနဲ့ ကိုယ်ရှာတဲ့ပိုက်ဆံတောင်ကိုယ် မျိုမကျဘူး”

ဒါကြောင့် မေမေ့ကို သမီးက တစ်ရာ့ရှစ်ဆယ်တန် ဒူးရင်းသီးကို ခြောက်ဆယ်နဲ့ရတယ်ဆိုပြီး ဝယ်ကျွေးတာပေါ့ မေမေရဲ့။

“စေတနာကတော့ ကောင်းပါတယ်အေ၊ သူ့လိုစေတနာ

http://www.cherrythitsar.org



မျိုးက ငါလည်း ထားတတ်တာပေါ့၊ သူက ငါ့ကို တစ်ခါတလေ သူ ငယ်နှပ်စား မှတ်နေတာ၊ ခုနစ်ဆယ်၊ ရှစ်ဆယ်တန် ပန်းသီးတစ်လုံး ကို နှစ်ဆယ်ပဲ ပေးရတယ်ဆိုပြီး ဝယ်လာကျွေးသေးတာ၊ ငါက နောက်နေ့ကျ ငွေနှစ်ရာပေးပြီး ဆယ်လုံးဝယ်ခိုင်းတော့ ကောင်မ ထိရော၊ သူ ကုသိုလ်ရအောင် ဘုန်းကြီးလှူလိုက်ပါတယ်၊ ကျုပ်က ဈေးလယ်ခေါင်နေလာတဲ့ မိန်းမကို လာပတ်လို့ ဘယ်ရမလဲ”

ဗုဒ္ဓေါ... မလွယ်ပါလား...။

“ပိုက်ဆံများ သုံးလိုက်ရင် ဟိုနေရာ ပက်ခနဲ၊ သည်နေရာ ပက်ခနဲ၊ သည်လိုလူမျိုး ဘယ်တော့ ကြွေးကင်းမလဲ၊ ရတာက တစ်ရာ သုံးတာက တစ်ထောင်ဆိုတဲ့အစားမျိုး၊ ဘယ်သူကဆိုလဲ သူ့ကို တွေ့စက သူဌေးသမီးမတ်လို့ဆိုပဲ၊ ပြီးတော့မှ ပေါင်းရင်းပေါင်းရင်း သူဌေးသမီးအစစ်မဟုတ်ဘဲ သူဌေးမဂိုက် ဖမ်းနေမှန်း သိသွားလိမ့် မယ် အသာနေ”

“မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ သူက သူများကို ကျွေးချင် မွေးချင်တဲ့ သဒ္ဓါတရား ရှိလို့ပါ၊ ကျွန်မတို့ဆီ လာလည်း ဒီလိုပဲ ဝယ် ခြမ်းခဲ့တာပဲ၊ သူက လူတစ်ဖက်သားကိုလည်း အားကြီး သနားတတ်၊ ကူညီတတ်တာ”

“သူ ကူညီတာက သူတစ်ယောက်တည်းနဲ့ပြီးမယ့်ကိစ္စတွေ ဆိုရင် ငါမပြောပါဘူးအေ၊ အခုတော့ ကျုပ်တို့ပါ မနေရဘူး၊ကျောင်း နေရင်း ဒုက္ခဖြစ်တဲ့လူကို ကျောင်းထားပေးရတာနဲ့၊ တောက တက် လာပြီး ဘာလုပ်ရမှန်း မသိတဲ့သူကို အိမ်ပေါ်ခေါ်တင်လာ၊ ထမင်း ကျွေး ပညာသင်ပေး၊ ပြီးတော့ အလုပ်ပါ ရှာပေး၊ အဲသည်ကလေး

http://www.cherrythitsar.org



တွေက သူ့အပေါ် သိတတ်တဲ့လူလည်း သိတတ်ပါတယ်၊ ကျုပ်ဖြင့် အခု တစ်ယောက်တည်း တွေ့သေးတယ်၊ တစ်ခါတစ်ခါကျတော့လည်း အဲဒီလူတွေက ကောင်းတယ်အေ့၊ သူက မကောင်းတာ၊အဲဒါလေးတွေက ကျေးဇူးသိတတ်လို့ ကူညီဖို့လာရင် သူက ခါခါလွှတ်သေးတာ၊ နောက်ကသာ မရှိမဲ့ရှိမဲ့နဲ့ ဒုက္ခသည်တွေ တစ်ယောက်ပြီး တစ်ယောက် ကျုပ်အိမ်ပေါ် ခေါ်တင်လာတာ၊ ကျုပ်မှာလည်း ချက်ပြုတ်ကျွေးလိုက်ရတာ လျှာကို ထွက်မတတ်ဘဲ၊ သူ့ဟာသူ ရှာနိုင်ဖွေနိုင်လို့ကတော့ လူတကာကို ကယ်တင်ရှင်လုပ်နေတာ မပြောပါဘူး၊ ခုတော့ သူမျက်နှာလိုအားရ လုပ်သမျှတွေက ကျုပ်ဒုက္ခရောက်ဖို့ ဖြစ်ဖြစ်နေတာ၊ ဒီတစ်ခါတော့ ကျွန်ဝယ်ရာ အဆစ်ပါမခံနိုင်ဘူး၊ နောက်တစ်ယောက်များ ခေါ်တင်လာခဲ့လို့ကတော့လား ညည်းခေါ်လာတဲ့လူ ထားပစ်ခဲ့ပြီး ညည်းဆင်းသွားတော့လို့ နှင်ကိုချလိုက်တော့မယ်"

"ဒေါ်ဒေါ်ကလည်း ပြောင်းပြန်"

"ဟုတ်တယ်လေ၊ အဲဒီလူတွေက အလကားလာနေကြတာ မဟုတ်ဘူး၊ တအောင့်တဖြုတ် မီးခိုတုန်း ကြီးစားပမ်းစား သူတို့တက်လမ်း သူတို့ရှာပြီး အချိန်တန် ထွက်သွားကြတာ၊ သူက ဒီမှာ တစ်သက်လုံး ငါ့ကို ဒုက္ခပေးနေမှာ၊ သူပါမရှိတော့ရင် ငါလည်း ဒီဒုက္ခတွေ အေးရော မဟုတ်လား"

ဘုရား... ဘုရား... တော်ပါသေးရဲ့။ အခုလောလောဆယ် ဘယ်သူ့ကိုမှ အိမ်ခေါ်လာဖို့ အစီအစဉ် မရှိသေးလို့ နို့မဟုတ်ရင် ခေါင်းနဲ့ ဆင်းရမှာ"

http://www.cherrythitsar.org



"သူက သူများဒုက္ခရောက်ရင်ကို မနေတတ်တာ ဒေါ်ဒေါ်ရဲ့"

"အဲဒီလို မနေတတ်လို့ ဒုက္ခတွေက သူ့ဆီကို ရောက်ရောက်လာတာပေါ့အေ့၊ ဟင်း... ညည်းဟာမက သူ့ကိုယ်သူ လည်လှပြီ မှတ်နေတာ၊ လူတွေက သူ့ထက်တောင် ပိုလည်သေးတယ်"

"ကျုပ်က မစ္ဆရိယနဲ့ ပြောတာမဟုတ်ပါဘူးတော်၊ ယောက်ျားဆုံးသွားလို့ ကလေးသုံးယောက်နဲ့ ကျန်ခဲ့တဲ့ ဝေဒနာသည် မိန်းမနဲ့ မိသားစုကို သူ့သူငယ်ချင်းတွေကို ကူပြီး ကြည့်ရှုစောင့်ရှောက်ကူညီပေးတာမျိုးကျတော့ ကျုပ်က သာဓုအကြိမ်ကြိမ် ခေါ်လိုက်ပါပေရဲ့၊ လင်က ဖဲရိုက်၊ အရက်သောက်ပြီး ရှာဖွေမကျွေးတဲ့မိသားစုက စျေးရောင်းဖို့ ခဏခဏအရင်းလာထောင်ခိုင်းတာကျတော့ ကျုပ်တင်မဟုတ်ဘူး၊ သူ့ဆိုင်ပါးချင်းတွေကပါ မသထာဘူးတော့၊ ကောင်မလေး အရင်းပြုတ်တော့ သူက သူဌေးလုပ်ပြီး ထုတ်ပေး၊ သူအရင်းပြုတ်တော့ ကျုပ်က မရှိရှိတာ ခြစ်ခြုတ်ပေးတော့ မြင်တဲ့လူက ကျေနပ်နိုင်ပါ့မလား"

အဲဒါ ခက်တာပေါ့၊ မေမေက အဆူသန်ပါတယ်ဆိုမှ အဲဒီကလေးတွေကလည်း အတို့အထောင်၊ အဲဒီ ကောင်မလေးသားအမိတွေ အရင်းပြုတ်ပြီး ကိုယ့်ဆီလာတိုင်း ခပ်လှမ်းလှမ်းက ကြိုမြင်ရင် ကိုယ့်ကို ဥပါယ်တံမျဉ်နဲ့ ခေါ်ထုတ်တဲ့လူက ခေါ်ထုတ်ပြီး ကျန်တဲ့လူက ခရီးထွက်သွားတယ်၊ မရှိဘူးဆိုပြီး ပြောလွှတ်တာ နောက်မှ သိပြီး ကိုယ် အကြီးအကျယ် စိတ်ဆိုးခဲ့ဖူးသေးတယ်၊ ဒါတွေလည်း

http://www.cherrythitsar.org



မေမေ့နား ရောက်တာပဲလား။

"ငါက သမီးဆိုလို့ သူတစ်ယောက်တည်း ရှိတာ၊ သူ့မှာ က သမီးတွေ နည်းနည်းနောနောမဟုတ်ဘူး၊ တော်တဲ့လူကျတော့ လည်း တော်ပါတယ်၊ ဒါပေမဲ့ အတော့်ကို ရှားတယ်၊ အဲဒီသိတတ် တဲ့လူလေး တစ်ယောက်နှစ်ယောက်ရှိနေလို့ သူ ခံသာနေတာပေါ့"

ကိုယ်လုပ်ချင်တဲ့အလုပ်တွေ လုပ်ဖို့အတွက် ကိုယ့်ပါရမီ ကို ဖြည့်နေတဲ့ သူငယ်ချင်းနဲ့ ကိုယ့်မွေးစားသမီးလေးကို ပြောတာ ပေါ့၊ အဲသည်နှစ်ယောက်ကိုတော့ သူ စိတ်တိုင်းကျတယ်၊ ကျမှာပေါ့။ သူတို့က လူစေ့တက်စေ့ အလိုက်သိပြီး အောက်သက်ကြေတာကိုး။

"တစ်လောတုန်းကလည်း ငယ်ငယ်က သူ ပြုစုစောင့် ရှောက်ခဲ့ဖူးတဲ့ ကလေးက နိုင်ငံခြားက ခဏပြန်လာတော့ သူ့ကို လာကန်တော့တယ်၊ ကျပ်ရှေ့တင် ပိုက်ဆံတွေ တစ်ထပ်ကြီးနဲ့ ကန်တော့တာ၊ အသုံးမလိုဘူး၊ သူ့စေတနာကို အဲသလို မချေဖျက် နဲ့ဆိုပြီး လက်မခံတော့ ဟိုကလေးက ကြောက်တာနဲ့ ပြန်ယူသွား ရတယ်၊ သူစာရေးဖို့ဆိုပြီး ဘောလ်ပင်လေးတစ်ချောင်းပဲ ပေးသွားရ ရှာတယ်၊ နောက်တစ်နေ့လည်းကျရော ဒင်းက အဲသည် ဘောလ်ပင် ကို ပန်းဆိုးတန်းမှာ လည်ပြီး ရောင်းနေပါရောလား၊ သူ့ ဆီက ဘောလ်ပင်ကို ဝယ်ပြီး သူ့ကို ပြန်ပေးခဲ့ရတဲ့လူက ပြောတာ၊ အဲ သလောက် အရှက်မရှိတဲ့ ကောင်မ"

အဲဒါလည်း ပြန်ကြားမယ်လို့တော့ အစကတည်းက ထင် သား။ စာရေးကိရိယာဆိုင်မှာ ပတ်ကားဘောလ်ပင်ကို ရောင်းဖို့ ဈေး မတည့်ဖြစ်နေကြတုန်း သူငယ်ချင်း ကျူရှင်ဆရာတစ်ယောက်ရောက်

http://www.cherrythitsar.org



လာပြီး ကိုယ့်ဆီက တောင်းဝယ်တော့ အဟုတ်မှတ်လို့ ကိုယ်လိုချင်တဲ့ဈေးနဲ့ သူ့ကို ရောင်းလိုက်တာပေါ့။ အဲဒါကို ဟုတ်တိပတ်တိနဲ့ ဝယ်ပြီးမှ ကိုယ့်ကလေးအတွက် သူက မွေးနေ့လက်ဆောင် ပြန်ပေးလိုက်တယ်။ သူများ အသနားခံရတာ အတော်လေးတော့ မခံချင်စရာ ကောင်းတယ်။ သူက ကိုယ့်ကို အသနားလွန်ပြီး ကိုယ်အဆင်မပြေရှာတဲ့အကြောင်း ကိုယ့်အမေကို သွားပြီး ကြားပွဲစားလုပ်ပေးပုံရတယ်။ မေမေက သိသွားပြန်ရောပေါ့။ ဒါပေမဲ့ အဲဒီဘောလ်ပင်အကြောင်း မေမေ မသိသေးတာ ရှိတယ်။ ဘောလ်ပင်လည်းလက်ထဲ ပြန်ရောက်ရော ကိုယ့်သားသမီးပစ္စည်း ကိုယ့်ပစ္စည်းဆိုပြီး ဆိုင်မှာ တစ်ခါထပ်ရောင်းလိုက်တော့ ပိုက်ဆံနှစ်ခါရတာပေါ့။

မေမေ့နယ် ဘယ်တုန်းကများ အောင့်ထားလဲ မသိဘူး။ တရစပ်ကို ပြောနေတော့တာ။ တော်ပါတော့ မေမေရဲ့။ အထဲဝင်ချင်လှပြီ၊ ဗိုက်လည်း ဆာလှပြီ။ အပြင်မှာ ဘာတွေစားစား မေမေ့လက်ရာလောက် မကောင်းဘူး မေမေရဲ့။

“ဘုတကာနန္ဒသင်္ဂဟော ဆိုတဲ့ မင်္ဂလာတရားတော်ကို ငါလက်ကိုင်ထားတာပါ၊ ညည်းဟာမက လွန်လွန်းလို့ကို ပြောနေရတာ၊ ချမ်းသာနေ၊ ပိုလျှံနေလို့က မပြောပါဘူး၊ ခုတော့ ကျုပ်တို့မှာတစ်နေ့လုပ်မှ တစ်နေ့စားရတာ၊ သူ့အဖေရော၊ ငါရော အသက် ခုနစ်ဆယ်ကျော်ပြီ၊ ဒါတောင် ကျန်းမာသန်စွမ်းနေသေးလို့၊ ဖြုန်းခနဲများ လဲသွားရင် ဘယ်မှာလဲ တုံးလုံးစာ”

ဟုတ်သားပဲနော်။ အဲဒီအကြောင်းတွေ သမီး မေ့နေတယ်။ သူများတွေကို သနားနေရတာနဲ့ပဲ ကိုယ့်အမေကို ကိုယ်သနားဖို့ မေ့

http://www.cherrythitsar.org



နေတယ်။

"ဈေးသွားရင်လည်း ဘယ်တော့မှ သူ့ ရှာမတွေ့ဘူး၊ ဆိုင် ကြီး သူများနဲ့ ထားပြီး သွားချင်ရာသွားနေတာပဲ"

သွားချင်ရာ သွားတာ မဟုတ်ဘူး မေမေရဲ့၊ မသွား မဖြစ် တဲ့နေရာတွေ သွားနေရတာ၊ လူမှုရေးတွေပါ မေမေရယ်။

"ဒါကြောင့်လည်း စီးပွားမဖြစ်တာပေါ့အေး၊ တော်ရုံတန်ရုံ လည်း ကျုပ်မသိချင်ဟန်ဆောင်နေလိုက်ပါတယ်၊ တစ်နေကုန် သွား ချင်ရာသွားစမ်းပါအေး၊ ညနေတော့ ကိုယ့်အိမ်ကိုယ်ပြန်လာပေါ့၊အခု တော့ ရှစ်နာရီ၊ ကိုးနာရီမှ ပြန်လာ၊ ဒါမိန်းမ အိမ်ပြန်ချိန်လား"

ဟုတ်တယ် မေမေရဲ့။ အခုခေတ်မှာ ယောက်ျားတွေနဲ့ ယှဉ်ပြီး အစွမ်းအစရှိတဲ့မိန်းမတွေက အဲဒီအချိန်လောက်မှ အိမ်ပြန် ရောက်ကြတယ်။ သူတို့က အလုပ်များတယ်လေ။

ပြီးတော့ နေတောင်မဝင်သေးဘဲ အိမ်ပြန်တော့ သူများ တွေက အထင်သေးမှာပေါ့ မေမေရဲ့။ ဒီကောင်မ ဘယ်သူမှ အပေါင်းအသင်းမလုပ်ဘူးနဲ့တူတယ်၊ စကားပြောဖော်တောင် မရှိ လို့ အစောကြီး အစောကြီး အိမ်ပြန်ရောက်နေတယ်လို့ ထင်မှာပေါ့။ ဆေးဖော်ကြောဖက်လုပ်မယ့်လူတောင် မရှိဘူးလို့ ထင်မှာပေါ့ မေမေ ရဲ့ ဟင်း... ဟင်း...။

"မဟုတ်တဲ့ဟာမျိုးကျ အားကြီးတတ်တယ်၊ မိဘက ဟုတ် တာပြောရင်သာ မခံချင်တာ"

အခု ခံနေတယ်လေ မေမေရဲ့။ ဘယ်တုန်းကများ ဒီ လောက်အကြာကြီး နားထောင်နေဖူးလို့လဲ။

http://www.cherrythitsar.org



"အခုလည်း ကြည့်၊ ရှစ်နာရီကျော်သွားပြီ ပြန်မလာသေးဘူး၊ အောက်က လှေကားတံခါးတောင် ပိတ်သွားပလား မသိဘူး"

ဟင်း... ဒီမှာရောက်နေတာဖြင့် တစ်နာရီလောက်ရှိ ပြီ။

"ဟဲ့– ဝရန်တာမီး ဖွင့်လိုက်စမ်း၊ အောက်ကိုလည်း ငုံ့ကြည့် ဦး၊ လှေကားမီးမှ ဖွင့်ထားရဲ့လားလို့၊ မှန်း... ငါ ထွက်ကြည့်စမ်း မယ်၊ လာရင် အိမ်ရှေ့ကားဂိတ်က လာမှာဟဲ့၊ တို့ ဝရန်တာ ထွက် ပြီး စောင့်ရင် ကောင်းမယ်"

"မိုးချုပ်တော့ မိဘက စိတ်ပူတယ်ဟဲ့၊ ငါ့မှာ ညခုနစ်နာရီ ထိုးရင်ကို မျှော်ရပြီ၊ နေလို့ ထိုင်လို့ မထိတော့ဘူး၊ မိုးက ချုပ်ချုပ်နဲ့ မီးပျက်တဲ့နေ့များဆို လှေကားအချိုးတွေမှာ ဖယောင်းတိုင် လိုက်ထွန်း ထားရသေးတာ၊ မှောင်မှောင်မည်းမည်းနဲ့ လိမ့်ကျမှာစိုးလို့၊ သူ့ဟာ သူ ဘယ်အရွယ်ပဲ ရှိနေနေ သားသမီးဟာ သားသမီးပဲဟဲ့၊ငါကတော့ စိတ်ပူရတာပဲ"

အင်း... အခုမှ စိတ်ပူနေ၊ စောစောကတော့ ငယ်ကျိုး ငယ်နာတွေ လျှောက်ပြောနေပြီးတော့။

"သိပ်အစောကြီး မပြန်ရင်နေပါအေ၊ ခြောက်နာရီခွဲ ခုနစ် နာရီလောက် ပြန်ရောက်ရင် တော်ပါပြီ၊ အခုတော့ လှေကားသော့ တစ်ချောင်း အပိုလုပ်ထားပြီး ရောက်ချင်တဲ့အချိန်ရောက်တော့ ကျုပ် တို့မှာ ညဘက်ဘုရားတောင် စောစောထိုင်ရှိခိုးလို့ စိတ်မဖြောင့်ရတဲ့ ဘဝ"

ရှိခိုးပါ၊ ရှိခိုးပါ။ နောက်ကို စောစောပြန်ပါ့မယ်။

http://www.cherrythitsar.org



"ကားတွေတောင် အလာကျဲသွားပြီဟဲ့၊ ခုထိ မပြန်သေးဘူး၊ ဒုက္ခပါပဲ၊ ဘယ်များ ခရီးလွန်နေပါလိမ့်"

မဖြစ်တော့ဘူး။ ဝင်တော့မှပဲ၊ ထိုင်နေရာက ဘယ်လောက်ကြာသလဲမသိဘူး၊ ခြေထောက်တောင် ကျဉ်နေတယ်။

မတ်တတ်ရပ်ပြီး ဘဲလ်တီးလိုက်တော့ အထဲက–

"ဟော... လာပြီနဲ့တူတယ်၊ တော်သေးတာပေါ့၊ သူ့အကြောင်း ပြောနေတာသာ သိသွားရင် မယ်မင်းကြီးမက ကောက်တော်မူဦးမှာ"

သူပြောလိုက်မှ စိတ်ကောက်ချင်စိတ် ပေါက်လာတော့တာ။

သစ်သားတံခါး ပွင့်သွား၊ သံပန်းတံခါးနောက်က မေမေ့ကို ဘွားခနဲ တွေ့လိုက်တယ်။ မေမေ့လက်ထဲမှာ တံခါးဖွင့်ပေးဖို့ သော့တစ်ချောင်းကို အဆင်သင့်ကိုင်လို့။

"စောစောဝင်း ရောက်နေတယ်"

မေမေက မမစော ရောက်တဲ့အကြောင်း သတင်းပေးရင်းနဲ့ လက်ထဲက ဆွဲခြင်းကို လှမ်းယူတယ်။

"သိသားပဲ"

ကိုယ်က ခပ်တည်တည် ပြောလိုက်တယ်။

"ဟဲ့ ဘယ်လိုလုပ် သိတာလဲ၊ စောစောဝင်းက ဒီညနေရထားနဲ့မှ ရောက်လာတဲ့ဟာ"

"မေမေတို့စကားပြောသံကြားလို့ သိတာပေါ့"

"ဟောတော်၊ ညည်းက အခုမှ တက်လာတာ မဟုတ်ဘူး

http://www.cherrythitsar.org



လား၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ”

“အစောကြီးကတည်းက၊ အစောကြီးကတည်းက ထဘီနှစ်ထည်နဲ့ အိမ်ပြန်ရောက်တယ်ဆိုတာ မတိုင်ခင် အစောကြီးကတည်းက”

စိတ်ပေါက်ပေါက်နဲ့ အငေါ်တူးပေးလိုက်တော့ မေမေ တိတ်သွားကရော။ ဟင်း… အခုတော့ ကိုယ့်သမီးကိုယ် ပြန်အားနာသွားပြီ မဟုတ်လား။ ပြောတုန်းက ပြောပြီးတော့။

အိမ်ထဲတန်းဝင်ပြီး အဝတ်အစားလဲနေတုန်း မေမေ အခန်းဝကနေ လာပြီး–

“ညည်း ကြာဆံချက် စားချင်တယ်ဆို၊ ဒီညနေမှ ချက်ထားတာ၊ ကောင်းလိုက်တာ၊ ပျစ်နှစ်နေတာပဲ၊ မီးဖွင့်ပြီး နွှေးထားလိုက်ရမလား”

“မစားတော့ဘူး၊ အိပ်တော့မယ်”

ကြားတာနဲ့တင် သွားရည်ယိုလာပြီ။ ကောက်လက်စနဲ့မို့ ခဏတော့ အိပ်ရာထဲ လှဲနေလိုက်ဦးမယ်။ ပြီးမှ ထ ခိုးစားမယ်။

“မစားချင်လည်း ညည်းသဘောပဲ၊ အကုန်သက်သာတယ်”

တင်လိုက်တာ နည်းနည်းများသွားပြီထင်တယ်။ မေမေက သိပ် စိတ်မရှည်တတ်။ သည့်ထက်ထပ်ပြီး အငေါ်ထူးပြလိုက်ရင် အတုတ်ခံရမှာ ကျိန်းသေတယ်။ အသာလေး ကုပ်ပြီး အခန်းအောင်း နေလိုက်မှ–

ခဏနေတော့ မမစော အခန်းထဲ ဝင်လာတယ်။ မမစော နဲ့ကတော့ ညီအစ်မပေမဲ့ သူငယ်ချင်းလိုဆိုတော့ အတွင်းရော အပြင်

http://www.cherrythitsar.org



ရော ပေါင်းလို့ရတယ်၊ မမစောက ကိုယ့်ကို သဘောကျတဲ့မျက်နှာကြီးနဲ့ ကြည့်ပြီး...

"ဒေါ်ဒေါ် ပြောတာ နင်အကုန်ကြားလား"

"ကြားတာပေါ့၊ သူက ကျွန်တော် မရှိဘူးထင်ပြီး ပျစ်ပျစ်နှစ်နှစ် တွယ်တာ"

"ဟုတ်လား၊ နင်ရှိတော့ မပြောရဲဘူးလား"

"ကျွန်တော်က အပြောမှ မခံတာ၊ သူပြောတာနဲ့ ပြေးတာပဲ၊ အခု မမစောလာမှပဲ သူ့မှာ အစအဆုံး ပြောရတော့တယ်၊ ဒါတောင် ကျွန်တော်ကိုလည်း မြင်ရော တိတ်သွားတာပဲ"

မမစောက သဘောကျကာ ရယ်ပါတော့သည်။

"မမစောက ဘာရယ်တာလဲ"

"အဲဒါ နင့်အမေဟဲ့"

"သိသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ မအေဆိုတာ သမီးရဲ့ခြေကို အကုန်မြင်တယ်ဟဲ့၊ မမြင်ဟန်ဆောင်နေတာ၊ အခုပြောတာ ပြောချင်လို့ ပြောပြနေတယ် မထင်နဲ့၊ တံခါးကို မျက်စပစ်ပြီး ပြောနေတာ သိရဲ့လား"

ဘုရားရေ... ခံလိုက်ရပြီ။

တကယ်တော့ ဒီညကမှ မနေ့ကထက် ပိုလှတာ။

**ကလျာမင်္ဂလာဖင်း။**

http://www.cherrythitsar.org

# ငှက်



http://www.cherrythitsar.org



# ငှက်

ကျုပ်နေတာက ပန်းချီရွာ။

ဒါပေမဲ့ ကျုပ်ဘဝက အနုပညာမဆန်ပါဘူး။ အလုပ်က ငှက်သမား။ ဦးပိန်တံတားထိပ် အရှေ့နဲ့အနောက်၊ တောင်မင်းကြီးဘုရားနဲ့ ကျော်တော်ကြီးဘုရားအကူး တောင်သမန်အင်းထဲက ငှက်အုပ်စုက တစ်ယောက်အပါအဝင်ပေါ့ဗျာ။

ဘုရားဖူးခရီးသည်မှရယ် မဟုတ်ပါဘူး။ တောင်သမန်အင်းကို ဟိုဘက်သည်ဘက် ဘယ်ပုံစံနဲ့ဖြတ်ဖြတ်၊ အလျားလိုက်သွားသွား၊ ဒေါင်လိုက်သွားသွား၊ ငှက်ခတ်သမားရဲ့ အသက်မွေးဝမ်းကျောင်းမှု့ ဘယ်သူ့ကိုဖြစ်ဖြစ် ကြည်ဖြူရတာပါပဲ။ ထမင်းရှင်ကို လေးစားရိုကျိုးရမှာက ကျုပ်တို့ရဲ့ဘဝပေးတာဝန်ပဲ။ ကျုပ်တို့အရပ်က ငှက်သမားဆိုတာ ခင်ဗျားတို့ရန်ကုန်က ကားစပယ်ယာတွေလို ခရီးသည်ကို စိတ်ထင်တိုင်း ဟောက်ပြီး ငှက်ပေါ်ကို တက်ခိုင်းဆင်းခိုင်း လုပ်လို့ရတာမှ မဟုတ်တာ။ ကြားဖူးတဲ့အတိုင်း ပြောတာနော်၊ မှားသွားရင်

http://www.cherrythitsar.org



ခွင့်လွှတ်။

ကျုပ်တို့ဆီမှာတော့ ကိုယ့်ငှက်ကို မစီးမှာကို ကြောက်နေရသေးတာ။ အဝေးကနေ ခရီးသည် အရိပ်အခြည်များ တွေ့လိုက်ရရင် ကမ်းပေါ် ပြေးတက်ပြီး သူ့ထက်ငါ အမောတကော ခရီးဦးကြိုပြုကြရတာ၊ ဒါတောင် ဈေးဦးမပေါက်တဲ့နေ့တွေ ရှိသေး။

အဲသလိုအခါမျိုးကျတော့ ကျုပ်အိမ်မှာရှိတဲ့ တစ်ခုတည်းသော ရက်ကန်းစင်အိုကလေးပေါ်က ကျုပ်မိန်းမ ရက်လုပ်တဲ့ ပခုံးတင်ချည်တဘက်ကလေးတွေကို ဘုရားစောင်းတန်းကဆိုင်တွေမှာ ဖောက်သည်သွင်းလို့ရတဲ့ငွေနဲ့ အစားထိုးဖြည့်စွက်ပြီး ဝမ်းမီးကိုငြိမ်းသတ်စေရတယ်။ ဘာပဲပြောပြော ကျုပ်တို့ဆီမှာ ထမင်းငတ်တယ်လို့ မရှိကြဘူး။

ကျုပ်တို့ လင်မယားက သားလေးတစ်ယောက်တည်းရှိတာ။ အခုမှ သားက နှစ်နှစ်နဲ့မှ လေးလ ရှိသေးတာ။ ဖြူဖြူဖွေးဖွေး ပါးဆုံ့ဖောင်းဖောင်းကြီးနဲ့ ချစ်စရာဗျ။ သူ့အမေပိန်ကပ်ကပ် ပျော့ညှက်ညှက်နဲ့ တခြားစီပဲ။ အင်းရေပြင်ပေါ်က နေပူကျဲကျဲထဲ မည်းသည်းနေတဲ့ ကျုပ်နဲ့ဆို ဝေလာဝေးပေါ့ဗျာ။ ဒီကောင် ကြီးလာလို့ကတော့ ဥပမိရုပ်က လွတ်ကောင်းမှာ။ ကျုပ်သားမို့ ကျုပ်ကြွားနေတာ မဟုတ်ဘူးနော်၊ တကယ်ပြောတာ။ တွေ့တဲ့လူတိုင်းက သူ့ကိုချစ်တယ်၊ အချစ်ခံရလွန်းလို့ တစ်ခါတစ်ခါ စိတ်ညစ်စရာတောင်ကောင်းတယ်။ စိတ်ညစ်တယ်ဆိုတာထက် မခံချင်တာက ပိုများတယ်။ ကျုပ်မိန်းမကို ကလေးချီပြီး ကျုပ်ခတ်တဲ့ငှက်ဆိပ်ကို ဘယ်တော့မှ မလာခဲ့ဖို့ မှာထားတယ်။ ပြင်းပြင်းထန်ထန် ပြတ်ပြတ်သားသားကို အသေ

http://www.cherrythitsar.org



အချာ မှာထားတာ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေ လူတွေဟာ အလုပ်အကိုင်အခြေအနေနဲ့ လူပုံသဏ္ဍာန်ကိုကြည့်ပြီး လွဲမှားတဲ့ကောက်ချက်တွေ ချတတ်ကြတယ်။ ကျုပ်သားလေး တစ်နှစ်အရွယ်လောက်တုန်းက ကျုပ်မိန်းမက ကလေးချီပြီး ကျုပ်ခတ်တဲ့ ငှက်ဆိပ်က သစ်ပင်ရိပ်မှာ လာလာထိုင်ရင်း ကျုပ်ကိုစောင့်နေတတ်တယ်။ ကျုပ်ကလည်း နွေနေပူပူမှာ ချွေးသံရွှဲရွှဲနဲ့ ငှက်တစ်ပတ်ခတ်ပြီးတိုင်း သားလေး မျက်နှာမြင်ရရင် အမောပြေတော့တာကိုး။ တစ်နေ့တော့ နိုင်ငံခြားဧည့်သည်တစ်ယောက်က ကျုပ်ငှက်ကိုစီးပြီး ကမ်းပေါ်အတက်မှာ ကျုပ်ကလေးကိုမြင်တော့ ချစ်ပြီး ချော့ကလက်တစ်ခုနဲ့ မုန့်ဖိုးပိုက်ဆံ ပေးသွားတယ်။ ကျေးဇူးတင်စရာကောင်းပေမဲ့ အဲဒီ နောက်ဆက်တွဲ ခံစားရတဲ့ဝေဒနာတွေက ခါးသီးတယ်။ ဒီလိုလူစားမျိုးတွေလာရင် ကျုပ်တို့က ရနိုးနိုးနဲ့ မျှော်ကိုးနေတယ်လို့ အထင်မခံနိုင်ဘူး။ ကျုပ်တို့ရဲ့ မျိုးဆက်အညွန့်အဖူးကလေးတွေ သူတစ်ပါးဆီက လက်ဖြန့်ခံတတ်တဲ့အကျင့်ဆိုးမျိုးကို ရိုက်ချိုးပစ်ရမယ်။ ဒါကြောင့် မုန့်ဖိုးရတဲ့ပျော်ရွှင်မှုမျိုးမှာ သားကလေးကို သာယာသွားမှာကြောက်လို့၊ သူများရဲ့ အထင်သေးအမြင်သေး မျက်လုံးမျိုးနဲ့ ကျုပ်မယားနဲ့ ကျုပ်သား အကြည့်ခံရမှာကြောက်လို့ ကျုပ်အလုပ်လုပ်တဲ့ ငှက်ဆိပ်ကို ကလေးချီပြီး ဘယ်တော့မှ လိုက်မလာရဘူးလို့ ကျုပ်မှာထားတာ။

တကယ်တော့ ကျုပ်တို့ ငှက်ခတ်သမားဆိုတာ ဆင်းရဲပါတယ်။ ဘယ်လောက်ဆင်းရဲဆင်းရဲ သူများပစ္စည်းတော့ အလကားမလိုချင်ဘူးဗျာ။ အဲ ကျုပ်ခွန်ကျုပ်အားနဲ့ စိုက်ထုတ်လျှော်ခတ်ရတဲ့

http://www.cherrythitsar.org



လုပ်အားခကိုတော့ ကျုပ် မက်တယ်။ အမြင့်ဆုံးလုပ်ခ ရချင်တယ်။ လူတစ်ယောက်ရဲ့ အသွေးအသားနဲ့အရင်းတည် လှုပ်ရှားရတဲ့ ခွန်အားဆိုတာ တန်ဖိုးဖြတ်လို့ရတာမှ မဟုတ်ဘဲ။ ငွေကြေးမတတ်နိုင်တဲ့ သူတွေကို အလကားခတ်ပေးဖို့ ဝန်မလေးပေမဲ့ ငွေကို ထင်သလို သုံးဖြုန်းနေနိုင်ကြတဲ့လူတွေဆီကတော့ ပိုရရင် လိုချင်တာပဲဗျ။ ငှက်ခတ်သမားတွေထဲမှာ ပြေလည်တဲ့လူက ခပ်ရှားရှားရယ်။ အဆင်သာ ပြေကြရင်လည်း အင်နဲ့အားနဲ့ ငှက်ခတ်စားရတဲ့ အလုပ်ကို ဘယ် ရွေးချယ်ကြပါ့မလဲ။ ကျုပ်တို့ဆီပ်က ငှက်သမားအားလုံး ဟသ်ာ၊ ပန်းပဲ၊ ပန်းချီ၊ ကုက္ကို၊ လက်သမား၊ ဘိုအိုးစတဲ့ အနီးပတ်ဝန်းကျင် ရွာတွေကချည်းပဲ။ ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တစ်ယောက် အကျင့် စရိုက်ချင်းသာ မတူရင်ရှိရမယ်။ ဘဝတူချင်းမို့ ညာတာစိတ်တော့ ရှိကြတယ်ဗျ။ ငှက်ခတ်ရတဲ့အလုပ်က တစ်နှစ်ပတ်လုံးအဆင်ပြေနေ တာမဟုတ်ဘူး။ ကဆုန်၊ နယုန်ဆို တောင်သမန် ရေနည်းတဲ့အချိန် နဲ့ ဧည့်ပြတ်တဲ့အချိန်ပဲ။ အဲသည်လတွေဆိုရင် အိမ်ကမိန်းမတွေကို အားကိုးကြရတယ်။ အဲ– ဝါဆို၊ ဝါခေါင်ကျတော့ ရတနာ့ဂူပွဲရှိတော့ ပြန်စည်လာပြန်ရော။ အဲဒီကနေ တော်သလင်းကျ ဦးပိန်တံတား အရှေ့ဘက်ထိပ်က ဘိုးဘိုးကြီးပွဲ၊ ပြီးတော့ ရွှေကြက်ယက်ဘုရား ဆွမ်းညပွဲတို့နဲ့ အခြေအနေလေးက ဟန်ဟန်ပန်ပန် ဖြစ်လာပြန်ရော။ အဲ– သူ့နောက်ပိုင်းကျ ပြန်ပါးပြီး ပုံမှန်ဖြစ်သွားတာတန်ခူးလသင်္ကြန် ကျတော့ ကျုပ်တို့အတွက် အဆင်ပြေပြန်ရောဗျ။ အဲဒီကျ ကျုပ်တို့ တင်မဟုတ်ဘူးဗျို့။ ကိုးနှစ် ဆယ်နှစ်သား ရေငုပ်တတ်တဲ့အရွယ်လေး တွေတောင် အမူးအရူးအပျော်အပါးလွန်လို့ တံတားပေါ်ကနေ ပြုတ်

http://www.cherrythitsar.org



ကျခဲ့ကြတဲ့ နာရီတို့၊ ပိုက်ဆံအိတ်တို့ စတဲ့အသုံးအဆောင်ပစ္စည်းတွေကို ဆင်းဆင်းငုပ်ပြီး ကောက်ကြရတာ။ အဲသလိုနဲ့ ကျုပ်တို့ ငှက်သမားတွေလည်း နှံသမားပါးနဲ့ မထူးပါဘူး။ ပိန်လိုက်ဖောင်းလိုက်ပါပဲဗျာ။

ကျုပ်နေတဲ့ ပန်းချီရွာနဲ့ တောင်သမန်ငှက်ဆိပ်က အသွားအပြန်ကို ငှက်နဲ့အတူ သွားပေပြန်ပေမဲ့ ရွာအထိ ငှက်ကို ခတ်သွားလို့ မရဘူး။ အပြန်ကျရင် တောင်သမန်ကနေ ဟိုး ခပ်ဝေးဝေးမှာ မြင်နေရတဲ့ ဘုရားဖြူကလေး သုံးဆူ ရှိတဲ့ လက်သမားရွာကို ခတ်သွားပြီး အဲဒီကျောင်းဝင်းထဲက အင်းစပ်မှာ ချည်ထားခဲ့ပြီး ကျုပ်နေတဲ့ ပန်းချီရွာအထိ ဆယ့်ငါးမိနစ်လောက် လျှောက်ပြန်ရတယ်။မနက်လာရင်လည်း အဲသည်အတိုင်းပဲ၊ အိမ်ကနေ ဆယ့်ငါးမိနစ် လောက်လျှောက်လာပြီးမှ ညက ချည်ထားတဲ့ငှက်ကို ကြိုးဖြုတ်ပြီး တောင်သမန်ဆိပ်ကို ခတ်လာရပါတယ်။

အင်းရေပြင်ဆိုပေမဲ့ လေနဲ့လှိုင်းနဲ့၊ ကံကြမ္မာက ကိုယ့်ဘက်မပါရင် အသက်နဲ့ရင်းတန်ရင်းရမှာ။ သည်ထဲကမှ စာနာတတ်တဲ့ခရီးသည်တွေ ရှိသလို မစာနာတတ်တဲ့ခရီးသည်တွေလည်း ရှိသေးတာ။ လူဆိုတာ အမျိုးမျိုးပေါ့။

ငှက်သမားဘဝမှာ တွေ့ရတဲ့လူတွေအကြောင်းပြောရင် ခင်ဗျားတို့ စိတ်ဝင်စားမလား မဆိုနိုင်ဘူး။

ဟိုဘက်ကမ်း သည်ဘက်ကမ်းကို လမ်းရိုးအတိုင်းကူးရင် အသွားအပြန် လူတစ်ယောက် ငှားကူးခ ခြောက်ဆယ်ရတယ်။တစ်ခေါက်ထွက်ရင် ငှက်ပေါ်မှာ လူဆယ်ယောက်လောက်ကို ချောင်

http://www.cherrythitsar.org



ချောင်လေး တင်နိုင်တယ်။ ကပ်ကပ်သပ်သပ် လိုက်မယ်ဆိုရင် ဆယ့်ငါးယောက် ဆယ့်ခြောက်ယောက်လောက်တောင် တင်လို့ ရသေးတယ်။

အဲသလို တင်လို့ရတဲ့ငှက်ပေါ်ကို မျက်နှာသိထဲက စိန်တွေ ရွှေတွေသီးနေအောင် ဝတ်ထားတဲ့ သူဌေးမကြီးက လှတာကာကို မယုံကြည်ဟန်နဲ့ အားကိုးတကြီး 'အဒေါ်ကို တစ်ယောက်တည်း ဟိုဘက်ကမ်း ပို့စမ်းပါ' ဆိုလို့ လိုက်ပို့ပေးလိုက်ရတယ်။ ဟိုဘက်လည်းကျရော 'ဘယ်လောက်လဲ ငါ့တူ' တဲ့။ တစ်ယောက်တည်း စီးတဲ့ကိစ္စကို လူဆယ်ယောက် ဆယ့်ငါးယောက်လောက်စာ ဘယ်တောင်းလို့ ထွက်ပါ့မလဲ။ ဒါနဲ့ 'ကြည့်သာပေးပါ အဒေါ်ရယ်' လို့ ပြောလိုက်တော့ သူက အလွန် ရက်ရောတဲ့ဟန်နဲ့ ငွေ ငါးဆယ်တန်တစ်ရွက်ကို 'ငါ့တူ ပြန်မအမ်းနဲ့' ဆိုပြီး ပေးသွားတော့ လူ့ကို 'ဟာ' ခနဲ ကျန်ခဲ့တာပဲ။

တချို့ကျတော့လည်း စုတ်ပြတ်သတ်နေလို့ ကိုယ်ကလည်း ဈေးဦးမပေါက်တဲ့အတူတူ ရှိတဲ့တစ်ယောက်ကိုပဲ အလကားနီးပါး မျှော်လင့်ပြီး တစ်ခေါက်ခတ်ပို့လိုက်တာနဲ့ ကျေးဇူးတင်တဲ့ပုံသဏ္ဌာန်နဲ့ နှစ်ရာတန်လေးတစ်ရွက်ကို အားနာပါးနာ ချပေးခဲ့တာမျိုးလည်း ကြုံဖူးပါရဲ့။

လူတွေအကြောင်းသာ ပြောရရင် အများကြီးပဲ။ အဲသည် အထဲက မှတ်မှတ်ရရ ရှိတာလေးတစ်ခု ပြောရဦးမယ်။ ပြီးခဲ့တဲ့ ရတနာ့ဂူပွဲတုန်းကပေါ့။

ရတနာ့ဂူပွဲဆိုတာ ယုံကြည်မှုနဲ့လာတဲ့လူ ရှိသလို ပျော်ချင် ပါးချင် ကစားချင်လို့ လာတဲ့လူက ပိုများတယ်။ မှူးကြရှူးကြနောက်

http://www.cherrythitsar.org



ကြ ပြောင်ကြ၊ ကကြ ခုန်ကြ ပျော်စရာလည်း တစ်မျိုးတော့ကောင်းပါတယ်။ ဒါပေမဲ့ တရားသဖြင့် ပျော်ရွှင်ခြင်းမျိုးပဲ ဖြစ်သင့်တယ်မဟုတ်လား။

ပြောရဦးမယ်။ အဲဒီတုန်းကအကြောင်း။ ရတနာ့ဂူ အထက်နန်းကိုသွားဖို့ လှုငါးယောက် ကျုပ်ငှက်ကို ငှားစီးကြတယ်။ အဲဒီလိုအချိန်တွေမှာ ငှက်ခကို လူဘယ်နှစ်ယောက်စီးစီး ဆယ် ယောက်စာ သုံးရာပဲ။ သည်ပွဲလာတဲ့သူတွေကလည်း သည်ငှက်ခ လောက်တော့ အသာလေးပဲ။ သည့်ထက်မကတောင် ပေးပြီး အင်းထဲ ပတ်စီးနေကြသေးတာ။ ကျုပ်ငှက်ကို စီးလာတဲ့ ခရီးသည်တွေက တောက်တောက်ပပ ပြောင်ပြောင်ရောင်ရောင်တွေ။ အခုလည်း သည်လောက်ငွေကို ကျေကျေနပ်နပ်နဲ့ ပြောဆိုပြီး လိုက်လာကြတာ သည်လိုအချိန်မှာ သည်လိုလူတွေဟာ အဆင်ပြေရင် ပိုတောင်ပေးသွားတတ်ကြတာ။ အင်းထဲမှာလည်း ဒီရက်မျိုးဆို တအားစည်တာ၊ ချိုးရေတော် သုံးတဲ့ရက်ဆို ငှက်တွေဆိုတာ ဘေးချင်းချိတ်လို့ လမ်းကြောင်းတောင် ရှာမရဘူး။ ဟိုဘက်ငှက်နဲ့ သည်ဘက်ငှက် ရေတွေ လှမ်းပက်ကြ၊ စကြ နောက်ကြနဲ့ လွတ်ကို ပျော်စရာကောင်းတာ။ ကျုပ်တို့ငယ်ငယ်တုန်းက ရတနာ့ဂူပွဲရက်တွေဆို ဦးပိန်တံတားထိပ်မှာ လှည်းတန်းကြီးနဲ့ မယ်ဇယ်ပင်တန်းတစ်လျှောက် စီတန်းပြီး သွားကြတာ သိပ်ပြီး မျက်စိပသာဒ ဖြစ်တာ၊ လှည်းယာဉ်ပေါ်က အပျိုချောတွေကို နောက်က ကာလသားတွေက အောက်ကပြေးလိုက်ပြီး စကြ၊ နောက်ကြတာပေါ့။ အခုတော့ လှည်းနွားခေတ် နည်းနည်းလေး မှေးမှိန်ပြီး ခေတ်မီတိုးတက်လာတော့ လှေနဲ့ကားနဲ့ပေါ့။

http://www.cherrythitsar.org



အဲဒါနဲ့ ဆက်ပြောရဦးမယ်။ မိန်းမနှစ်ယောက်၊ ယောကျ်ား သုံးယောက်ပါတဲ့ အဲဒီခရီးသည်တွေဟာ ကျုပ်စိတ်ရှည်လက်ရှည် လော့ခတ်ပို့တဲ့ ရတနာ့ဂူအထက်နန်းလည်းကျရော ကမ်းကိုကပ်ပြီး ကာမှ အားလုံးဆင်းပြီး ပိုက်ဆံပေးဖို့ အလုပ်မှာ–

"ဟောတော့– ပိုက်ဆံအိတ် မရှိတော့ဘူး၊ ငှက်ထဲ ကျခဲ့ ပြီထင်တယ်"

လို့ အလန့်တကြား ပြောတော့ ကျုပ်လည်း ပြူးတူးပြဲတဲ နဲ့ လျှောက်ရှာပေးရတယ်။

"အနီလေး၊ အနီလေး၊ ပိုက်ဆံအိတ်က အနီလေး၊ ပိုက်ဆံ တွေလည်း အများကြီးပါတယ်၊ နင်တက်ရှာလိုက်စမ်းပါ"

လို့ ကျုပ်ကို မယုံကြည်တဲ့ပုံသဏ္ဍာန်နဲ့ ပြောပြီး တစ် ယောက်က ငှက်ပေါ်ပြန်တက်လာပြီး ရှာတယ်။ ဘယ်မှာမှ မတွေ့ ဘူး။ တော်သေးတာပေါ့ဗျာ။ ကျုပ်တောင် နေရင်းထိုင်ရင်း တရားခံ ဖြစ်တော့မလို့။ အဲဒါနဲ့ ပိုက်ဆံအိတ်ရှင်ကလည်း ငိုမဲ့မဲ့၊ကျုပ်ကလည်း ငှက်ဖိုးမရသေးလို့ ဆန့်တငံ့ငံ့နဲ့ ဖြစ်နေတုန်း ဗြုံးဆို တစ်ယောက်က ဝမ်းသာအားရနဲ့–

"ဟောဟိုမှာ ရေလယ်ကအနီလေးက နင့်ပိုက်ဆံအိတ် ထင်တယ်၊ နင်ရေကို လှမ်းဆော့တုန်းက ကျခဲ့တာဖြစ်မယ်၊ သေသေ ချာချာကြည့်စမ်း၊ ဟုတ်တယ်မဟုတ်လား"

လို့ အမျိုးသားတစ်ယောက်က ပြလိုက်တော့–

"ဟာ– ဟုတ်တယ်၊ အဲဒါ ငါ့ပိုက်ဆံအိတ်ကလေးပဲ၊ ကံ ကောင်းလို့ တော်ပါသေးရဲ့၊ အဲဒီအရောင်လေးဟာ ငါ့အိတ်မှ ငါ့

http://www.cherrythitsar.org



အိတ်အစစ်၊ အမယ်လေး ရေတွေများဝင်နေပြီလား မသိဘူး၊ ဒုက္ခပါပဲ"

ဆိုပြီး ခုန်ဆွခုန်ဆွဖြစ်နေတာများ ခင်ဗျားတို့ကို ပြချင်တယ်။ အဲဒီအချိန်မှာ တစ်ယောက်က–

"ကဲ– ငှက်ဆရာရယ်၊ မြန်မြန်ခတ်ပြီး သွားယူခဲ့ပေးစမ်းပါဗျာ၊ ခင်ဗျားအတွက် ငှက်ခက်ခလည်း အဲဒီအိတ်ပြန်ရမှ ပေးလို့ရမှာနော်၊ မြန်မြန်သွားယူပေးစမ်းပါ"

လို့ အလောတကြီး ပြောနေတယ်။ အဲဒါနဲ့ ကျုပ်လည်း ငှက်ကို ပြန်ပြီး ဦးလှည့်ရတာပေါ့။ ဘယ်သူလိုက်မလဲဆိုတော့ 'ခင်ဗျားပဲ သွားဆယ်ခဲ့ပါ၊ ဒီကစောင့်နေမယ်၊ အဲဒီအခလည်း ပေးပါမယ်' ဆိုတော့ ကျုပ်ရေလယ်ကို တစ်ခေါက်ပြန်လာရပြန်ရော။ သည်လိုကျတော့လည်း သူတို့ပိုက်ဆံအိတ်ကို ကျုပ်ဆယ်ပြီး တခြားဘက်ကမ်းကို ခတ်ပြေးသွားမှာ မကြောက်တဲ့အတိုင်း စိတ်ချလက်ချ နေခဲ့လိုက်ကြတာ။ အေးလေ၊ ကျုပ်တို့ ငှက်သမားတွေမှာ ဒါမျိုးအကျင့်မရှိမှန်း သိလို့လည်းနေမှာပေါ့။

ကျုပ်လည်း ရေလယ်ရောက်ရော၊ သူတို့ပိုက်ဆံအိတ် အနီလေးက ရေထဲမှာ ချာလည်ချာလည်ပေါ်နေတာ၊ တော်သေးတာပေါ့ဗျာ။ အထဲမှာ လေးလံမာကျောတဲ့အရာတစ်ခုခုမပါလို့ မြုပ်မသွားတာ။ ကျုပ်လည်း ဝမ်းသာအားရ လှမ်းကောက်လိုက်ရော ကျုပ်မျက်စိကိုတောင် ကျုပ်မယုံနိုင်အောင် ဖြစ်သွားတယ်။ လေးလံမာကျောတဲ့အရာတင်မဟုတ်ဘူး၊ ဘာမှကိုမပါဘူး။ အိတ်စုတ်ကြီး ရေလယ်မှာ တမင်တကာ ပစ်ချထားခဲ့တာကိုးဗျ။ အတော်ဆိုးတဲ့လူတွေ

http://www.cherrythitsar.org



ကျုပ် သူတို့ရှိတဲ့ကမ်းစပ်ကို လှမ်းလည်းကြည့်လိုက်ရော အရိပ်အယောင်တောင် မမြင်ရတော့ဘူး။ လုပ်ပုံက ရက်စက်ပါ့ဗျာ။ သည်ရုပ်တွေဟာ ငှက်ခမပေးစီးနိုင်တဲ့ရုပ်တွေလည်း မဟုတ်ပါဘူး။ သူတို့ကျီစားပုံက စာနာမှုကင်းလိုက်ကြတာ။ သူများထမင်းအိုးကို ချိုးချိုးဖွဲ့ဖွဲ့။

ဖြစ်ခဲ့ပါတယ်ဗျာ။ ဒါမျိုးက အတော်ဖြစ်ခဲပါတယ်။ သူများငှက်နဲ့ ကိုယ့်ငှက် အလုအယက်ခေါ်တင်ရတဲ့ ခရီးသည်အချင်းချင်းကိုယ့်ကျမှ ဒါမျိုးဖြစ်ရတယ်ဆိုတော့ ကိုယ့်ကံက ထူးလို့ပေါ့။ သည်လိုပဲ မှတ်လိုက်ပါတယ်။ ငါ့ည့်သေးတယ်ပေါ့။

* * *

သည်ကနေ့ ဈေးဦးမပေါက်သေးတဲ့ ငှက်သမားထဲမှာတော့ကျုပ်တစ်ယောက် ရှိတော့တယ် ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ရောက်တာလည်း နေမြင့်တယ်။ စောစောပိုင်းက ကျောက်တော်ကြီးဘုရားဖူးတွေ ငှက်အပျော်စီးတဲ့လူတွေ နေမပူခင် သွားပြီးလာပြီးကုန်လို့ ငှက်သမားတွေ တစ်ခေါက်စီလောက်တော့ လိုက်ပြီးသွားကြပြီ၊ ကျုပ်က အိမ်မှာ ဆွမ်းလှည့်ကျလို့ မိန်းမကို ဆွမ်းကူချက်နေရတာနဲ့ ကလေးတစ်ဖက်နဲ့ နောက်ကျသွားတာ။ ရွာဘုန်းကြီးကျောင်းက တစ်လတစ်ခါ ဆွမ်းချိုင့်ယူတာ၊ ကိုယ့်ချွေးနဲ့စာနဲ့ ပင်ပင်ပန်းပန်းလုပ်ရတဲ့ လုပ်ခ၊ သည်နေရာမလှူရင် ဘယ်နေရာသွားလှူမလဲ။ မရှိလို့ မလှူ မလှူလို့ မရှိ ဆိုသမို့လား။ ကျုပ်ကတော့ ဆင်းရဲလေကြပ်ကြပ်လှူလေပဲ။ သည်လောက်လှူနေတန်းနေလျက်သားနဲ့ စော

http://www.cherrythitsar.org



စောကလူမျိုးတွေနဲ့တိုးပြီး ဘာလို့ ကံဆိုးနေတာလဲလို့ ခင်ဗျားတို့က လျှောင်ချင်လှောင်ကြလိမ့်မယ်။ ဒီဘဝလျှတာ နောက်ဘဝ ကောင်းဖို့လေဗျာ။ ဒီဘဝဆင်းရဲနေရတာက ရှေးဘဝက မစင်ကြယ်ခဲ့လို့ နေမှာပေါ့။ ကျုပ်ကတော့ သည်ဘဝမှာ စင်စင်ကြယ်ကြယ်နေမယ်။ ရိုးရိုးသားသား ရှာမယ်။ ကိုယ့်လုပ်အားစစ်စစ်နဲ့ လှူမယ်။ ဆင်းရဲလို့ ငှက်ခတ်စားနေရပေမဲ့ ကိုယ်ကျင့်တရားတော့ အပျက်မခံနိုင်ဘူးဗျ။ ကျုပ်တို့ကျောင်းက ဆရာတော်က ကျုပ်ငယ်ငယ် ဘုန်းကြီးကျောင်းသားဘဝကတည်းက ကျုပ်ခေါင်းထဲကို အသိတစ်ခု ရိုက်သွင်းထားပေးတယ်။

'မကောင်းတဲ့လူဟာ မကောင်းတဲ့လူနဲ့ ပေါင်း၊ မကောင်းတဲ့အကြံကို ကြံ၊ မကောင်းတဲ့အလုပ်ကို လုပ်၊ မကောင်းတဲ့ အကျိုးပေးလေ၏'တဲ့ဗျ။

ကျုပ်တို့ ငှက်သမား လုပ်ဖော်ကိုင်ဘက်တွေထဲမလည်း ဘုရားတရားသမားတွေ ရှိသလို ကစားသမားတွေ၊ ကဖော်သမားတွေလည်း ရှိသပေါ့ဗျာ။ ဒါပေမဲ့ သူ့ဟာနဲ့သူတော့ ပိုက်ဆံရှာတဲ့နေရာမှာ အဆင်ပြေသဗျ။ တခြားနည်းနဲ့ရှာတာ မဟုတ်ဘူးနော်။ ငှက်ခတ်ရင်းနဲ့ပဲ ရှာတာ။ ဘာမှလည်း မဟုတ်တာလုပ်ကြတာ မဟုတ်ဘူး။ သာမန် ငှက်ခတ်ခထက် ပိုရတဲ့ ခရီးသည်က ကျေကျေနပ်နပ်ကြီးကို သေးသွားကြတဲ့အခါတွေမှ အများကြီး၊ ဒါပေမဲ့ အဲသည်ထဲ ကျုပ်မပါသလောက်ပဲဗျ။ ကျုပ်ကသိုလ်ကံကိုက ခေလွန်းနေတာ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကများ လူခပ်ကြီးကြီးနဲ့ အမျိုးသမီးတစ်ယောက် ကျုပ်တို့ဆိပ်က ငွေမောင်းငှက်ကို ငှားစီးသွားတယ်။ အသွား

http://www.cherrythitsar.org



အပြန် ကြာမယ်တဲ့။ ဘယ်လောက်ပေးရမလဲတဲ့။ ငွေမောင်းက ဘယ်လောက်ကြာမလဲဆိုတော့ တစ်နာရီလောက် ကြာမယ်ဆိုတော့ ဒီကောင်က တစ်ထောင်တဲ့ဗျာ။ တောင်းတာများ ရက်စက်တယ်။ ခရီးသည်က ဈေးမဆစ်ဘူးဗျာ။ တစ်ခါတည်း တက်လိုက်သွားတာပဲ။ တစ်နေ့ကလည်း ဒီလိုပဲဗျာ။ သူတို့က ငွေမောင်းနဲ့ ဖောက်သည်ကိုဖြစ်လို့။ ကျုပ်တို့များ ဒါမျိုးနဲ့ မတွေ့ဘူးဗျာ။ အဲဒီနေ့ကဆို ကျုပ်တို့ တစ်ယောက် သုံးရာတောင် မပြည့်ဘူး။ ငွေမောင်းဖြင့် တစ်ခေါက်တည်းနဲ့ ထောင်ချီရသွားတာ။ မနာလို မဖြစ်ပါဘူးဗျာ။ အားကျတာကို ပြောတာပါ။

တစ်နေ့ကလည်း ကလေးတစ်သိုက်ဗျာ။ အင်းထဲမှာ လျှောက်ပြီး အပျော်စီးမယ်ဆိုပြီး ငှက်ပေါ်ကို လက်ဖက်သုပ်တွေ၊ အအေးပုလင်းတွေ၊ ကော်ဖီမစ်ထုပ်တွေ၊ ဓာတ်ဘူးတွေပါတင်ပြီး ငှက်နှစ်စီးနဲ့ ရေလယ်မှာ စားကြသောက်ကြ သီချင်းဆိုကြနဲ့ ကျုပ်တို့ မျက်စိရှေ့တင် မြင်နေရတာ၊ သူတို့အပျော်တွေတောင် ကျုပ်တို့ဆီကူးပါရဲ့။ ငှက်ခတ်ပါသွားတဲ့ ထွန်းရှိန်နဲ့ စံကြီးတို့ကလည်း သူတို့လေးတွေ ကြည့်ရတာ ပျော်လို့တဲ့၊ ပြောမဆုံးဘူး။ ငှက်ခတ်ခလည်း တစ်ယောက်ကို ထောင့်နှစ်ရာစီ ပေးသွားသတဲ့။

မနေ့ညနေကလည်း နေအေးလို့ ငှက်သိမ်းခါနီးမှ တောင်သမန်စောင်းက တောင်လေးလုံးကျောင်းက ဦးပဉ္ဇင်းလေးတစ်ပါးနဲ့ ဒကာတစ်ယောက်ရယ် ဦးပိန်တံတားထိပ်ကနေ စကျင်ဝတင် နီးနီးလေး အသွားအပြန်မှ ဆယ့်ငါးမိနစ်တောင် မကြာဘူး ပြန်လာတော့ ငှက်သမားကို ၅၀၀တန်ပေးကာ ပြန်မအမ်းခိုင်းတော့ဘူး။

http://www.cherrythitsar.org



အဲဒီကုသိုလ်ကံကောင်းတဲ့ကောင်တွေထဲ ကျုပ်တစ်ယောက် မပါတာ အတော်ကံဆိုးတာပဲ။ ကမ္ဘာကြီးက လုံးတယ်ဗျ။ 'အလှည့်'ဆိုတာ နေရာတကာ ရှိတယ်။ တစ်နေ့နေ့မှာ ကျုပ်အလှည့် ရောက်လာလိမ့်မယ်ဆိုတာတော့ ကျုပ်ယုံကြည်နေတယ်။ အဲဒီတစ် နေ့နေ့ဟာ သည်နေ့တော့ မဖြစ်နိုင်ဘူးလားပေါ့။

"ဟေ့ ငွေမောင်း၊ ဟိုတစ်နေ့က မင်းငှက်စီးတဲ့လူတွေ လာ နေတယ်"

စံကြီးက ငွေမောင်းကို လှမ်းပြောလိုက်တဲ့အသံကြားလို့ ကျုပ် ခေါင်းထောင်အကြည့်မှာ ဟိုတစ်နေ့က ငွေမောင်းငှက်ကိုတစ် နာရီကြာမယ်ဆိုပြီး အသွားအပြန်စီးသွားတဲ့ ခရီးသည်နှစ်ယောက်၊ အဲဒီနေ့က ငွေမောင်း တစ်ထောင်ရလိုက်တယ်လေ။ ငှက်ဆိပ်မှာက လည်း စံကြီးရယ်၊ ငွေမောင်းရယ်၊ ကျုပ်ရယ် သုံးယောက်ပဲ ရှိတယ်။ ကျုပ် ငွေမောင်းကို အားကိုးတကြီး လှမ်းကြည့်ပြီး အဲဒီလူတွေ အနား မရောက်ခင်–

"ငွေမောင်းရာ၊ အဲဒီလူတွေ ငါ့ငှက်နဲ့ ပို့ပါရစေကွာ၊ ငါ သည်နေ့ ဈေးဦး မပေါက်သေးလို့ပါကွ၊ နို့ပြီး အိမ်မှာလည်း ငွေလို နေလို့ပါ"

ဆိုတော့ ငွေမောင်းက–

"မင်းခေါ်ကြည့်လေ၊ ငါလည်းခေါ်မှာပဲ"

"မင်းနဲ့က ဖောက်သည်ဖြစ်သွားတော့ မျက်မှန်းတန်းနေပြီ ဟာ၊ မင့်ပဲ စီးမှာပေါ့ကွာ၊ ငါက မျက်နှာစိမ်းဆိုတော့ မင်းနဲ့ပြိုင်ခေါ် လို့ ဘယ်ရပါ့မလဲ"

http://www.cherrythitsar.org



“အဲဒီတော့ ဘယ်တတ်နိုင်မလဲကွာ၊ ငါလည်း ပိုက်ဆံလို ချင်တာပဲ”

“ဒါဆို ဒီလိုလုပ်ပါ သူငယ်ချင်းရာ၊ အဲဒီနှစ်ယောက်က ဟို နေ့ကလို အသွားအပြန် တစ်နာရီစောင့် တစ်ထောင်ဆို ငါခတ်မယ် ကွာ၊ ရတဲ့ပိုက်ဆံ မင်းကို ငါးရာပေးမယ်၊ ငါ ငါးရာယူမယ်၊မင်း ဆိပ်မှာပဲ ကျန်တော့ နောက်ခရီးသည်လာလည်း မင်းလိုက်လို့ရတာ ပေါ့။ ဘယ့်နှယ်လဲ”

ဆိုတော့ ငွေမောင်း သဘောတူသွားတယ်။ ဘယ့်နှယ် လုပ်မလဲဗျာ။ ဈေးဦးမပေါက်တာနဲ့စာရင် အိမ်ကို ငွေငါးရာပါတယ် ဆို နည်းလား။

ကျုပ်တို့နှစ်ယောက် အပေးအယူကြောင့် စံကြီးက နား လည်မှုနဲ့ လူမခေါ်ရှာပါဘူး။ ခရီးသည်နှစ်ယောက် ငှက်ဆိပ်လည်း ရောက်ရော ထင်တဲ့အတိုင်းပဲ ငှက်သမားတွေကိုကြည့်ပြီး ငွေမောင်း ငှက်ပေါ် တက်ဖို့ပြင်တော့တာပဲ၊ ကျုပ်က–

“ဆရာကြီးတို့ ဒီကိုလာခင်ဗျ”

ဆိုတော့ သူတို့က မမှုဘူးဗျ။ ငွေမောင်းကပါ–

“ဆရာတို့ ဟိုငှက်ကိုစီးပါ၊ ကျွန်တော် သည်နေ့ သိပ်နေ မကောင်းလို့ မခတ်နိုင်ဘူး”ဆိုတော့မှ နည်းနည်းတုံ့ဆိုင်းဆိုင်းလုပ် ပြီးကာမှ ကျုပ်ငှက်ပေါ်ကို တက်လာပါတယ်။

ကျုပ်လည်း အဲဒီတော့မှ သက်ပြင်းချနိုင်တော့တယ်ဗျို့။ ဒါနဲ့ ကမ်းလည်းခွာပြီး–

“ဘယ်ကိုခတ်ရမလဲ ဆရာ”ဆိုတော့ “အဲသည် မယ်ဇယ်

http://www.cherrythitsar.org



ပင်တန်းတစ်လျှောက်ပဲ”တဲ့။

သြော် အပျော်စီးကြတာပဲဆိုပြီး မယ်ဇယ်ပင်တန်းအောက် ဘက်ကနေ တောက်လျှောက် ခတ်လာခဲ့တယ်။ ပတ်ဝန်းကျင်က လည်း သာယာတယ်ဗျာ။ နေကလေးကလည်းချိုနေပြီ။ တောင်သမန် ရေတွေက တိုးနေတော့ မယ်ဇယ်ပင်တွေ တစ်ဝက်လောက်ကို မြုပ် နေတာ။ မယ်ဇယ်ပင်အပေါ်တစ်ပိုင်းနဲ့ အကိုင်းအခက်တွေ အုပ် ဆိုင်းပြီး ရေပြင်က စိမ်းမြကြည်လင်နေတော့ ပျော်စရာ ကောင်းနေ တာ။ မယ်ဇယ်ပင်တန်းတောက်လျှောက် အတော်လေးဝေးပြီး တိတ် ဆိတ်အေးချမ်းတဲ့နေရာ ရောက်လာတော့ ပါလာတဲ့ အမျိုးသားက–

“ရပ်တော့”တဲ့။

ကျုပ် ရုတ်တရက် ကြောင်သွားတယ်။ ကမ်းလည်း မဟုတ် ဘာလည်းမဟုတ်ဗျာ၊ ဘယ်နားသွားရပ်မှာလဲ။ ကျုပ်နားကြားများ မှားသလားပေါ့။

“ရပ်တော့၊ အဲဒီနားမှာ ရပ်တော့”လို့ ထပ်ပြောမှ–

“ဘယ်မှာ ရပ်ရမလဲ ခင်ဗျာ”ဆိုတော့–

“အဲဒီ မယ်ဇယ်ပင်နားမှာ ကပ်ရပ်ထားလိုက်”တဲ့။

ကျုပ်လည်း ယောင်တောင်ပေါင်တောင်နဲ့ ရပ်လိုက်တယ်။ သည်နေရာက ရေတိုးရက်ဆိုတော့ လူတစ်ရပ်တော့ အသာလေး နစ်သဗျ။ သူတို့ ဘယ်လိုဆင်းမလဲသာ မသိတာ။ ကျုပ်က မျက်လုံး အဝိုင်းသားနဲ့ ရပ်ပြီး သူတို့ကို နားမလည်သလို ကြည့်နေတော့ အဲ သည်ပုဂ္ဂိုလ်က–

“ခင်ဗျား သစ်ပင်ပေါ်တက်နေ”တဲ့။

http://www.cherrythitsar.org



“ဗျာ”

ကျုပ် အလန့်တကြား ရေရွတ်လိုက်တယ်။ ကျုပ်မှ သစ်ပင်မတက်တတ်တာ။ ကျုပ်က အင်းထဲ လုပ်စားတဲ့ကောင်ဗျ။ ရေကူးတတ်၊ ရေငုပ်တတ်ပေမဲ့ သစ်ပင်တော့ မတက်တတ်ဘူးဗျ။ မယ်ဇယ်ပင်တန်းနဲ့ နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့ပေမဲ့ တစ်ခါမှ မယ်ဇယ်ပင်ထိပ်ဖျားကို တက်ဖို့ စိတ်မကူးကြည့်ခဲ့မိဘူး။

“တက်တော့လေဗျာ”လို့ သူက ထပ်ပြောတယ်။

“ဘာ– ဘာတက်လုပ်ရမှာလဲခင်ဗျာ”

“ဟာ– ဘယ်လိုလူလဲ၊ ကျုပ်တို့က သမီးရည်းစားဗျ၊ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ ဒီနေရာ လာပြောတာ။ ခင်ဗျားက ငုတ်တုတ်ကြီး ထိုင်နေရင် ဘယ်လိုပြောမလဲဗျ။ ရှက်နေမှာပေါ့၊ ဒီတော့ ခင်ဗျား သစ်ပင်ပေါ်တက်နေ၊ ပြီးတော့ ကျုပ်တို့ကိုငုံ့မကြည့်နဲ့”

‘ဒုက္ခပါပဲ ဆရာရယ်၊ ကျွန်တော် သစ်ပင်မတက်တတ်ဘူးဗျ” လို့လည်း ပြောလိုက်ရော အဲသည်ပုဂ္ဂိုလ်ရဲ့မျက်နှာဟာ သပြေသီးမှည့်လို ညိုပုပ်သွားပြီး ဆောင့်ဆောင့်အောင့်အောင့်နဲ့–

“ယောကျ်ားဖြစ်ပြီး ခင်ဗျား သစ်ပင်တောင်မတက်တတ်ဘူးလားဗျ၊ ဘယ်လိုလူနဲ့ လာတွေ့နေရမှန်း မသိဘူး၊ ဒါဖြင့်လည်း ပြန်ခတ်တော့ဗျာ၊ ကမ်းရောက်အောင်သာ ပြန်ခတ်တော့။ ဟောသည်မှာ လူနှစ်ယောက်စာ ခြောက်ဆယ်၊ ဒုက္ခပဲ သည်နေ့ ငှက်ပြောင်းစီးမိတာ အဆင်ကို မပြေဘူး”တဲ့။

သေရောဗျာ။

**ကလျာမင်္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# အစာများ

အင်းထဲမှာ ကိုယ်တစ်ပိုင်းရေမြုပ်နေတဲ့ကြားထဲက အင်းစပ်ကနေ တဖြည်းဖြည်း ဝေးကွာသွားတဲ့ရေပြင်ကျယ်ကြီးဆီကိုဖြတ်ပြီး ဟိုဘက်ကမ်းကို ခပ်သွားတဲ့ ငှက်တစ်စင်းပေါ်က စွပ်ကျယ်အဝါရောင်လေးကို တရွေ့ရွေ့မြင်နေရတဲ့ ငှက်ခတ်သမားရဲ့ ကျောပြင်ကို မျက်စိတစ်ဆုံး ကြည့်နေမိရာက တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ အမှတ်ရပြီး အနောက်ဘက် အင်းပတ်လမ်းပေါ်ကို မျှော်ကြည့်လိုက်မိတဲ့ ကျွန်မကို အငယ်မ ဆလီမာက–

"ကြီးကို တင်းတင်းဆွဲပါဟ၊ နင်ကလည်း ဟိုငေးသည်ငေးနဲ့ နောက်ကျရတဲ့ကြားထဲ"တဲ့။ အငယ်က အကြီးကို ပြန်ငေါက်နေတာ သူက ကျွန်မတို့အိမ်မှာ ဗိုလ်ကျနေကျလေ။ မနက်က အမေနဲ့ စိတ်ဆိုးလာလို့ ကျွန်မကို ဆက်မဲနေတာ။ တကယ်ဆို သူက ကျွန်မထက်တောင် ပိုဆိုးသေးတယ်။ စူပုပ်သုန်မှုန်နေတဲ့ သူ့မျက်နှာကို မသိချင်ဟန်ဆောင်ပြီး ရေထဲမှာ စိုက်ထားတဲ့ တိုင်ငုတ်နှစ်ဖက်ကို

http://www.cherrythitsar.org



ဆက်သွယ်ချည်တန်းထားတဲ့ နိုင်လွန်ကြိုးကို ကျွန်မ တင်းတင်းဆွဲပြီး ရစ်ပတ်လိုက်တယ်။ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံး ချည်ပြီးသွားတော့ သူက ဟိုးခပ်လှမ်းလှမ်း ဝါးတစ်ပြန်လောက်ဆီကို ဆက်သွားပြီး ငုတ်တစ်ခု ထပ်ရိုက်ပြီး ကြိုးဆက်တန်းဖို့ပြင်နေတယ်။ ကျွန်မကတော့ တန်းထားပြီးသား နိုင်လွန်ကြိုးတစ်လျှောက်မှာ တစ်မိုက်စီလောက်ခွာပြီး တွဲလောင်းချထားတဲ့ ကြိုးကလေးတွေရဲ့ ထိပ်က ငါးမျှားချိတ်တွေမှာ လည်ပင်းမှာ ကြိုးနဲ့သိုင်းပြီး ရင်ဘတ်ပေါ်ချထားတဲ့ နို့ဆီခွက်ထဲက တီကောင်အပိုင်းအစကလေးတွေကို လိုက်ချိတ်နေတုန်းမှာ–

"ဟော့– အနီစူးရေ၊ ဟိုအစ်မ လာပြီဟော့"

ဟော ကြည့်၊ အခုတော့လည်း သူပဲ ကျွန်မကို အော်ပြောရင်းက ကမ်းပတ်လမ်းပေါ်မှာ တဖြည်းဖြည်း လမ်းလျှောက်နေတဲ့ ရန်ကုန်က ညော့်သည်အစ်မကို–

"အစ်မရေ၊ တို့ ဒီမှာ ဒီကိုလာခဲ့"လို့ လှမ်းပြီး ဝမ်းသာအားရ ခေါ်နေတယ်။

ဒီကောင်မလေး ကျွန်မလို့ ပြောပါလို့ ဘယ်နှစ်ခါသင်သင် ကြီးမှန်းမသိငယ်မှန်းမသိ။ 'တို့က၊ တို့က'နဲ့ တစ်ခါတလေ 'ငါကလေ' လို့ သူ့ထက်အသက်ကြီးတဲ့သူတွေကို ပြန်ပြောတတ်သေးတယ်။ ဟိုအစ်မကလည်း သူ့ကို လက်လှမ်းပြ၊ သူကလည်း ဝမ်းသာအားရ အော်ခေါ်။ မနေ့ကမှ သိလို့သာပဲ။ ဟိုး ငယ်ငယ်တည်းကများ သိထားရင်း ဘယ်လိုနေမယ်မပြောတတ်ဘူး။ အဲဒီရန်ကုန်ကလို့ပြောတဲ့ အစ်မက အင်းပတ်လမ်းပေါ်မှာ လမ်းလျှောက်ရင်းနဲ့ ကျွန်မတို့

http://www.cherrythitsar.org



နဲ့ မိတ်လာဆက်တာ။ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးနဲ့ ခင်စရာကောင်းတယ်။ နည်းနည်းစပ်စုတာကလွဲရင် တချို့လူတွေလို ကျွန်မတို့ကို အထင်သေးတဲ့၊ ရွံတဲ့ပုံ မပြဘူး။ အချို့ဆို ကျွန်မတို့ လည်ပင်းမှာဆွဲထားတဲ့ တီခွက်တွေကို ဘယ်တော့မှ စေ့စေ့မကြည့်ဘူး။ အထဲက တီကောင်အပိုင်းအစတွေမြင်ရင် အော့ချင်သလို၊ အန်ချင်သလို ပုံစံမျိုးကို မဖုံးနိုင်မဖိနိုင် ဖြစ်ကြတာ။ ဒီအစ်မကတော့ မနေ့က တီခွက်ကို သေသေချာချာကြည့်ရင်းက မျက်နှာမပျက်ဘဲ–

"အဲဒါတွေက ဘာလုပ်တာလဲ"လို့ မေးတယ်။

ကျွန်မက–

"ငါးစာပေါ့၊ ငါးက တီကောင်ပြတ်နဲ့ မျှားရတာဆိုတော့"

"တခြားဟာနဲ့မျှားလို့ မရဘူးလား"တဲ့။

"ကျွန်မတို့ကတော့ တစ်သက်လုံး ဒါနဲ့ပဲ မျှားလာတာ"

"ငါးမမျှားခင် အရင်ဆုံး တီကောင်တွေ လျှောက်တူးနေရမှာပေါ့"ဆိုတော့–

ဒီတစ်ခါ အငယ်မက–

"တီကောင်များ ပေါလွန်းလို့"လို့ ဝင်ပြောလိုက်တာနဲ့ သူက တစ်ကောင်တည်း လေးငါးပိုင်း ပြတ်နေတဲ့ တီကောင်အပိုင်းအစတွေ၊ ပွစိတက်နေပြီး လုံးထွေးနေတဲ့ နို့ဆီခွက်ကိုကြည့်ပြီး တီကောင်တွေကို သနားနေသလား မသိပါဘူး။

"အေးလေ၊ တီကောင်တွေကို စားတဲ့ငါးတွေလည်း မကြာခင် သေရတာပါပဲ"တဲ့။

သူ့စကားကို နားထောင်ရင်း ပထမတော့ ကျွန်မတို့တောင်

http://www.cherrythitsar.org



မလုံမလဲ ဖြစ်သွားတယ်။ ဒါပေမဲ့ တစ်နေရာတည်းမှာပဲ စကားပြောရင်းကျွန်မတို့နဲ့ တဖြည်းဖြည်း ခင်သွားရော။ နောက်ကျတော့ တီကောင်တွေ၊ ငါးတွေကို သနားနေရာကနေ ကျွန်မတို့ ညီအစ်မကိုပါ သနားလာပုံ ရတယ်။

“ရေထဲမှာ အကြာကြီး စိမ်နေကြတာ မချမ်းဘူးလား”

“ကျွန်မတို့ ဒီလိုနေလာတာ ကြာပြီ”

“ဘယ်အချိန်တည်းကလဲ”

“အမေနဲ့ အင်းထဲလိုက်ပြီး ငါးမျှားတဲ့အချိန်ကတည်းက”

“အခု အမေရော”

“အမေက ကလေးမွေးထားတာ အခုမှ ငါးလပဲ ရှိသေးတယ်၊ ကလေးငယ်သေးလို့ မလိုက်တာ၊ အစက အမေနဲ့ကျွန်မနဲ့ပဲ အင်းထဲ ဆင်းတာ၊ အခု အမေ့အစား ဆလီမာကို ခေါ်လာတာ”

“ဒီငါးတွေကို ဘယ်မှာ ရောင်းလဲ”

“ဟိုဘက်နားက ဈေးကလေးမှာ သွားရောင်းတယ်”

“အင်းစောင်းက အကြော်ဆိုင်တွေမှာ မရောင်းဘူးလား”

“ဟင့်အင်း မရောင်းဘူး”

“အခြား ဝယ်မယ့်သူရှိရင်ရော ရောင်းသလား”

“မရောင်းဘူး”

“ဘာဖြစ်လို့လဲ”

“ကျွန်မတို့က ဖောက်သည်သွင်းတဲ့ဆိုင်က ပိုက်ဆံကြိုယူထားတာ”

သူက ကျွန်မတို့ညီအစ်မကို အကြာကြီး စိုက်ကြည့်နေပြီး

http://www.cherrythitsar.org



တော့မှ–

"အဖေ မရှိဘူးလား"

"ရှိတယ်၊ တစ်ခါတလေမှ ပြန်လာတာ"

"ဘယ်သွားနေလို့လဲ၊ အဖေက ဘာလုပ်လဲ"

"သူက မြို့သစ်သွားတဲ့လမ်းမှာ စက်ဘီးပြင်တယ်၊ ရွာနဲ့ ဝေးတယ်ဆိုပြီး တစ်ခါတလေမှ ပြန်လာတာ"

"ကလေးအငယ်လေးက မောင်လေးလား၊ ညီမလေးလား၊ အဖေက ကလေးတွေကို အောက်မေ့မှာပေါ့နော်"

"မောင်လေး၊ ကျွန်မတို့မှာ မောင်လေး နောက်တစ်ယောက် ရှိသေးတယ်၊ ဆလီမာထက် အကြီးပေါ့၊ သူက လက်သမား လိုက်လုပ်နေတယ်၊ ပိုက်ဆံသိပ်မရသေးပါဘူး၊ အခုမှ သင်နေတုန်း၊ ဆလီမာအောက်မှာ ညီမလေးနှစ်ယောက် ထပ်ရှိသေးတယ်"

"အိုး– ခြောက်ယောက်တောင်၊ အဲဒါကြောင့် အဖေက နင်းကန်ရှာနေရတာ ဖြစ်မှာပေါ့"

"အမယ်လေး အဖေလား၊ အဖေက ကာလူးမော့နေရရင် ကျွန်မတို့ကို သတိတောင်မရဘူး၊ သူ့ဆီက ပိုက်ဆံလည်း အမေ့ဆီ မရောက်ပါဘူး၊ ဒါကြောင့် ကျွန်မတို့ ဒီလောက်ပင်ပန်းနေတာပေါ့"

ကျွန်မနဲ့ အစ်မ စကားပြောနေတာကို ဘေးက နားထောင်နေတဲ့ ဆလီမာက–

"ဟေ့ အနီစူး ဟိုအကြောင်းလည်း ပြောလိုက်လေ"တဲ့။

အခုမှ တွေ့ရတဲ့လူကို အဖေ့အကြောင်း မကောင်းပြောနေရတဲ့ကြားထဲ အငယ်မ ဆလီမာက ကောင်းမှန်းမသိဆိုးမှန်းမသိ

http://www.cherrythitsar.org



အကုန်ပြောဖို့ သတိထပ်ပေးနေသေးတယ်။ ကျွန်မက အဲဒီ အကြောင်းတော့ ထည့်မပြောပါဘူး။ ဆလီမာကို လှမ်းကြည့်ပေးလိုက်တဲ့အကြည့်ကို နှစ်ယောက်စလုံး သိသွားပုံပေါ်ပါတယ်။ အဲဒီအစ်မက သိပ်ပါးတာပဲ၊ ချက်ချင်းပဲ အဖေ့အကြောင်းကနေ အခြား အကြောင်းတွေပြောပြီး နှုတ်ဆက်ပြန်သွားတယ်။ ဘာပဲပြောပြော အစ်မနဲ့ စကားပြောရတာ ရင်ချောင်သွားသလိုတော့ ရှိသား။ ဒီနေ့ မနက်ကျတော့ ကျွန်မတို့က နောက်ကျတာနဲ့ အစ်မများ လမ်းလျှောက်က ပြန်သွားပြီလားလို့ မျှော်နေမိတာ။ သူလည်း နောက်ကျလို့ တော်သေးတာပေါ့၊ သူက ကျွန်မဆီကို လက်လှမ်းပြပြီး ဆလီမာနဲ့ ဘာတွေ ရပ်ပြောနေလဲ မသိဘူး။ လက်ထဲမှာလည်း အထုပ်တစ်ထပ်နဲ့။ ဆလီမာက ရေထဲမှာ ငါးစာတွေချိတ်ရင်းက ရေစပ်ကိုဘာတွေ လှမ်းလှမ်းအော်ပြီး ရယ်နေကြတယ် မသိဘူး။ ခဏနေတော့မှ ကျွန်မဘက်ကို ရောက်လာတယ်။ သူက လမ်းပေါ်က ကျွန်မတို့ အဝတ် အစားခြောက်တွေ ထုပ်ထားတဲ့ ကြွပ်ကြွပ်အိတ်နဲ့ ဘေးက ပလိုင်းထဲ ကိုကြည့်ပြီး–

"ငါးလည်း တစ်ကောင်မှ မရသေးပါလား"

လို့ လှမ်းပြောတယ်။

"ဟုတ်တယ် အစ်မရေ၊ ဒီနေ့ တအားနောက်ကျတယ်၊ အခုမှ ငါးစာချိတ်လို့ပြီးတာ၊ တစ်ချီမှတော့ မဖြုတ်ရသေးဘူး"

အစ်မကလှမ်းပြောရင်းနဲ့ ကျွန်မက ငါးတပ်ထားတဲ့ ကြိုးတန်းကလေးကို ဆကြည့်တယ်။ ကြိုးက ပေါ့ပြီး လွတ်နေတုန်းပဲ၊ ငါး မဟပ်သေးဘူး။ အဲဒါနဲ့ ကမ်းပေါ်တက်ပြီး အစ်မနဲ့ စကားပြော

http://www.cherrythitsar.org



ရင်းငါးဖြုတ်ဖို့စောင့်နေလိုက်တယ်။ ဆလီမာကိုလည်း–

"ဟေ့ ဆလီမာ၊ အဲဒီတိုင်ပြီးရင် ဒီကိုလာတော့၊ ဟိုးအဝေးကြီးကို မသွားနဲ့"လို့ လှမ်းသတိပေးလိုက်ရတယ်။ ဆလီမာကို ဟို ဘက်က ကြိုးတန်းချနေတဲ့အီစမန်တို့အုပ်စုနဲ့ တွေ့ပြီး ရန်စောင်ကြမှာစိုးလို့၊ ဒီကောင်မလေးက ခပ်စွာစွာရယ်၊ အစ်မက အင်းစပ်မှာ ထိုင်ရင်းနဲ့ ကျွန်မကို–

"အနီစူး၊ လုပ်စရာရှိတာ လုပ်လေ၊ ဘာလို့ တက်လာတာလဲ၊ ဒီလိုပဲ လှမ်းစကားပြောကြတာပေါ့၊ တော်ကြာ အလုပ်ပျက်နေဦးမယ်"လို့ ဆီးပြောတယ်။

"ရတယ် အစ်မ၊ ငါးမဟပ်သေးလို့ စောင့်ရဦးမယ်"

"ဒါဆို အတော်ပဲပေါ့၊ အစ်မလည်း ညီမတို့ဖို့ အကြော်တွေဝယ်လာတယ်၊ တစ်ခါတည်း စားလိုက်၊ ဆလီမာလည်း ပြီးရင်လာလိမ့်မယ်"

အဲဒီလိုဆိုတော့လည်း အစ်မကို အားနာလိုက်တာ။ မနေ့ကပဲ သိတယ်။ ဒီနေ့ မုန့်တွေ ဝယ်လာကျွေးတယ်။ ကျွန်မတို့က ဘာမှလည်း ပြန်ပေးစရာမရှိဘူး။

"စားလေ အနီစူးရဲ့၊ ဘာငေးနေတာတုံး၊ ပြောင်းဖူးကြော်ရော၊ တို့ဟူးကြော်ရော၊ ဘူးသီးကြော်ရောပါတယ်၊ ကြိုက်တယ် မဟုတ်လား"

ပြောပြောဆိုဆိုနဲ့ သူကိုယ်တိုင်လည်း ပြောင်းဖူးကြော်တစ်ချပ်ကို အားရပါးရ စားနေတယ်။ ကျွန်မတို့အင်းစောင့်က ပြောင်းဖူးကြော်က နိုင်လွန်ပြောင်း နုနုလေးတွေကို ပြောင်းဆံအရင်းက ကပ်

http://www.cherrythitsar.org



လှီးပြီး မုန့်နှစ်နဲ့ကြော်ထားတာ ချိုအီနေတာပဲ။ အင်းစောင်းကိုလာတဲ့ လူတိုင်း ပြောင်းဖူးကြော်နဲ့ ငါးလေးကြော်ကို ဝယ်မစားတဲ့သူ မရှိ သလောက်ရှားတယ်"

"ဟေး ငါ့ဖို့လည်း ချန်ထားဦး"

ရေစပ်က သဲတွေကို တစွပ်စွပ်နင်းရင်းက ကမ်းပေါ် ရောက်လာတဲ့ ဆလီမာက စားမာန်လာခုပ်နေတယ်။

"အများကြီးမှ အားကြီး အားကြီး"

ကျွန်မက ပြန်ပြောလိုက်တော့ အစ်မက ဆလီမာကိုကြည့် ပြီး ရယ်နေတယ်။ ဆလီမာက အစ်မဘေးမှာ ဘုတ်ခနဲ ထိုင်ချ လိုက်ပြီး အကြော်တစ်ခုကို လှမ်းနှိုက်ပြီး တကြွပ်ကြွပ်ဝါးနေတော့ အစ်မက–

"လည်ပင်းက ခွက်ကြီး ခဏဖြုတ်ထားပါဦးလား"တဲ့။

သူ့အစား ကျွန်မ ရှက်တောင်သွားတယ်။ ဆလီမာဟာ လုပ်လိုက်ရင် ဒီလိုချည်းပဲ။

"ဟုတ်သားပဲ၊ နင်ကလည်း တီခွက်တော့ အရင်မဖြုတ် ဘူး"လို့ ကျွန်မက ရှက်ရှက်နဲ့ ဝင်ပြောတော့ သူက အရေးမကြီး သလိုနဲ့–

"ဖြုတ်မှာပေါ့၊ ဘာဖြစ်နေတာလဲ"လို့ ကျွန်မကို မျက်မှောင် ကုတ်ပြီး ပြန်ပြောတော့ ကျွန်မက အစ်မကို အားနာသွားပြန်ရော။

"အဲဒါပဲ ကြည့်တော့ အစ်မရေ၊ သူက ဘယ်တော့မှ စကား ကို ကောင်းကောင်းမပြောဘူး။ မနက်ကလည်း အမေနဲ့သူနဲ့ ရန်ဖြစ် နေလို့ နောက်ကျမှရောက်တာ"

http://www.cherrythitsar.org



"ဟုတ်လား၊ အမေနဲ့ ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲ ဆလီမာရဲ့၊ အမေဆိုတာ သူငယ်ချင်း မဟုတ်ဘူးလေ၊ ရန်မဖြစ်ကောင်းဘူး"

"ကျွန်မကလည်း မဖြစ်ချင်ပါဘူး အစ်မရာ၊ သူ့ယောက်ျား ကြောင့် ဖြစ်ရတာ"

"ဟင်... သူ့ယောက်ျားဆိုတာက"

"တို့အဖေပေါ့"

"သြော်..."

သူ့အပြောကို အစ်မက မျက်စိလည်သွားပုံရတယ်။ ဒါကြောင့် ကျွန်မက–

"ဒီလို ဒီလိုအစ်မရေ၊ သူက အဖေကို စိတ်ဆိုးနေတာ၊ အဖေက အိမ်ပြန်မလာတာကြာပြီ၊ ဟိုနေ့ကတော့ မောင်လေးကို အင်းငါး ကြွပ်ကြွပ်ကြော်လေး မစားရတာကြာပြီ၊စားချင်လိုက်တာ လို့ ပြောတယ်တဲ့။ အဲဒါ အမေက ငါးတွေကို တစ်နေ့လောက် မရောင်းဘဲ ပြန်ယူလာခဲ့လို့ ပြောလို့ ဆလီမာနဲ့ စကားများကြတာ"

"ဟုတ်သားပဲ ဆလီမာကလည်း ကိုယ့်အဖေစားဖို့ပဲဟာ၊ ပေးလိုက်ပါ"

"အေးလေ၊ ဝိုင်းပြောပါဦး အစ်မရယ်၊ ကျွန်မကိုလည်း နင် တစ်ယောက်တည်း မွေးတာမဟုတ်ဘူး၊ နှစ်ယောက်ပိုင်တယ် မပေးရဘူးတဲ့၊ ကျွန်မက တစ်ဝက်ခွဲပေးမယ်ဆိုတာလည်း မရဘူး"

"ဟင့်အင်း၊ မပေးဘူး၊ မပေးဘူး၊ တစ်ကောင်မှကို မပေးဘူး"

သူ့ဟာသူ ပြောရင်းနဲ့ သူ့ဟာသူ အသံတွေတုန်ပြီး

http://www.cherrythitsar.org



မျက်ရည်တွေ ဝဲနေသေးတယ်။

"ဆလီမာက မပေးရင် အမေ စိတ်မကောင်းဖြစ်မှာပေါ့ ညီမရဲ့"

လို့ အစ်မက ဝင်ကူပြောတော့–

"အမေက အမြဲစိတ်မကောင်းဖြစ်နေကျ အစ်မရဲ့၊ သူ ကြော်ကျွေးတဲ့ ငါးကြော်နဲ့ သူဝယ်ထားတဲ့ ကာလူးကို သောက်ပြီးရင် နောက်တစ်နေ့ကျ ပြန်သွားဦးမှာ၊ အဲဒီကျဖေတော့ အမေက ငိုပြန်ရော၊ ကျွန်မတို့လည်း စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့ရော၊ အဖေက သူ့မိန်းမ ငယ်ငယ်လေးကို ကျွန်မတို့ထက် ပိုချစ်တာ အစ်မရဲ့"

'သြော်… ဒါကြောင့် ဆလီမာက အဖေကို စိတ်နာနေတာပေါ့၊ မနာပါနဲ့ ညီမရယ်၊ နောက်ကျတော့လည်း ညီမတို့ဆီပြန်ရောက်လာမှာပေါ့၊ သားသမီး သံယောဇဉ်တွေ နည်းတာမှ မဟုတ်တာ"

ကျွန်မလည်း ဆလီမာကို အဖေ့အကြောင်းပြောလို့ မဆုံးချင်တော့ဘူး။ ကျွန်မပါ ပြောချင်တာကိုး။

"ဟုတ်တယ် အစ်မ၊ အဖေက နောက်မိန်းမယူထားတာ၊ ဆလီမာက အဖေ့ကို သိပ်ချစ်တာ၊ ကျွန်မတို့လည်း ချစ်တာပါပဲ၊ ဒါပေမဲ့ သူက အားကြီး ဒေါသကြီးတယ်၊ အစကဆို အဖေပြန်လာရင် သူပျော်တာ ခုန်ပေါက်နေတာပဲ၊ အဖေက တစ်ညလောက်ပဲ အိပ်ပြီး ပြန်ပြန်သွားတယ်၊ ပြီးတော့ အကြာကြီးနေမှ တစ်ခေါက်ပြန်လာတော့ သူ အဖေ့ကို စကားမပြောတော့ဘူး"

အစ်မက စိတ်မကောင်းဖြစ်နေတဲ့ ကျွန်မတို့ညီအစ်မကို

http://www.cherrythitsar.org



စကားလမ်းကြောင်း ပြောင်းပြီး–

"အနီစူးတို့ ဆလီမာတို့နေတာ ဘာရွာလဲ"လို့ မေးတယ်။

"ဘိုအိုး"

"ဘိုအိုးတဲ့လား၊ အဲဒီ ဘိုအိုးဆိုတဲ့ရွာက ဘယ်နားမှာလဲ"

"ဒီတောင်သမန်အင်းကြီးရဲ့ ဟိုဘက်မှာ မနက်ကျရင် ဒီကို သမ္ဗန်နဲ့ လာရတယ်၊ ညနေကျရင်လည်း သမ္ဗန်နဲ့ ပြန်ရတယ်"

"တစ်နေ့ကိုငါးက ဘယ်လောက်ဖိုးလောက်ရသလဲ"

"ငါးဖိုးက အနည်းဆုံး နှစ်ရာတော့ ရတယ်၊ တစ်ခါတလေလည်း သုံးရာ သုံးရာ့ငါးဆယ်ရတဲ့အခါ ရှိတယ်၊ အလကားတော့ မျှားလို့မရဘူး၊ အင်းလေလံဆွဲတဲ့သူ ရှိတယ်၊ အဲဒီလူက အစောင့်ချထားတယ်၊ အစောင့်ကို ငါးဆယ်ပေးပြီး အခုလို အင်းစပ်မှာ ကြိုးတန်းချလို့ရတယ်၊ ပိုက်တွေဘာတွေနဲ့ မျှားလို့တော့ မရဘူး"

"အသွားအပြန် သမ္ဗန်ခက ဘယ်လောက်ကုန်လဲ"

ကျွန်မက ဖြေမလို့ရှိသေးတယ်။ တစ်ခါတည်း ဆလီမာက ဝင်ပြောထည့်လိုက်တာ မျက်နှာတောင် ဘယ်နားထားရမှန်း မသိဘူး။

"အစကတော့ ပိုက်ဆံပေးစီးရတယ်၊ အခုတော့ သမ္ဗန်သမားနဲ့ အနီစူးနဲ့ကြိုက်သွားလို့ အလကား စီးရတယ် အစ်မရဲ့၊ ပိုက်ဆံ မကုန်တော့ဘူး"

"ဟဲ့ ဆလီမာ"

အစ်မကလေ ဆလီမာနဲ့ ကျွန်မကိုကြည့်ပြီး ရယ်လိုက်တာ၊ ကျွန်မလည်း ရှက်ရှက်နဲ့ ရောရယ်ရတာပေါ့၊ ရယ်လို့ဝတော့မှ အစ်မက–

http://www.cherrythitsar.org



"မရှက်ပါနဲ့ အနီစူးရဲ့၊ အဲဒီလူက လူပျိုလား၊ ပြီးတော့အနီစူးတို့နဲ့ ဘာသာရော တူရဲ့လား"

လို့ မေးတယ်။ ကျွန်မက–

"တူတာပေါ့ အစ်မရဲ့၊သူက လူလည်း လူပျိုပါ၊ လူပျိုမဟုတ်ရင် ကျွန်မက ဘယ်ပြန်ကြိုက်မလဲ"လို့ ပြောရုံပဲ ရှိသေးတယ်၊ ဆလီမာက–

"အဲဒီအဘိုင်လေးက သိပ်သဘောကောင်းတာ အစ်မရဲ့၊ ရိုးလည်း တအားရိုးတယ်၊ ကျွန်မတို့နဲ့ တစ်ရပ်ကွက်ထဲနေတာ၊အဲဒီအဘိုင်လေးက သူ့ကိုကြိုက်တာ သူကံကောင်းတယ်"တဲ့။ကျွန်မက–

"ဟဲ့–"

လို့ ဟန့်လိုက်တော့ အစ်မက ရယ်ပြန်ရော။

"ဟိုမှာ ကြိုးတန်းလုပ်နေတယ်၊ ငါးဟပ်ပြီထင်တယ်"

ကျွန်မ အနေရခက်နေမှန်းသိလို့ ငါးကလေးတွေက ဝင်ကယ်လိုက်တာ ထင်တယ်။

"အစ်မ ကျွန်မ ငါးသွားဖြုတ်လိုက်ဦးမယ်"လို့ ပြောပြီး ကျွန်မ တီခွက်ကို လည်ပင်းမှာဆွဲ ပလိုင်းကို ပုခုံးမှာချိတ်ပြီး ရေထဲပြန်ဆင်းလာခဲ့တယ်။

အင်းထဲမှာ ရနေကျနိုင်လွန်ငါး ကြည်ကြည်ကလေးတွေ တဖျတ်ဖျတ်နဲ့လှုပ်ပြီး ငါးမျှားချိတ်မှာ ငြိနေတာလေးတွေကို တစ်ကောင်ချင်းဖြုတ်ပြီး ပလိုင်းထဲ ထည့်လိုက်၊ လည်ပင်းမှာဆွဲထားတဲ့ တီခွက်ထဲက တီကောင်အပိုင်းလေးကို ငါးမျှားချိတ်မှာ ပြန်တပ်လိုက်နှင့် လုပ်နေတဲ့ ကျွန်မတို့ကို အစ်မက ငေးကြည့်နေရင်းနဲ့ အကြာ

http://www.cherrythitsar.org



ကြီးနေမှ–

"အစ်မ မနက်ဖြန် မလာတော့ဘူးနော်၊ ဒီညနေ ရထားနဲ့ ရန်ကုန် ပြန်တော့မှာ"လို့ နှုတ်ဆက်ပြီး ပြန်သွားတယ်။ ခဏနေတော့ ဆလီမာက ဟိုဘက် သူ့ကြိုးတန်းက ငါးကလေးတွေကို သွားဖြုတ်နေရင်းနဲ့–

"ဟော့ အနီစူးရေ၊ ရေလယ်ကိုကြည့်လိုက်စမ်း၊ အဘိုင်လေး ဘာဖြစ်နေတာလဲ မသိဘူး"လို့ လှမ်းအော်တော့ ကျွန်မ ထိတ်ခနဲ ဖြစ်သွားတယ်။ ရေလယ်ကို လှမ်းမျှော်ကြည့်တော့ စွပ်ကျယ်အဝါရောင်လေး ဝတ်ထားတဲ့ အဘိုင်လေးရဲ့ သမ္ဗန်ဟာ ဟိုလည်သည် လည် ဖြစ်နေလိုက်၊ အမြီးဖျားက ကော့ပြီး ထောင်သွားလိုက်နဲ့ သမ္ဗာန်ပေါ်မှာ အဘိုင်လေးဟာ ရေထဲက တစ်စုံတစ်ရာကို သဲကြီးမဲကြီး လိုက်ဆယ်နေတာနဲ့ တူတယ်။ ဘာများကျသွားလို့ပါလိမ့်။ မတော်တဆများ ရေထဲလိမ့်ကျသွားရင် အဲဒီနေရာက အနက်ကြီး။ အို–သူက သမ္ဗန်သမားပဲ။ ဒီလောက်တော့ အပျော့နေမှာပါ။ ကိုယ့်ဟာကိုယ် စိုးရိမ်လာလိုက် အားတင်းလိုက်နဲ့ သူဘာလုပ်နေလဲလို့လည်း သိချင်လိုက်တယ်။

အတော်လေးကြာမှ ရေထဲက တစ်စုံတစ်ရာ သမ္ဗန်ထဲ ထည့်လိုက်ပြီး ကျွန်မတို့ရှိတဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ခတ်လာခဲ့တယ်။

"အနီစူးရေ အဘိုင်လေး တို့ဆီလာနေတယ်တော့"

ကျွန်မလိုပဲ ဟိုဘက်ကြိုးတန်းကနေ ငေးနေတဲ့ ဆလီမာကလည်း ဝမ်းသာအားရ လှမ်းအော်တယ်။ မကြာခင် သူ့သမ္ဗန်ဝမ်း

http://www.cherrythitsar.org



ထဲကို ကုန်းနှိုက်ပြီး–

"ဟော့ကောင်မလေးတွေ၊ ဒီမှာကြည့်စမ်း၊ ရေလယ်ကောင်မှာ ငါးကြီးတစ်ကောင် ရေမူးပြီး ပေါ်နေလို့ နင်တို့ဖို့ ငါဖမ်းလာတာ၊ ရောင်းမစားရဘူးနော်၊ အိမ်မှာချက်စားဖို့"

သူ့လက်ထဲက တစ်တောင်လောက်နီးပါးရှိတဲ့အင်းငါးကြီးကို ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံး ကြောင်ပြီး ကြည့်နေမိကြတယ်။

"ရော့ ရော့လေ၊ ပလိုင်းထဲ ထည့်လိုက်၊ အဲ– ပလိုင်းနဲ့ဆံ့မှာမဟုတ်ဘူး၊ ကမ်းပေါ်ပဲ တင်ထားလိုက်၊ ခဏနေ သေသွားလိမ့်မယ်၊ ညနေ အိမ်ယူသွား။ ဒီကောင်ကလည်း မူးပြီးတော့သာ ရေပေါ်ပေါ်နေတာ ဖမ်းရခက်လိုက်တာ မပြောပါနဲ့တော့၊ကဲ–ကဲ ငါသွားတော့မယ်"

သူပြောချင်ရာလည်း ပြောပြီးရော သမ္ဗာန်ကို ဂိတ်ဘက်ပြန်ခတ်သွားရော။ အမေဖြေရင်း ခဏလေးကမ်းကပ်ပြီး စကားလေး ဘာလေးပြောတော့ ဘာဖြစ်မှာမို့လို့လဲ၊ အဘိုင်လေးတို့ကတော့ အဲသလို ရိုးတာ။

* * *

"ဟိုအစ်မ ပြန်သွားတာ နှစ်ရက်ရှိပြီနော်"

ဆလီမာက လွမ်းလွမ်းဆွေးဆွေးနဲ့ ပြောနေတယ်။ ခါတိုင်းဒီအချိန်ဆို အင်းစောင်းမှာ လမ်းလျှောက်နေကျ။ ရန်ကုန်က ဧည့်သည်အစ်မကို ကျွန်မလည်း သတိရနေတယ်။ သူ မပြောခင်

http://www.cherrythitsar.org



ကလေးတင်ပဲ ကျွန်မတို့ ကြိုးတန်းချတဲ့နေရာကို ကမ်းပေါ်ကနေ ထိုင်စကားပြောနေတတ်တဲ့နေရာ။ အဝေးကြီးက သူလျှောက်လာတာကို လှမ်းမြင်ရတဲ့ ဦးပိန်တံတားဘက်ဆီသို့ ယောင်ပြီး မျှော်ကြည့်နေမိသေးတယ်။

အခုမှ အဲဒီအစ်မကို အဘိုင်လေးအကြောင်း ပြောပြချင်နေတာ၊ ပြီးတော့ အဖေ့အကြောင်းရော၊ အမေ့အကြောင်းရောပေါ့၊ ရင်းရင်းနှီးနှီးနဲ့ အားကိုးတကြီး ရင်ဖွင့်မယ်လည်းကြံရော အဲဒီအစ်မက ပြန်သွားရော။ နောက်လည်း ဘယ်တော့မှ တွေ့တော့မလဲ မသိဘူး။ တွေ့ချင်မှလည်းတွေ့တော့မှာပါ။ သူက တောင်သမန်အင်းစောင်းမှာ လမ်းလျှောက်ရင်း ကျွန်မတို့ကို ခလုတ်တိုက်သွားတာနေမှာပါ။

ဘာပဲပြောပြော ဒီမနက်တော့ သူ့ကို စကားတစ်ခွန်းလောက် ပြောလိုက်ချင်တယ်။

မနေ့ညနေကကျွန်မတို့အိမ်ပြန်ရောက်တော့ အိမ်ပေါ်မှာ အဖေရယ် ပြုံးပြုံး ပြုံးပြုံးနဲ့ အင်းငါးကြော်ကြွပ်ကြွပ်ကြီးကို မြိန်ရေရှက်ရေ စားနေတာ မျက်စိထဲက မထွက်ဘူး။

ကြိုးတန်းချထားတဲ့ ငါးမျှားချိတ်မှာ လည်ပင်းဆွဲထားတဲ့ တီခွက်ထဲက တီကောင်ပြတ်ကလေးတွေ ချိတ်နေရင်းက အဲဒီအစ်မကို အော်ပြောလိုက်ချင်တာ။

"အစ်မရေ ကျွန်မတို့က ငါးကို တီကောင်နဲ့ပဲ မျှားတာ၊ အမေကတော့ လူကို ငါးနဲ့မျှားတာတော့"လို့။

**စတိုင်သစ်မဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# ကွမ်ချက်

တကယ်တော့ ကျောက်ရိုင်းတစ်တုံးရဲ့ အရည်အသွေးနဲ့ အနှစ်သာရကို နည်းနည်းလေး 'ကွမ်'ကြည့်လိုက်ရုံနဲ့ သိသာပါတယ်" ဆိုတဲ့အယူအဆကို ကျုပ် လက်မခံချင်တော့တာ အမှန်ပဲ။

* * *

ကျုပ်တစ်သက် ပြဿနာတကာ့ ပြဿနာထဲမှာ အိမ်က မိန်းမနဲ့ဖြစ်ရတဲ့ ပြဿနာဟာ ရှင်းရအခက်ဆုံးပဲ။ ကျုပ်က ယောက်ျား တန်မယ့် အတင်းလည်းမပြောချင်ပါဘူး။ သူများအတင်းပြောဖို့ စိတ် မဝင်စားပေမဲ့ ကျုပ်မိန်းမ မတင်းတော့ ပြောပြချင်တယ်ဗျာ။

ကျုပ်မိန်းမက သူများနဲ့မတူဘူး။ တော်ချင်တဲ့နေရာကျ အလွန်တော်ပြီး လျှော်ချင်တဲ့နေရာကျတော့လည်း အလွန်လျှော်တာ၊ သူမတူအောင် နှမြောတွန့်တိုတတ်ပြီး စေ့စပ်သေချာချင်ရင်လည်း ဘယ်သူမှ လိုက် မမီဘူး။ အဲ လောဘဇောတိုက်ပြီး ပုံအောလိုက်ပြီ ဆိုရင်တော့ နောက်လူက ရင်ဘတ်စည်တီးပြီး ငိုချင်းချရမယ့် အ

http://www.cherrythitsar.org



ပေါက်မျိုးဗျ။ ခက်တာ ကတော့ ကျုပ်ပဲ။ အပေါင်းအသင်းတွေက မိန်းမပြီးမှ ပြီးတဲ့ကောင်၊ မိန်းမကြောက်တဲ့ကောင်ဆိုပြီး ကျုပ်ကို အမွန်းတင်ကြတယ်။ ကျုပ်က ကြောက်တာ မဟုတ်ဘူးဗျ။ သူ့ကို ချစ်တာ။ ချစ်လို့ ဘယ်နေရာမဆို သူ့အလိုကျ လိုက်လျောတာ။ ပြီးတော့ သူကလည်း အိမ်ထောင်သက်တစ်လျှောက်လုံး ဘာမှ မဟုတ်တာ လုပ်ခဲ့တာမဟုတ်ဘူး။ ဝန်ခံရရင် သူကတောင် ကိုယ့်ထက် အစွမ်းအစ အမြော်အမြင်ရှိသေးတာ။ကျုပ်မိန်းမ စေ့စပ်သေချာပုံ၊ အမြော်အမြင်ရှိပုံ၊ နှမြောတတ်ပုံကလေးကို အရင်ပြောပြရဦးမယ်။

ပြီးခဲ့တဲ့နှစ်က ကျုပ်တို့ အိမ်ပြောင်းတယ်။ သားအမိ သားအဖ သုံးယောက်တည်း ခွဲနေကြတဲ့ အိမ်ကလေးကနေ လမ်းထိပ်က ယောက္ခမအိမ်ကို အမွေရလို့ ပြောင်းလာတာ။အိမ်နှစ်လုံးရဲ့ အကွာအဝေးက လမ်းတိုကလေးရဲ့ ဟိုဘက်ထိပ်နဲ့ သည်ဘက်ထိပ် အိမ်ဆယ်လုံးသာသာလောက်ပဲ လှမ်းတာ။ မိန်းမက အိမ်ပြောင်းရွှေ့စရိတ် မကုန်အောင် တစ်နေ့ နည်းနည်းနဲ့ ပစ္စည်းတွေကို ဖြည်းဖြည်းချင်းပဲ သယ်တယ်။ နဂိုတည်းကလည်း နှစ်အိမ့်တစ်အိမ် ကူးနေကျမို့ အိမ်ပြောင်းတဲ့ကိစ္စမှာ ကျုပ်ဘာမှမပင်ပန်းလိုက်ရဘူး။ ကျုပ်အလုပ်သွားနေလည်း သူ့ဟာသူ တစ်နေ့လေးငါးခေါက်နဲ့ တရွေ့ရွေ့ သယ်နေတာ။ ကြီးကြီးမားမားပစ္စည်းလောက်ပဲ ကျုပ်ကူသယ်ရတယ်။ တစ်ပတ်လောက်ကြာတော့ အမွေရတဲ့ယောက္ခမရဲ့အိမ်ကြီးပေါ်မှာ ကျုပ်တို့အခြေကျသွားရော ဆိုပါတော့။

ဒါပေမဲ့ ပြဿနာမဟုတ်တာ ပြဿနာလုပ်တဲ့ ကျုပ်မိန်းမက သမီးခြေအိတ်အနီလေးတစ်ဖက် ပါမလာလို့ အိမ်ထဲမှာ ဒေါင်း

http://www.cherrythitsar.org



တောက်ပြီး ပါးစပ်ကလည်း ပွစိပွစိနဲ့ မပြီးနိုင်အောင် ပြောနေတော့တယ်။ ပြီးတော့လည်း အဲဒီပစ္စည်းတွေက သူ့ဟာသူ သယ်တာ။

နောက်ကျတော့ ရှာလို့လည်း မတွေ့တာ သေချာသွားရော ဘာလုပ်တယ်မှတ်လဲ။ အိမ်မှာကျန်တဲ့ခြေအိတ်အနီလေးတစ်ဖက်ကို အိမ်ရှေ့လမ်းမပေါ် ဇာဒံပင်မှာ ကြိုးနဲ့ဆွဲပြီး တန်းလန်းချထားတယ်။ သူ့လုပ်ပုံကို ကျုပ် သဘောမပေါက်လို့။

"ဘာလုပ်တာလဲကွာ၊ လမ်းမပေါ်မှာ ကြည့်မကောင်းရှုမကောင်းနဲ့"လို့ ဆိုတော့–

"ရှင် အသာနေစမ်းပါ"တဲ့။

"ဘာလဲ ယတြာချေထားတာလား"

"ဘယ်ကလာ ယတြာချေရမှာလဲ၊ ဒီခြေအိတ်တစ်ဖက်က ဟိုအိမ်နဲ့ ဒီအိမ်ကြား ဒီလမ်းပေါ်မှာပဲ ကျခဲ့တာ သေချာတယ်၊ အခုလို အိမ်ရှေ့က သစ်ပင်မှာ ဆွဲထားလိုက်တော့ လူတွေက စိတ်ဝင်စားပြီး ဖြတ်လျှောက်တိုင်း ကြည့်သွားကြရော မဟုတ်လား၊ တကယ်လို့များ တစ်နေရာရာမှာ အဲဒီခြေအိတ်ကလေးတစ်ဖက်ကို သွားတွေ့ကြရင် ဒီအိမ်ကမှန်း သိပြီး ကောက်ပေးကြမှာပေါ့"တဲ့။

"မင်းကွာ အိမ်ကြီးတစ်လုံးလုံး အမွေရထားပြီးမှများ ဒီခြေအိတ်ကလေးတစ်ဖက်ကို နှမြောနေရသေးတယ်၊ အဓိပ္ပာယ်မရှိ"

"ဘာဆိုင်လို့လဲတော့၊ အိမ်တစ်လုံးအမွေရတာနဲ့ ရှိတဲ့စည်းစိမ်တွေ အကုန်လွှင့်ပစ်လိုက်ရတော့မှာလား၊ အဓိပ္ပာယ် မရှိတာ ကျုပ်မဟုတ်ဘူး၊ ရှင်– ရှင်၊ ကျုပ်လုပ်တာ ဟုတ်မဟုတ်စောင့်ကြည့်နေ"

http://www.cherrythitsar.org



မကြာပါဘူးဗျာ။ ကျုပ်ကံဆိုးချင်တော့ တစ်ပတ်တောင် မပြည့်သေးဘူး လမ်းထဲက ကလေးတစ်ယောက် သဲတွေလူးနေတဲ့ ခြေအိတ်တစ်ဖက်ကိုင်ပြီး ဗာဒံပင်အောက် ရောက်လာတယ်။ ကျုပ် မိန်းမ ထွက်လာတာမြင်တော့–

"အန်တီ– အန်တီ၊ ဒါလေးက အဲဒီက ကျန်တဲ့တစ်ဖက် လား ဟင်"

လို့ ကြိုးနဲ့ဆွဲချထားတဲ့ ခြေအိတ်ကလေးကို ကိုင်ပြီး တိုက် ကြည့်ပြီး ပြောတော့ ကျုပ်မိန်းမက ဝမ်းသာအားရနဲ့။

"ဟုတ်တယ် သားရဲ့၊ အဲဒါ အန်တီ့သမီးလေး ခြေအိတ် ပေါ့၊ ဘယ်က ရတာလဲကွယ်"ဆိုတော့–

"သားတို့ သားရေကွင်းပစ်ရင်း မြောင်းဘေးနားက တွေ့ လို့ ကလော်ထုတ်ကြည့်တာ၊ ဒီသစ်ပင်မှာ ဆွဲထားတဲ့ဟာလေးနဲ့တူ လို့ လာတိုက်ကြည့်တာ"ဆိုတော့ သူက ကျုပ်ကို 'တွေ့လား'ဆိုတဲ့ ပုံနဲ့ မျက်စပစ်ပြီး မေးဆတ်ပြတယ်။

ဘာမှသာ မဟုတ်လိုက်ပေမဲ့ အဲဒီအဖြစ်အပျက်ကလေး ဟာ နောက်ပိုင်း ကြုံတွေ့လာရမယ့် ကိစ္စတွေမှာ သူ့ဆုံးဖြတ်ချက် ကို ဦးစားပေးလိုက်နာရမယ့် အခြေအနေတစ်ရပ်ကို ပံ့ပိုးပေးလိုက် သလို ဖြစ်သွားတာတော့ အသေအချာပဲ။

* * *

တစ်နေ့ ကျုပ်အလုပ်က ပြန်လာတော့ အိမ်ရှေ့မှာ ဧည့် သည် လင်မယားနှစ်ယောက်နဲ့ စကားပြောနေတဲ့ သူတို့ဆီက

http://www.cherrythitsar.org



ကျောက်စိမ်းနဲ့ပတ်သက်တဲ့ ဝေါဟာရတွေ ကြားရတယ်။ သူက ကျုပ်ကို သဘောလောက်ပဲ မိတ်ဆက်ပေးတာကြောင့် ကျုပ်လည်း သိပ်စိတ်မဝင်စားတာနဲ့ စာဖတ်နေလိုက်တယ်။ ကချင်ပြည်နယ်မှာ တာဝန်ကျနေတဲ့ မိန်းမဘက်က ဦးလေးတစ်ယောက်နဲ့ ပတ်သက်ပြီး သိရတဲ့ မိတ်ဆွေဆိုတာရယ်၊ မြစ်ကြီးနားဘက်ကလာတဲ့ ကျောက်စိမ်းတွေကို အရောင်းအဝယ်လုပ်နေတဲ့ ပွဲစားတွေရယ်ဆိုတာထက်ကို ကျုပ် ဘာမှပိုမသိဘူး။ တစ်ခါတလေ မိန်းမတစ်ယောက်တည်း ရောက်လာလိုက်၊ တစ်ခါတလေ လင်မယားနှစ်ယောက်စလုံး တွေ့ရလိုက်နဲ့ သူတို့ချင်း ဘာတွေပြောကြမှန်း မသိဘူး။ကျုပ်ကလည်း အဲဒီအချိန်မှာ ကျုပ်ငယ်ငယ်က နေခဲ့ဖူးတဲ့ ဆရာတော်ရဲ့ ကျောင်းကို ပြင်ဆောက်တဲ့နေရာမှာ ကြီးကြပ်ပြီး လုပ်ပေးနေရတော့ အိမ်နဲ့အလုပ်နဲ့ ဘုန်းကြီးကျောင်းနဲ့ ပြေးလွှားပြီး အားရတယ် မရှိဘူး။

တစ်နေ့တော့ သူက ကျုပ်တို့ အနှစ်နှစ်အလလ စုထားတဲ့ ဘဏ်ကငွေတွေ အကုန်ထုတ်၊ အိမ်မှာရှိတာတွေလည်း ခြစ်ခြုတ်ယူပြီး မန္တလေးကိုလိုက်ပြီး ကျောက်စိမ်းသွားဝယ်မလို့ဆိုတော့မှ ကျုပ်မျက်လုံးပြူးသွားတယ်။ ဟိုလင်မယားနဲ့ လိုက်သွားမှာဆိုပဲ။ ကျုပ်က ကန့်ကွက်တော့ သူ နားမထောင်ချင်ဘူး။

“ရှင် စိတ်မချရင် မောင်သိန်းအောင်ကို ခွင့်ယူခိုင်းပြီး ခေါ်သွားမယ်၊ ဒါမှမဟုတ်ရင် ရှင်လိုက်ခဲ့၊ ကျုပ်ကတော့ သွားမှာပဲ”တဲ့။

မောင်သိန်းအောင်ဆိုတာ သူ့မောင်အရင်း၊ သူ့အောက်က ကောင်ကို ပြောတာ။ အလကား သူ့ကြောင့် ဒီကောင်ပါ အလုပ်ပျက်ဦးမယ်။ ဟိုမှာလည်း သားနဲ့မယားနဲ့၊ ဒါပေမဲ့ ဒီကောင်တွေက အစ်မ

http://www.cherrythitsar.org



ကို တအားချစ်တာ၊ လိုက်ဆို လိုက်မယ့်ကောင်တွေ။ ကျုပ်က ဒီမှာ ကျောင်းပြင်လျှက် တန်းလန်းနဲ့ အလုပ်ကလည်း ခွင့်ယူလို့ မရဘူး။

"နေပါဦး၊ မင်းက ကျောက်စိမ်းသွားဝယ်ရအောင် ဘာလုပ်ဖို့လဲ၊ လက်ဝတ်လက်စား လုပ်ချင်ရင် ဒီမှာအပြီးလုပ်ပြီးသား ဝယ်ဝတ်လိုက်ရင် ပြီးတာပဲ"

"ကျုပ်က လှချင်လို့ ဝတ်ဖို့စားဖို့ ဝယ်မှာ မဟုတ်ဘူးတော့၊ စီးပွားရေးဈေးကွက်ထဲဝင်ပြီး အရောင်းအဝယ် လုပ်မလို့ သိရဲ့လား၊ တော်တို့ သားအဖတွေ တိုက်နဲ့၊ ကားနဲ့ ဇိမ်နဲ့ နေနိုင်အောင် အခွင့်အရေးရတုန်း စီးပွားရှာမလို့ သိရဲ့လား"

"ကျောက်စိမ်း အရောင်းအဝယ်လုပ်ပြီး စီးပွားရှာရအောင် မင်းက ကျောက်စိမ်းအကြောင်း ဘယ်လောက် နားလည်လို့လဲ"

"အံမယ် ဘာလို့ နားမလည်ရမှာလဲ၊ ကမ္ဘာမှာ အမြင့်ဆုံးဈေးကွက်ဝင်တဲ့ 'ဂျေဒိုက်'ဆိုတဲ့ ကျောက်စိမ်းအမျိုးအစားက ကျုပ်တို့မြန်မာပြည်က ထွက်တာ၊ ကျုပ်က အခု အဲဒီလောက်မြင့်တဲ့ကြီးကြီးကျယ်ကျယ်ကိစ္စတွေ မမှန်းနိုင်သေးခင်မှာ မြစ်ကြီးနားကလာတဲ့ ကုန်သည်တွေဆီက အရိုင်းတုံးတွေထဲက အရည်ကျောက် ကောင်းကောင်းလေးတစ်ပွင့်နှစ်ပွင့်လောက် အောင်လိုက်ရင် အပွပဲ၊ အရည်ကျောက် အကောင်းဆုံးမထွက်ရင်တောင် အထည်ကျောက်ကလေးရရ၊ အနည်းဆုံး အသားကျောက်တော့ ရမှာပဲ"

"ဘာလဲကွ အဲဒါတွေက"

"ရှင်ကလည်း တုံးလိုက်တာ၊ အရည်ကျောက်ဆိုတာက တန်ဖိုးအမြင့်ဆုံး သိန်းသန်းချီပြီး ပွမယ့်အဆင့်ကို ပြောတာ၊သူ့ထက်

http://www.cherrythitsar.org



နည်းနည်းညံ့ရင်တော့ လက်ဝတ်လက်စား လုပ်ဝတ်လို့ရမယ့်အထည် ကျောက်တော့ ရမယ်၊ အနည်းဆုံး ဘာမှမရရင် ပန်းပုထုလို့ရတဲ့ အသားကျောက်လောက်တော့ ပြန်ရောင်းလို့ ရတာပေါ့တော်"

"အရိုင်းတုံးကြီးကို ဝယ်တော့ အထဲမှာ ဘာရှိမှန်း မင်းတို့ ဘယ်လိုလုပ်ကြည့်မလဲ"

"ကွမ်ကြည့်ရင် သိတာပေါ့တော်"

"ဘာလဲ 'ကွမ်'တယ်ဆိုတာ"

"အရိုင်းတုံးကို နည်းနည်းလေးဖဲ့ပြီး အတွင်းသားကို မြင်သာအောင် ကြည့်ပြီး ဈေးဖြတ်ရတာပေါ့၊ အဲဒီမှာ မြင်ရတဲ့ ကျောက်စိမ်းအရည်ကို အကဲခတ်ပြီး ဈေးပေးဝယ်ရတာပေါ့၊ ကိုယ့်လက်ထဲကျတော့ သွေးပြီးသားကို ရတီနဲ့ ရောင်းရောင်း၊ ကာရက်နဲ့ ရောင်းရောင်း၊ လုံးတိုက် လုံးချောတွေအတိုင်း လိုတဲ့ဈေးနဲ့ ရောင်းရောင်း၊ ငွေနဲ့ပဲ ကွင်းရောင်းရောင်း ရတာပဲ"

"မင်းဟာက ဟုတ်မှလည်း လုပ်ပါကွာ၊ တော်ကြာ ရှိတာလေး ပြုတ်ပြုတ်ပြုန်းသွားပါဦးမယ်"

"ဟာ– ရှင့်ပါးစပ်ပုပ်ကြီးက နိမိတ်မရှိ နမာမရှိ၊ လာဘ်ကောင်းမယ့်အရိုင်းတုံးရလိုက်ရင် ကျုပ်တို့ဘဝပြောင်းသွားပြီသာမှတ်၊ ကျုပ်လုပ်တဲ့အလုပ်တွေ ဘယ်တုန်းကများ လွဲချော်ဖူးလို့လဲ၊ ဗေဒင်မေးကြည့်တော့လည်း ကျုပ်ကို စွန့်ပြီး ကံစမ်းရမယ့်အလုပ်ကိုဝါသနာပါရင် လုပ်ကြည့်၊ သေချာပေါက် ထူးခြားလိမ့်မယ်တဲ့"

"ဘယ်လိုများ ထူးမှာလဲ၊ အကောင်းထူးမှာလား၊ အဆိုးထူးမှာလား၊ ကြည့်လည်း ထူးပါကွာ၊ ငါ ကျောချမ်းလွန်းလို့"

http://www.cherrythitsar.org



"ဟင် ပြောပြန်ပြီ၊ ရှင့်ပါးစပ်ပိတ်လိုက်တော့နော်၊ ကျုပ် သန်ဘက်ခါကျရင် သွားမယ်၊ မောင်သိန်းအောင်ကို ခွင့်ယူခိုင်းလိုက် မယ်၊ သမီးကို သူ့မိန်းမဆီ ထားခဲ့မယ်၊ ကျုပ်တို့အလွန်ဆုံး တစ်ပတ် ပဲ၊ နောက်မှ တော်ကျုပ်ကို ကျေးဇူးမတင်နဲ့၊ ဒါပဲ"

* * *

ပြောမရ ဆိုမရနဲ့ ကျုပ်မိန်းမ ခရီးထွက်သွားတဲ့ နောက် တစ်နေ့မှာပဲ ဆွမ်းကြီးလောင်းပွဲထဲက ပါလာတဲ့ မင်္ဂလာစုံတွဲထီတစ် အုပ်ကနေ ကျုပ်ဆရာတော် (၁၆၂)သိန်း ထီပေါက်တယ်။ အဲဒီထီ ဆိုင်ရဲ့ အစဉ်အလာရှိတဲ့အတိုင်း အကြီးဆုံးဆုရှင်ကို နှစ်ဆယ်ကျပ် သားတိတိရှိတဲ့ ရွှေစလွယ်နဲ့ ဂုဏ်ပြုတဲ့ အခမ်းအနားလုပ်တော့ဆရာ တော်က ရွှေစလွယ်ကို လက်ခံလို့မတော်တာနဲ့ တပည့်ရင်းဖြစ်တဲ့ ကျုပ်ကို အခမ်းအနားမှာ ရွှေစလွယ်ကို လက်ခံခိုင်းတော့ တက်ပြီး လက်ခံပေးလိုက်ရသေးတယ်။ ကျောင်းကလည်း ပြင်ဆောက်ဆဲမို့ ဒကာ၊ ဒကာမတွေ ဝမ်းပမ်းတသာနဲ့ ပျော်ရွှင်နေကြတာပေါ့။

တပည့် ဒကာတစ်ယောက်ရဲ့ ကြိုးပမ်းမှုကြောင့် ဆရာ တော်ဘုရား နိုင်ငံခြားကို ဘုရားဖူးကြွသွားတုန်း ကျုပ်မိန်းမ မောင် နှမလည်း ကျောက်ထုပ်တစ်ထုပ်နဲ့ အိမ်ပြန်ရောက်လာတယ်။ ကျုပ် က ဆရာတော့်အကြောင်း မကြွားခင် သူတို့အခြေအနေကို အရင် မေးရတယ်။

"ဘယ်လိုလဲ၊ အဆင်ပြေလာကြရဲ့လား"

ဆိုတော့ မိန်းမက သိပ်မျက်နှာမကောင်း၊ နောက်က

http://www.cherrythitsar.org



ယောက်ဖလုပ်သူက သူ့အစ်မ မမြင်အောင် လက်ခါပြတော့ ကျုပ် ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားတယ်။ ရှိစုမဲ့စုလေးတော့ ကုန်ပြီထင်ပါ ရဲ့။

"ဘယ်လို ဖြစ်လာကြလဲ၊ ပြောစမ်းပါဦး၊ ငါ့ကို"

ဆိုတော့ မိန်းမက ကျုပ်အနားမှာ ခြေပစ်လက်ပစ် ဖုတ် ခနဲ ထိုင်ချပြီး စကားမပြောနိုင်သေးဘူး။ သူ့အစ်မ မပြောတော့သူ့ မောင်က–

"အလိမ်ခံရတာ အစ်ကိုရေ"

ဆိုပြီး သူ့သားရေအိတ်ထဲက အထုပ်တစ်ထုပ်ကို ထုတ်ပြီး ဖြည်ပြတယ်။ ကျုပ်က ဖြူလျော်လျော်အစအနတွေကို ကြည့်တယ် ဆိုရုံ လှမ်းကြည့်ပြီး–

"ဘာတွေတုံး"

"အရိုင်းတုံးကို ခွဲထားတဲ့ အစအနတွေပေါ့အစ်ကိုရ၊ ဈေး ကြီးနဲ့ပေးဝယ်လိုက်ပြီး ခွဲလည်းကြည့်ရော ဘာမှ မထွက်လာဘူး၊ အစ်မပေါ့ ဟိုလင်မယားနဲ့ ရောင်းတဲ့လူနဲ့ပြောတာကို ယုံပြီး ဝယ် လိုက်တာ၊ ရှိစုမဲ့စုတွေ ပါသွားရော"

"မင်း ပြောတုန်းကတော့ 'ကွမ်'ကြည့်ရင် သိတယ်ဆို"

ခုချိန်ထိ မိန်းမက ဘာတစ်ခွန်းမှ မပြောနိုင်သေး။ ယောက် ဖကသာ ဒိုင်ခံ ပြောနေသည်။

"ကွမ်ထားတာကို ပြပြီး ရောင်းသွားတာပဲ အစ်ကိုရ၊ ကျွန် တော်က ဘာမှသိတာ မဟုတ်ဘူးနော်၊ အစ်ကို့မိန်းမ လုပ်တာချည်း ပဲ၊ ပြီးမှ ကျွန်တော် မနေနိုင်လို့ ဟိုလူဒီလူ လိုက်မေးကြည့်မှ 'တာ

http://www.cherrythitsar.org



ပိုက်’ထားတဲ့ အရိုင်းတုံးကို လိမ်ရောင်းသွားမှန်း သိလို့ ပြန်ရှာတော့ အဲဒီလူတွေ တစ်ယောက်မှ မတွေ့တော့တဲ့အဆုံး ရန်ကုန်ပြန်လာကြတာ”

“ဘာလဲကွ ‘တာပိုက်’ထားတယ်ဆိုတာ”

“ဘာမှမရှိတဲ့ ကျောက်တုံးထဲကို ဆေးသွင်းပြီး မီးဖုတ်၊အအေးခံပြီး အရိုင်းတုံးဖြစ်အောင် ပြန်လုပ်ထားတာကို တာပိုက်ရိုက်တယ်လို့ ခေါ်တာတဲ့ အစ်ကိုရ၊ ဆေးသွင်းထားတဲ့နေရာနားကိုနည်းနည်း ‘ကွမ်’ပြထားတော့ ကျောက်စိမ်းထဲမှာ မြရည်ဝင်နေတဲ့ပုံကို တွေ့တော့ ဒီအရိုင်းတုံးကို တန်ဖိုးကြီးကြီးပေးပြီး ဝယ်လိုက်တာပေါ့၊ အဲဒီ လိမ်နည်းနဲ့ ထိလာတာဗျ၊ အစ်ကို့ပိုက်ဆံတွေတော့ ကုန်ပြီ”

မောင်လုပ်သူကလည်း အစ်မကို ကျေနပ်လာပုံမပေါ်။

“ကုန်ပါပြီကွာ၊ ဒါကြောင့် ငါပြောတယ် မင်းအစ်မကို၊ ဟင်း– ခက်တော့တာပဲ”

“မခက်ပါဘူး၊ စီးပွားရေးလုပ်တာပဲ တစ်ခါတလေတော့ အရှုံးဆိုတာ ရှိမှာပေါ့၊ ဒီတစ်ခါ ဆရာပဲ နောက်ဆို ကောင်းကောင်း သိသွားပြီ”

ဘုရားရေ ဒီမိန်းမ ရူးများသွားပြီလား။ ခြေအိတ်တစ်ဖက်တောင် မပစ်ရက်တဲ့မိန်းမက ငွေသိန်းချီပြီး ဆုံးသွားတာကို ဒီလောက်နဲ့ ပြီးသွားတာဟာ ထူးခြားမှုပဲ။

“မင်း ဘယ်လိုပြောလိုက်တာလဲ၊ မင်းရှုံးတဲ့ငွေဟာ နည်းနည်းနောနောလား၊ ငါတို့တစ်သက်လုံးစုလာတဲ့ ပိုက်ဆံလေး၊ မင်း ဒီလို လွယ်လွယ်ပြောလို့ရမလားကွ၊ ငွေသုံးလေးသိန်း အခုနေ ဘယ်

http://www.cherrythitsar.org



လိုလုပ်ပြီး ရှာမလဲကွ၊ ပြောစမ်းပါဦး"

"အဲဒါ ရှင်တို့ သားအဖတွေ တိုက်နဲ့၊ ကားနဲ့ ဇိမ်နဲ့နေနိုင်ဖို့ ကျွန်မ စွန့်စားတာလေ၊ အပျော်လုပ်တာ မဟုတ်ဘူးဆိုတာ ရှင်သိတယ် မဟုတ်လား၊ အခု ကုန်သွားတဲ့ ငွေက ရှင့်မှာရှိတဲ့ငွေရဲ့ အစွမ်းထွက်တောင် မရှိဘူး"

"ဘာ– ဘာပြောတယ်၊ ဘယ်မှာလဲ ငါ့မှာရှိတဲ့ငွေ အစွန်းထွက်။ ဘာ အစွန်းထွက်လဲ"

ကျုပ်မိန်းမက ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြုံးလိုက်တယ်။

"ရှင် ကျွန်မကို အတည်ပေါက်နဲ့ နောက်မလို့ မဟုတ်လား၊ ကျွန်မ သိပြီးပါပြီရှင့်၊ ရှင် ထီပေါက်တာကို၊ ဒါကြောင့် ကျွန်မခံနိုင်ရည် ရှိသွားတာပေါ့"

"ဟာ– မဟုတ်–မဟုတ်ဘူးကွ၊ ငါ ထီပေါက်တာ မဟုတ်ဘူး၊ မင်း ဘယ်သူပြောလဲ"

"အံမယ်၊ လုပ်မနေနဲ့ ဒီမှာ ကြည့်၊ ကျုပ်သက်သေပြမယ်"

ဆိုပြီး မိန်းမက သူ့လက်ကိုင်အိတ်ကြီးထဲက အသေအချာခေါက်ထားတဲ့ ပိုစတာတစ်ခုကို ထုတ်ပြီး ကျုပ်ရှေ့မှာ ဖြန့်ချရင်းက–

"အဲဒါ မန္တလေးက ထီဆိုင်ရှေ့မှာ ကြော်ငြာထားတဲ့ ပိုစတာတော့၊ ကျုပ် ဝင်တောင်းလာခဲ့တာ"တဲ့။

ရောင်စုံ ပိုစတာထဲမှာ–

'……… ထီဆိုင်မှ (၁၆၂)သိန်းဆုရှင်ကြီး ဂုဏ်ပြုရွှေစလွယ် ချီးမြှင့်ခံထားရပုံ'

http://www.cherrythitsar.org



ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျုပ်က ပြုံးပြုံးကြီးဗျား၊ အတော်မြန်တဲ့ ထီကုန်သည်တွေပါလား၊ ကျုပ်တော့ ဒုက္ခရောက်ပြီ၊ ဒီမိန်းမကို ဘယ်လိုစကားလုံးတွေနဲ့ ရွေးချယ်ပြီး ရှင်းရလင်းရပါ့။

ကျုပ်ရင်ထဲကနေ ဆရာတော်ဘုရားကို လှမ်းပြီး တိုင်တည်လိုက်မိတယ်။

"ဆရာတော်ဘုရား အမြန်ဆုံး ပြန်ကြွလာပြီး တပည့်တော်ကို ကယ်တော်မူပါဘုရား၊ သည်မိန်းမ တပည့်တော်ကို 'ကွမ်'နေပါပြီ ဘုရား"

**သတ္တုတွင်းမဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# အခွံများ

အနှစ်သာရမဲ့သော အပေါ်ယံအပြုံးများနှင့် နှလုံးသား မပါသော လှုပ်ရှားမှုမှန်သမျှကို သတ်မှတ်ချက်တစ်စုံတစ်ရာတော့ ပေးဖို့ လိုအပ်နေကြောင်း ကျွန်မ မကြာခဏ သတိရနေမိသည်။

စိတ်ကူးများစွာနှင့် လျှောက်လာနေရင်းမှ အမှတ်မထင် ရပ်တန့်သွားသော ခြေလှမ်းအချမှာ ရုတ်တရက် သတိပြုမိသော အရာကတော့ တစ်ချိန်သောကာလက မော်တော်ယာဉ်များ ရပ်တန့် ပေးရလောက်အောင် လူစည်ကားခဲ့သော လူသုံးကုန်ပစ္စည်းများ ပြည့်လျှံနေခဲ့ဖူးသော ထိုအဆောက်အအုံသစ်ကြီး၏ အောက်နား အ ရောက်မှာပင် ဖြစ်သည်။

မကြာခင် မှတ်တိုင်တစ်ခုဆီသို့ ကျွန်မ ရောက်လာခဲ့သည်။ ဘတ်စ်ကားစောင့်နေစဉ်အတွင်းမှာပင် မိတ်ဟောင်းဆွေဟောင်း တစ်ယောက်မောင်းလာသော ကားတစ်စင်းက ကျွန်မအနီးမှာ ရပ်ပြီး ကျွန်မအား လမ်းကြုံလိုက်ရန် ခေါ်သည်။ သူတို့ဇနီးမောင်နှံ၏ ဖိတ်

http://www.cherrythitsar.org



ခေါ်ချက်ကို ငြင်းပယ်လိုက်ခြင်းက ရိုင်းရာကျသွားခြင်း ရှိ မရှိထက် ကျွန်မ စဉ်းစားမိသည်က ကိုထွန်းလွင်ဆိုသော လူတစ်ယောက် အကြောင်းသာ ဖြစ်သည်။ ကိုထွန်းလွင်ဆိုသူကား သူတို့ဇနီးမောင်နှံ၏ အားကိုးအားထားပြုခဲ့ဖူးရာမှ မိတ်ဆွေစစ်ကြီးတစ်ယောက် ဖြစ်သည်။ ကျွန်မသူငယ်ချင်းဖြစ်သော ထိုအမျိုးသမီးကို မပြည့်မစုံနှင့် အိမ်ထောင်ပြုလိုက်သော ထိုအမျိုးသား(စောစောက ကားပိုင်ရှင် ဇနီးမောင်နှံ)တို့၏ အိမ်ထောင်ဦးကို ကိုထွန်းလွင်ဆိုသော နောင်အခါ သူတို့မိတ်ဆက်ပေး၍ မိတ်ဆွေဖြစ်ခွင့်ရခဲ့သောသူက အစစအရာရာ ကူညီထူထောင်ပေးခဲ့ကြောင်း ကျွန်မတို့အသိုင်းအဝန်း တစ်ခုလုံး သိခဲ့ရသည်။ သူတို့ အိမ်ထောင်သက်၏ သုံးပုံတစ်ပုံခန့်မှာ ကိုထွန်းလွင်၏ အကူအညီအထောက်အပံ့နှင့် ထူမတ်လာခဲ့ရပြီး ကိုယ့်အိမ်၊ ကိုယ့်ရာ၊ ကိုယ့်လုပ်ငန်းနှင့် အခြေတကျရှိသောအခါတွင်တော့ ကိုထွန်းလွင်ဆိုသူ လူတစ်ယောက်ကို သူတို့ မေ့ထားခဲ့ကြသည်။ ကင်ဆာရောဂါနှင့် ဆေးရုံတင်ရသော ကျွန်မ၏ဘကြီးတစ်ယောက်ထံ အသွားတွင် ဆေးရုံကြီး ကင်ဆာဝဒ်၌ အမှီအတွယ်မဲ့ ဝေဒနာသည်ကိုထွန်းလွင်ကို ကျွန်မ အမှတ်မထင် တွေ့စဉ်ကတော့ သူတို့နှစ်ယောက်ထံ တကူးတက အကြောင်းကြားပေးခဲ့မိသေးသည်။ ဆေးရုံမှာ နှစ်လတာမျှ နေခွင့်ရသောဘကြီးထံ သွားတိုင်း ကိုထွန်းလွင်ထံ ကျွန်မ ဝင်ဖြစ်သော်လည်း ကိုထွန်းလွင် ဆုံးသွားသည်အထိ သူတို့ ရောက်မလာကြကြောင်း သိရသည့်အခါမှာတော့ လူအချို့၏ တုန့်ပြန်အားကို ကျွန်မ အတော်လေး ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

သူတို့နှစ်ယောက်နှင့် ကိုထွန်းလွင်အကြောင်း စဉ်းစားနေ

http://www.cherrythitsar.org



ဆဲမှာပင် မှတ်တိုင်သို့ ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာ၍ ကျွန်မတွေးစများ ပြတ်သွားကာ ဘတ်စ်ကားပေါ်သို့ တက်ရပ်လိုက်သည်။ ဘတ်စ်ကားပေါ်မှာ မတ်တပ်ရပ်လိုက်ပါရင်း မရေမရာအတွေးများက ကျွန်မရင်ထဲသို့ စီးမျော၍ ဝင်လာကြပြန်သည်။

တာမွေမှ လမ်းမတော်သို့ လိုက်ပါလာသော အများသုံးဘတ်စ်ကားတစ်စီးပေါ်က ကျွန်မနှင့် တက္ကစီတစ်စင်းကို လက်တားပြီး သက်သောင့်သက်သာ လိုက်ပါလာသော မိန်းမတစ်ယောက်၏ အဓိက ကွာခြားချက်မှာ မပြောပလောက်သော အချိန်ကွာခြားမှုနှင့် ပြောပလောက်သော ခရီးစရိတ် ခြားနားမှုမှ လွဲ၍ ရောက်ရှိသွားသော နေရာဒေသကတော့ အတူတူပင် ဖြစ်ပါသည်။ သို့သော်အများသုံး ကုန်တိုက်တစ်ခုနှင့် ပုဂ္ဂလိကစတိုးဆိုင်တစ်ခုအတွင်းသို့ဝင်ရောက် ဆက်ဆံကြည့်သောအခါတွင်တော့ အရာရာမှာ ထူးထွေခြားနားမှု မည်သို့မျှ ရှိမနေတာကတော့ အံ့သြစရာတစ်ခု ဖြစ်နေပြန်သည်။

အပ်ထည်အတွက် အလှကြယ်သီးများကို ရှာဖွေရင်းမှ ရောင်စုံချိတ်ဆွဲထားသော ပိတ်စဒီဇိုင်းလှလှများကို မြင်ရသောအခါတွင်တော့ ကျွန်မထံ ဒီဇိုင်းသစ်ပေါ်တိုင်း အင်္ကျီအတော်များများအပ်လေ့ရှိသည့် ဖောက်သည်အမျိုးသမီး ခပ်ချောချောတစ်ယောက်ကို သတိပြေးရလိုက်သည်။ ကျွန်မ တပည့်မလေးတစ်ယောက်က 'ဂန္ဓာရုံကြီး'ဟု အမည်ပေးထားသော ထိုအမျိုးသမီး အင်္ကျီလာအပ်လျှင် လူရောက်မလာခင် အကောင်းစားရေမွှေးနံ့များက ကျွန်မတို့ကို အရင်နှုတ်ဆက်လေ့ရှိသည်။ အင်္ကျီတစ်ခါအပ်လျှင် ခြောက်စုံ၊

http://www.cherrythitsar.org



ခုနစ်စုံ အပ်လေ့ရှိသော ထိုအမျိုးသမီးက အင်္ကျီတိုင်းပေးသောအခါ တွင်တော့ ဘယ်တော့မှ မပြောင်းလဲသော အညိုရောင် ပါးလွှာ ဟောင်းနွမ်းနေသော အိမ်တွင်းဝတ်ဘလောက်စ် တစ်ထည်သာ ဖြစ် သည်။ ကိုယ်တိုင်းတိုင်းလျှင်လည်း လက်မခံ၊ အခြားအင်္ကျီများနှင့် လည်း စိတ်တိုင်းမကျဘဲ အဆင်အသွေး ဘယ်လောက်ပြောင်းပြောင်း အရောင်ဘယ်လောက်စုံစုံ ချုပ်သမျှ အင်္ကျီများအတွက် ထိုတစ်ထည် တည်းသော အတိုင်းအင်္ကျီကြောင့် ညှပ်ပေးရသော တပည့်မလေး များ မကြာခဏ စိတ်ကသိကအောင့် ဖြစ်ခဲ့ရဖူးသည်။ ပြန်ပြောလျှင် ယုံနိုင်စရာမရှိသော မလျှော်မဖွတ်ဘဲ အမြဲတစေ ယူလာပေးတတ် သည့် ယင်းအင်္ကျီအညို စိုထိုင်းထိုင်းကလေးထဲမှ ကိုယ့်နံ့ဆိုးဆိုးများက မီးပူနှင့် ဖိပြီး ပုံချလိုက်သည့်အခါတိုင်း အငွေ့ပျံပြီးတက်လာသည့် အော်ဂလီဆန်စရာ လက်ပတ်စော်အနံ့ကြောင့် ကျွန်မမှာ မကြာခဏ ပျို့အန်ချင်စိတ်ကို မျိုသိပ်ကာ အသက်အောင့်နေခဲ့ရဖူးသည်။

ကိုယ်ဝတ်ပြီးသား အင်္ကျီတစ်ထည်ကို မလျှော်မဖွတ်ဘဲ ကိုယ် တိုင်းပေးတတ်သော ၎င်း၏စာနာစိတ်နှင့် ရှက်ရွံ့မှုကို ကျွန်မ နားမလည်နိုင်၊ ပြည့်ပြည့်ဖြိုးဖြိုး ကိုယ်လုံးတောင့်တောင့် မျက်နှာကျ လှလှနှင့် ထိုမိန်းမ ပြန်ထွက်သွားတိုင်း 'သူ့ရုပ်သူ့ရည်လေးနဲ့ သည် လောက် ညစ်ပတ်ပြီး အားမနာတတ်တဲ့အကြောင်း ကျွန်မတို့ ပြော ပြရင် ဘယ်သူယုံမှာလဲနော်'ဟု ပြောတတ်သည့် တပည့်မလေး၏ စကားကို ကျွန်မ အမြဲတစေ မချိုပြုံးနှင့်ပင် တုံ့ပြန်ခဲ့မိပါသည်။ ထို သို့ ပြုံးနေရင်းနှင့်ပင် သူပေးထားသော အင်္ကျီအတိုင်း ဘလောက်စ် အညိုရောင်လေးကို ကိုင်တွယ် တိုင်းထွာနေရင်းမှ ကျွန်မ၏ အတွေး

http://www.cherrythitsar.org



အိမ်ထဲမှာ ပြစ်မှုများ ကျူးလွန်နေမိသည်က အခါခါပင်။ ၎င်းအင်္ကျီကို နောက်တစ်ခါ အတိုင်းပေး၍မရတော့အောင် ကပ်ကျေးဖြင့် အစိတ်စိတ်အမွှာမွှာဖြစ်အောင် ညှပ်ပစ်နေမိခြင်းနှင့် မီးကျွမ်းသွားအောင် မီးပူနှင့်အကြာကြီး ကပ်ထားကာ ဖျက်ဆီးပစ်လိုက်ခြင်းတို့ ဖြစ်သည်။

သို့သော် ကျွန်မထံတွင် အသုံးငွေ ပြတ်သွားသည့်နေ့ရက်များတွင်တော့ အနံ့ဆိုးဆိုးတစ်ခုနှင့်တူ ထိုအင်္ကျီအညိုရောင် စိုထိုင်းထိုင်းကလေးတစ်ထည်ကို သယ်ဆောင်လာမည့် မျက်နှာပန်းလှလှနှင့် မိန်းမတစ်ယောက် လာမည့်လမ်းကို ကျွန်မ မျှော်နေမိပြန်သည်ပင်။

ဖဲပြားများနှင့် အလှကြယ်သီးမျိုးစုံရောင်းသော ကုန်တိုက်ပထမထပ်မှ ဆိုင်တစ်ဆိုင်အရောက်တွင်တော့ ကျွန်မအတွက် လိုအပ်သော အရောင်အသွေးနှင့် အလှကြယ်သီးများကို ရှာဖွေတွေ့ရှိပြီးမို့ ဝယ်ယူပြီး အောက်ထပ်သို့ ပြန်ဆင်းလာစဉ် မမျှော်လင့်ဘဲ အစ်ကိုအရင်းကဲ့သို့ ချစ်ခင်လေးစားရသော ကျွန်မ၏ ခဲအိုနှင့်သွားဆုံသည်။ ကျွန်မကို တကယ်မမြင်တာလား၊ မမြင်ဟန်ဆောင်ပြီး ကွေ့ပတ်ကျော်ဖြတ်သွားသည်လား မသိသောသူနှင့် လက်ချင်းချိတ်

http://www.cherrythitsar.org



ထားသော ရွှေတွေသီးနေအောင်ဝတ်ထားသည့် အမျိုးသမီးကတော့ ကျွန်မ၏အစ်မ မဟုတ်တာ သေချာလွန်းနေသည်။ မမနှင့် သူ၏ သမီးကို ချစ်လွန်းလှသော သမီးလေးနာဖျားနေလျှင် မျက်ရည်လည်အောင် ခံစားရတတ်သော သူ့ကိုတော့ ကျွန်မ လူမှားရလောက်အောင်တော့ ညံ့ဖျင်းမှု မရှိပါ။ နေရာမှာ ခဏရပ်ပြီး ထူပူစွာနှင့် ဘာလုပ်ရမှန်းမသိအောင် ကျွန်မ ဖြစ်သွားခဲ့သည်။ ထိုမိန်းမကို သူ့မှာ ဇနီးနှင့် သမီးရှိမှန်း မသိအောင် ဖုံးကွယ်ပြီး အလိုဆန္ဒတစ်ခုခုကြောင့် ချဉ်းကပ်နေခြင်းဖြစ်မည်ဟု ကျွန်မ ရုတ်ချည်းသဘောပေါက်လိုက်မိကာ ခရီးရှေ့ဆက်လိုက်သည်။ အသည်းနှလုံးမပါသော အချစ်ခွံများနှင့်ချည်းကပ်ခံရသော ယုံကြည်လွယ်သူ ထိုမိန်းမကို ကျွန်မ စာနာကြည့်နေမိရင်း ပလက်ဖောင်းပေါ်သို့ ရောက်လာသည်။

မီးပွိုင့်တစ်နေရာအရောက်မှာ စိမ်းနေသော အချက်ပြမီးနှင့် အရှိန်မြင့်မောင်းနှင်လာသော ကားတန်းကြီးကို ရပ်တန့်စောင့်ဆိုင်းနေစဉ် ပလက်ဖောင်းနှုတ်ခမ်းကို ကျော်ပြီး ကားလမ်းမအစပ်နားကို 'ဘုတ်'ခနဲ ကျလာသောအသံကြောင့် ငုံ့ကြည့်မိလိုက်တော့ ငှက်ပျောခွံ သုံးလေးခုကို တွေ့လိုက်သည်။ ဘေးဘီ ဝဲယာကိုကြည့်လိုက်တော့ ငှက်ပျောခွံပစ်သူကို ရုတ်တရက် မတွေ့မိ၊ နောက်တော့မှ အနောက်ဘက်မှ ဆိုင်ခန်းတစ်ခုဘေးတွင်ကပ်ပြီး ရပ်နေသော လူတစ်ယောက်နှင့်သူ့လက်ထဲမှ စားလက်စ ငှက်ပျောသီး တစ်လုံး… ကျွန်မရင်ထဲမှ 'တော်တော်စည်းကမ်းမရှိတဲ့လူပဲ၊ ကားလမ်းကူးတဲ့နေရာကိုမှ ငှက်ပျောခွံပစ်ရတယ်လို့၊ တစ်ယောက်ယောက်များ အရှိန်နဲ့ကူးပြီး ပစ်လဲသွားတုန်း ကားကြိတ်မိရင် ဒုက္ခပဲ'လို့ တွေးနေ

http://www.cherrythitsar.org



တုန်းမှာ ကျွန်မဘေးက ကျော်ဖြတ်သွားတဲ့ အသားဖြူဖြူ ခပ်ငယ်ငယ် ကောင်လေးတစ်ယောက်က ရှေ့ကို နည်းနည်းကျော်သွားပြီး တော့မှ ငှက်ပျောခွံတွေကျနေတဲ့ နေရာကို ပြန်ငုံ့ကြည့်ပြီး နောက်ကြောင်း ပြန်လှည့်ပြီး တစ်ခုစီလိုက်ကောက်ပြီး ခပ်လှမ်းလှမ်းက အမှိုက်ပုံးထဲကို သွားထည့်လိုက်တယ်။ သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားမှုကို အမှတ်မထင် မြင်လိုက်ရတဲ့ ကျွန်မနဲ့ ကားလမ်းကူးမယ့်သူ အချို့ ရှေ့မှာပဲ အဲဒီလူက ရှက်ရမ်းရမ်းပြီး ကောင်လေးကို–

"ဟေ့ကောင် မင်းက ဘာလူတွင်ကျယ်လုပ်တာလဲကွ၊ ငါလူကွ၊ အသိတရားရှိတယ်၊ တော်ကြာရင် အမှိုက်ကြုံးတဲ့လူ လာတော့မှာမို့ ပစ်ချထားတာကွ၊ နားလည်လား၊ ဒီနေရာမှာ သူတော်ကောင်း လာလုပ်မနေနဲ့"

လို့ လှမ်းဟောက်လိုက်တဲ့လူကြီးကို ကောင်လေးက ရုတ်တရက် ကြောင်ပြီး ကြည့်နေပြီးတော့မှ ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားတာကိုကြည့်နေရင်းက ကျွန်မ လူနှစ်ယောက်ဆီမှာ ပါလာတဲ့ ဦးနှောက်တစ်စုံထဲက အခွံအကာနဲ့ အနှစ်အသားကို ပိုင်းခြားနေမိသည်။

လူ့လောကကြီးထဲမှာ အနေကြာလာတာနှင့်အမျှ မကြာခဏ လွဲချော်နေတတ်သော အတွေ့အကြုံများကို စကားဝိုင်းဖွဲ့ ပြောမိတတ်သည့်အခါများတွင် သူငယ်ချင်းတစ်ယောက်ထဲမှ ကြားရတတ်သော–

"တချို့လူတွေဟာ ဦးနှောက်မပါဘဲ အသည်းနှလုံးမပါဘဲ၊ စာနာမှု မပါဘဲ၊အပေါ်ယံအကာကလေးတစ်ခုတည်းနဲ့ ရှင်သန်နေနိုင်

http://www.cherrythitsar.org



ကြတယ်၊ အဲဒီလူတွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်”

ဆိုသည့် စကားတစ်ခွန်းကို သွားသတိရသည်။ ပလက်ဖောင်း တစ်နေရာတွင် ရှင်းလင်းကျယ်ပျံ့နေသော ရောင်စုံကျောက်ပြားများကို ဖြတ်ကျော်နင်းလျှောက်လာစဉ် မျက်နှာချင်းဆိုင် အရှေ့တူရူမှ လျှောက်လာသော အရပ်ထဲမှ လူကြီးလူကောင်းဟု သတ်မှတ်ခြင်းခံထားရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ငြင်သာသိမ်မွေ့သော နှုတ်ဆက်ပြုံးကို တွေ့ထိခံစားလိုက်ရသည့်ခဏ ကျွန်မ ချက်ချင်းပင် သံစဉ်မဲ့ အပြုံးတစ်ခုဖြင့် တုန့်ပြန်ဖြစ်လိုက်သည်။ ကျွန်မ၏ မြင်ကွင်းထဲမှ ထိုပုဂ္ဂိုလ်ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်မ၏ အပြုံးများလည်း ပျောက်ကွယ်သွားပြီး သူ့ရပ်ရွာနှင့် ဆွေမျိုးသားချင်းများကြားတွင် ကျိုးပဲ့ပျက်စီးလာခဲ့သော သူ၏ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာများကို ကျွန်မတို့ ပတ်ဝန်းကျင်တွင် လာပြီးပြန်လည် တည်ဆောက်နေသော သူ၏ကြိုးပမ်းမှုများကို သတိရသွားသော အခါ၌ကား ဆန့်ကျင်ဘက်များနှင့် တည်ဆောက်ထားသော လောကကြီးထဲမှ အခွံများက ကျွန်မအတွက် စိတ်ဝင်စားစရာ ပိုကောင်းလာသည်။

အခွံများအကြောင်းကို စဉ်းစားတွေးတောလာမိရင်း နောက်ဆုံး သတိပြုမိသောအကြောင်းအရာတစ်ခုကတော့ စောစောက ပုဂ္ဂိုလ်ကြီးကို ခံစားမှုမပါဘဲ ပြုံးပြလိုက်မိသော ကျွန်မကိုယ်တိုင် တစ်ခါတစ်ရံ အခွံတစ်ခွံ ဖြစ်သွားတတ်သောကိစ္စကိုပဲ ဖြစ်သည်။

**စံပယ်ဖြူမဂ္ဂဇင်း။**

http://www.cherrythitsar.org



http://www.cherrythitsar.org



# အသိုက်ပျက်သူများ

အသိုက်အမြုံတစ်ခု၏ အေးချမ်းသာယာမှုနှင့် ချစ်ခြင်းတရားများကို နားလည်ခံစားတတ်ကြသူတိုင်း အသိုက်ဖွဲ့လေ့ရှိကြသည်။ တစ်ခါတစ်ရံ ကံကြမ္မာမုန်တိုင်းကြောင့် ပြိုကွဲပျက်စီးခဲ့ကြသော အသိုက်အမြုံများအကြောင်းကို စာနာမိလေသောအခါများတွင်တော့ မာယာများလှသော လူ့လောကကြီးထဲမှ အကြောင်းတရားအချို့ကို ကျွန်မ နာကြည်းကြေကွဲနေမိသည်။

* * *

နံနက်စောစောလမ်းလျှောက်ရသော အရသာများထဲတွင် တောင်သမန်အင်းမှာ လျှောက်ရသောအရသာက ကျွန်မအတွက် ကြည်နူးစရာအကောင်းဆုံး ဖြစ်သည်။ ထို့ကြောင့် မန္တလေးရောက်ပြီး အမရပူရခေါ် တောင်မြို့မှာ တည်းခိုသည့်အခိုက် ကျွန်မ နံနက်စောစောထ၍ လမ်းလျှောက်ဖြစ်သည်မှာ တောင်သမန်အင်းစောင်း

http://www.cherrythitsar.org



မှ ကလေးအချို့နှင့်ပင် ခင်မင်နေပြီ ဖြစ်သည်။

ခါတိုင်းနေ့များတွင် အမရပူရရှိ တောင်မင်းကြီးဘုရားဘက်မှ ဦးပိန်တံတားပေါ် ဖြတ်ကာ တောင်သမန်ရွာမှ ကျောက်တော်ကြီးဘုရားကို ဖူးပြီး ပြန်နေကျဖြစ်သော်လည်း ယနေ့တော့ ကလေးများနှင့် ရက်ကန်းစင်သွားရန် ချိန်းထားသဖြင့် ကျွန်မ ဦးပိန်တံတားပေါ်သို့ မဖြတ်တော့ဘဲ တောင်သမန်အင်းဘေးမှ ကန်ပတ်လမ်းကလေးအတိုင်း အတန်ငယ်လှမ်းသည်အထိ လျှောက်ပြီးမှ ပြန်လှည့်လာခဲ့သည်။

မယ်ဇယ်ပင်တန်းကလေးမှ စားသောက်ဆိုင်များနှင့် မနီးမဝေး တောင်မင်းကြီးဘုရား၏ မုခ်ဝတစ်ခုဆီအရောက်တွင်တော့–

"ဆရာမရေ… ဆရာမ၊ ကျွန်တော်တို့ ဒီမှာ…"

ဟူသော အသံကြောင့် ကျွန်မအသံလာရာသို့ လှမ်းကြည့်လိုက်သည်။ ကျွန်မတည်းခိုရာ ကျောင်းတိုက်မှ ဦးပဥ္စင်းတစ်ပါး၏ မိတ်ဆက်ပေးမှုကြောင့် ကျွန်မကို ကလေးများက ဆရာမဟု ခေါ်ကြသော်လည်း သူတို့နှင့် ကျွန်မက သူငယ်ချင်းလို ခင်နေကြသည်။

"ကျွန်တော်တို့ ဒီမှာ ဆရာမရဲ့၊ ဒီကိုလာခဲ့ပါ"

တောင်မင်းကြီးဘုရား မုခ်ဝအတွင်းမှ တန်ဆောင်းထဲတွင် ကျွန်မနှင့် ခင်နေသော ကလေးသုံးယောက်နှင့် အဘိုးအိုတစ်ယောက်ကို တွေ့ရ၍ ကျွန်မ သူတို့ထံ လျှောက်လာခဲ့သည်။ အဘိုးအိုက တန်ဆောင်းထဲတွင် တင်ပျဉ်ခွေထိုင်ရင်းမှ ကြွပ်ကြွပ်အိတ် ဖောင်းဖောင်းလေးတစ်လုံးကို ပေါင်ပေါ်တင်ကာ ပွေ့ပိုက်ထားသည်။

"ဆရာမ ရက်ကန်းစင်ကို မသွားပါနဲ့တော့နော်"

http://www.cherrythitsar.org



ကျွန်မ အနီးသို့ရောက်လျှင်ရောက်ချင်း ကလေး တစ်ယောက်က ဆီးပြောသည်။

"ဘာဖြစ်လို့လဲ ကလေးရဲ့"

"ဆရာမလိုချင်တဲ့ လွယ်အိတ်တွေ အဘဖံဆီကပဲ ဝယ်ပါနော်၊ အဘဖံရောင်းတဲ့ လွယ်အိတ်နဲ့ ရက်ကန်းစင်က လွယ်အိတ်က ဈေးချင်းအတူတူပါပဲ"

"ဟုတ်ပါတယ် ဆရာမရယ်၊ အဲဒီ ရက်ကန်းစင်က ရက်တဲ့ လွယ်အိတ်ပါပဲ၊ ပစ္စည်းလည်း ကောင်းပါတယ်၊ အဘဖံဆီကပဲ ဝယ်ပါနော်၊ အဘဖံက သနားပါတယ်"

ပူပူပင်ပင်နှင့် တိုက်တိုက်တွန်းတွန်းပြောနေသော ကလေးများ၏ အဘဖံဆိုသူကား မျှော်လင့်တကြီးပုံသဏ္ဌာန်ဖြင့် ကြွပ်ကြွပ်အိတ်ထဲမှ လွယ်အိတ်အချို့ကို တယုတယ ထုတ်ပြနေသည်။

"ဝယ်မယ်လေ၊ ကျွန်မကြိုက်တဲ့အရောင်တွေ့ရင် အဘဖံဆီက ဝယ်မှာပေါ့၊ ရန်ကုန်က ကျွန်မမောင်လေးတွေအတွက်ပါ၊ မောင်လေးက မှာလိုက်တာ အနီရောင်၊ ဒါမှမဟုတ် မီးခိုးရောင်၊ အနက်ရောင်တဲ့၊ ဝယ်ရင် နှစ်အိတ်သုံးအိတ် ဝယ်ရမှာ၊ သူတို့မှာတဲ့ အရောင်တွေ ပါရင်ပေါ့"

ဟု ကျွန်မက ပြောသောအခါ အဘဖံက–

"ပါမှာပါ ဆရာမရယ်၊ ဘာရောင်တွေလဲတော့ ဆရာမကြည့်ပါ၊ ကျွန်တော် မသိဘူး၊ အသားတွေကတော့ တကယ်ကောင်းတာပါ၊ ကျုပ်ယူခဲ့တာ ဆယ်အိတ်ပဲ၊ အရောင်စုံလို့တော့ ပြောပါတယ်၊ ဆရာမ ရွေးပါ"

http://www.cherrythitsar.org



အဘဇံက မျက်စိမမြင်ရဘူး ဆရာမရဲ့"

ဆိုတော့ ကျွန်မ တအံ့တသြနှင့် အဘဇံကို မော့ကြည့်မိသည်။ အဘဇံကတော့ သူ့လွယ်အိတ်ရောင်းရရေးကိုသာ မျှော်လင့်နေဟန် ရှိသည်။

"ဆရာမ ကြိုက်တာ ရွေးပါဗျာ၊ လိုတဲ့အရောင်မပါရင်လည်း ကျုပ်ထပ်ယူပေးပါ့မယ်၊ ကျုပ်မှာ ဆရာမကို ရောင်းချင်လွန်းလို့ အစောကြီးကတည်းက ဒီကလေးတွေနဲ့ ဆရာမ လမ်းလျှောက်ထွက်မယ့်အချိန်ကို လာစောင့်နေရတာ"

"ဟုတ်တယ် ဆရာမရဲ့၊ ကျွန်တော်တို့က ညကတည်းက အဘဇံဆီသွားပြီး လွယ်အိတ်တွေ အဆင်သင့်လုပ်ထားဖို့ သွားပြောပြီး အခုမနက် သွားခေါ်လာတာ၊ ဝယ်လိုက်ပါနော် ဆရာမ၊ အဘဇံက မျက်စိလည်း မမြင်ဘူး၊ သနားပါတယ်"

အဘဇံကိုကြည့်ကာ သနားနေရင်းက ကျွန်မမှာ အဘဇံအပေါ်ထားသော ကလေးတွေ၏ သံယောဇဉ်၊ ညာတာစိတ်၊ အကြင်နာမေတ္တာများကိုလည်း ပီတိပွားကာ ကြည်နူးသွားမိသည်။

"ဝယ်မှာပါ ကလေးရဲ့၊ အဘဇံဆီကပဲ ဝယ်မှာပါ၊ ဒါပေမဲ့ ဆရာမက ရက်ကန်းစင်တွေကိုလည်း သက်သက်သွားကြည့်ချင်သေးတာနော်၊ နောက်နေ့ကျရင် လိုက်ပြဦး"

"ပြမှာပေါ့ ဆရာမရဲ့၊ ကျွန်တော်တို့ဘက်မှာ ရက်ကန်းစင်တွေမှ အများကြီး၊ ဆရာမ အဲဒီကျရင် မယုံရင် ကြည့်၊ အဘဇံဆီက လွယ်အိတ်နဲ့ အဲဒီက လွယ်အိတ် ဈေးချင်းအတူတူပဲ"

"ဟုတ်ပါပြီလေ၊ ဝယ်ပါ့မယ်ဆိုမှကွာ"

http://www.cherrythitsar.org



ကျွန်မ ရယ်ရယ်မောမောနှင့် အဘဖံဆီမှ လွယ်အိတ်နီညို ရောင်နှစ်လုံးနှင့် မီးခိုးရောင်တစ်လုံးကို မောင်လေးများအတွက် ဝယ်ခဲ့သည်။ လွယ်အိတ်များ ရွေးချယ်ဝယ်ယူသည်တွင်တော့ ပိုက်ဆံများကို တရိုတသေသိမ်းနေသော အဘဖံကိုကြည့်ကာ–

"အဘဖံ အသက်ဘယ်လောက် ရှိပြီလဲ၊ သားသမီးတွေရော မရှိဘူးလား"

ဟု မေးကြည့်မိတော့ ရှိရင်းစွဲအသက်ထက် ဆယ်နှစ်မျှ အိုစာနေပုံရသည့် အဘဖံ၏မျက်နှာသည် ညှိုးရီသွားပြီး–

"ကျုပ် အသက်က ခုဝါခေါင်လဆန်းမှ ခြောက်ဆယ် ပြည့်မှာ၊ ကျုပ်က အသက်ကြီးမှ အိမ်ထောင်ကျတာ ဆရာမရဲ့၊ သားသမီးလည်း ရှိတာပေါ့၊ သမီးလေးနှစ်ယောက်ရှိတယ်၊ အမြွှာမွေးပေါ့၊ ကျုပ်ဘဝ ဒီသမီးလေးနှစ်ယောက်ကြောင့် အသက်ရှင်နေရတာ"

"အဘဖံ ဇနီးရော"

"သူက အဲဒီသမီးအမြွှာလေးတွေ ခုနစ်နှစ်အရွယ်မှာ မီးယပ်ကိုင်ပြီး ဆုံးသွားတယ်၊ ကျုပ်မှာလည်း အခု ကိုယ့်အသက်ကိုယ် ရှင်အောင်မွေးပြီး သမီးတို့ကို မျှော်နေရတာ ဆရာမရဲ့၊ လောကကြီးထဲမှာ သွေးသားအရင်းအချာဆိုလို့ ကျုပ်တို့သားအဖသုံးယောက်ပဲ ကျန်တော့တာ"

"မမစိုးနဲ့ မမမိုးက ဟိုးအဝေးကြီးမှာ အလုပ်သွားလုပ်နေကြတာ ဆရာမရဲ့၊ ကြာလှပြီ"

ကလေးသဘာဝအတိုင်း သတင်းဦးပေးချင်ဇောနှင့် တစ်ယောက်က အပြေးအလွှား ဝင်ပြောသည်။

http://www.cherrythitsar.org



"ဟုတ်လား၊ ဘယ်မှာသွားလုပ်တာလဲ"

ဆိုတော့ ကလေးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဆွံ့နေကြသည်။ အတန်ကြာမှ–

"အဘဖံ ပြောလိုက်လေဗျာ"

ဟု ဆိုကာ ကျန်လွယ်အိတ်များကို အဘဖံ၏ ကြွပ်ကြွပ်အိတ်ထဲသို့ သေသေသပ်သပ်ခေါက်ထည့်ကာ စည်းနှောင်ပေးနေကြသည်။ ကျွန်မက အဘဖံဘက်သို့ လှည့်ပြီး–

"အဘဖံ သမီးတွေက ဘယ်မှာအလုပ်သွားလုပ်ကြတာလဲ၊ ရန်ကုန်မှာလား"

ဟု ဒုတိယအကြိမ် ထပ်မေးဖြစ်တော့မှ အဘဖံက–

"ရန်ကုန် မဟုတ်ပါဘူး ဆရာမရယ်၊ ဟို အိန္ဒိယနယ်ထဲလို့ ပြောတာပါပဲ၊ မီဇိုဆိုလား ဘာလားပဲ၊ အဲဒီမှာ ရက်ကန်းခတ်တဲ့အလုပ်က ဝင်ငွေကောင်းလို့ဆိုပြီး အဖော်တွေနဲ့ လိုက်သွားတာပါ၊ အစတုန်းက အဲဒီလောက် ဝေးမှန်းမသိပါဘူးဗျာ၊ သိရင်လည်း ကျုပ်မလွှတ်ပါဘူး ဆရာမရယ်၊ ကျုပ်သမီးလေးတွေက သိပ်လှတာ ဆရာမရဲ့၊ လိမ်လည်း လိမ္မာတယ်၊ ဖအေကိုလည်း သိပ်ချစ်တာ၊ ခများများမှာ သွားသာသွားရတာ၊ ကျုပ်ကို သိပ်စိတ်ချတာ မဟုတ်ဘူး၊ ဟိုမှာအလုပ်လုပ်ရင်း ကျုပ်ကိုလွမ်းလို့ ငိုသတဲ့"

သမီးတွေအကြောင်းပြောရင်း အဘဖံ မျက်ဝန်းမှာ အနည်းငယ် စိုစွတ်လာသယောင်ရှိသည်။

"အဘဖံသမီးတွေက အဘဖံကို အမှန်အတိုင်း မပြောသွားဘူးလား၊ အရင်တုန်းကရော သူတို့က ဒီမှာ ဘာလုပ်လဲ၊ အဲဒီ

http://www.cherrythitsar.org



အရပ်က ဘယ်သူတွေနဲ့ သွားတာလဲ”

ဒီလို ဆရာမရဲ့၊ အစကပြောရရင် ကျုပ်က အညာကုန်သည်၊ သူတို့အမေက ဟောဟို ရတနာ့ဂူသွားတဲ့လမ်းက ရက်ကန်းတော်ရွာမှာ အဒေါ်များနဲ့နေပြီး ရက်ကန်းခတ်တယ်၊ ကျုပ်တို့နှစ်ယောက် အိမ်ထောင်ကျတော့ ဟောသည်အရပ်မှာ အခြေချပြီး ကိုယ်ပိုင်ရက်ကန်းစင်ကလေးနဲ့ နေကြတာ ချောင်လည်ပါတယ်။ အဲဒီသမီးအမြွှာလေးတွေ မွေးပြီး ခုနစ်နှစ်အကြာမှာ သူတို့အမေဆုံးတော့ လူမမယ်ကလေးနှစ်ယောက်နဲ့ ကျုပ် ရက်ကန်းခတ်လိုက်၊ ကုန်ရောင်းထွက်လိုက်နဲ့ နေလာရတာ၊ သမီးတွေကလည်း တော်တယ်၊ ပတ်ဝန်းကျင်နဲ့လည်း တည့်တယ်၊ အပျိုပေါက်ကလေးတွေဖြစ်လာတော့ သူတို့လည်း အလိုလို ရက်ကန်းစင်ပေါ် ရောက်တာပဲပေါ့၊ ကျောင်းလည်း တစ်ဖက်က တက်ပါတယ်၊ ဒါပေမဲ့ နောက်တော့ နှစ်ယောက်စလုံး ရှစ်တန်းနဲ့ထွက်ပြီး ရက်ကန်းပဲ ရက်ကြတော့တယ်၊ ကျုပ်ခရီးသွားရင်း ကားမှောက်တဲ့ထဲ ပါသွားရာက လူက ဘာမှ မကျိုးမပဲ့ဘဲ အာရုံကြော ထိခိုက်တာတဲ့၊ မျက်စိက တဖြည်းဖြည်း မှုန်လာရာက ကွယ်သွားတဲ့အထိ ဖြစ်သွားလို့ သူတို့လေးတွေ ကျောင်းထွက်လိုက်ရတဲ့အခြေအနေ ဖြစ်သွားတာပေါ့ ဆရာမရယ်”

“အဘက ဖြစ်ဖြစ်ချင်း မကုဘူးလား”

“ဘယ်နေလိမ့်မလဲ ဆရာမရယ်၊ ကုတာပေါ့၊ ချက်ချင်းကြီးကွယ်သွားတာ မဟုတ်ပါဘူး၊ ကြားထဲ တစ်နှစ်လောက်ကြာတယ်၊ တဖြည်းဖြည်း ကုနေရင်းနဲ့ကို ကွယ်သွားတာ၊ ကျုပ်စိတ်တွေစောပြီး ဟိုဆရာပြောင်းလိုက်၊ ဒီဆရာပြောင်းလိုက် နည်းနည်းသက်သာတယ်

http://www.cherrythitsar.org



လို့ထင်ပြီး ဆေးရပ်လိုက်၊ ငွေကြေပ်လို့ဆိုပြီး သောက်ဆေးခဏဖြတ်ထားလိုက်နဲ့ လုပ်တာတွေလည်း ပါမှာပေါ့ဗျာ၊ အဲသည် တစ်နှစ်လောက်အတွင်းမှာ ရက်ကန်းစင်လည်း ရောင်းလိုက်ရပြီး သမီးတွေသူများစင်မှာ အငှားခတ်ရတဲ့အထိ ဖြစ်သွားတယ်၊ နဂိုသူ့အမေမမာကတည်းက ကျုပ်တို့မှာ အတွင်းပစ္စည်းက ကုန်နေတာ၊ သမီးနှစ်ယောက်နားက နားကပ်သေးသေးလေးတစ်ရန်စီပဲ ကျန်တာဗျ၊ ဒါနဲ့ ကျုပ်ကလည်း မျက်စိကွယ်၊ ဆေးဖိုးက တစ်ဖက်၊ စားစရိတ်ကတစ်ဖက်နဲ့ ရက်ကန်းပိုင်မရှိတဲ့လူတွေ သိပ်မချောင်လည်ကြတော့အဲဒီနယ်စပ်ကိုသွားပြီး ရက်ကန်းအငှားသွားခတ်ကြတဲ့ဆီကို ကျုပ်သမီးတွေက အားကျပြီး အဖော်ကောင်းတာနဲ့ ကျုပ်ကို ပူဆာတော့တာပဲ၊ သွားခါနီးတုန်းက ကျုပ်ကို အဝေးကြီးလို့ ပြောမသွားဘူးဗျ"

"ဒါနဲ့ပဲ အဘဖ့က ထည့်လိုက်ရောလား"

"ပထမတစ်ခါတုန်းက မထည့်ဘူးဗျ၊ နောက်တစ်ခါကျတော့ ကျုပ်တို့အရပ်က မတင်မှီဆိုတာ ပါတယ်၊ သိပ်စိတ်ချရတာ၊ မတင်မှီပါလို့ကတော့ ကျုပ်က ဘယ်ဖြစ်ဖြစ် စိတ်ချတယ်၊ သမီးတွေကလည်း အမှန်မှာ သွားချင်လွန်းလို့ မဟုတ်ဘူး၊ ဒီမှာ တစ်နေ့နှစ်ရာလောက်ရအောင် ဖျစ်ဖျစ်မြည်အောင် လုပ်ရတဲ့အချိန်။ ဟိုမှာစားပြီးသောက်ပြီး စရိတ်ငြိမ်း တစ်နေ့နှစ်ထောင်လောက်စီ ရတယ်ဆိုတော့ ရက်ကန်းအပိုင်ကလေးပြန်ရအောင် တစ်နှစ်၊ တစ်နှစ်ခွဲလောက် သွားခတ်ပြီး ငွေစုခဲ့မယ်ဆိုပြီး ကျုပ်ကို အဖန်ဖန်ခွင့်တောင်းလို့ လွှတ်လိုက်ရတာ၊ သူတို့က သားအဖသုံးယောက် အိုးမကွာအိမ်မကွာနဲ့ စိတ်ချမ်းချမ်းသာသာ ချောင်ချောင်လည်လည်နေဖို့ ရည်ရွယ်

http://www.cherrythitsar.org



ချက်နဲ့ဆိုတော့ ကျုပ်လည်း လိုက်လျောလိုက်ရတာပေါ့ဗျာ”

“အဘဇံဆီ သူတို့စာရေးသလား၊ ပိုက်ဆံရော ပို့လား”

“ပို့တာပေါ့ဗျာ၊ နောက်တော့ ကျုပ်က မပို့နဲ့၊ သမီးတို့ ပိုက်ဆံ အဖေဘာမှ မသုံးဘူး၊ စုထားတာ၊ သမီးတို့လည်း စုထားပြီး ပြန်မှပဲ တစ်ပါတည်းယူလာခဲ့တော့၊ စာတော့ မှန်မှန်ရေးလို့ မှာထားလိုက်တယ်၊ ဒါတောင် ကျုပ်ကြိုက်တဲ့ မလိုင်လုံးတွေတော့ ဝယ်ဝယ်ပို့တယ်ဗျ၊ စာလည်း ရေးတယ်၊ စာရေးတဲ့အခါတိုင်း ကျုပ်ကို ‘အဖေ စိတ်ချမ်းသာအောင်နေပါ၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ အဖေကြိုက်တဲ့ မလိုင်လုံးတွေ ဝယ်ထည့်ပေးလိုက်တယ်၊ သမီးတို့ ငွေစုနေကြတယ်၊ ရက်ကန်းစင်ထောင်နိုင်တာနဲ့ အဖေ့ဆီ ပြေးလာခဲ့မယ်၊ အဖေချစ်တဲ့ သမီး စိုးစိုးနဲ့ မိုးမိုး’လို့ အမြဲရေးတယ်၊ သူတို့စာကို ကျုပ်အလွတ်တောင် ရနေပြီ။ သူတို့ကို အပ်လွှတ်လိုက်တဲ့ မတင်မှီက တစ်နှစ်ကို သုံးလေးခေါက်လောက် ပြန်ပြန်လာတယ်။ သူက ဒီမှာ အိမ်ထောင်နဲ့ ကလေးတွေလည်းရှိတော့ အရောင်းအဝယ် ကုန်လေးတွေနဲ့ ပြန်ပြန်လာတတ်တယ်၊ သည်အတိုင်းဆိုရင် လမ်းစရိတ်ကတင် မနည်းဘူး၊ မတင်မှီပြန်လာတိုင်း သမီးတွေဆီက မုန့်နဲ့စာ ပါပါလာတတ်တယ်၊ အခု တစ်ရက် နှစ်ရက်အတွင်း မတင်မှီပြန်လာဦးမယ်လို့ သူ့အိမ်က လာပြောတယ် ဆရာမရဲ့၊ သမီးတွေကလည်း ပါချင်ပါလာတော့မှာ၊ မတင်မှီ နောက်ဆုံးအခေါက်လာတုန်းက ကျုပ်မှာလိုက်တယ်၊ သမီးတို့ ပိုက်ဆံမပြည့်ရင်နေပါစေ၊ အဖေ လွမ်းလှပြီ ပြန်ခဲ့ကြတော့လို့”

* * *

http://www.cherrythitsar.org



ကျွန်မ မနက်ဖြန် ရန်ကုန်ပြန်မည်မို့ ကျွန်မမိတ်ဆွေကလေးများနှင့် ညနေဘက် မယ်ဇယ်ပင်တန်းကို လမ်းလျှောက်ထွက်ရင်း အဘဇံကို နှုတ်ဆက်ရန် ရက်ကန်းစင်များရှိရာအရပ်သို့ လျှောက်လာခဲ့ကြသည်။ လွယ်အိတ်ဝယ်ပြီးသည့်နောက်ပိုင်း အဘဇံနှင့် တစ်ခေါက်ထပ်တွေ့စဉ်က အဘဇံပြောခဲ့သည့် စကားတချို့ကို လမ်းတွင် တွေးလာမိသည်။

"သမီးတွေ ပို့လိုက်တဲ့ ပိုက်ဆံနဲ့ ကျုပ် တစ်ခုခုဝယ်စားရမှာ သိပ်ကြောက်တာ ဆရာမရဲ့၊ ကျုပ် မစားရက်ဘူး၊ သူတို့ဆန္ဒလေးတွေ မြန်မြန်ပြည့်ပါစေဆိုပြီး သိမ်းထားရတာ၊ ကျုပ်တစ်ဝမ်းတစ်ခါးအတွက် ကော်မရှင်စားနဲ့ ရက်ကန်းက လွယ်အိတ်ကလေးတွေ၊ ပုဆိုးလေးတွေ ယူယူပြီး တောင်သမန်မှာ ဈေးကျတဲ့အချိန် ဒီကလေးတွေ အကူအညီနဲ့ လိုက်လိုက်ပြီး ရောင်းရတာ၊ ထမင်းတစ်ဝမ်းကတော့ ဝပါတယ်ဗျာ၊ ဒါကြောင့် သမီးတွေကို ကျုပ် အမြန်ပြန်လာစေချင်တာ၊ လွမ်းတဲ့ဒဏ်ကို ကျုပ် မခံနိုင်ဘူးဗျ"

"ဆရာမ အဘဇံနေတာ ဒီအိမ်ကလေးပေါ့"

ကျွန်မ အတွေးမဆုံးခင် ခပ်ကုတ်ကုတ်မြေစိုက်အိမ်လေး တစ်လုံးရှေ့ ရောက်လာခိုက် ကလေးတစ်ယောက်က ကျွန်မလက်ကို ဆွဲပြီး ရပ်တန့်လိုက်တယ်။ ကျန်တစ်ယောက်က တဲထဲသို့ လှမ်းပြီး–

"အဘဇံ၊ ဗျို့... အဘဇံ၊ ဆရာမလာတယ်ဗျ၊ ဟာ... ဒေါ်တင်မိ ပြန်လာပြီ၊ မမစိုးစိုးတို့ ပါလာပြီလား"

ဟု လှမ်းအော်လိုက်၍ ကျွန်မ အတွင်းသို့ ကြည့်လိုက်ရာ

ရွှေမိုးပြည့်စုံစာပေ

http://www.cherrythitsar.org



တဲအတွင်းမှ ကွပ်ပျစ်ပေါ်တွင် အဘဖံနှင့် အမျိုးသမီးတစ်ယောက် ထိုင်နေကြသည်ကို မြင်လိုက်သည့်ခဏ၊ အမျိုးသမီး၏မျက်နှာကို ကျွန်မ လျှပ်တပြက် အကဲခတ်မိစဉ် ရင်ထဲ၌ စိုးရိမ်ပူပန်စိတ်တစ်ခု လှုပ်ခတ်သွားသလို ရှိသည်။

"ဆရာမလား၊ လာပါ ဆရာမ၊ ထိုင်ပါ၊ အိမ်ကကျဉ်းတော့ အားနာတယ်"

"ရပါတယ် အဘဖံရယ်၊ ကျွန်မ မနက်ဖြန် ပြန်မှာမို့အဘဖံ ကို လာနှုတ်ဆက်တာပါ၊ အဘဖံစားဖို့ ဟောသည်မှာ ကျွန်မကန် တော့ခဲ့တာပါ"

ဆိုပြီး ပါလာသော စားသောက်ဖွယ်ရာများကို ပေးတော့ အဘဖံက–

"ဒုက္ခရှာလို့ ဆရာမရယ်၊ ဟောသည်မှာ သမီးတွေကလည်း မလိုင်လုံးတွေနဲ့ စာနဲ့ပေးလိုက်တယ်၊ နောက်အခေါက်မှ လိုက်ပြန် လာခဲ့မယ်တဲ့ဗျာ၊ ခက်တဲ့ကလေးတွေပဲ"

"အဘဖံ သမီးတွေကို အဘဖံပြောတာနဲ့ပဲ ကျွန်မ စိတ်ဝင် စားနေပြီ၊ သိပ်ချစ်စရာကောင်းမှာပဲ၊ နောက်တစ်ခါ ကျွန်မ တောင် သမန်လာရင် တွေ့ရမှာပေါ့နော်"

"သေချာတာပေါ့ ဆရာမရယ်...၊ ဩော် ဆရာမ တင်မှီ ဆိုတာ သူပေါ့ဗျ၊ သမီးတွေကို သူ့ပဲ အပ်ထားရတာဗျ"

ဟု အဘဖံက ပြောတော့ မတင်မှီဆိုသူ အမျိုးသမီး၏ မျက်နှာက ဟန်မဆောင်နိုင်လောက်အောင် ပျက်သွားသည်။ သူမ ၏ တဖျပ်ဖျပ်ခတ်နေသော မျက်တောင်ဖျားများတွင် စိုစွတ်နေသော

http://www.cherrythitsar.org



မျက်ရည်စများကိုလည်း ကျွန်မ အတိုင်းသာ မြင်နေရသည်။ အဘဖဲ ကတော့ စာရွက်ကလေးနှင့် မလိုင်လုံးထုပ်ကလေးကို တယုတယ ပွတ်သပ်နေရင်းက…

“မတင်မှီရေ၊ နင့်ညီမတွေ အလုပ်လုပ်တဲ့နေရာက ဘယ်နေရာ…၊ ဆရာမကို ပြောပြလိုက်စမ်းပါဟာ၊ ပြီးတော့ နင်တို့ရဲ့ အလုပ်အကိုင်အကြောင်းတွေ ငါက သေသေချာချာ ပြောမပြတတ်ဘူးဟ”

“ဒါဆိုရင် အေးအေးဆေးဆေး စကားပြောရအောင် မတင်မှီနဲ့ ကျွန်မ ဦးပိန်တံတားပေါ် သွားရအောင်လား၊ မတင်မှီလည်း ကိုယ့်ဒေသပြန်ရောက်ခိုက် လန်းလန်းဆန်းဆန်း ဖြစ်သွားအောင် ကျွန်မလည်း မနက်ဖြန် ပြန်တော့မှာမို့ တောင်သမန်ရဲ့ အရသာကို ပြည့်ပြည့်ဝဝ ခံစားသွားချင်သေးတယ်၊ အဲဒီကျမှ စကားပြောရရင် မကောင်းဘူးလား”

ဆိုတော့ အဘဖဲကပါ ထောက်ခံသည်။

“ကောင်းတယ် ဆရာမတို့ အဲဒီသွားကြ၊ ကျုပ်တော့ မလိုက်တော့ဘူး၊ ဟိုချာတိတ်တွေလည်း နေခဲ့ဦးနော်၊ မင်းတို့မမတွေ ပေးလိုက်တဲ့ မလိုင်လုံးတွေ စားသွားကြဦး၊ ဪ ဆရာမလည်း စားသွားဦးလေ၊ ကျုပ်မေ့ပြီး ဧည့်တောင် မခံမိဘူး”

“နေပါစေ အဘဖဲရယ်၊ မစားတော့ပါဘူး၊ အဘဖဲတို့ မြေး အဘိုးတွေပဲ စားကြပါ”

အဘဖဲကို နှုတ်ဆက်ပြီး ကျွန်မ မတင်မှီကိုခေါ်၍ တံတားဘက် ထွက်ခဲ့သည်။ ကျွန်မနောက်မှ အရုပ်တစ်ရုပ်လို ငြိမ်သက်စွာ

http://www.cherrythitsar.org



လိုက်ပါလာသော မတင်မှီ၏ထံတွင် ဝမ်းနည်းကြေကွဲမှုတွေပါ ရော ယှက်ပူးတွဲလာကြောင်း မကြာမီအချိန်အတွင်းမှာပဲ ကျွန်မ သိလိုက် ရတော့သည်။

"မတင်မှီကို မမြင်ဖူးခင်ကတည်းက အဘဇဲပြောလို့ ကျွန်မ သိနှင့်နေတာပါ၊ ဒါပေမဲ့ အခုမြင်လိုက်ရတော့ အဘဇဲရယ် မတင်မှီ ရယ် ကလေးတွေရယ် ကြားထဲမှာ တစ်ခုခုတော့ စိတ်မကောင်းစရာ ရှိနေပြီလို့ ကျွန်မ တွေးလိုက်မိတယ်၊ ကျွန်မကို ယုံယုံကြည်ကြည်နဲ့ ပွင့်ပွင့်လင်းလင်းပြောပြပါလား မတင်မှီရယ်၊ အဘဇဲရဲ့ သမီးလေး တွေ အခြေအနေက ဘယ်လိုလဲဟင်၊ သူတို့က ဘာလုပ်ကြတာလဲ ရိုးရိုးသားသားအလုပ်ရော ဟုတ်ရဲ့လား၊ ကျွန်မ စိတ်ပူလို့ မေးကြည့် တာပါနော်၊ စပ်စုတယ် မထင်ပါနဲ့"

"ရပါတယ် ဆရာမရယ်၊ ကျွန်မလည်း ဆရာမရှေ့မှာ ဘယ် လိုမှ ဟန်ဆောင်မနေနိုင်တော့ဘူး၊ သူတို့သားအဖတွေကို ကြည့် ရတာ ကျွန်မ ရင်နာလိုက်တာ ဆရာမရယ်..."

ဟု ပြောကာ မတင်မှီ မျက်ရည်သုတ်သည်။

"ဘာဖြစ်လို့လဲ မတင်မှီရယ်၊ ပြောပါဦး"

"စိုးစိုးရော မိုးမိုးပါ မရှိတော့ဘူး ဆရာမရဲ့၊ နှစ်ယောက် လုံး ဆုံးသွားပြီ"

"ရှင်..."

"ကျွန်မ အရင်တစ်ခေါက်ပြန်လာကတည်းက စိုးစိုး မရှိ တော့တာ၊ အခု မိုးမိုးပါ ဆုံးသွားပြီ ဆရာမရဲ့၊ ကျွန်မ အဘဇဲကို ဘယ်လိုပြောရမှာလဲ၊ ပြောလို့လည်း ဘယ်ဖြစ်ဦးမှာလဲ ဆရာမရဲ့၊

http://www.cherrythitsar.org



အဘဖ် တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"စောစောက ပြောတော့ သူတို့ စာရေးပေးလိုက်တယ်ဆို၊ ဘယ်လိုဖြစ်လို့ ဆုံးရတာလဲ"

"အဲဒီမုန့်တွေ၊ စာတွေက သူတို့ညီအစ်မပေးသလိုနဲ့ ကျွန်မတို့ လုပ်ဖော်ကိုင်ဖက်တွေ တိုင်ပင်ပြီး လုပ်ကြတာပါ၊ သူတို့ညီအစ်မ အဖြစ်ကိုက ဆိုးပါတယ် ဆရာမရယ်"

"မတင်မှီပဲ တာဝန်ယူပြီး ခေါ်သွားတာဆို၊ ဘယ်လိုဖြစ်ကြတာလဲ၊ ရက်ကန်းခတ်တယ်ဆိုတာရော အမှန်ပဲလား"

"အမှန်ပါပဲ ဆရာမရယ်၊ တကယ် ရက်ကန်းခတ်ကြတာပါ၊ ကျွန်မ သွားလုပ်ပြီး ခြောက်လလောက်ကြာမှ သူတို့ကို လာခေါ်တာ၊ ပိုက်ဆံကလည်း တကယ်ရလို့ ကျွန်မကလည်း စေတနာနဲ့ သူတို့ကလည်း ရက်ကန်းထောင်ချင်တဲ့ရည်ရွယ်ချက်နဲ့ လိုက်ခဲ့တာပါ၊ ဟိုကျတော့ အလုပ်က တစ်နေရာစီမှာပဲ ရတယ်၊ သိပ်တော့ မဝေးပါဘူး၊ သွားတွေ့လို့ရတယ်"

"အဲဒါ ဘယ်နေရာလဲ"

"အိန္ဒိယ မြန်မာနယ်စပ်ပေါ့၊ မီဇိုနယ်လို့ ခေါ်ပါတယ်"

"အဲဒီမှာနေလို့ ရသလား"

"အလုပ်ရှင်က တာဝန်ယူထားရင် ဒါမှမဟုတ် အုပ်ချုပ်ရေးက လူတွေနဲ့ နားလည်မှုရရင် နေလို့ရပါတယ်၊ ကျွန်မတို့တွေ အဲဒီမှာ တကယ်ရိုးရိုးသားသား လုပ်စားနေကြတာပါ ဆရာမရယ်၊ ငွေများများစုမိရင် ကိုယ့်နေရာ ကိုယ်ပြန်လာပြီး မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေကြဖို့ စိတ်ကူးယဉ်နေကြတဲ့လူတွေချည်းပါပဲ"

http://www.cherrythitsar.org



"စိုးစိုးတို့ညီအစ်မက ဘယ်လိုဖြစ်တာလဲ"

"အစက ကျွန်မလည်း မသိပါဘူး၊ ကျွန်မက မိုးမိုးနဲ့တစ်နေရာတည်း လုပ်တာမို့ မိုးမိုးနေမကောင်းခဏခဏ ဖြစ်ပြီး အလုပ်ပျက်ရက်တွေ များလာတာရယ်၊ တဖြည်းဖြည်း ပိန်လှီပြီး ပုံသဏ္ဍာန်ပျက်လာတာရယ်ကြောင့် ကျွန်မတို့ မိုးမိုးကို ဆေးကုကြတော့မိုးမိုးမှာ ဟိုရောဂါဖြစ်နေတာလို့ ဆရာဝန်က ပြောတယ်၊ အဲဒီအရပ်မှာက **AIDS** သိပ်ပေါတာ ဆရာမရဲ့၊ ကျွန်မတို့တွေက စည်းနဲ့ကမ်းနဲ့စုစုစည်းစည်းနေကြတာပါ၊ ဘာကြောင့် မိုးမိုးအဲသည်လိုဖြစ်ရတာပါလိမ့်လို့ အားလုံး ရင်ထုမနာ ဖြစ်ကြရတယ်၊ ဒါနဲ့ မိုးမိုးကို ချော့မော့မေးတော့ မိုးမိုးက အစတုန်းက ရှက်လို့ မပြောဘူး၊ နောက်မှ အဲဒီဒေသရဲ့ အုပ်ချုပ်ရေးပိုင်းကလူတစ်ယောက်က သူတို့ညီအစ်မရဲ့ နေထိုင်ခွင့်ကို ခြိမ်းခြောက်ပြီး စော်ကားသတဲ့၊ တစ်ကြိမ်နှစ်ကြိမ်လောက်ပဲအဲသည်လူနဲ့ တွေ့လိုက်တာမို့ ကျွန်မတို့လည်း မသိလိုက်ဘူး၊မိုးမိုးကလည်း မပြောဘူး၊ ရောဂါရင့်မှ ပြောတော့ အဲသည်လူတောင်သေသွားပြီ၊ မိုးမိုးက သူ့ရောဂါကို သူ့အစ်မစိုးစိုးကိုပြောမပြနဲ့၊အစ်မမတင်မီ စိုးစိုးဆီသွားပြီး အိမ်ကိုအမြန်ပြန်လွှတ်ပြီး အဖေနဲ့ ပြန်နေခိုင်းပါ၊ သူ့ကိုတော့ ဒီမှာပဲ ထားခဲ့ပါဆိုပြီး ကျွန်မကို စိုးစိုးဆီလွှတ်တယ်၊ စိုးစိုးကို အဖေနဲ့ ဆက်ဆက်ပြန်နေပါ၊ အဖေ့ကို စိတ်မချဘူးလို့လည်း အထပ်ထပ်မှာတယ်၊ ကျွန်မက စိုးစိုးဆီရောက်တော့စိုးစိုးက သူ့ထက် ပိုဆိုးနေတယ်၊ ပါးစပ်တစ်ခုလုံးလည်း အနာတွေပြည့်လို့၊ ကျွန်မတို့လည်း ကိုယ်အလုပ်နဲ့ကိုယ်မို့ အကြောင်းမရှိဘဲ သူ့ဆီမရောက်ဖြစ်ကြဘူး၊ ကျွန်မက စိုးစိုး ဘာဖြစ်တာလဲဆိုတော့ သူက

http://www.cherrythitsar.org



စကားတောင် သွက်သွက် မပြောနိုင်ရှာဘူး၊ ‘မသိပါဘူး အစ်မရယ်၊ ဗိုက်မှာ ရေယုန်တွေ ပေါက်တာ အများကြီးပဲ၊ ထဘီတောင် တင်း တင်း ဝတ်လို့မရဘူး၊ အလုပ်ပျက်တာလည်း ကြာပြီ၊ ရေယုန်ပျောက် တဲ့ဆေးဆိုလို့ သောက်လိုက်တာ ဗိုက်မှာတော့ နည်းနည်းချပ်သွား ပါရဲ့၊ ပါးစပ်တွေထဲ လျှောက်ပေါက်နေတာ အစ်မမြင်တဲ့အတိုင်းပဲ၊ မိုးမိုးကို သွားမပြောပါနဲ့နော်၊ ကျွန်မဆီလာလို့ အလုပ်ပျက်ရင်ပိုက်ဆံ တော်တော်နဲ့ မပြည့်ဘဲနေလိမ့်မယ်’တဲ့”

“တိုတိုပြောရရင်တော့ ဆရာမရယ်၊ သူလည်း မိုးမိုးလို ဖြစ်နေတာပဲ၊ မခံချင်စရာကောင်းတာက သူတို့ညီအစ်မကို စော်ကား တဲ့တရားခံက တစ်ယောက်တည်းပဲ၊ အဲဒီလိုတော့လည်း ခုမှ ဘာလုပ် လို့ရတော့မှာလဲ၊ ကျွန်မတို့မှာ ရင်ထုမနာဖြစ်ရုံကလွဲလို့ ဘာမှမတတ် နိုင်တော့ဘူး၊ သူတို့ညီအစ်မကို အတူထား၊ ရတဲ့လုပ်အားခတွေထဲ က တတ်နိုင်သလောက် ဝိုင်းစု ဆေးကုပေးပြီး အဘဓိကိုတော့သူ တို့ ရေးနေကျစာအတိုင်းရေး၊ သူတို့ပေးနေကျ မုန့်အတိုင်း ဝယ်ပေး နေခဲ့တာ အခုထိပေါ့၊ ကျွန်မ အမှန်အတိုင်း ဘယ်လိုပြောရက်ဦး မှာလဲ ဆရာမရယ်”

ကျွန်မ ရင်ထဲ မတင်မီနှင့်အတူ ဆို့နင့်သွားသည်။

“အဲဒီကိစ္စကို မတင်မီတို့ ဘယ်လိုမှ မတုံ့ပြန်ကြဘူးလား၊ ဒီအတိုင်းပဲ ခံနေကြရသလား”

“မခံလို့လည်း ဘာမှ လုပ်မရဘူး အစ်မရယ်၊ ကိုယ့်မြေ ကိုယ့်ရေမှ မဟုတ်ဘဲ၊ တရားခံကလည်း သေပြီ၊ ရှိနေသေးရင်တောင် သူတို့မြို့ သူတို့ရွာမှာ သူတို့လက်ခုပ်ထဲကရေပဲ၊ အဲဒီကိစ္စကို မခံနိုင်

http://www.cherrythitsar.org

လို့ တိုင်ဟယ်တောဟယ်ဆို အခြားလူတွေပါ ဒုက္ခရောက်ကုန်တော့မှာ၊ ဒီတော့ ကြိတ်ခံပြီး ကိုယ့်နိုင်ငံ ကိုယ်ပြန်လာဖို့ လုံးပန်းကြရတော့တာပေါ့၊ မိုးမိုးတို့ညီအစ်မက အသက်လေးတွေကလည်း ငယ်၊ ရုပ်လေးတွေကလည်း လှတော့ ကျွန်မတို့ ဘယ်လိုစောင့်ရှောက်စောင့်ရှောက် အလစ်တော့ ခံရသေးတာပဲ၊ အားလုံးက သူတို့အတွက် ယူကျုံးမရစိတ်နဲ့ အဘဖံကို မသေမချင်း ကြည့်ရှုစောင့်ရှောက်ကြဖို့ သန္နိဋ္ဌာန် ချထားကြပါတယ်"

"မတင်မှိတို့နေတဲ့ နေရာမှာ ယောက်ျားတွေရော ရှိသလား"

"ရှိတာပေါ့ ဆရာမရယ်၊ ဒါပေမဲ့ ကိုယ့်အလုပ်ထဲ ကိုယ်နစ်နေကြတဲ့လူချည်းပဲ၊ အရေးရှိလို့ကတော့ မောင်နှမအရင်းထက် ပိုသံယောဇဉ်ကြီးကြ စောင့်ရှောက်ကြတယ်၊ သူများအရပ်မှာမို့ ကိုယ့်လူမျိုးချင်း ပိုချစ်ကြတယ်"

"ဘယ်လိုပဲ ချစ်ချစ် သူများနိုင်ငံဆိုတော့ အနေတော့ ကျုံ့မှာပဲနော်"

"ကျုံ့ပြီလား ဆရာမရယ်၊ ကျွန်မတို့ထဲက လူတွေသေရင် သင်္ဂြိုဟ်စရာနေရာ မရှိဘူး၊ သူတို့သချိုင်းမှာ သူတို့ဘာသာ ဓလေ့အတိုင်း သင်္ဂြိုဟ်မှ ခွင့်ပြုတာ၊ စိုးစိုးတို့ မိုးမိုးတို့ကိုလည်း သည်လိုပဲ သင်္ဂြိုဟ်ခဲ့ရတယ်"

"သူတို့ညီအစ်မအတွက် ကျွန်မတို့ရဲ့လုပ်အားခလေးတွေ စုပြီး အခုတစ်ခေါက် မပြန်ခင်မှာ တတ်နိုင်သမျှ အလှူဒါနလေးတွေ လုပ်ခဲ့ကြသေးတယ်၊ အဘဖံအတွက်တော့ ထုံးစံအတိုင်း အဘ

http://www.cherrythitsar.org



ဖုံကြိုက်တဲ့ မလိုင်လုံးကလေးတွေကို သူတို့ဝယ်နေကျအတိုင်းဝယ်ပြီး စာကိုလည်း သူတို့ရှိစဉ်က ရေးနေကျအတိုင်း...

"အဖေ စိတ်ချမ်းသာအောင်နေပါ၊ ကျန်းမာရေးကို ဂရုစိုက်ပါ၊ သမီးတို့ ငွေစုနေကြတယ်၊ ရက်ကန်းစင်ထောင်နိုင်တာနဲ့ အဖေ့ဆီ အပြေးလာခဲ့ပါမယ်၊ အဖေကြိုက်တဲ့ မလိုင်လုံးတွေလည်း ဝယ်ပေးလိုက်တယ်၊ သမီး စိုးစိုးနဲ့ မိုးမိုး"

ဆိုပြီး ရေးယူလာခဲ့တယ်၊ အဘဖုံက မျက်စိမှ မမြင်တာ၊ သူတို့သမီးတွေရဲ့ လက်ရေးကို မသိနိုင်တော့ဘူးလေ"

မတင်မှီက စကားကို ရပ်လိုက်ပြီး အဝေးသို့ ငေးကြည့်နေသည်။ သူ့ထံမှ ရှိုက်သံသဲ့သဲ့ကိုလည်း ကျွန်မ ကြားနေရသည်။

ကျွန်မ အလွန်ကြည်နူးသာယာခဲ့မိသော ဦးပိန်တံတားကြီး၏ မမြင်ကွင်းသည် ရုတ်တရက် လူရိပ်လူခြည် ခမ်းခြောက်ကာ အထီးကျန်ဆန်သလို ငေါင်းစင်းစင်းကြီးနှင့် ကြေကွဲလွမ်းမောဖွယ်ကောင်းသွားသယောင် ရှိနေသည်။

တောင်သမန်လေ ခပ်ကြမ်းကြမ်း တစ်ချက်အဝှေ့မှာ မတင်မှီ၏ ရှိုက်သံနှင့်အတူ မယ်ဇယ်ပင်တန်းမှ အကိုင်းအခက်တွေ ယိမ်းထိုးပြီး အင်းစပ်ကို ရေလှိုင်းခပ်ကြီးတစ်ခု၏ ရိုက်ခတ်ရှိန်နှင့် ရေမြှာတွေ လွင့်စဉ်ပြိုကွဲ ဖရိုဖရဲစဉ်ထွက်နေသည့်မြင်ကွင်းနှင့်အတူ အဘဖုံ၏ စကားတစ်ခွန်းကို ကျွန်မ ကြားယောင်နေမိသည်။

"ပိုက်ဆံမပြည့်ရင် နေပါစေ၊ အဖေ လွမ်းလှပြီ၊ ပြန်လာခဲ့ကြတော့..."

**ရုပ်ရှင်အောင်လံမဂ္ဂဇင်း။**

http://www.cherrythitsar.org



This document was created with Win2PDF available at http://www.daneprairie.com.
The unregistered version of Win2PDF is for evaluation or non-commercial use only.